

# အပ္ပမာဒ

ဓမ္မရသ မဂ္ဂဇင်း

အတွဲ (၁)၊ အမှတ် (၆)

မဟာစည် ဆရာတော်ဘုရားကြီး
သဲကုန်း အရှင်ဥတ္တမသာရ ဆရာတော်
တိပိဋကဓရ (ဗော) ဆရာတော်
ချမ်းမြေ့ ဆရာတော်
မဟာဗောဓိမြိုင်ဆရာတော်
ရွှေမင်းဝံ ဆရာတော်
မေတ္တာ အရှင်သောဘိတ
ချမ်းမြေ့မြိုင် ဆရာတော် အရှင် ဣန္ဒက
ဘဒ္ဒန္တ ဩဘာသာဘိဝံသ
ဓမ္မဒီပ အရှင် ဝိစိတ္တာဘိဝံသ
အရှင် ဉာဏောဘာသ (ဘားအေးဝေမင်းသူ)
အရှင် သေမောသီရိသတ္တ (ရွှေပြည်သိမ်)
အရှင် ပဏ္ဍိတ (ဗောဓိတောရ)
အရှင်သုမန (ရွှေ)
အရှင် ဉာဏိက (ဝဲ့ပေါက်)
ကျော်ဆိုင်
ဦးစန်းမြ (စလင်း)
မောင်နုလတ် (မဟာသန္တိသုခ)
စိုးမြင့်ဦး
တော်ဝင်နွယ်
တင်ဝင်း - ကသာ (မန်းတက္ကသိုလ်)
ရှေ့နေကြီး ဦးထွန်းရှိန်
ရှေ့နေကြီး ဦးမောင်မောင်လေး
မောင်သူရှိန်
မောင်သုတေ (သရမြို့)
မြဝင်း (ဒသန)
ရင်ပြိမ်းမြင့် (စလင်း)
သန်းထိုက်သူ
ဦးတင်ဦး (မြောင်)

၄၅၀ ကျပ်

2004 GRAPHIC DESIGN : KYAW MINN

မုံရွာ-ဗောဓိတစ်ထောင်
ဆင်ခံရုပ်ပွားတော်



အပ္ပမာဒ မွေ့ရသမဂ္ဂဇင်း၏ မွေ့ဒါန



## ကိုးကွယ်အားထားရာအမှန် ပါဠိတော်မြန်မာပြန်
## အသျှင်အင်္ဂုလိမာလထေရ်၏ဥဒါန်း
(မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ရာဇဝဂ်၊ အင်္ဂုလိမာလသုတ်)

မြတ်စွာဘုရားရှင်ထံ ရဟန်းအဖြစ်ကိုရပြီး မြတ်သောအကျင့်၏ ဆုံးခန်းတိုင်မှုကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေပြီးသော၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီး ပြုဖွယ်မဂ်ကိစ္စကို ပြုပြီးသော ရဟန္တာအသျှင် အင်္ဂုလိမာလသည် နံနက်အချိန်၌ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ရာ တစ်ပါးသောအရပ်သို့ပစ်သော ခဲ၊ တုတ်၊ လှံတံ၊ ကျောက်စရစ်တို့သည် အသျှင်အင်္ဂုလိမာလ၏ ကိုယ်ပေါ်သို့ ကျ၏။ ထိုအခါ အသျှင်အင်္ဂုလိမာလသည် ကွဲသောဦးခေါင်း၊ ယိုစီးသောသွေး၊ ကွဲသော သပိတ်၊ စုတ်ပြတ်သောဒုကုဋ်ဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၏။ မြတ်စွာဘုရားသည် အဝေးမှလာသော အသျှင်အင်္ဂုလိမာလကို မြင်တော်မူ၍ 'မကောင်းမှုကို အပပြုပြီးသောရဟန်း၊ သင်သည်းခံလော့၊ မကောင်းမှုကို အပပြုပြီးသောရဟန်း၊ သင်သည် ယင်းအကုသိုလ်ကံ၏ အကျိုးအပြစ်ဖြင့် နှစ် ရာပေါင်း၊ ထောင်ပေါင်းများစွာပတ်လုံး ငရဲ၌ကျလေရာ၏။ မကောင်းမှုကို အပပြုပြီးသောရဟန်း၊ သင်သည် ထိုအကုသိုလ်အကျိုးကို ယခုဘဝ၌ပင် ခံစားရဘိ၏'ဟု မိန့်တော်မူ၏။ ထိုအခါ အသျှင်အင်္ဂုလိမာလသည် ဆိတ်ငြိမ်ရာသို့ကပ်၍ တစ်ပါးတည်း ကိန်းအောင်းလျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစား၍ ဤဥဒါန်းကို ကျူးရင့်၏။

''ရှေးအခါကသာလျှင် မေ့လျော့၍ နောက်အခါ၌ မမေ့မလျော့သူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤသတ္တလောကကို တောက်ပထွန်းလင်းစေ၏။

ပြုပြီးသောမကောင်းမှုကို ကုသိုလ်တရားဖြင့် ပိတ်ပင်တားဆီးသူသည် တိမ်တိုက်မှလွတ်သောလကဲ့သို့ ဤသတ္တလောကကို ထွန်းလင်းတောက်ပစေ၏။

ငယ်ရွယ်စဉ်ကပင် မြတ်စွာဘုရား၏ သာသနာတော်၌ အားထုတ်သော ရဟန်းသည် တိမ်တိုက်မှလွတ်သော လကဲ့သို့ ထွန်းလင်းတောက်ပစေ၏။

ငါ၏ရန်သူတို့သည် တရားနှင့်စပ်သော စကားကို ကြားနာကြပါစေကုန်သတည်း။ ငါ၏ရန်သူတို့သည် မြတ်စွာဘုရား သာသနာတော်၌ အားထုတ် ကြပါစေကုန်သတည်း။ ငါ၏ရန်သူတို့သည် သူတစ်ပါးအား တရားကိုဆောက် တည်ကြစေသည့် သူတော်ကောင်းတို့ထံသို့ ချဉ်းကပ်ကြပါစေကုန်သတည်း။

ငါ၏ရန်သူတို့သည် သည်းခံခြင်းကို ဆိုလေ့ရှိကုန်သော၊ မဆန့်ကျင်မှု မေတ္တာကို ချီးကျူးလေ့ရှိကုန်သောသူတို့၏ တရားကို အခါခါနာကြားနိုင်ကြ

ပါစေကုန်သတည်း။ ထိုတရားကိုလည်း အစဉ်လိုက်နာကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

ငါ၏ရန်သူတို့သည် စင်စစ် ငါ့ကို မညှဉ်းဆဲပါစေသတည်း၊ ငါမှ တစ်ပါး အခြားသူကိုလည်း မညှဉ်းဆဲပါစေသတည်း၊ မွန်မြတ်သော နိဗ္ဗာန်သို့ ရောက်၍ အမြဲတပ်မက်သော တဏှာကို စောင့်ရှောက်နိုင်ပါစေသတည်း။

ရေကို မြောင်းသွယ်သူတို့သည် ရေကိုဆောင်ယူကြကုန်၏။ မြားသမားတို့သည် မြားကို ဖြောင့်ကြကုန်၏။ သစ်ရွေသမားတို့သည် သစ်ကို ဖြောင့်အောင် ရွေကြကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို ဆုံးမကြကုန်၏။

အချို့သူတို့သည် လှံတံဖြင့်လည်းကောင်း၊ ချွန်းကောက်တို့ဖြင့်လည်းကောင်း၊ ကြိမ်လုံးတို့ဖြင့်လည်းကောင်း ဆုံးမကြကုန်၏။ တာဒိဂုဏ်ရှိတော်မူသော မြတ်စွာဘုရားသည် တုတ် လှံတံမရှိဘဲ၊ လက်နက်မရှိဘဲ ငါ့ကို ယဉ်ကျေးအောင် ဆုံးမတော်မူပြီ။

ငါသည် ရှေးအခါက ညှဉ်းဆဲတတ်သူဖြစ်လျက် 'အဟိံသက'အမည်ရှိခဲ့၏။ ငါသည် ယနေ့မှစ၍ တစ်စုံတစ်ယောက်ကိုမျှ မညှဉ်းဆဲတတ်သောကြောင့် မှန်ကန်သောအမည်ရခဲ့ပြီ၊ ငါသည် ရှေးအခါက အင်္ဂုလိမာလဟူ၍ ထင်ရှားကျော်စောသော ခိုးသူကြီး ဖြစ်ခဲ့၏။ ကြီးစွာသော သံသရာသြဃဖြင့် နစ်မျောသည်ဖြစ်၍ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့ပါ၏။

ငါသည် ရှေးအခါက အင်္ဂုလိမာလဟူ၍ ထင်ရှားကျော်စောသော၊ သွေးစွန်းသောလက်ရှိသော သူသတ်ယောက်ျားဖြစ်ခဲ့၏။ ကိုးကွယ်ရာနိဗ္ဗာန်ကို မြင်သည်ဖြစ်၍ ဘဝနှောင်ကြိုးနှင့်တူသော တဏှာကို နုတ်ပယ်ခဲ့ပြီ။

အကြိမ်များစွာ အပါယ်ရွာကို လားစေတတ်သော အကုသိုလ်ကံကို ပြုခဲ့သော်လည်း ယင်းကံကို ရှို့မြှိုက်တတ်သည့် မဂ်စေတနာ တွေ့ထိအပ်သောကြောင့် မကောင်းကျိုး ကြွေးမြီကင်းသည်ဖြစ်၍ ဘောဇဉ်ကို ငါသုံးဆောင်ရပေပြီ။

ပညာမဲ့ငြား လူမိုက်များတို့သည် မေ့လျော့ခြင်းကို အားထုတ်ကြကုန်၏။ ပညာရှိယောက်ျားသည် မမေ့မလျော့မှုကို မြတ်သောဥစ္စာကဲ့သို့ စောင့်ရှောက်၏။ မေ့လျော့ခြင်းကို အားမထုတ်ကြကုန်လင့်၊ မမေ့မလျော့ဘဲ ရှုဆင်ခြင်သူသည်သာ ပြန့်ပြောသော နိဗ္ဗာန်ချမ်းသာသို့ ပေါက်ရောက်နိုင်၏။

ငါ၏ သာသနာဘောင်သို့ ရောက်လာခြင်းသည် ကောင်းသော ရောက်လာခြင်းပေတည်း။ ငါ၏ ရဟန်းပြုအံ့ဟု ပြောဆိုခြင်းသည် မကောင်းသော ပြောဆိုခြင်းမဟုတ်၊ ကောင်းစွာ ဝေဖန်ဟောကြားအပ်သော တရားတို့တွင် အမြတ်ဆုံးနိဗ္ဗာန်သို့ ရောက်ပြီ။ ဝိဇ္ဇာသုံးပါးတို့သို့ အစဉ်ရောက်ခဲ့ပြီ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို ပြုအပ်ပြီးပေပြီ။''

**(မဇ္ဈိမပဏ္ဏာသပါဠိတော်မြန်မာပြန်၊ ရာ၉၀၀၊ အင်္ဂုလိမာလသုတ်မှ ကောက်နုတ်ရေးသားပါသည်။)**

အယ်ဒီတာတစ်ဦး

ပန်းချီ ကိုကျော်သိုက်



အပ္ပမာဒေါ် အမတံ ပဒံ
ကုသိုလ်ကောင်းမှုတို့၌
မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ
နိဗ္ဗာန်၏အကြောင်းဖြစ်သည်။

# အပ္ပမာဒ

ဓမ္မရသမဂ္ဂဇင်း

အတွဲ (၅)၊ အမှတ် (၆)၊ ၂၀၀၄ ခုနှစ်၊ ဇွန် လ

**ကိုးကွယ်အားထားရာအမှန်**

**ပါဠိတော်မြန်မာပြန်**

မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ရာဇဝဂ်၊
အင်္ဂုလိမာလသုတ် ၂

**ပြန်လည်ပူဇော်ခြင်း**

မဟာစည်ဆရာတော်
အနိစ္စကထာမိန့်ခွန်းတော် ၈

**ဟောစဉ်တရားတော်**

မဟာဓမ္မိမြို့ဆရာတော်
ဓာတ္တုမုန်းသဖို့ ဓာတ္တုငယ်ငြိမ်းဖို့ ၁၃

တိပိဋကဓရ(ပေဟာ)ဆရာတော်
သဘောထား နှင်းတောင်းပါ ၁၉

သဲကုန်းအရှင်ဉာဏ်သီလရေးဆရာတော်
မှန်သောတွန့်တရားတော် ၂၆

ဝေဘူတ အရှင်အသေတ်
မိုးကောင်းသည့်နေ့တစ်နေ့ ၃၈

ချမ်းမြေ့ဆရာတော်
နိုင်ငံခြားသား ဘုန်းတော်ကြီးတစ်ပါး၏
ရှုမြင်သောအမြင် အမေးအဖြေများ ၄၀

**ဓမ္မဆိုင်ရာအမေးအဖြေ**

[illegible]
[illegible] [illegible]

**ဓမ္မရသအစုံ**

ဦးတင်ဦး (မြောင်)
ကမ္မဋ္ဌာန်းစွန် ယောဂီ [illegible]

ဟောင်းဒေး (သာမြှဲ)
တော်ကူမိန့်ခွန်း ဆက်လက်၍ [illegible]

ရွှေမင်းဝံဆရာတော်
တာရာတောင်ရွာ မဟာစည်ဆရာတော်ကြီး၏
နောက်ဆုံးနေ့များ [illegible]

ဓမ္မာစရိယဦးထွန်းလှိုင်
ဆရာတော်ဦးမြင့်
(ပဌမ္ပကျော်ဆရာတော် ဦးကိတ္တိ) ၄၈

ဓားနေလတ် (မဟာသမ္ဘာဝ)
နယ်မြေကြည့်အကြံဉာဏ်များ ၅၂

ဟောင်းသွေးကျိုး
ကိုရင်ကြီးရွှေဖိုးဝ၏ အဝတ်ရောင်အတိုက်
လွတ်မြောက်ခြင်းတရားတော် ၆၁




**အရှင်ဉာဏောဘာသ (ဘေးဆေးစေတီ-မင်းဘူး)**
ရသတဏှာနည်းစေပါမှ
(ဓလုပ္ပဏ္ဏာဘတ္တိကစ္စတင်) ၆၅

**မြဝင်း (ဒဿန)**
တစ်ချက်ခုတ် ရှစ်ချက်ပြတ်တရား ၇၄

**မင်းနန် (မော်ကျွန်း)**
ဩဝါဒအလင်းမှုင် - ၅ ၇၆

**ရှင်ငြိမ်းမွှင့် (စလင်း)**
နာမရိုက်ကာ၏ တားစာခံ ၇၉

**ဦးစန္ဒိမ (စလင်း)**
သာရာစလေးပါးနှင့် လယ်းကောင်းနန်းသွယ် ၈၃

**ဓနဝါသီ-အရှင်ဝါသေဋ္ဌာဘိဝံသ**
စေတနာသန့်ရှင်း အမြဲကောင်း ၈၆

**တင်ဝင်း-ကသာ (မန်းတက္ကသိုလ်)**
အဂ္ဂ ဘိဓ ချိန်းဆရာတော်ဘုရားကြီး၏
တစ်ဘဝ နန်းသာသနာ ၈၉

**ဓမ္မာစရိယ ဦးဟောင်ဟောင်လေး**
ပဋိစ္စသမုပ္ပါဒ်နှင့် ဘဝသံသရာ ၉၈

**အရှင်ပဏ္ဍိတ (ဇေဒီရှိုင်ကောရ)**
ယုံကြည်မှုနောင်ကြိုး ၁၀၂

**အရှင်ခေမာသီရိုလင်္ကာရ (ရွှေပြည်ဟိန်း)**
စိတ္တသုကြွယ်၏ မှောက်ဆုံးစကား ၁၀၅

**စိုးမြင့်စိုး**
ပကိဏ္ဏကား နမက္ကာရ အဓိဋ္ဌာန်ကြီး ဘုရားရှိခိုးနှင့်
ဆရာကြီး ဦးသုခ ၁၀၈

**အရှင်သုမန (ရွှေဂူ)**
စစ်မှန်သော အားကိုးမှုနှင့် စိတ်ဆေးကောင်း ၁၁၆

**ကျော်လှိုင်**
အဆွေခင်ပွန်းကို မှတ်ပါ ၁၂၉

**အရှင်ဉာဏိက (ဖရိုးမောင်)**
ခဏတာလေးပေမို့ ရတာလေးတွေအတို
အမြတ်ချည်ပဲဖြစ်စေချင် ၁၁၂


## အပ္ပမာဒစမ္မပုံပြင်


**တော်ဝင်နွယ်**
တောင်ကျောင်းဘုန်းကြီးနှင့်
မြောက်ကျောင်းဘုန်းကြီး ၂၀


## ထွက်ခဲ့သမျှ စာစု


**သန်းထိုက်သျှ** ၁၂၆

**အပ္ပမာဒ**

E-mail:mts@mptmail.net.mm

**အယ်ဒီတာချုပ်**
မြသန်းစံ
**တာဝန်ခံအယ်ဒီတာ**
လွင်ငြိမ်း၊ သန်းထိုက်သူ
**အဖွဲ့ဝင်အယ်ဒီတာ**
ဦးအောင်သန်း
**ဒီဇိုင်းဖွဲ့စည်းမှု**
ပန်းချာန်
**အုပ်ချုပ်ရေးမှူး**
ဒေါ်သိင်္ဂီမိုး
**မျက်နှာဖုံးပန်းချီ**
ကိုကျော်မင်းမောင်
**အတွင်းပန်းချီ**
ကိုမောင်မောင်သိုက်၊ ဆရာကျော်၊ ဇော်မင်း၊
ကိုကျော်သိုက်၊ ပန်းချာန်၊ ပန်းချီရွှေစိုးဟန်
**ပြင်ပဆက်သွယ်ရေး**
မျိုးဇော်အောင်၊ ဇော်မင်း
**ကွန်ပျူတာစာစီ**
နန်းစန်းမာချို၊ ကေခိုင်မင်းမင်းထွန်း
**ထုတ်ဝေသူ နှင့် ဖြန့်ချိရေး(ပင်ရင်း)**
ဦးမြသန်းစံ (မြဲ–၀၃၈၈၁)
အပ္ပမာဒစာစဉ်
(၁၈၉)၊ ရွှေဝါထွန်း(၂)လမ်း၊ (၃၃)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း–၅၈၄၇၃၈
**တစ်ပြည်လုံးဖြန့်ချိရေး**
ဦးအောင်မြင့်(ဆင်တောင်ကြီးစာပေ) ၄၁၊
၂၉လမ်း(အောက်)၊ ရန်ကုန်မြို့။ ဖုန်း–၃၈၁၈၃
**ပုံနှိပ်သူ**
ဦးမောင်မောင်လှ (၀၅၇၄၅)
ရွှေနိုင်ငံပုံနှိပ်တိုက်၊
အမှတ်–၉၀(စီ)၊
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
**ဖလင်**
Best Color ၊ ဇမ္ဗူတလူ၊ Stars
အုပ်ရေ–၈၀၀၀၊ တန်ဖိုး–(၄၅၀)ကျပ်

စာမူခွင့်ပြုချက် – ၂၄၉/၂၀၀၄ (၄)
မျက်နှာဖုံးခွင့်ပြုချက် – ၂၂၇/၂၀၀၄ (၄)


# ကျေးဇူးတော်ရှင်တို့၏
# ကျေးဇူးစကား



**ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်**

## ကုသိုလ်၊ အကုသိုလ်

''မကောင်းတာကို မပြုလုပ်နဲ့။ ကောင်းတာဟူသမျှ ပြုလုပ်''

''မကောင်းတာဆိုတာ ဘယ်ဟာလဲ။ ကောင်းတာဆိုတာ ဘယ်ဟာလဲ''

''အပြစ်ရှိတာဟာ မကောင်းမှု။ အပြစ်မရှိတာဟာ ကောင်းမှု''

''အပြစ်ဆိုတာ ဘာလဲ။ မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ ထိခိုက်ရင် အပြစ်။ မိမိသူတစ်ပါး နှစ်ဦးသားမှာ ဘယ်သူ့ကိုမှ မထိခိုက်တာဟာ အပြစ်မဟုတ်''

ဘယ်သူ့ကိုမှ မထိခိုက်သော အလုပ်သည် အပြစ်မရှိသောကြောင့် ကောင်းမှုကုသိုလ်။

တစ်ဦးဦးကို ထိခိုက်သော အလုပ်သည် အပြစ်ရှိသောကြောင့် မကောင်းမှု အကုသိုလ်''

## ကံနယ် မကျဉ်းစေနဲ့

ဘုန်းကြီးတို့ ပရိသတ် မျက်ခြည် မပြတ်ပါစေနဲ့။ အခုပြောနေတာက ကံ ကံရဲ့အကျိုးကို ပြောနေတာပါ။ ဘုန်းကြီးတို့ တချို့ ဗုဒ္ဓဘာသာတွေကိုယ်တိုင် ကံလို့ပြောလိုက်ရင် စိတ်က ဘယ်ရောက်သွားသလဲဆိုတော့ အဲ့ဟိုအတိတ်ဘဝတွေဆီကိုသာ ရောက်သွားတယ်။ ဟို့ရှေးရှေး ဘဝတွေက ပြုခဲ့တဲ့ ကောင်းမှု မကောင်းမှုတွေကိုသာ ကံလို့ ယူဆကြတယ်။ အဲဒီ ကောင်းမှု၊ မကောင်းမှုတွေကြောင့်ပဲ ဒီဘဝမှာ ကောင်းကျိုး၊ မကောင်းကျိုးတွေ ရတယ်။ ဒီလောက်ပဲ နယ်ကျဉ်းကျဉ်းကလေးပဲ သိကြမြင်ကြတယ်။ ဒါ ဘာကြောင့်လဲဆိုတော့ ကံနဲ့ ကံရဲ့အကျိုး သဘာဝကို ရှင်းရှင်းလင်းလင်း သဘောမပေါက်ကြလို့ပါပဲ။

အကြောင်းရှိရင် အကျိုးဖြစ်ရမယ်၊ အကျိုးပေါ်ရတယ်။ ဒါ လောကရဲ့သဘာဝပဲ၊ ဒါ (Law of cause and effect) လောကရဲ့ အကြောင်းအကျိုးသဘာဝဟာ ဒီအတိုင်းပဲ။

သို့သော်လည်း တစ်ခုသတိပြုရမှာက အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာ ရံဖန်ရံခါမှာ အကြောင်းဖြစ်ပေါ်ပြီး အချိန်အများကြီးကြာမှ အကျိုးဖြစ်ပေါ်တယ်။

အကြောင်းအားကောင်းရင် ချက်ချင်း အကျိုးဖြစ်ပေါ်ပြီးတော့ အကြောင်းအားသေးရင် အချိန်ကြာမှပဲ အကျိုးဖြစ်ပေါ်မယ်။

ဒီနေရာမှာ ဘုန်းကြီးတို့ ဘာတွေ့ရသလဲ။

(၁) အခုလုပ်တဲ့ ကံ အကြောင်းတရားကြောင့် အခု အကျိုးရတာလည်း တွေ့ရတယ်။

(၂) ဒီဘဝမှာ အခုလုပ်တဲ့ ကံ အကြောင်းတရားကြောင့် ဒီဘဝအတွင်းမှာပဲ နောင်တစ်ချိန်ချိန်မှာ အကျိုးရတယ်ဆိုတာလည်း သိရတယ်။

(၃) ဒီဘဝမှာ လုပ်တဲ့ ကံ အကြောင်းတရားကြောင့် ဒီဘဝမှာ အကျိုးပေးဖို့ အချိန် မရလိုက်တဲ့အတွက် သေပြီးနောက် တစ်ချိန်ချိန်မှာ အကျိုးဖြစ်ပေါ်ရတာလည်း ရှိတယ်လို့ တွေ့ရတယ်။

## အလုပ်တိုင်း ကံမမြောက်

ကိုယ်နှုတ်စိတ်ဖြင့် ပြုလုပ်သော်လည်း ပြုလုပ်တိုင်း ကံမဖြစ်ပေ။ကံအရာမမြောက်ပေ။ အကောင်းအဆိုး ရည်ရွယ်ချက် တစ်ခုခုဖြင့်တက်ကြွထက်သန်သော စိတ် ဦးဆောင်လျက် ပြုလုပ်မှသာ ကံအရာ မြောက်၍ ကံဟု ခေါ်သည်။

အဲဒီအလုပ်ထဲမှာ ကောင်းတဲ့ ရည်ရွယ်ချက်၊ ဆိုးတဲ့ရည်ရွယ်ချက် တစ်ခုခု ပါရမယ်။ အဲဒီလို ကောင်းတဲ့ရည်ရွယ်ချက်၊ ဆိုးတဲ့ ရည်ရွယ်ချက် တစ်ခုခုပါပြီးတော့ အဲဒီအလုပ်ကို လုပ်ဖို့ရာ ထက်သန်တဲ့စိတ် ရှိရမယ်။ အဲဒီ အင်္ဂါနှစ်ပါးနဲ့ ပြည့်စုံတဲ့ အလုပ်မှသာလျှင် ကံအရာ မြောက်တယ်။ အလုပ်ဆိုတိုင်း ကံအရာ မမြောက်ဘူးနော်။

ကံအရာ မမြောက်ဘူးဆိုတာ ထူးခြား ထင်ရှားတဲ့အကျိုးကို ဖြစ်ပေါ်စေနိုင်တဲ့ အခြေအနေ မရှိဘူးလို့ ဆိုလိုပါတယ်။

ကံအရာ မြောက်တယ် ဆိုတာ ထူးခြား ထင်ရှားတဲ့အကျိုးကို ဖြစ်ပေါ်စေနိုင်လောက်အောင် အင်အားပြည့်တဲ့ အကြောင်းတရားအဖြစ် ရောက်တယ်လို့ ဆိုလိုပါတယ်။ ကျမ်းဂန်များမှာတော့ ကမ္မပထမြောက်တယ်လို့ သုံးနှုန်းလေ့ရှိပါတယ်။

တက်ကြွထက်သန်သော စိတ်ကို စေတနာလို့ ခေါ်တယ်။

ယင်း တက်ကြွထက်သန် သောစိတ်သဘော စေတနာသည် ကိုယ်၊ နှုတ်၊ စိတ်အလုပ်များ ဖြစ်ပေါ်ခြင်း၏အကြောင်းရင်းအခြေခံဖြစ်၏။ထို့ကြောင့်ထိုစေတနာ (တက်ကြွသော စိတ်သဘော)ကို မြတ်စွာဘုရားက 'ကံ'ဟု နာမည် တပ်တော်မူ၏။



# အရိယာဝါသတရားတော်

မဟာစည်ဆရာတော်

(ယခင်လမှအဆက်)

### ရဟန်းနှစ်မျိုး

ဘိက္ခု–ရဟန်းဆိုတာ သုတ္တန်ဒေသနာတော်အရ ဘိက္ခု–ရဟန်းလည်း ရှိတယ်၊ ဝိနည်းအရ ဘိက္ခုရဟန်းလည်း ရှိတယ်၊ သုတ္တန်ဒေသနာအရကတော့ 'သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု'လို့ ဆိုတဲ့အတိုင်း သံသရာဘေးကို ရှုမြင်တဲ့ပုဂ္ဂိုလ်ဟာ ဘိက္ခုပါပဲ၊ ဒါကြောင့် အဋ္ဌကထာများမှာ–

**ပဋိပန္နကော ဟိ ဒေဝေါ ဝါ ဟောတု မနုဿော ဝါ ဘိက္ခုတိ သင်္ချံ ဂစ္ဆတိ** လို့ မိန့်ဆိုထားပါတယ်။

ဒေဝေါ ဝါ ဟောတု၊ နတ်ပဲဖြစ်စေ။ မနုဿော ဝါ၊ လူပဲဖြစ်စေ။ ပဋိပန္နကော၊ တရားကိုကျင့်သောသူသည်။ ဘိက္ခုတိ သင်္ချံ ရဟန်းဟူသော ရေတွက်ခြင်းသို့။ ဂစ္ဆတိ–ရောက်ပါတယ်တဲ့။ နတ်ပဲဖြစ်စေ၊ လူပဲဖြစ်စေ၊ သံသရာဘေးကို မြော်မြင်ပြီးတော့ သံသရာက လွတ်မြောက်ရအောင်လို့ တရားကျင့်သုံးနေရင် အဲဒီပုဂ္ဂိုလ်ဟာ ဘိက္ခု–မည်ပါသတဲ့၊ တစ်နည်းအားဖြင့်တော့ **ကိလေသေ ဘိန္ဒတီတိ ဘိက္ခု**တဲ့၊ ကိလေသာတွေကို ဖျက်ဆီးတတ်ရင် ဘိက္ခုမည်ပါတယ်တဲ့။

တရားကျင့်သုံးနေတဲ့သူမှာ ကိလေသာတွေက ပျက်စီးသွားကြတယ်၊ မကျင့်ရင်တော့ ကိလေသာတွေက မပျက်စီးဘူး၊ တိုးပွားသန်စွမ်းနေတယ်၊ ကျင့်ရင်တော့ ကိလေသာတွေဟာ နည်းနည်းကျင့်ရင် နည်းနည်းပျက်တယ်၊ များများကျင့်ရင်

များများပျက်တယ်၊ အပြည့်အစုံကျင့်လိုက်ရင်တော့ ကိလေသာတွေအကုန်လုံးပျက်ပြီး ရဟန္တာဖြစ်သွားတယ်။ ဒါကြောင့် အားထုတ်ကျင့်ကြံနေတဲ့သူဟာ သီလကို စောင့်ထိန်းကျင့်သုံးနေလျှင် သီလနဲ့ဆိုင်တဲ့ ဝီတိက္ကမကိလေသာတွေကို ဖျက်ဆီးနေသည် မည်တယ်။ ဝီတိက္ကမ ကိလေသာဆိုတာ သတ်မှု၊ ခိုးမှု၊ လိမ်မှု စသော အကျင့်ပျက်မှုတွေကို ကျူးလွန်တဲ့ လောဘ၊ဒေါသစသော ကိလေသာတွေပါပဲ၊ သီလကိုကျင့်နေရင် အဲဒီအကြမ်းဆုံး ကိလေသာတွေကို ဖျက်ဆီးနေသည်မည်တယ်၊ သမာဓိ ဘာဝနာအကျင့်ကို ကျင့်နေရင် သမာဓိနဲ့ဆိုင်တဲ့ ပရိယုဋ္ဌာန်ကိလေသာတွေကို ဖျက်ဆီးနေသည် မည်တယ်၊ ပရိယုဋ္ဌာန် ကိလေသာဆိုတာ စိတ်ကူးကြံစည်ပြီး ဖြစ်နေတဲ့ လောဘ၊ ဒေါသစသော ကိလေသာတွေပါပဲ၊ သမာဓိကို ပွားများနေရင် အဲဒီ အလတ်စား ပရိယုဋ္ဌာန်ကိလေသာတွေကို ဖျက်ဆီးနေသည် မည်တယ်၊ ဝိပဿနာ ပညာ ဘာဝနာကို ပွားများနေရင်တော့ ပညာနဲ့ဆိုင်တဲ့ အနုသယ ကိလေသာတွေကို ဖျက်ဆီးနေသည် မည်တယ်၊ အနုသယကိလေသာဆိုတာ အကြောင်းညီညွတ်တိုင်း၊ အခွင့်ရတိုင်း ဖြစ်ပေါ်လာနိုင်တဲ့ လောဘ၊ ဒေါသစသော ကိလေသာတွေပါပဲ၊ ဝိပဿနာရှုနေရင် စိတ်တိုင်း၊ စိတ်တိုင်း ရှုမှတ်ချက်တိုင်းမှာ အဲဒီ အနုသယကိလေသာတွေကို ဖျက်ဆီးနေသည် မည်တယ်၊ ဥပမာ–ပဲကွပ်များနှင့် သစ်သားကို ခုတ်ခုတ်ပြီးတော့ ရွှေ့နေရင် အချက်တိုင်း၊ အချက်တိုင်း မလိုတဲ့သစ်သားဖတ်ကလေးတွေ ဖတ်ခနဲ၊ဖတ်ခနဲကွာကွာကျနေသလိုပဲ၊ တစ်နည်းဥပမာကတော့ မြေကြီးကို ပေါက်ပြားနဲ့ ပေါက်နေလျှင် ပေါက်တိုင်းပေါက်တိုင်း မြေကြီးမှာ အလွှာအလွှာနဲ့ ကွာကွာပြီးတော့ ထွက်ထွက်လာတယ်၊ အဲဒါလိုပါပဲ၊ ဒွါရခြောက်ပါးကပေါ်တိုင်း ပေါ်တိုင်း ရုပ်နာမ်တွေကို ရှုမှတ်နေရင် ရှုတိုင်း၊ ရှုတိုင်း ကိလေသာတွေ ကွာကွာပြီးတော့ ကျကျသွားပါတယ်၊ ဒါကြောင့် ဝိပဿနာပညာကို ပွားနေတဲ့သူဟာ ရှုတိုင်းရှုတိုင်း ကိလေသာကို ဖျက်ဆီးနေသည် မည်တယ်၊ ဒါကြောင့် ကိလေသေ–ကိလေသာတို့ကို၊ဘိန္ဒတိ ဖျက်ဆီးတတ်၏။ ဣတိ–ထို့ကြောင့်၊ ဘိက္ခု–ဘိက္ခုမည်ပါတယ်–ရဟန်းမည်ပါတယ်တဲ့၊ ဒါကတော့ သုတ္တန်ရဟန်းပဲ။

ဝိနည်းဘိက္ခု–ဝိနည်းရဟန်းကတော့ ဝိနည်းတော်နှင့်အညီ သင်္ကန်းဝတ်ပြီး ကောင်းကောင်းကျင့်နေတဲ့ အရှင်မြတ်တွေပါပဲ၊အဲဒီဝိနည်းရဟန်းတွေကတော့ မြတ်စွာဘုရားလက်ထက်ကဆိုရင် မြတ်စွာဘုရားကိုယ်တော်တိုင် ဧဟိဘိက္ခုခေါ်ပြီး ရဟန်းပြုပေးထားတာတွေလည်းရှိတယ်၊ အခြားနည်းနဲ့ ရဟန်းပြုပေးထားတာတွေလည်း ရှိတယ်၊အများဆုံးကတော့ သံဃာတော်က ကမ္မဝါနဲ့ ရွတ်ဖတ်ပြီး ရဟန်းပြုပေးထားတာတွေပဲ များပါတယ်၊ ယခုရှိနေကြတဲ့ ရဟန်းတော်တွေဟာ အဲဒီ ကမ္မဝါရဟန်းတွေချည်းပါပဲ၊ ဒီသုတ်မှာတော့ သုတ္တန်ဘိက္ခုကို ရည်ရွယ်ပါတယ်၊ ဒီသုတ္တန်ဘိက္ခုကတော့ ကမ္မဝါနဲ့ ရဟန်းပြုထားသည်ဖြစ်စေ၊ ပြုမထားသည်ဖြစ်စေ၊ တရားကျင့်နေတဲ့ ပုဂ္ဂိုလ်အားလုံးကို ဘိက္ခုလို့ခေါ်ရပါတယ်။ ဒီသုတ္တန်ဘိက္ခုက လူသားတွင်မကဘူး၊ နတ်တွေပြဟ္မာတွေလည်း ပါတယ်။

ဒါကြောင့် ဣဓ–ဤသာသနာတော်၌၊ ဘိက္ခု–ရဟန်းသည်၊ ဘိက္ခု–သံသရာဘေးကို ရှုမြင်သောပုဂ္ဂိုလ်သည်၊ ဘိက္ခု–ကိလေသာကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်သည်၊ ပဉ္စင်္ဂဝိပ္ပဟီနော–အင်္ဂါငါးပါးကို ပယ်ပြီးသည်၊ ဟောတိ–ဖြစ်၏တဲ့။

## အရိယာဝါသတရား ၁၀–ပါး ခေါင်းစဉ်

အင်္ဂါငါးပါးကို ပယ်တာဟာ အရိယာဝါသတစ်ခု၊ အရိယာတို့၏ နေအိမ်တစ်ခုတဲ့၊ ဒါကတော့ ခေါင်းစဉ်မို့ အတိုချုပ်ပဲရှိသေးတယ်၊နောက်အကျယ်ဟောတဲ့ အခါကျတော့ သဘောပေါက်နားလည်ကြပါလိမ့်မယ်၊ လောကမှာ လူတွေဟာ ဘေးရန် လုံခြုံအောင် အိမ်တွေဆောက်ပြီးတော့ နေထိုင်ကြတယ်၊ တတ်နိုင်တဲ့လူတွေက အိမ်ကြီးအိမ်ကောင်းတွေ ဆောက်ကြတယ်၊ မိုးကလေးမှ လုံပါစေတော့၊ လေကလေးမှ ကာကွယ်ပါစေတော့ ရည်ရွယ်ပြီးတော့ ခနိကလေး၊ ဖက်ကလေးနဲ့၊ ဝါးကပ်ကလေးတွေနဲ့ တော်သလို မိုးကာပြီးတော့ အတော်အသင့် အိမ်ကလေးတွေ ဆောက်ကြတယ်၊ အချို့အိမ်များ မိုးလေတောင် ကောင်းကောင်းမလုံရှာကြဘူး၊ တတ်နိုင်တဲ့လူတွေကတော့ လုံလုံခြုံခြုံအိမ်ကြီး အိမ်ကောင်းတွေကို သစ်သားနဲ့လည်း ဆောက်ကြတယ်၊ အုတ်အင်္ဂတေနဲ့လည်း ဆောက်ကြတယ်၊ ကောင်းသည်ထက် ကောင်းအောင်ဆောက်နေကြပါတယ်။ အဲဒီလို အိမ်တွေ

ဆောက်ပြီး နေထိုင်ကြတာ ဘာအတွက်တုံးဆိုတော့ ဘေးရန်အန္တရာယ် လုံခြုံအောင်လို့ပါပဲ။ အိမ်မရှိဘဲနဲ့ ကွင်းပြင်မှာနေရင် နေပူတဲ့အခါလည်း ပူပြီး ဒုက္ခရောက်မယ်၊မိုးရွာတဲ့အခါ မိုးစိုပြီး ဒုက္ခရောက်မယ်၊ လေတိုက်တဲ့အခါလည်း လေထိပြီး ဒုက္ခရောက်မယ်၊အဲဒါကြောင့် မကျန်းမမာ နာဖျားပြီး သေသည်အထိ ဒုက္ခရောက်သွားနိုင်တယ်၊ ဒါတွင်လည်း မကသေးပါဘူး၊ ခြင်၊ မှက်တွေလည်း ကိုက်နိုင်တယ်၊ မြွေ၊ ကင်းစသည်လည်း ကိုက်နိုင်တယ်၊ လူဆိုး၊ သူဆိုးတွေ မလိုမုန်းတီးနေတဲ့ လူတွေကလာပြီးတော့ ရိုက်နှက်နှိပ်စက်မယ်၊ သတ်ဖြတ်မယ်ဆိုရင်လည်း အကာအကွယ်မရှိတော့ လွယ်နေတာပေါ့၊ အဖျင်းဆုံးအားဖြင့် တစ်စုံတစ်ယောက်က ခဲဖြစ်ဖြစ်၊ တုတ်ဖြစ်ဖြစ်၊ အရမ်းပစ်လိုက်ရင် အဲဒီအကာအကွယ်မရှိတဲ့ ကွင်းပြင်ထဲ နေတဲ့လူကို မတော်မဆထိမှန်ပြီး ဒုက္ခရောက်စေပါတယ်။ဒါကြောင့် ဒီဘေးအန္တရာယ်တွေ လုံခြုံအောင်လို့ အိမ်တွေဆောက်ပြီး နေထိုင်ကြရတာပဲ။

သံသရာမှာလည်း ဒီလိုပါပဲ၊ အရိယာဝါသဆိုတဲ့ ဘေးရန်လုံခြုံတဲ့ အိမ်မရှိရင် တွေ့နိုင်တဲ့ဘေးရန်တွေ အများကြီးရှိပါတယ်၊ ခုနကပြောခဲ့တဲ့ ဘေးရန်တွေထက်လည်း ကြီးကျယ်ပါတယ်၊ ခုနကပြောခဲ့တဲ့ နေပူတာ၊ မိုးရွာတာ၊ ခြင်မှက်ကိုက်တာ၊ ခဲမှန်တာဆိုတာတွေက ဘာမျှမပြောပလောက်သေးပါဘူး။ မြွေကိုက်တယ်၊ ရန်သူတွေကလာပြီး ရိုက်နှက်သတ်ဖြတ်တယ်ဆိုတာတွေလည်း သံသရာဘေးတွေနဲ့ စာကြည့်ရင် ဘာမျှမကြီးကျယ်သေးဘူးလို့ ဆိုရမယ်၊ ဘာကြောင့်လဲဆိုရင် အဲဒီလောကဘေးတွေ ဆိုတာကတော့ ယခုတစ်ဘဝတည်းသာ ဒုက္ခပေးနိုင်တယ်၊ နောက်ဘဝတွေမှာလိုက်ပြီး ဒုက္ခမပေးနိုင်ဘူး၊ သံသရာဘေးတွေ ဆိုတာကတော့ တစ်သံသရာလုံး လျှောက်ပြီးတော့ ဒုက္ခပေးသွားနိုင်ပါတယ်၊ အင်မတန်လည်း ကြီးကျယ်ပါတယ်၊ ဘယ်လောက်ကြီးကျယ်သလဲဆိုရင် အပါယ်လေးပါးကိုလည်း ကျသွားနိုင်ပါတယ်။ အပါယ်လေးပါးထဲက ငရဲကျရောက်ပြီးတော့ အနှစ်သိန်းပေါင်းများစွာ၊ သန်းပေါင်းများစွာ၊ ကုဋေပေါင်းများစွာ ဒုက္ခရောက်သွားနိုင်တယ်၊ ပြိတ္တာဖြစ်ပြီးတော့လည်း ဒီလိုပဲ၊ အနှစ် သိန်းသန်းကုဋေပေါင်းများစွာ ဒုက္ခရောက်သွားနိုင်တယ်၊ တိရစ္ဆာန်ဖြစ်ပြီးတော့လည်း ဒီလိုပဲ၊ ဒုက္ခတွေ အများကြီးရောက်သွားနိုင်တယ်၊ လူ့ဘဝမှာ ဆိုပါဦးတော့၊ အောက်တန်းကျတဲ့ ဘဝ၊ ဆင်းရဲတဲ့ ဘဝတွေမှာ ဖြစ်နေတယ်ဆိုရင် ရှာမှီးရလို့၊ သူတစ်ပါးအနှိပ်စက်ခံရလို့ စသည်ဖြင့် ဒုက္ခတွေအများကြီး ရောက်သွားနိုင်တယ်၊ကြွယ်ဝချမ်းသာတဲ့ ဘဝမှာဖြစ်ပြန်တော့လည်း ဘဝတိုင်း၊ ဘဝတိုင်း အိုရ၊ နာရ၊ သေရ စသည်ဖြင့် ဆင်းရဲဒုက္ခတွေ အများကြီး ရောက်သွားနိုင်သေးတာပဲ၊ ဒါတွေဟာ သံသရာဘေးတွေပါပဲ၊ အရိယာဝါသဆိုတဲ့ အရိယာနေအိမ်နဲ့ မနေနိုင်တဲ့သူတွေဟာ ဒီသံသရာဘေးတွေနဲ့ ထပ်တလဲလဲတွေ့နေကြရတယ်၊ အရိယာဝါသတရားတွေကို ပွားများပြီးတော့ အရိယာနေအိမ်မှာ နေကြတဲ့ ဘုရား၊ ရဟန္တာ၊ ပုဂ္ဂိုလ်တွေမှာ ဒီဘေးတွေက လွတ်မြောက်ကုန်ကြပြီ၊ ဒါကြောင့် အဲဒီသံသရာဘေးတွေ လုံခြုံတဲ့ အရိယာဝါသ အရိယာတို့၏ နေအိမ်ကြီးကို ဆောက်လုပ်ပြီးတော့ စိတ်ချလက်ချနေကြရအောင်လို့ မြတ်စွာဘုရားက ဒီ အရိယာဝါသတရားတော်ကြီးကို ဟောတော်မူတာတဲ့။

> **စိတ်ကလည်း ကိလေသာအရှင်သခင်တွေရဲ့ လက်ထဲမှာ လွတ်မြောက်ရမယ်၊ အဲဒီလို လွတ်မြောက်တာကို သိတဲ့ ဉာဏ်ပညာနဲ့လည်း ပြည့်စုံရမယ်တဲ့၊ ဒီအရိယာဝါသတရား ၂-ပါးကတော့ တစ်ဆက်တည်း တွဲလျက်ပါပဲ၊ စိတ်ကကောင်းစွာ လွတ်မြောက်သွားလျှင် အဲဒီလွတ်သွားတာကို ဆင်ခြင်ပြီး သိတဲ့ ဉာဏ်ပညာကလည်း တစ်ပါတည်းဖြစ်ပေါ်တော့ တာပါပဲ။ဆောင်ပုဒ်က ''စိတ်ကောင်းစွာလွတ်၊ ပညာလွတ်၊ မချွတ်ဂုဏ်ဆယ်ပါး''တဲ့**

## ၁–၂–အရိယာဝါသ

ဣဓ–ဤသာသနာတော်၌၊ ဘိက္ခု–ရဟန်းသည်၊ ဘိက္ခု–သံသရာဘေးကို ရှုမြင်သော ပုဂ္ဂိုလ်သည်၊ ဘိက္ခု–ကိလေသာကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်သည်–ပဉ္စင်္ဂဝိပ္ပဟီနော အင်္ဂါငါးပါးကို ပယ်ပြီးသည်၊ဟောတိ ဖြစ်၏။

အင်္ဂါငါးပါးကို ပယ်ရမယ်၊

ပယ်ပြီးဖြစ်အောင် ကျင့်ရမယ်၊အဲဒါဟာ နံပါတ် ၁–အရိယာဝါသ၊အရိယာတို့၏ နေအိမ်ပဲလို့ ဆိုလိုတယ်၊ အင်္ဂါငါးပါး ပယ်ပုံကတော့ အကျယ်ဟောတဲ့အခါ ထင်ရှားပါလိမ့်မယ်၊ ယခုတော့ အင်္ဂါငါးပါးဆိုတာ ဘာတွေပါလိမ့်၊ ဘယ်လိုပယ်ရမှာပါလိမ့်မလဲလို့ တွေးထားနှင့်ကြရမယ်၊အဲဒီလို တွေးနှင့်ရအောင်လို့ပဲ မြတ်စွာဘုရားက ဒီခေါင်းစဉ်ကလေးတွေကို ပေးထားတာ၊ ပြီးတော့ ဒုတိယ အရိယာဝါသ–အရိယာတို့၏နေအိမ် နံပါတ် ၂–ကတော့–

ဆဠင်္ဂသမန္နာဂတော–အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသည်လည်း၊ ဟောတိ–ဖြစ်၏တဲ့၊ အင်္ဂါခြောက်ပါးနှင့်လည်း ပြည့်စုံရမယ်၊ပြည့်စုံအောင်ကျင့်ရမယ်။ အဲဒီ အင်္ဂါခြောက်ပါးနဲ့ ပြည့်စုံတာလည်း အရိယာဝါသ–အရိယာတို့၏ နေအိမ်ကြီးတစ်ခုပါပဲတဲ့၊ လောကမှာ အိမ်ဆောက်တော့ အိမ်မှာ အစိတ်အပိုင်းတွေက အများကြီးပဲရှိပါတယ်။ တိုင်တို့၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားတို့၊ အမိုးတို့၊ အခင်းတို့၊ အကာတို့၊ တံခါးပေါက်၊ ပြတင်းပေါက် စသည်ဖြင့် အများကြီးပါပဲ၊ အုတ်တိုက်ဆိုရင် အုတ်မြစ်အခြေခံလည်း အိမ်၏အစိတ်အပိုင်းပါပဲ၊ ပြီးတော့ အခန်းဆီးတို့၊ ခါတ်မီးပွင့်တို့ စသည်ဖြင့်လည်း အများကြီးပဲ ရှိပါတယ်၊ အဲဒီ လူနေအိမ်မှာ အစိတ်အပိုင်းတွေ အများကြီးရှိသလိုပဲ ဒီအရိယာဝါသ–အရိယာတို့၏ နေအိမ်မှာလည်း အစိတ်အပိုင်း အင်္ဂါခြောက်ခုရှိတယ်၊ အဲဒီအင်္ဂါခြောက်ခုနဲ့ ပြည့်စုံရမယ်တဲ့။

## ၃–အရိယာဝါသ

နံပါတ်–၃ အရိယာဝါသ တရားကတော့–

ဧကာရက္ခော–တစ်ခုသော အစောင့်အရှောက်ရှိသည်၊ ဟောတိ ဖြစ်၏တဲ့။

အစောင့်အရှောက်တစ်ခုလည်း ရှိရမယ်တဲ့၊ အဲဒါ ဘာကြောင့်ထားရသလဲဆိုရင် ဘေးရန်လုံခြုံအောင်လို့ ထားရတာပါပဲ။ အရိယာဝါသ နေအိမ်ကလည်း အဲဒါလိုပါပဲ၊ ကိလေသာဘေးရန်တွေ လုံခြုံအောင်လို့ အစောင့်အရှောက် တစ်ခုရှိရပါတယ်။ ဒါလောက်ဆိုရင် ဆောင်ပုဒ်ကလေးတစ်ခု စုံသွားပြီ၊ ''ငါးအင်ပယ်လေ၊ ဂုဏ်ခြောက်ထွေ၊ စုံစေစောင့်တစ်ပါး''တဲ့၊ ဒီလိုဆောင်ပုဒ်ကလေး ပေးထားရတာက ပါဠိမတတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် အလွယ်တကူနဲ့ မှတ်ထားနိုင်အောင်လို့ ခေါင်းစဉ်ကလေး ပေးထားရပါတယ်။ အဲဒါကို ဆိုကြရမယ်။

**''ငါးအင်ပယ်လေ၊ ဂုဏ်ခြောက်ထွေ၊စုံစေစောင့်တစ်ပါး''ဆို။**

အင်္ဂါငါးပါးကို ပယ်ရမယ်ဆိုတာက အရိယာဝါသ–အရိယာတို့၏ နေအိမ်တစ်ခု၊ ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံရမယ်ဆိုတာက အရိယာဝါသ–အရိယာတို့၏ နေအိမ်တစ်ခု၊ အစောင့်အရှောက်တစ်ပါးနဲ့ ပြည့်စုံရမယ်ဆိုတာက အရိယာဝါသ–အရိယာတို့၏ နေအိမ်တစ်ခု၊ အားလုံးပေါင်း ခေါင်းစဉ်ကလေး ၃–ခုတော့ ပြီးသွားပြီ။

## ၄–၅–အရိယာဝါသ

နံပါတ် ၄–အရိယာဝါသ တရားကတော့–

စတုရာပဿေနော–လေးပါးသော မှီရာရှိသည်၊ ဟောတိ–ဖြစ်၏တဲ့၊ မှီရာ ၄–ခုလည်းရှိရမယ်တဲ့၊ ဒါကလည်း အရိယာဝါသတစ်ခုပဲ၊ ပြီးတော့ နံပါတ် ၅–အရိယာဝါသကတော့–

ပဏုန္နပစ္စေကသစ္စော–အသီးသီးသော သစ္စာဝါဒကို ပယ်ပြီးသည်၊ ဟောတိ–ဖြစ်၏တဲ့၊ လောကမှာ ဗုဒ္ဓသာသနာတော်အပြင်ဘက်က ဘာသာ အယူဝါဒတွေဆိုတာ အများကြီးရှိတယ်။ ကိုယ့်အယူဝါဒနဲ့ကိုယ်၊ ကိုယ့်ဟာမှ မှန်တယ်လို့ချည်း ယူဆပြောဆိုနေကြပါတယ်။ တကယ် သဘာဝမှန်နဲ့ ချိန်ထိုးကြည့်လိုက်ရင်တော့ မှန်တာလည်း မဟုတ်ဘူး၊ အမှားတွေချည်းပဲ၊ အဲဒီလို မိစ္ဆာအယူဝါဒတွေဟာ သူ့ဟာနဲ့သူ မှန်တယ်လို့ ယူဆပြောဆိုနေကြတဲ့ အတွက် အဲဒါတွေကို ပစ္စေကသစ္စ–သီးသန့် သစ္စာတွေလို့ ဆိုထားပါတယ်။ အဲဒီ သီးသန့်သစ္စာဆိုတဲ့ မိစ္ဆာဝါဒတွေကိုလည်း ပယ်ပြီးဖြစ်ရမယ်တဲ့၊ ဒါလည်း အရိယာဝါသတစ်ခုပဲ၊ ဒါကြောင့် ခေါင်းစဉ်ဆောင်ပုဒ်မှာ ''လေးရပ်မှီကာ၊ ပယ်ရှင်းရာ၊ သစ္စာသီးသန့်များ''လို့ ဆိုထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**''လေးရပ်မှီကာ၊ ပယ်ရှင်းရာ၊ သစ္စာသီးသန့်များ''** ဆို။

## ၆–၇ အရိယာဝါသ

နံပါတ် ၆–အရိယာဝါသ တရားကတော့–သမဝယဋ္ဌေသနော ရှာမှီးမှုအလုံးစုံကို အကုန်ပယ်စွန့်ပြီးသည်၊ ဟောတိ–ဖြစ်၏တဲ့၊ ဒီပုဒ်ကတော့ ပါဠိကိုက အတော်ခက်

တယ်၊ သံတစ်ပုဒ်+အဝယတစ်ပုဒ်+သဒ္ဒေ တစ်ပုဒ်+သေနာ တစ်ပုဒ်၊ဒီ လေးပုဒ်ကို ပေါင်းစပ်ထားတယ်၊ သံဆိုတာက ကောင်းစွာတဲ့၊ အဝယဆိုတာက လိုလေသေးမရှိ အပြည့်အစုံ အကုန်အစင်တဲ့၊သဒ္ဒေဆိုတာက စွန့်ပယ်အပ်ပြီးပြီတဲ့၊ သေနာဆိုတာက ရှာမှီးခြင်းတဲ့၊ ပေါင်းလိုက်တော့ သမဝယသဒ္ဒေသနော–ရှာမှီးမှုအလုံးစုံကို အကုန်ပယ်စွန့်ပြီး ဖြစ်ပါတယ်တဲ့၊ ရှာမှီးနေရသေးတယ်ဆိုရင် မပြည့်စုံသေးလို့ပဲ၊ ရှာမှီးမှုတွေကို အကုန်ပယ်စွန့်ပြီးပြီ၊ မရှာရတော့ဘူးလို့ဆိုရင် လိုလေသေးမရှိ အစစအရာရာ အကုန်လုံးပြည့်စုံနေလို့ပေါ့၊ ဒါကြောင့် ဒီအရိယာဝါသနေအိမ်ကလည်း အင်မတန်ကောင်းပါတယ်။

နံပါတ် ၇–အရိယာဝါသတရားကတော့ အနောဝိလသင်္ကပ္ပေါ မနောက်ကျူသော အကြံအစည်ရှိသည်။ ဟောတိ–ဖြစ်၏တဲ့၊ စိတ်ကူးကြံစည်မှုတွေဟာလည်း နောက်ကျူခြင်းမရှိဘဲ အခါခပ်သိမ်း သန့်ရှင်းကြည်လင်ပြီး စင်ကြယ်နေရမယ်တဲ့၊ ဒီအရိယာဝါသ နေအိမ်လည်း အင်မတန်ကောင်းပါတယ်။

## ၈–အရိယာဝါသ

နံပါတ် ၈–အရိယာဝါသတရားကတော့–ပဿဒ္ဓကာယသင်္ခါရော–ငြိမ်းသော ကာယသင်္ခါရရှိသည်၊ ဟောတိ–ဖြစ်၏တဲ့၊ ကာယသင်္ခါရဆိုတာ ဒီနေရာမှာ ထွက်သက်ဝင်သက်ကိုခေါ်တယ်၊ ဒါကြောင့် ထွက်သက်ဝင်သက် ချုပ်ငြိမ်းတဲ့ စတုတ္ထစျာန်နှင့်လည်း ပြည့်စုံအောင် အားထုတ်ရမယ်လို့ ဆိုလိုပါတယ်။ ဒါကတော့ ပြည့်စုံရင် သာပြီးကောင်းလို့ ညွှန်ပြထားတာပါပဲ၊ လိုရင်းကတော့ ကိလေသာကုန်ခန်းပြီး ရဟန္တာဖြစ်ဖို့က လိုရင်းပါပဲ၊ ဘာကြောင့်လဲဆိုတော့ အချို့ရဟန္တာပုဂ္ဂိုလ်တွေမှာ ဒီစတုတ္ထစျာန်ကို မရပေမယ့် အရိယာကိစ္စပြီးနေတာတွေ အများကြီးပဲ ရှိနေပါတယ်၊ကဲ–ဆောင်ပုဒ်ကလေး တစ်ခုကို ဆိုကြဦးစို့။

**"ရှာမှီး ကင်းစင်၊ ကြံကြည်လင်၊ ထွက်ဝင် ငြိမ်းစေသာ"** ဆို။

## ၉–၁၀–အရိယာဝါသ

နံပါတ် ၉–၁၀ အရိယာဝါသ တရားတွေကတော့ သုဝိမုတ္တစိတ္တော–ကောင်းစွာ လွတ်သော စိတ်ရှိသည်၊သုဝိမုတ္တပညော–ကောင်းစွာလွတ်သော ပညာရှိသည်၊ ဝါ–ကောင်းစွာလွတ်ပြီဟု သိသောပညာရှိသည်၊ ဟောတိ–ဖြစ်၏တဲ့၊ စိတ်ကလည်း ကိလေသာအရှင်သခင်တွေရဲ့ လက်ထဲမှာ လွတ်မြောက်ရမယ်၊ အဲဒီလို လွတ်မြောက်တာကို သိတဲ့ဉာဏ်ပညာနဲ့လည်း ပြည့်စုံရမယ်တဲ့၊ ဒီအရိယာဝါသတရား ၂–ပါးကတော့ တစ်ဆက်တည်းတွဲလျက်ပါပဲ၊ စိတ်ကကောင်းစွာ လွတ်မြောက်သွားလျှင် အဲဒီလွတ်သွားတာကို ဆင်ခြင်ပြီး သိတဲ့ ဉာဏ်ပညာကလည်း တစ်ပါတည်းဖြစ်ပေါ်တော့တာပါပဲ။ဆောင်ပုဒ်က"စိတ်ကောင်းစွာလွတ်၊ ပညာလွတ်၊ မချွတ်ဂုဏ်ဆယ်ပါး"တဲ့။ အဲဒါကို ဆိုကြရမယ်။

**"စိတ်ကောင်းစွာလွတ်၊ ပညာလွတ်၊ မချွတ်ဂုဏ်ဆယ်ပါး"** ဆို။

အရိယာဝါသတရား ၁၀–ပါး ခေါင်းစဉ်ကတော့ စုံသွားပြီ၊အဲဒီဆယ်ပါးသော တရားတွေကို ဘယ်သူက ဟောခဲ့သလဲဆိုလျှင် သာမန်ပုဂ္ဂိုလ်ဟောထားတာ မဟုတ်ပါဘူး၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောထားခဲ့တဲ့ တရားတော်တွေပါပဲ၊ ဒါကြောင့် နိဂုံးချုပ်ဆောင်ပုဒ်က "အရိယာဝါသ၊ ဟောဖော်ပြ၊ ဗုဒ္ဓ မြတ်ဘုရား"တဲ့။ အဲဒါကို ဆိုကြရမယ်။

**"အရိယာဝါသ၊ဟောဖော်ပြ၊ ဗုဒ္ဓ မြတ်ဘုရား"** ဆို။

အရိယာဝါသတရားတော် ခေါင်းစဉ်ကတော့ အားလုံးစုံသွားပြီ၊ အသေးစိတ် အကျယ်ဟောဖို့ပဲလိုတော့တယ်၊ယခု ဟောခဲ့တဲ့ဒေသနာ ခေါင်းစဉ်အရ ဆိုရင်တော့ "ငါးအင်ပယ်လေ"လို့ ဆိုတဲ့အတိုင်း အင်္ဂါငါးပါး ပယ်ပုံက စပြီး ဟောဖို့ပါပဲ၊ ဒါပေမယ့် ပဋိပတ္တိက္ကမ–ကျင့်စဉ်အရ အားဖြင့် ဆိုလျှင်တော့ နံပါတ် ၃–အရိယာဝါသတရားက စပြီးတော့ ဟောမှ သာပြီး နားလည်လွယ်ပါတယ်၊ ဒါကြောင့် ဘုန်းကြီးက "ငါးအင်ပယ်လေ၊ ဂုဏ်ခြောက်ထွေ၊ စုံစေစောင့်တစ်ပါး"ဆိုတဲ့ ဆောင်ပုဒ်ထဲက အစောင့်တစ်ပါးနဲ့ ပြည့်စုံပုံက စပြီးတော့ ဟောမယ်။

■ နောက်လဆက်ဖတ်ပါရန်



# ဒုက္ခမှန်းသိမှ ဒုက္ခပယ်လို့ရ

မဟာဗောဓိမြိုင်ဆရာတော်

သတ္တဝါတိုင်းပေါ့။ ဝန်ထုပ်ကြီးသုံးထုပ်ကို အမြဲတမ်းထမ်းသွားနေရတယ်တဲ့။ ကိလေသာဝန်ထုပ်ကြီးကလည်း တို့အမြဲတမ်း ထမ်းသွားနေရတယ်။ ကာမဝန်ထုပ် ဆိုတာလည်း အမြဲတမ်း ထမ်းသွားနေရတယ်။ ပြီးတော့ ခန္ဓာဝန်ထုပ်ကိုလည်း အမြဲတမ်း ထမ်းသွားနေရတယ်တဲ့။

''တို့တစ်တွေ လူ့ဘဝရောက်တုန်းရောက်ခိုက် ဒုက္ခကလွတ်မြောက်ကြောင်း ဒါနမှုတွေလည်း ပြုဗျာ။ သီလမှုတွေလည်း ဆောက်တည်ဗျာ။ သို့သော် တို့ ဒုက္ခကို ဒုက္ခမှန်းသိဖို့ လိုတယ်။ ဒုက္ခကို ဒုက္ခမှန်းမသိရင် တို့တစ်တွေ ဘယ်လိုလုပ်ပြီး ဒီဒုက္ခကို ကျော်ခိုင်းနိုင်မလဲ။ ပယ်နိုင်ပါ့မလား''

''မပယ်နိုင်ပါဘုရား''

ဒုက္ခသိမှလည်း ဒုက္ခကို ပယ်လို့ရတာဗျ။ အဲဒီ ဒုက္ခမှာလည်း တို့ပြောနေကျအတိုင်းဆိုရင် ဆင်းရဲလို့ ဖြစ်တဲ့ဒုက္ခထက် ချမ်းသာလို့ဖြစ်တဲ့ဒုက္ခကို ပို၍ ဂရုစိုက်ရမှာဗျ။ ဆင်းရဲလို့ဖြစ်တဲ့ဒုက္ခကတော့ အရင်ကတည်းကကို သိပြီးသားကြီးကိုဗျ။ ပယ်နိုင်တာပေါ့ဗျ။ ရှောင်နိုင်တာပေါ့ဗျ။ ချမ်းသာလို့ဖြစ်တဲ့ဒုက္ခ ရှောင်နိုင်ပါ့မလား''

''မရှောင်နိုင်ကြပါဘုရား''

''ဒုက္ခမှန်းသိပါ့မလား''

''မသိကြပါဘုရား''

''ဒုက္ခမှန်းသိအောင် ဆင်းရဲလို့ဖြစ်တဲ့ဒုက္ခထက် ချမ်းသာလို့ဖြစ်တဲ့ ဒုက္ခကို ပို၍ကြောက်ရမှာဗျ။ ဆိုကြပါစို့ဗျာ။ ဝက်သားစားတယ်၊ မကောင်းဘူးလား''

''ကောင်းပါတယ်ဘုရား''

''ကြိုက်သူက ဘယ့်နှယ်တုံး။ ဆင်းရဲတယ်လို့ ပြောမလား၊ ချမ်းသာတယ်လို့ ပြောမလား''

''ချမ်းသာတယ်လို့ ပြောမှာပါဘုရား''

''အထွက်ကျတော့ ချမ်းသာသလားဗျာ။အထွက်ကျတော့ ဘယ့်နှယ်တုံး။ အထွက်ချမ်းသာမလား။ နံကန်စော်ကစော်နဲ့။ သူ့အတိုင်းထွက်မှာပဲလား''

''မဟုတ်ပါဘူး ဘုရား''

''ကဲ ့ အဝင်တုန်းက ကောင်းလှချည့်ဆို။ အထွက်ကျတော့ ဘယ်လိုနေမတုံး''

''မကောင်းပါဘူးဘုရား''

''အဲဒီတော့ တို့ဖြစ်နေတဲ့ သုခလို့ လောကီက သတ်မှတ်ထားတာ အသုံးကျရင် အဲဒီအတိုင်းဖြစ်မှာပဲ။ ဝက်သားစားဆိုပြီးတော့ လက်ခံထားတာ အဆုံးကျရင် မစင်တုံးနဲ့ဆုံးမှာပဲ။ အဲဒ်ဒုက္ခကိုတော့ လောကီနဲ့သုံးရင် သုခလို့သုံးတယ်။ သုခဆိုတာ ဒါ ပါဠိစကားပြောတာ။ မြန်မာလိုတော့ သူ ကောင်းကောင်းလေးနဲ့ တိုးလျှိုးသွားတာပေါ့။ သူလည်း ဖျက်ဆီးခံရတာပဲ။ ဟုတ်ရဲ့လား''

''မှန်ပါ့ဘုရား''

''ဒုက္ခကျတော့ မြန်မာလို သူ့တိုက်ရိုက်ဘာသာပြန်ရင် မကောင်းတရားနဲ့ တိုးလျှိုးသွားတာ။ အဲဒီတော့ တို့ ဒီဆေးရုံမှာ ထုံဆေးပေးပြီးတော့ ခွဲစိတ်ခံရတာနဲ့ လမ်းလယ်ကောင် ရိုက်ခံရတာ ဒဏ်ရာချင်းတော့ အတူတူပဲဗျ။ ဘယ့်နှယ်တုံး။ ဆေးရုံက နည်းနည်းခံရကောင်းမှာပေါ့ဗျ။ လမ်းလယ်ကောင်တော့ ဘယ့်နှယ်တုံး။ ခံရနည်းနည်းဆိုးမှာပါဗျာ''

''ဆိုးပါတယ်ဘုရား''

''နှစ်ခုလုံးတော့ ဒဏ်ရာရတာချည်းပဲ။ ဆေးရုံပေါ်က ပြန်လာတော့ ဒဏ်ရာမရတာရှိလား''

''မရှိပါဘုရား''

''မေ့ဆေး၊ ထုံဆေးပြယ်တော့ ဘယ်လိုနေတုံး''

''နာတာပါပဲဘုရား''

''အေးဗျ၊ အတူတူပဲ။ ဝက်သားတုံးလည်း အတူတူပဲဗျ။ ထွက်လာတော့ နံတာပါပဲဗျ။ ဝက်သားတုံးလေးကတော့ ထုံဆေး၊ မေ့ဆေးပေးထားတော့ ကောင်းတယ်ထင်ရတာပဲ။ ထွက်လာတော့ ဘယ့်နှယ်တုံး''

''နံတာပါပဲဘုရား''

''အေးဗျ၊ သုခလည်း ဒုက္ခပဲ။ လောကီမှာပြောနေတဲ့ သုခမှန်သမျှသည် ကြိုက်လို့ဖြစ်တဲ့ သုခပဲရှိသေးတယ်။ တကယ့်သုခဟုတ်သလား''

''မဟုတ်ပါဘုရား''

''အရက်ကြိုက်သူသည် အရက်ကိုသောက်ရရင် သုခလို့ ပြောမှာပဲ။ အဲဒီအရက်သမားကပြောတဲ့ သုခက တကယ့်သုခလား၊ ကြိုက်တဲ့ သုခလား''

''ကြိုက်တဲ့သုခပါဘုရား''

''ကျန်တာတွေရောဗျား။ကျန်တာတွေက ကြိုက်လို့ပြောနေတဲ့ သုခမဟုတ်ဘူးလားဗျာ။ ကိုယ်ကြိုက်တာကို ခံစားရရင် သုခ၊ တစ်ဖက်က တကယ်ကောင်းလို့ဖြစ်တဲ့သုခ တို့မှာ မရှိသေးဘူး။ တို့ကြိုက်လို့ကောင်းတဲ့သုခပဲ တို့မှာရှိသေးတယ်။ တို့ကြိုက်လို့ သုခလို့ သတ်မှတ်တဲ့အတွက် ဟိုက တို့မကြိုက်လို့ ဒုက္ခလို့ နေရာဝင်ယူထားတာပဲရှိတယ်။ နှစ်ခုစလုံးကတော့ ဒုက္ခချည်းထဲပဲ။ ဟုတ်ရဲ့လားဗျာ''

''မှန်ပါ့ဘုရား''

''အဲဒီဒုက္ခကို တို့မြင်အောင် ကြည့်ပါ။ အဲဒီဒုက္ခမှာ ဆင်းရဲလို့ဖြစ်တဲ့ ဒုက္ခထက် ချမ်းသာလို့ဖြစ်တဲ့ဒုက္ခကို အဓိကထားကြည့်စမ်းပါ။ ပြီးတော့ ညှော်သည်ဒုက္ခထက် အိမ်ရှင်ဒုက္ခကို နာနာကြည့်ပေးစမ်းပါ။ ညှော်သည်ဒုက္ခဆိုတာ တစ်ဖက်က အာရုံက တိုက်ခိုက်လို့ဖြစ်တဲ့ဒုက္ခထင်တယ်ဟေ့''

''မှန်ပါ့ဘုရား''

''ဒါ အာရုံတိုက်တုန်းဖြစ်တဲ့ ဒုက္ခက အာရုံတိုက်တုန်းပဲရှိမယ်။ အာရုံမတိုက်တဲ့အချိန် သူပျောက်တယ်။ တို့ ကိုယ်တွင်းမှာဖြစ်နေတဲ့ ဓာတ်လေးပါးတို့တိုက်ခိုက်လို့ ဖြစ်နေတဲ့ ဒုက္ခသည် အဲဒါဘယ်တော့မှ မငြိမ်းဘူး။ မွေးကတည်းက သေသည်အထိ တိုက်ခိုက်ခံနေရတာ ထင်တယ်ဟေ့။ ဓာတ်လေးပါးအချင်းချင်းတိုက်ခိုက်နေရတာလေ။ အထဲထဲလေ။ ပြီးတော့ ဥတုရဲ့အတိုက်အခိုက်ကိုလည်း တို့ခန္ဓာကိုယ်ထဲ ခံနေရတယ်ထင်တယ်ဟေ့''

''ခံနေရပါတယ်ဘုရား''

**■ ကောင်းမယ်ထင်တာလုပ်တဲ့ ကံတွေ တို့အများကြီးရှိတယ်ကွယ့်။ ပြီးတော့ ကောင်းမယ်ထင်ပြီးလုပ်တဲ့ ဆိုးကံတွေလည်း အများကြီးရှိတယ်။ ကံဝန်ထုပ်တွေလေ။ တို့အမြဲတမ်း ထမ်းနေတာထင်တယ်ကွယ့်။ ကာမဝန်ထုပ်ကြီး၊ အဲဒီ ကာမဝန်ထုပ်ကြီးလည်း ပဋိစ္စသမုပ္ပါဒ်အတိုင်းဆိုရင် မသိမှုကစတာထင်တယ်။............**

''အဲဒီ ခါတ်လေးပါးရဲ့၊ ဥတုရဲ့အတိုက်အခိုက် အတိုင်း ဇာတိရဲ့ ဒုက္ခရော တို့ငြိမ်းသလားဟေ့''

''မငြိမ်းပါဘုရား''

''ဇာတိဆိုတာ ဟိုဘက်ဘဝက ဒီဘက်ဘဝကို မိခင်ရဲ့ ဝမ်းဗိုက်ထဲမှာ အိမ်အဖြစ်နဲ့ ထားပြီး ထွက်ခဲ့တာမှ ဇာတိမဟုတ်ဘူး။ဖြစ်စဉ်တစ်ခုနဲ့တစ်ခုကြားမှာ ဇာတိလေး တွေ ရှိသေးတယ်။ ဥပါဒ် ဌီ ဘင်လို့ ခေါ်တာကိုးကွယ့်။ ဖြစ်စဉ်လေးတစ်ခုမှာ ဖြစ်လိုက်တယ်။ တည်လိုက်တယ်၊ ပျက်လိုက်တယ်၊ ပျက်ပြီးရင် နောက်တစ်ခါ ဖြစ်စဉ်တစ်ခု စရမှာ မဟုတ်ဘူးလား။ အဲဒီမှာ ဇာတိ၊ ဇာတိလေးတွေ ရှိသေးတယ်။ အထဲထဲမှာ ဇာတိဒုက္ခအများကြီးရှိတယ်။ ဖြစ်စဉ်တစ်ခုပြီးတစ်ခုလေ။ အဆက်စပ်ကြားမှာ ရှိသေး တယ်ဗျ။ ဖြစ်စဉ်လေးတွေပြီးတော့ ဥတုရဲ့ တိုက်ခိုက်မှု၊ ဓာတ်လေးပါးရဲ့ တိုက်ခိုက်မှုအတိုင်း တို့ခန္ဓာကိုယ်ထဲမှာ ဖြစ်နေတဲ့ အိုမင်းရင့်ရော်မှု မြင်နိုင်မလား''

''မမြင်နိုင်ပါဘုရား''

''အေး ့အဲဒီဒုက္ခက အဆိုးဆုံးဗျာ။ မမြင် တော့ တို့ကိုယ်တို့ ငါကောင်းတယ်ပဲ ထင်နေတာမဟုတ် ဘူးလား။ ကောင်းတဲ့နေ့ ဘယ်နေ့တုံးဟေ့''

''မရှိပါဘုရား''

''ကောင်းတဲ့အချိန်ရော''

''ဘယ်အချိန်မှ မရှိပါဘုရား''

''မရှိဘူးဗျာ။ တို့အပျက်ကြီး ထမ်းသွားနေရတာ။ ကားပေါ်က လိုက်လာလို့ဗျား၊ သက်သာလိမ့်မယ်မထင် နဲ့။ ပျက်လိုက်နေတာဗျား။ လေယာဉ်ပေါ်တင်ခေါ်သွား လည်း ပျက်လိုက်နေမှာပဲဗျာ။ ရထားက အထက်တန်း တွဲကြီးတွေနဲ့ လိုက်လို့ ဘယ့်နှယ်တုံး''

''ပျက်လိုက်နေပါတယ်ဘုရား''

''ပျက်လိုက်နေမှာဗျား။ အပျက်က ဘယ်တော့မှ မဆုံးဘူးဗျာ။ အဲဒီမှာ ဇာတိဒုက္ခရယ်၊ ဗျာဓိဒုက္ခရယ်၊ မရဏဒုက္ခရယ်၊ ဝမ်းထဲမှာ အိမ်ရှင်ဒုက္ခတွေအများကြီး၊ အဲဒါ မမြင်သေးသမျှ တို့ဒုက္ခမမြင်သေးဘူးလို့ ပြောရ မယ်။ ဟို လူဘေး သူဘေးဒုက္ခက တုတ်ကြီးနဲ့လာတာ မြင်တာပေါ့ဗျ။ ဓားကြီးနဲ့လာတာမြင်တာပေါ့။ အပြင်ဒုက္ခ မြင်နိုင်တယ်။ အတွင်းဒုက္ခမမြင်နိုင်ဘူး။ အဲဒီ အိမ်ရှင် ဒုက္ခကို မမြင်သမျှကာလပတ်လုံး ငါရှိတယ်ပဲထင်နေ တယ်။ ငါလုပ်တာ အဟုတ်ပဲ ထင်နေဦးမှာပဲ။ ဟုတ်ရဲ့ လားဗျာ''

''မှန်လှပါဘုရား''

''အဲဒီထင်နေသမျှကာလပတ်လုံး တို့ဘယ်တော့ မှ ဒုက္ခငြိမ်းတဲ့နေရာကို မရောက်နိုင်ဘူး။ တို့လုပ်တာ မှန်သမျှ ဒုက္ခတွေစုဆောင်းနေတာပဲ ဖြစ်နေမယ်။ တို့ ဘာတွေလုပ်လုပ် လုပ်တာမှန်သမျှ ဒုက္ခစုဆောင်းတာပဲ ဖြစ်မယ်ဗျ။ အဲဒီတော့ လူတိုင်းလူတိုင်း တို့ဒီမှာ လူပြော ရမှာပေါ့လေ။ သတ္တဝါတိုင်းပေါ့။ ဝန်ထုပ်ကြီးသုံးထုပ်ကို အမြဲတမ်းထမ်းသွားနေရတယ်တဲ့။ ကိလေသာဝန်ထုပ်ကြီး ကလည်း တို့အမြဲတမ်း ထမ်းသွားနေရတယ်။ ကာမဝန်ထုပ် ဆိုတာလည်း အမြဲတမ်း ထမ်းသွားနေရတယ်။ ပြီးတော့ ခန္ဓာဝန်ထုပ်ကိုလည်း အမြဲတမ်း ထမ်းသွားနေရတယ်တဲ့။ အဲဒီဝန်ထုပ်သုံးထုပ် တို့ကိုယ်ပေါ်က တို့စိတ်ထဲက တို့ ခန္ဓာက ချထားရတယ်လို့ တစ်ခါမျှ မရှိဘူးတဲ့။

ကိလေသာဝန်ထုပ်ကလည်း ဘယ့်နှယ်တုံး။ စိတ်ထဲမှာ တော်နေကြိုက်တာတွေ တွေးလိုက်၊ တော် နေရင် မကြိုက်တာတွေ တွေးလိုက်၊ တို့မသိတာတွေ တွေးလိုက်၊ တစ်ခါတလေ ငေးနေလိုက်နဲ့၊ ကိလေသာ စိတ်နဲ့ကင်းတာ ဘယ်နှခါရှိတုံးဗျာ''

''မရှိပါဘူးဘုရား''

''စိတ်နဲ့ ကိလေသာ၊ ကိလေသာနဲ့စိတ်ဟာ အမြဲတမ်းတွဲနေတာ ထင်တယ်။ အဲဒီတော့ စိတ်နေရင် ကိလေသာလည်း ဝပ်နေတာပဲ။ စိတ်သွားရင် ကိလေသာ လည်း ပျံ့ပြီးပါမှာပဲ။ စိတ်က တစ်ခုတည်းအပေါ်ကို ချီတုံချတုံဖြစ်နေရင် တို့ကိလေသာလည်း အဲဒီအပေါ်မှာ ချီတုံချတုံနေမှာပဲ။ ကိလေသာဝန်ထုပ်ကြီး ထမ်းနေရတာ၊

တို့ဘယ်တော့မှ မချရဘူး။ အဲဒါ စိတ်ထဲမှာ ထမ်းနေရတယ်။ အိပ်တာတောင် မနားရဘူးဗျာ။ မောဟစိတ်နဲ့ အိပ်တာထင်တယ်ဗျာ''

''မှန်ပါ့ဘုရား''

''မောဟဝန်ထုပ်ကြီး ထမ်းရတယ်ဗျာ။ အိပ်တာတောင် မောဟစိတ်နဲ့ အိပ်တာ။ ဒီကြားထဲ အိပ်မက်ကလေးနဲ့ လောဘ၊ ဒေါသစိတ်တွေ လာဦးမှာပေါ့လေ။ မကောင်းပါဘူးဗျာ။ တို့ ကိလေသာဝန်ထုပ်ကလည်း တို့အမြဲတမ်း ထမ်းထားရတယ်။ ဘယ်ဘဝရောက်ရောက် မနားရဘူးဗျာ။ အဲဒီ ကိလေသာဝန်ထုပ်ကြီးထမ်းနေရတာကိုရော ဒုက္ခလို့ ထင်မလား''

''မထင်ကြပါဘူးဘုရား''

''ကဲ ့ဘယ်လိုလုပ် ဒုက္ခကနေ လွတ်အောင်လုပ်မလဲ။ ဒါဝန်ထုပ်တစ်ထုပ်၊ ပြီးတော့ ကာမဝန်ထုပ်တဲ့၊ တို့ တွေးမှု၊ မြော်မှု၊ ကြံမှုလေ။ အဲ–ကာမဝန်ထုပ်ကရော တို့ ဘယ်အချိန်နားရသလဲ''

''မနားရပါဘုရား''

''ဘယ်အချိန်မှ မနားရဘူးဗျာ''

''အိပ်ပျော်နေတာတောင် ဒီဘက်ကနာရင် ဟိုဘက်ကို ပြောင်းပေးတယ်။ ကံတွေပြုလုပ်နေပါသေးတယ်။ တို့သာ မသိတာ။ မသိစိတ်နဲ့ ပြုလုပ်နေတာလေ။ ဒီဘက်ညောင်းတော့ ဟိုဘက်ပြောင်းတယ်ထင်တယ်ဗျ။ တို့သာ မသိတာဗျာ၊ ခြင်လေးကိုက်ရင် လွှန့်လိုက်သေးတယ်။ 'ဖတ်'ခနဲဆို ခါလိုက်သေးဗျ။ ဒါ အိပ်ပျော်နေတာကို ကာမဝန်ထုပ်မလွတ်ဘူး။ အဲဒီမှာ ကောင်းတာတွေ တွေးကြံနေရတာရော မပါဘူးလားဗျာ''

''ပါပါတယ်ဘုရား''

''ကောင်းတာတွေ ဘယ်လိုလုပ်မယ်။ ဘယ်လိုလုပ်မယ်။ကိုယ်ကောင်းမယ်ထင်တာတွေပေါ့လေ။ကောင်းမယ်ထင်တာလုပ်တဲ့ ကံတွေ တို့အများကြီးရှိတယ်ကွယ့်။ ပြီးတော့ ကောင်းမယ်ထင်ပြီးလုပ်တဲ့ ဆိုးကံတွေလည်း အများကြီးရှိတယ်။ ကံဝန်ထုပ်တွေလေ။ တို့အမြဲတမ်း ထမ်းနေတာထင်တယ်ကွယ့်။ ကာမဝန်ထုပ်ကြီး၊ အဲဒီ ကာမဝန်ထုပ်ကြီးလည်း ပဋိစ္စသမုပ္ပါဒ်အတိုင်းဆိုရင် မသိမှုက စတာထင်တယ်။ မသိမှုဆိုတာ သတိမရှိတဲ့၊ ရှုမှတ်ဆင်ခြင်မှုမရှိတဲ့၊ ဖြစ်ပျက်ကို မမြင်တဲ့ သညာသိတွေမှန်သမျှ အဲဒါမသိမှုဘဲ။ မသိမှုဟာ နယ်အကျယ်ဆုံးပဲ။ သတိမပါဘဲသိတဲ့ အသိတွေလေ။ ပြီးတော့ ဖြစ်ပျက်မှု၊ ဆင်ခြင်မှုကို မမြင်ဘဲနဲ့၊ မသိဘဲနဲ့ သိတဲ့ အသိတွေဗျား။ လူပြော သူပြောသိထင်တယ်။ မိခင်ဖခင်များက ဒါကြက်ဆိုလို့ သိထားတာတွေလေ။ ဒါ ဝက်ဆိုလို့ သိထားတာ။ ငါတို့ အသိမဟုတ်သေးဘူး။ အဲဒါ သညာသိ၊ လူပြော သူပြောသိ။ မြန်မာဖြစ်လို့ ဒီလိုပြောတာ၊ အဲဒီအကောင်ကို တရုတ်ပြည်ဖြစ်ရင် တစ်မျိုးပြောဦးမှာ။ ကုလားပြည်ရောက်ရင် အဲဒီကောင်ကြီးကို တစ်မျိုးပြောဦးမှာ။ ဟုတ်ရဲ့လား''

''မှန်ပါ့''

''ဒါ မြန်မာပြည်ရောက်လို့ ဒါကြီးကို ကြက်၊ ဒါကြီးကို ဝက်လို့ပြောတာ။ အဲဒီအကောင်ကြီးနှစ်ကောင်ပဲ တရုတ်ပြည်ကိုသွားစမ်းပါဦး။ တရုတ်သားသမီးဖြစ်ရင် တစ်မျိုးပြောမယ်။ ကုလားသားသမီးဖြစ်ရင် တစ်မျိုးပြောရဦးမယ်။ အဲဒီတော့ တို့ ကြက်ဟယ်၊ ဝက်ဟဲ့ဆိုတာ အမှန်သိ ဟုတ်လို့လား''

''မဟုတ်ပါဘုရား''

''အဲဒါ တို့သညာသိဗျ။ အစွဲသိဗျ။ အဲဒီအသိနဲ့ ပြုလုပ်တဲ့ကံတွေပေါ့။ အဲဒါကို တို့ အဝိဇ္ဇာပစ္စယာ သင်္ခါရလို့ ခေါ်တာ မဟုတ်ဘူးလား။ မသိမှုနဲ့ ပြုလုပ်တဲ့ကံလို့ဆိုလိုတယ်။ အဲဒီမသိမှုနဲ့ ပြုလုပ်တဲ့ ကုသိုလ်တွေမှန်သမျှဟာလည်း ဒုက္ခဖြစ်ဖို့သက်သက်ပဲ။ သိမှုနဲ့မှမဟုတ်ပဲနဲ့ဗျ။ အဲဒီတော့ တို့ စစိုက်ကတည်းက ကောက်ညှင်းဆိုတာ ကောက်ညှင်းကြီးပဲစိုက်ဆို ဟုတ်သပေါ့ဗျာ။ စစိုက်ကတည်းက ကောက်ညှင်းမျိုးထဲ မဟုတ်တာတွေရောထားလို့ရှိရင်ရော ဘယ့်နှယ်တုံး''

''မဟုတ်တာတွေ ပေါက်မှာပါဘုရား''

''ဟုတ်ရဲ့လားဗျ။ စင်ပါဦးမလားဗျ''

''မစင်ပါဘုရား''

''အဲဒီတော့ ဘဝအကျိုးပေးမှာ စင်စင်ကြယ်ကြယ် မတောင့်မတ မကြောင့်မကြ ခံစားခွင့်မရှိဘူး။ ဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရကလည်း ဝေမေတသသ ကေဝလဿ ဒုက္ခက္ခန္ဓဿထဲမှာ ပါသွားမှာထင်တယ်။ အဲဒါ ဒုက္ခသက်သက်ပဲကွာ။ မသိမှုနဲ့တွေ့တဲ့ ကောင်းကံတွေလေ။ ဟုတ်ရဲ့လား။ မသိမှုနဲ့ ဆိုးတဲ့ကံက ဘာပြောစရာလိုတုံး''

''မလိုပါဘုရား''

''အခု ဝက်သားကြိုက်တယ်ဆိုတော့ စားတယ်။ မနက်ဖြန်ခါ ဒုက္ခရောက်မှာ။ အဲလိုပဲ ဒီမှာ ညဥ့်ကိုမထိန်း

နိုင်တဲ့ ပုဂ္ဂိုလ်၊ စရိုက်ကို မထိန်းနိုင်တဲ့ ပုဂ္ဂိုလ်၊ ဉာဉ်လွန်၊ စရိုက်လွန်သမားဟာ ဒီအာရုံကို မရရတဲ့နည်းနဲ့ မတရား ခံစားတာ။ အဲဒါ မကောင်းကံတွေ ထင်တယ်ဗျာ။ သူ့ အသက်သတ်တာလည်း တို့ မတရားသဖြင့် သတ်တာ ထင်တယ်ဟဲ့''

''မှန်ပါ့ဘုရား''

''သူ့ဥစ္စာ၊ ကိုယ့်ဥစ္စာဖြစ်အောင်ယူတာလည်း မတရားသဖြင့် ထင်တယ်ဟဲ့။ အဲလို ကံတွေချိုးဖောက်တာ အဲဒါစရိုက်လွန်၊ ဉာဉ်လွန်တွေ ခေါ်တယ်ဗျား။ အဲလို မထိန်းနိုင်လို့၊ အဲဒါ မသိမှုနဲ့ ကောင်းတယ်ထင်ပြီး ပြုလုပ်တာပဲ။ အဲဒါလည်း ဒုက္ခဖြစ်ဖို့ရာ အကြောင်းရင်းမဟုတ်ဘူးလား''

''မှန်ပါ့ဘုရား''

''အဲဒီ မကောင်းသိနဲ့သိနေတဲ့ ဝိညာဉ်ရော ဒုက္ခဖြစ်ဖို့ အကြောင်းရင်းပဲ မဟုတ်ဘူးလား။ တွေးတောနေတာတွေလေ။ အဲဒီ မသိမှုနဲ့ ယှဉ်နေတဲ့ ရုပ်နာမ်နှစ်ပါး ဆိုတဲ့ဘဝ ရနေတာရော ဒုက္ခဖြစ်ဖို့သက်သက်ပဲ မဟုတ်ဘူးလား''

''မှန်ပါ့ဘုရား''

''အဲဒီ မသိမှုနဲ့ဖြစ်နေတဲ့ အတွေ့အထိမှန်သမျှရော တို့ဒုက္ခဖြစ်ဖို့သက်သက်ချည်းပဲ မဟုတ်ဘူးလား။ အဲဒီခံစားတဲ့၊ မှတ်သားပေးရတဲ့ ဒုက္ခတွေရော မပါဘူးလား''

''ပါ ပါတယ်ဘုရား''

''ကိုယ်ကြိုက်ရင် ထပ်ချည်းတလဲလဲသုံးဖို့ ကြောင့်ကြစိုက်နေရတဲ့ ဒုက္ခရော မရှိဘူးလား။ ကိုယ်မကြိုက်ရင် ထပ်ချည်းတလဲလဲ ပယ်ဖို့ကြိုးစားနေရတဲ့ ဒုက္ခ မရှိဘူးလား''

''ရှိပါတယ်ဘုရား''

''ကြိုက်ရင်ကောင်းတယ်လို့ ဆုံးဖြတ်ရတဲ့၊မကြိုက်ရင် ဆိုးတယ်လို့ ဆုံးဖြတ်ရတဲ့ ဒုက္ခတွေရော မရှိဘူးလား။ အဲဒီမှာလည်း အများကြီးပဲ။ ဒီဟာတွေရှိတဲ့အတိုင်းပဲ၊ မသိမှုကြောင့်ဖြစ်တဲ့ တဏှာကတော့ ဒုက္ခပိုဆိုးတော့မယ် ထင်တယ်။ မသိမှုကြောင့်ဖြစ်တဲ့ ဉပါဒါန်ကတော့ ဟိုဘက်ဘဝထိ သွားမယ်ထင်တယ်ဗျာ။ သွားရောဗျာ။အဲဒီ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဇာတိဒုက္ခ ဘယ်တော့ကင်းမလဲ''

''မကင်းနိုင်ပါဘုရား''

''ပဋိသန္ဓေတည်တဲ့ ဒုက္ခကင်းတော့မလား''

''မကင်းပါဘုရား''

''အဲဒီ အဝိဇ္ဇာပစ္စယာ သင်္ခါရ၊ ဝေဒနာ ဝေမေတသသ ကေဝလဿ ဒုက္ခက္ခန္ဓဿ အဲဒါပဲ။ စာထဲမှာ မဟုတ်ဘူး။ တို့ဖြစ်နေတာ၊ တို့နေ့တိုင်းလုပ်နေတာ မသိစိတ်နဲ့ လုပ်နေတာချည်းပဲ။ ရှုမှတ်ဆင်ခြင်ပြီး ထမင်းဘယ်နှခါချက်ဖူးတုံး''

''မချက်ဖူးပါဘုရား''

''ရှုမှတ်ဆင်ခြင်ပြီး အလုပ်ခွင်ထဲ ဘယ်နှခါ ဝင်ဖူးတုံး''

''မလုပ်ဖူးကြပါဘုရား''

''ဟုတ်ရဲ့လားဗျာ။ ဘယ်မှာတုံး တို့လုပ်နေတာ တွေ။ တို့ ဟိုပဋိစ္စသမုပ္ပါဒ်က ဘုရားဟောစာအုပ်ထဲမှာ လား။ တို့ဖြစ်နေတာလား''

''ဘုရားဟော စာအုပ်ထဲမှာပါဘုရား''

''ဘုရားဟောစာအုပ်ထဲမှာ ခင်ဗျား အရှင်မရှိဘူးပေါ့။ အိမ်မှာမရှိဘူးပေါ့။ ဟုတ်ပါလိမ့်မယ်။ အဘိုးအိမ်က ပဋိစ္စသမုပ္ပါဒ်ကင်းတဲ့အိမ်လေ။ အဘိုးအိမ်က ပဋိစ္စသမုပ္ပါဒ်ကင်းတဲ့အိမ်လား။တို့ တကယ်ဖြစ်နေတာ မဟုတ်ဘူးလား''

''မှန်ပါ့ဘုရား''

''အဲဒီတော့ တို့ဖြစ်နေတဲ့ ကံဝန်ထုပ်ကြီးက လည်း အမြဲထမ်းထားရတယ်။ အခုလည်း ထမ်းပြီးသွားနေရတာ။ ကြံရင်ကြံ၊ မကြံပြောမှာပဲ။ လုပ်မှာပဲ။ လုပ်ရင်လုပ်၊ မလုပ်ရင်ပြောမှာပဲ။ အလုပ်အပြောမရှိရင် ကြံနေမှာပဲ။ ဘယ်အချိန်နားတုံး''

''ဘယ်အချိန်မှ မနားရပါဘုရား''

''ကာမဝန်နားတဲ့အချိန် ဘယ်အချိန်ရှိတုံး''

''မရှိပါဘုရား''

''ကဲဗျာ၊ ကဲ ့ကာမဝန်ထုပ်ကြီး အမြဲထမ်း သွားရတယ်။ အဲဒီ ဒုက္ခကရော ဘယ်လောက်ဒုက္ခမှန်း ဘယ်သူသိသလဲ''

''မသိပါဘုရား''

''ဒုက္ခမှန်းမသိရင် တို့ဘယ်လိုလုပ် ကျော်မှာတုံး။ ဒုက္ခ၊ ဒုက္ခမှန်းသိမှ ကျော်လို့ရမှာပေါ့။ ဘုန်းကြီးလူထွက်တွေ များများမေးမှနဲ့ ထင်ပါတယ်။ ဘုန်းကြီးလူထွက်ပါလား တို့ထဲမှာ။ ဝေဘူဆရာတော်ဘုရားကြီးကတော့ နာမည်ကို မခေါ်ဘူးဗျာ။ လူမိုက်လို့ခေါ်တာ။ လင်းရာကနေ မှောင်တဲ့အထဲ ပြန်ဝင်သွားလို့ လူမိုက်တဲ့ဗျာ''

''အဲဒီတော့ ကာမဝန်ထုပ်ကြီးကလည်း ဘယ်တော့မှ မနားရဘူးဗျား။ ကာမဝန်ထုပ် မနားရသလို ခန္ဓာဝန်ထုပ်ကရော ဘယ်အချိန်နားရသလဲ''

''မနားရပါဘုရား''

''အဲဒီတော့ မသိတဲ့အချိန်ကတော့ မိဘနှစ်ပါးကို အကူအညီထား၍ ထားပါတော့။ တို့ အခုသိတဲ့အချိန်နဲ့ပြောပါ။ ထိုင်ရပါ ကြာတော့ နေရာလေးပြင်ပေးရသေးတယ်ထင်တယ်''

''ပြင်ပေးရပါတယ် ဘုရား''

''ပြင်ပေးရတာကြာတော့ တစ်ခါမတ်တတ်ရပ်ပေးရသေးတယ်''

''ရပ်ပေးရပါတယ်ဘုရား''

''မတ်တတ်ရပ်ပါကြာတော့ သွားပေးရသေးတယ်''

''သွားပေးရပါတယ်ဘုရား''

''သွားတာကြာတော့ ပြန်ရပ်ပေးရသေးထင်တယ်။ ရပ်တာကြာ ပြန်ထိုင်ပေးရသေး ထင်တယ်။ ထိုင်တာကြာတော့ လဲလျောင်းပေးရသေးတယ်ထင်တယ်။ လဲလျောင်းတာကြာတော့ ဘယ်ဘက်စောင်းတာ မကောင်းလို့ ညာဘက်စောင်းပေးရသေးထင်တယ်။ ညာဘက်စောင်းတာ မကောင်းလို့ ဘယ်ဘက်စောင်းပေးရသေးထင်တယ်''

''မှန်ပါ''

''ဘယ်ရော၊ ညာရော မကောင်းလို့ ပက်လက်လှန်ပေးရသေး ထင်တယ်။ ဘယ်မှာတုံး နားရတာ။ ဘယ်မှာနားရတုံး''

''မနားရပါဘုရား''

''ဒီကြားထဲ နောက်ဖေးသွားပေးစမ်းပါဦး ဆိုလိုက်ပြန်တယ်။ တော်ကြာ ရှေ့ဖေးသွားစမ်းပါဦးဆို၊ နောက်ဖေးလိုက်ပို့ပေးရ၊ ရှေ့ဖေးလိုက်ပို့ပေးရ၊ နားရလား''

''မနားရပါဘုရား''

''နောက်ဖေး၊ ရှေ့ဖေးပို့ပေးပြန်ပြီး ရေသောက်ပေးစမ်းပါဦးဆို သောက်ရပြန်ပြီ။ တော်နေ ရေချိုးပေးစမ်းပါဦး၊ အိုက်လွန်းလို့တဲ့။ တော်နေ နွေးထွေးပေးစမ်းပါဦး ချမ်းလွန်းလွန်းလို့တဲ့ ပါသေးထင်တယ်''

''မှန်ပါ့ဘုရား''

''ပြီးတော့ မယားချစ်လို့ ယူသေးတာပြောတာ။ မယားချစ်လို့ ဘယ်နှခါ ရေချိုးပေးသလဲ။ ဘယ်နှခါ ကြေးတွန်းပေးတုံး။ ဘယ်နှခါ နောက်ဖေးကုန်းပေးတုံး။ ကိုယ့်ကိုယ်ကိုကျတော့ ဘယ့်နှယ်တုံး၊ ကိုယ့်ခန္ဓာဝန်လေ''

''အမြဲတမ်း လုပ်ပေးပါတယ်ဘုရား''

''နောက်ဖေး ကုန်းပေးစမ်းပါဦးဆို သွားကုန်းပေးရပြန်ပြီ။ သူများကျရင် နှာခေါင်းကြီးကို ရှုံ့လို့ဗျာ။ ကိုယ့်ဟာနဲ့ကိုယ်တော့ မရှုံ့အားပါဘူး။ အဲဒါ တို့ခန္ဓာဝန်ထုပ်ကြီး။ ဒါတို့ ဖျတ်ဖျတ်လတ်လတ်သမားက သည်လောက်မသိသာပါဘူး။ နာဖျားရင် ပိုသိသာပါတယ်။ သည်ထက် အိုမင်းကုန်းကွဖြစ်ရင် ပိုပြီး သိပါလိမ့်မယ်။ ဗျာဓိဒုက္ခနဲ့ ဇရာဒုက္ခဖြစ်ခဲ့ရင်လေ။ ပို၍ပို၍ ခန္ဓာဝန်ဒုက္ခသိလာလိမ့်မယ်။ အဲလောက်ကြီးအိုမှ၊ အဲလောက်ကြီးနာမှ သိရင်တော့ တို့ လက်လွန်ပြီ။ ခုကတည်းက ရိပ်မိကြတော့၊ ဒုက္ခ၊ ဒုက္ခမှန်းလေ၊ ရိပ်မိပါ့မလားဗျ။ မရိပ်မိသေးပါဘူးထင်ပါ့ဗျာ''

''တို့ ဟိုမျောက်ကြီးနဲ့ အတူတူနေမှာပါ။ မျောက်ကြီးက တောအုပ်ကြီးမှာ လူသွားများတဲ့လမ်းမှာ နေသတဲ့။ တော်နေ ဈေးရောင်းက ပြန်လာရင်လည်း ဒုက္ခပါပဲပြောသွားတယ်။ သူနားရည်ဝနေပြီ ဒုက္ခကို။ တော်နေ လယ်သမားတွေက လှည်းနဲ့သွားပြန်တော့ ဟေး ့တို့အလုပ်တော့ ဒုက္ခပါပဲကွာနဲ့။ ဒုက္ခကို သူတော်တော်နားရည်ဝနေတယ်။ တစ်ယောက်လာလည်း ဒုက္ခ၊ နောက်တစ်ယောက်လာလည်း ဒုက္ခ၊ ဒုက္ခချည်းပဲ ပြောပါများလို့ ဒုက္ခတော်တော်နားရည်ဝနေပြီ။ အဲဒီတော့ သူတို့အပေါင်းအဖော်တွေမေးတယ်။ ဒုက္ခဆိုတာ ဘာတုံး။ ငါလည်း မသိဘူးပေါ့။ တောတွင်းသားတွေ အကုန်လိုက်မေးတယ်။ မသိဘူးတဲ့။ နောက်ဆုံး တစ်ဦးကနေ ညွှန်းလိုက်တယ်။ မင်း ဒုက္ခသိချင်ရင် ရသေ့ကြီးဆီသွား။ ဟိုတောထဲမှာ တစ်ပါးတည်း ကျင့်နေတဲ့ ရသေ့ကြီးရှိတယ်။ အဲလိုပြောတယ်။ အဲဒီတော့ ရသေ့ကြီးဆီ သွားပြီး မေးကြည့်သတဲ့။ ဒုက္ခဆိုတာ ဘယ်လိုဟာတုံး''

''ဟဲ့ ့ဒုက္ခဆိုတာ ဆင်းရဲတာကိုခေါ်တယ်။ အဲဒီတော့ ဆင်းရဲတာဆိုတာ ဘယ်လိုဟာတုံးမေးတယ်။ ဆင်းရဲတာဆိုတာ မကောင်းတဲ့ အကုသိုလ် အကျိုးပေးနယ်ပယ်ထဲကို သွားပြီး နေရဲထိုင်ရဲတာကို ပြောတာ၊ ဟုတ်ရဲ့လား''

''မှန်ပါ့ဘုရား''

■ **နောက်လဆက်ဖတ်ပါရန်**



# သရဏဂုံ စွမ်းအားယုံ

**တိပိဋကဓရ (ယော)ဆရာတော်**

သရဏဂုံ (၃)ပါးဆိုတာ သာသနာတော်နဲ့ တွေ့ကြုံတုန်းသာ သုံးခွင့်ရတဲ့ အထက်တန်းစားပုဂ္ဂိုလ်များရဲ့ သီးခြားစွမ်းအင် ရတနာကောင်းဖြစ်ပါတယ်။ ‘ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ’ဆိုတာ သာသနာကို ဖော်ထုတ်ပေးတဲ့ ပုဂ္ဂိုလ်ကို ပြတယ်။ ‘ဓမ္မံ သရဏံ ဂစ္ဆာမိ’ဆိုတာ သာသနာကို ပြတယ်။ ‘သံဃံ သရဏံ ဂစ္ဆာမိ’ဆိုတာ သာသနာစောင့်ရှောက်သူကို ပြတယ်။ သရဏဂုံယူတယ်ဆိုတာ ကိုယ့်အသက်ခန္ဓာကို ရတနာသုံးပါးထံ အပ်နှံလိုက်ခြင်းပါ။ အပ်နှံရလောက်အောင်လည်း ရတနာသုံးပါးက အရည်အသွေးပြည့်ဝပါတယ်။

သရဏဂုံဟာ ဒါနထက် အကျိုးကြီးသလို သရဏဂုံအခြေခံတဲ့ ဒါနက ရိုးရိုးဒါနထက် ပိုပြီး အရည်အသွေး မြင့်မားရပါတယ်။ သာသနာတွင်းမှာ သရဏဂုံတည်နေသူဟာ သောတာပန်ဖြစ်အောင် အားထုတ်သူထဲမှာ ပါဝင်သွားတာဖြစ်လို့ ''အထက်တန်းစားအလှူခံပုဂ္ဂိုလ်''လည်း ဖြစ်သွားတယ်။ လှူရင် အကျိုးအနန္တကို ဖြစ်စေနိုင်၊ ပေးစွမ်းနိုင်တဲ့ အလှူခံဖြစ်သွားပါတယ်။ သရဏဂုံကြောင့် အလှူခံရော၊ အလှူပေးသူပါ အရည်အသွေး တောက်ပြောင်ရပါတယ်။

သရဏဂုံကို ပိုက်ဆံပေးဝယ်လို့ မရပါဘူး။ သဒ္ဓါ၊ ပညာရှိသူများသာ ရနိုင်တဲ့ အခွင့်ထူးဖြစ်ပါတယ်။ သရဏဂုံဆိုတာ ရတနာလို အားကိုးလေးစားထိုက်တဲ့၊ရတနာလို့ အသိအမှတ်ပြုလက်ခံနိုင်တဲ့ သဒ္ဓါ၊ ပညာ ပြဋ္ဌာန်းတဲ့ ကောင်းမှုစွမ်းအားကို ခေါ်တာပါ။ သရဏဂုံဟာ မအားပေမယ့်၊ ပစ္စည်းဥစ္စာမရှိပေမယ့် သဒ္ဓါပညာရှိသူတိုင်း နေ့စဉ်ရယူနိုင်တဲ့ စွမ်းအားဖြစ်ပါတယ်။ အန္တရာယ်ကာကွယ်ရေး၊ ကိုယ်ရည်ကိုယ်သွေး တိုးတက်မြင့်မားရေးမှာ အစွမ်းထက်မြက်လှပါတယ်။ သဒ္ဓါ၊ ပညာ၊ တန်ခိုးသွင်းပေးနိုင်သလောက် စွမ်းအားမြင့်မားလာပါတယ်။ သရဏဂုံကြောင့် လူဟာ အရှိန်အဝါတက်လာရပါတယ်။

သရဏဂုံ (၃)ပါးမှာ၊ ဓမ္မသရဏဂုံဆိုတာ သာသနာဆိုတဲ့ တရားလမ်းကြောင်းကို ပြတယ်။မဂ် ၄–ပါး၊ ဖိုလ် ၄–ပါး၊ နိဗ္ဗာန်၊ပရိယတ်ဆိုတဲ့ တရား ၁၀–ပါးပါ။ ပရိယတ်ကို ပြောလိုက်ရင် ပဋိပတ်လည်း အလိုအလျောက် ပါဝင်သွားပါပြီ။ ဓမ္မသရဏဂုံဟာ ဗုဒ္ဓသရဏဂုံနဲ့ သံဃသရဏဂုံကိုလည်း ထင်သာမြင်သာအောင် အလင်းရောင်ပေးပါတယ်။ အလယ်ကနေ ချိန်ခွင်ပမာ ချိန်ပေးပါတယ်။ဓမ္မသရဏဂုံပျောက်သွားရင် ဗုဒ္ဓနဲ့ သံဃသရဏဂုံ (၂)ပါးဟာ ကွယ်ပျောက်သွားမှာပါ။ ဗုဒ္ဓဆိုတာ သာသနာဆိုတဲ့ ဓမ္မလမ်းကြောင်းကို စတင်ဖော်ထုတ်ပေးသူပါ။သံဃာဆိုတာကတော့ သာသနာဆိုတဲ့ လမ်းကြောင်း မကွယ်ပျောက်အောင် စောင့်ရှောက်နေသူပါ၊ ကိုယ်တိုင်လည်း ကျင့်တယ်၊ တရားမပျောက်အောင်လည်း အစဉ်အဆက်ဟောပြောပို့ချ ဖြန့်ဝေပေးပါတယ်။ အရိယာသံဃာအထိ အာရုံယူရမှာပါ။

ဘုရားလက်ထက်က 'တိသရဏဂမနိယ'ဆိုတဲ့ အရှင်မြတ်တစ်ပါးရှိတယ်။ သူဟာလွန်ခဲ့တဲ့ (၉၁)ကမ္ဘာထက်က အမျိုးကောင်းသားတစ်ဦးဖြစ်စဉ် 'အရှင်နိသဘ'မည်တဲ့ အဂ္ဂသာဝကကြီးထံ သရဏဂုံဆောက်တည်ခဲ့တယ်။ အပါယ်ဒုဂ္ဂတိကို ကြောက်လွန်းလို့ သဒ္ဓါ၊ ပညာလည်း ထက်သန်တာမို့ သရဏဂုံရာသက်ပန်မြဲခဲ့တယ်။ အပါယ်လေးပါးကို လုံးဝမရောက်ခဲ့တော့ဘူး။ သရဏဂုံစွမ်းအားကြောင့် သမာဓိသိပ်ကောင်းတယ်၊ ဉာဏ်ထက်မြက်ပြီး တင့်တယ်လှပတယ်၊ အများရဲ့ လေးစားခံရတယ်။ သုဂတိဘဝကောင်းမှာ အထက်တန်းကချည်း ကျင်လည်ခဲ့ရပြီး ယခုဤဘုရားသာသနာမှာ (၇)နှစ်သား အရွယ်ကလေးနဲ့ ရဟန္တာဖြစ်ခဲ့ရတယ်။

သရဏဂုံရဲ့ အကျိုးကျေးဇူးဟာ အလွန်ကြီးပါတယ်။ အဲဒီလို ရတနာသုံးပါးရဲ့ အားကိုးလောက်တဲ့ ဂုဏ်စွမ်းရည်တွေကို အာရုံယူပြီး ကိုးကွယ်ဆည်းကပ်ဆောက်တည်ရမှာပဲ။ ဂုဏ်စွမ်းရည်ကို အားကိုးတယ်၊အရိပ်ခိုတယ်၊ လက်တွေ့အသုံးချတယ်။ ဘေးရန်ဆင်းရဲတွေကို ရတနာသုံးပါးစွမ်းရည်တွေနဲ့ အကာအကွယ်ယူတယ်၊ အဲဒီလို အားကိုးလို့ ကာကွယ်တာကိုပဲ ကိုးကွယ်တယ်လို့ ဆိုရတာပါ။

## 'အကျဉ်းချုပ် မှတ်ရန်'

- ❋ တရားလုံးစုံ၊ အကုန်သိမြင်၊ ဘုရားရှင်ကို၊ ကြည်လင်လေးမြတ်၊ ရိုသေညွတ်၊ ဆည်းကပ်ပါ၏ဘုရား။
- ❋ ဆင်းရဲကင်းပျောက်၊ ချမ်းသာရောက်အောင်၊ စွမ်းဆောင်တတ်ငြား၊ မြတ်တရားကို၊ လေးစားချစ်ခင်၊ ကြည်လင်လေးမြတ်၊ရိုသေညွတ်၊ ဆည်းကပ်ပါ၏ဘုရား။
- ❋ ကောင်းစွာကျင့်ငြား၊ ရှစ်ပါးသံဃာ၊အရိယာကို၊ကောင်းစွာလေးမြတ်၊ရိုသေညွတ်၊ ဆည်းကပ်ပါ၏ဘုရား။

■



# အပ္ပမာဒဓမ္မပုံပြင်

အမှတ်စဉ်-၄၁

## တော်ဝင်နွယ်

''ရဟန်းမည်သည်ကား သူလှူသော အဝတ်၊ အစား၊ အိပ်ရာနေရာကို သုံးဆောင်စားသောက်၍ ချမ်းသာစွာနေထိုင်ရပေသည်။စာပေကျမ်းဂန်ကို သင်ကြားလိုသော်လည်း သင်ရ၏။ မသင်လိုလျှင်လည်း သင်္ကန်းကြီးကို ခြေကန်၍ အိပ်လိုသမျှ အိပ်နေနိုင်၏။ ''ဒါဟာ အများအမြင်မှာရှိတဲ့ ရဟန်းတော်တွေရဲ့ ဘဝပုံကြမ်းပါ။ ဒီပုံကြမ်းကို ကြည့်ပြီး ရဟန်းဘဝဆိုတာ 'ဒါလောက်ပဲ' လို့ ထင်ရင်တော့ မှားပါလိမ့်မယ်။

ရဟန်းဆိုတာ 'အရဟန္တ' ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ ဝေါဟာရတစ်ခုပါ။ ကိုယ်၊ နှုတ်၊ နှလုံး ကံ(၃)ပါးစလုံး ဖြူစင်ဖြောင့်မတ်ပြီး ရဟန်းရှင်လူ၊ အများပြည်သူတို့က အရိုအသေ ရှိခိုးပူဇော် ဖူးမြော်ထိုက်တဲ့ အခြေအနေတစ်ရပ်ရဲ့ အမည်နာမ ဖြစ်ပါတယ်။ စည်းကမ်းသီလဟာ ရဟန်းတော်တွေရဲ့'အလှ' ဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့မှုဟာ ရဟန်းတော်တွေရဲ့ ''ဣန္ဒြေ''ဖြစ်ပါတယ်။ မေတ္တာတရားဟာ ရဟန်းတော်တွေရဲ့ ''အရိပ်အာဝါသ''ဖြစ်ပြီး၊ သိက္ခာသုံးပါးကတော့ ရဟန်းတော်ဘဝရဲ့ ''အနှစ်သာရ''ဖြစ်ပါတယ်။

ရဟန်းတော်တွေဆိုတာ ကိုယ်တိုင် ယဉ်ကျေးပြီး၊ သူတစ်ပါးတွေကို ယဉ်ကျေးစေသူပါ၊ ကိုယ်တိုင် ငြိမ်းအေးပြီး၊ သူတစ်ပါးတွေကို ငြိမ်းအေးစေသူပါ၊ ကိုယ်တိုင်လွတ်မြောက်ပြီး၊ သူတစ်ပါးတွေကို လွတ်မြောက်စေသူပါ၊ ကိုယ်တိုင်ဆင်းရဲကင်းပြီး၊ သူတစ်ပါးတွေကို ဆင်းရဲကင်းစေသူပါ၊ ကိုယ်တိုင်အမှန် မြင်ပြီး၊ သူတစ်ပါးတွေကို အမှန်မြင်စေသူပါ။ ကိုယ်တိုင်ကောင်းမွန်ပြီး၊ သူတစ်ပါးတွေကို ကောင်းမွန်စေသူပါ။ ကိုယ်တိုင်မြင့်မြတ်ပြီး၊ သူတစ်ပါးတွေကို မြင့်မြတ်စေသူပါ။

ရဟန်းတော်တွေဟာ သူတော်ကောင်းတရားရဲ့ ဘက်တော်သားတွေပီပီ လောကနောက်ကို မလိုက်ဘဲ ဓမ္မနောက်ကိုသာ အစဉ်တစိုက် လိုက်ရပါတယ်။ သူများ တကာ ကတာ၊ ခုန်တာကို အားကျပြီး၊ လူ့ဘဝဇာတ်စင်မှာ ကိုယ်တိုင် ဝင်ကဖို့ ကြိုးစားတာဟာ ရဟန်းကောင်းတွေရဲ့ အလုပ်မဟုတ်ပါဘူး။ ရဟန်းဘဝဆိုတာ မဂ်ဖိုလ်တရားတွေ မရနိုင်သေးတောင်မှ လူ့ဘဝရဲ့ ဇာတ်ရှုပ်၊ ဇာတ်ထုပ်တွေကို ကြည့်ပြီး သံဝေဂယူဖို့ ဘဝသံသရာကို ငြီးငွေ့စက်ဆုပ်ဖို့သာ ဖြစ်ပါတယ်။ ယခုဘဝမှာ နိဗ္ဗာန်ကို မလိုချင်သေးရင်တောင် နောင်နိဗ္ဗာန်အတွက် အကောင်းဆုံးအထောက်အပံ့ဖြစ်စေနိုင်တဲ့ အတောက်ပြောင်ဆုံး ပါရမီမျိုးစေ့ကို ရဖို့ဆိုတာ ရဟန်းဘဝရဲ့ အနိမ့်ဆုံးရည်မှန်းချက်ဖြစ်ပါတယ်။

ရဟန်းတော်တစ်ပါးရဲ့ မြင့်မြတ်မှုကို လူသားတွေ မဆိုထားနဲ့ နတ်ပြဟ္မာတွေကတောင် မယှဉ်ပြိုင်နိုင်ပါဘူး။ အများအကျိုး၊ လောကအကျိုး၊ သာသနာတော်အကျိုးကို အမြင့်မားဆုံး သယ်ပိုးထမ်းဆောင်နိုင်မှုမှာလည်း ရဟန်းတော်ဘဝကို လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတွေ လိုက်မမီပါဘူး။ ဒါကြောင့် ရဟန်းကောင်းတွေဟာ မိမိအတွက် မြင့်မြတ်မှု၊ အများအတွက် ပရဟိတဖြစ်မှုတွေကို ငဲ့ကွက်မြော်မြင်ကာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရည်မှန်းနိုင်တဲ့ သာသနာ့ဝန်ထမ်းဘဝမှာ ပျော်ပိုက်မွေ့လျော်ကြပါတယ်။

ဒါပေမယ့် သူတော်ကောင်းနှလုံးသားနဲ့ အမြဲတမ်းတံခါးဖွင့်ထားတဲ့ ဗုဒ္ဓသာသနာတော်မှာ ရည်ရွယ်ချက် အမျိုးမျိုးနဲ့ ဝင်ရောက်လာတဲ့ လူတန်းစား အသီးသီးကြောင့် ရဟန်းတော်တွေဟာ ပုံစံအမျိုးမျိုး ထွက်ပေါ်လာကာ ဂိုဏ်းအသီးသီး ကွဲပြားခဲ့ကြပါတယ်။ ဒီလိုဖြစ်ရတာဟာ သာသနာတော်ရဲ့ အပြစ်အနာ၊ ချို့ယွင်းချက်မဟုတ်ပါ။ အစုရှိလို့ အမှုပေါ်တာ ဓမ္မတာတစ်ခုဖြစ်ပါတယ်။

ဘယ်ဥယျာဉ်မှူးမှ ပိုးကင်းတဲ့ ပန်းဥယျာဉ်မျိုးကို မထူထောင်နိုင်သလို ဘယ်လယ်သမားမှလည်း ပေါင်းမြက်ကင်းတဲ့ လယ်ကွင်းမျိုးကို မစိုက်ပျိုးနိုင်ပါဘူး။ ပတ္တမြားမှန်ရင် ပြည်တန်ပတ္တမြားတောင်မှ အပြစ်အနာ မကင်းတတ်ပါဘူး။ လောကုတ္တရာရနံ့တွေ သင်းပျံ့တဲ့ သာသနာ့ ပန်းဥယျာဉ်ထဲမှာ ကိလေသာ နေပူမိလို့ ညှိုးသွားတဲ့ပန်း၊ ဒုစရိုက်ပိုးတွေ ကိုက်လို့ နွမ်းသွားတဲ့ ပန်းကြွေတွေ ရှိနေတာဟာ သဘာဝကျပါတယ်။ ကုသိုလ်မျိုးစေ့ကို ကြဲချ စိုက်ပျိုးဖို့ရာ အကောင်းဆုံးလယ်ယာ ဖြစ်တဲ့ သာသနာ့မြေမှာ ပေါင်းမြက်တွေ ထချင်လည်း ထပါစေ၊နောက်ဆုံးမှာ ကိုယ်စိုက်ပျိုးတာကိုပဲ ကိုယ်ရိတ်သိမ်းကြရမှာပါ။

ရဟန်းဘဝဆိုတာ ရခဲတဲ့ ဘဝတစ်ခုဖြစ်သလို ရကျိုးနပ်တဲ့ ဘဝတစ်ခုလည်း ဖြစ်ပါတယ်၊သုမေဓာဘဝနဲ့ ဝေဿန္တရာဘဝတို့အကြား ပါရမီခရီးမှာ ဘုရားအလောင်းတော်တောင် (၉)ဘဝပဲ ရဟန်းဘဝရခဲ့

တယ်လို့ ဆိုမိန့်ချက်ရှိပါတယ်။ရဟန်းဘ၀ဆိုတာ ပါရမီ (၁၀)ပါး၊ စရိယ (၃)ပါးကို အချိန်ပြည့်ဖြည့်ကျင့်ရာရောက်တာမို့ ဘ၀ပေးတာ၀န်ကို အမြင့်မြတ်ဆုံး ကျေပွန်အောင်ထမ်းဆောင်ခြင်း ဖြစ်သလို တန်ဖိုးအရှိဆုံး လောကကောင်းကျိုးပြု ၀န်ဆောင်မှု လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ ပြောမယ်ဆိုရင် သားရွှေအိုးထမ်းလာတာကို တွေ့မြင်ရတဲ့ ဘ၀မျိုးပါ။

သားသမီးကောင်းတွေသာ မိဘတွေရဲ့ အမွေအနှစ်တွေကို ဆက်ခံပြီး မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သလို သာသနာတော်ရဲ့ မြင့်မြတ်တဲ့ အမွေအနှစ်တွေကိုလည်း ရဟန်းတော်တွေကသာ ဆက်ခံနိုင်ပြီး မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါတယ်။ သာသနာတော်ရဲ့ နောင်ရေးဟာ ရဟန်းကောင်းတွေရဲ့ လက်ထဲမှာပဲ ရှိပါတယ်။ ရဟန်းကောင်းတစ်ပါးဆိုတာ အလိုအလျောက် မတော်တဆဖြစ်ပေါ်လာနိုင်တာမဟုတ်ပါ။ ယုံကြည်ချက်ခိုင်ခိုင်မာမာနဲ့ ရည်ရွယ်ချက် မြင့်မြင့်မားမားထားကာ စိတ်ကောင်းနဲ့ အသိဉာဏ်ကူ လုံ့လဝီရိယကို အလံထူပြီး ကြိုးစားနိုင်မှ ဖြစ်ပေါ်လာတတ်တာပါ။

အခု ရဟန်းကောင်းတို့ရဲ့ ဘ၀တစ်စိတ်တစ်ဒေသကို ဖော်ပြတဲ့ ဓမ္မပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဒီပုံပြင်ကို ရတနာပုံ နေပြည်တော်ခေတ်က တရားဟောရာမှာ အလွန်ထင်ရှားတဲ့ သင်္ဂဇာဆရာတော်ဘုရားကြီး ပြောပြခဲ့တာပါ။

## တောင်ကျောင်းဘုန်းကြီးနဲ့ မြောက်ကျောင်းဘုန်းကြီး

တစ်ခါတုန်းက ဧရာ၀တီမြစ်ရိုးမှာ အင်မတန်သာယာ၀ပြောတဲ့ ရွာကြီးတစ်ရွာ ရှိခဲ့ဖူးတယ်။ အိမ်ခြေတစ်ထောင်ရှိတဲ့ အဲဒီရွာကြီးရဲ့ တစ်ဖက်တစ်ချက်စီမှာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းစီ ဆောက်လှူထားကြတယ်။ ကျောင်းနာမည် အသီးသီးရှိကြပေမယ့် ရွာထဲက လူတွေကတော့ တောင်ကျောင်းနဲ့ မြောက်ကျောင်းဆိုပြီး အလွယ်ခေါ်ကြတယ်။ အဲဒီကျောင်းက ကျောင်းထိုင်ဘုန်းတော်ကြီးတွေကိုလည်း တောင်ကျောင်းဘုန်းကြီးနဲ့ မြောက်ကျောင်းဘုန်းကြီးလို့ အလွယ်ခေါ်ကြပြန်တယ်။

တောင်ကျောင်းဘုန်းကြီးဟာ ငယ်စဉ်ကပဲ ရှင်သာမဏေ၀တ်ပြီး နေပြည်တော်မှာ ပိဋကတ်(၃)ပုံကို သင်ရိုးကုန်အောင် သင်ခဲ့ဖူးတာမို့ စာပေပရိယတ် တတ်ကျွမ်းရုံသာမက ကိုယ့်တရားနဲ့ကိုယ် ရိုးရိုးအေးအေး ရဟန်းပီအောင် နေတတ်တယ်။ ၀ိနည်းကို လေးစားပြီး သိက္ခာကို အရေးထားတယ်။ဂန္ထဓူရ–၀ိပဿနာဓူရလို့ခေါ်တဲ့ ပရိယတ် ပဋိပတ်ကိစ္စမှ တစ်ပါး ရပ်ရေးရွာရေးကို ၀င်ရောက်စီမံလေ့မရှိပါဘူး။ လောက၀တ်=(လောကွတ်)ပြုလေ့မရှိဘဲ ဓမ္မ၀တ်နဲ့ အညီ ဒကာ၊ ဒကာမတွေရဲ့ အကျိုးစီးပွားကို စောင့်ရှောက်တော်မူပါတယ်။

မြောက်ကျောင်းဘုန်းကြီးကတော့ အသက်အရွယ်ကြီးမှ သာသနာ့ဘောင်ရောက်လာပြီး ပရိယတ်စာပေက သဒ္ဒါ၊ သင်္ဂြိုဟ်လောက်ပဲ သင်ရပေမယ့် ဗိန္ဒောနဲ့ ဗေဒင်ကိုတော့ ဆုံးခန်းတိုင်အောင် သင်ယူခဲ့တယ် လို့ဆိုပါတယ်။ လူ့ဘ၀မှာ သံ၀ေဂ ရလို့ သင်္ကန်း၀တ်လာတယ် ဆိုပေ မယ့် လူသူတရှန်းရှန်းနဲ့ နေပါတယ်။ ၀ိနည်းကို မလေးစားသလို သိက္ခာ (၃)ပါးကိုလည်း ပွားများအားထုတ်ခြင်း မရှိပါဘူး။ ပရိယတ်၊ ပဋိပတ်ကိစ္စဆိုလို့ ဘာတစ်ခုမျှ မရှိဘဲ၊ ဆေးကု၊ ဗေဒင်ဟော၊ ရပ်တကာ၊ ရွာတကာ အလှူခံလှည့်လည်ခြင်းနဲ့ အချိန်ကုန်ပါတယ်။ ဒကာ၊ ဒကာမ ဆက်ဆံရေးမှာလည်း လောကွတ်ကို အခြေခံပြီး အလှူခံဖို့သာ ရည်ရွယ်အားထုတ်တတ်ပါတယ်။

သာသနာဆိုတာ အုန်းသီး၊ ငှက်ပျောသီးနဲ့ ပွဲတင်လှူတာလောက်ပဲလို့ ထင်မြင်နေကြတဲ့ ရွာသူရွာသားအများစုဟာ စာသင်စာချပြီး၊ ကိုယ့်တရားကိုယ် ရိုးရိုးကုပ်ကုပ်အားထုတ်နေတတ်တဲ့ တောင်ကျောင်းဘုန်းတော်ကြီးကို ရိုသေလေးမြတ် ဆည်းကပ်လေ့မရှိကြဘဲ၊ သာသနာပြုစကားများများပြောပြီး ဆေးကု၊ ဗေဒင်ဟောနေတဲ့ မြောက်ကျောင်းဘုန်းကြီးကိုပဲ ၀ိုင်းအုံဆည်းကပ်ကြသတဲ့။ သာသနာပြုတဲ့ကျောင်းမှာ လာဘ်လာဘနည်းပါးပြီး သာသနာဖျက်တဲ့ကျောင်းမှာ လာဘ်လာဘပေါများနေတာကို မခံချင်ကြတဲ့ ရဟန်း ရှင်ငယ်တွေဟာ တောင်ကျောင်းဘုန်းကြီးကို ''အရှင်ဘုရားလည်း ဗေဒင်ဟောပါလား''လို့ လျှောက်ထားတတ်ကြတယ်။

အဲဒီအခါ တောင်ကျောင်းဆရာတော်ကြီးက ''ငါ့ရှင်တို့၊ရဟန်းတော်တွေဆိုတာ ဒကာ၊ဒကာမတွေရဲ့ ကျေးဇူးကို လောကနည်းနဲ့ မတုံ့ပြန်ရဘူး၊ ၀ိနည်းတော်နဲ့အညီ ဓမ္မ

နည်းနဲ့သာ ပေးဆပ်ရတယ်။ သာသနာဆိုတာ ဒကာ၊ ဒကာမတွေရဲ့ စားဝတ်နေရေး၊ စီးပွားရေးအဆင်ပြေဖို့လောက် ရည်ရွယ်ပြီး ပွင့်ပေါ်ခဲ့တာ မဟုတ်သလို၊ ရဟန်းသံဃာဆိုတာလည်း လူမှုဝန်ထမ်းဖို့အတွက် ဖွဲ့စည်းတည်ထောင်ခဲ့တာ မဟုတ်ပါဘူး။ ရဟန်းတော်တွေဟာ ဒကာ၊ ဒကာမတွေရဲ့ စိတ်ဓာတ်၊အသိဉာဏ်နဲ့ ကိုယ်ကျင့်တရားတွေကို မြင့်တက်လာအောင် မြှင့်တင်ပေးနိုင်ရပါမယ်။ အပါယ်ဆင်းရဲ၊ ဝဋ္ဋဆင်းရဲ၊ ဘဝဆင်းရဲတွေက လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို ဦးဆောင်လမ်းပြပေးနိုင်ရပါမယ်။

အဲဒီလိုမဟုတ်ဘဲ ဒကာ၊ ဒကာမတွေကို ခေတ်နောက်ပြန်ဆွဲပြီး၊ စိတ်ဓာတ်၊ အသိဉာဏ်နဲ့ ကိုယ်ကျင့်တရားတွေ အောက်တန်းကျဆင်းရဲရအောင် အောက်လမ်းနည်း၊ အထက်လမ်းနည်း၊ ဗေဒင်နည်း၊ နက္ခတ်နည်းတွေနဲ့ မြှောက်မြှောက်ပြီး မြူခြူစားနေတာကတော့ သာသနာတော်ကို ဖျက်ဆီးပြီး လောကကို ချောက်ထဲတွန်းချတာပါပဲ။အဲဒီလို ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားရှင်က ''မဟာစောရ=အယုတ်မာဆုံး သူခိုးကြီး''လို့ နာမည်တပ်လေ့ရှိတယ်။

တကယ်တော့ ဘုန်းကြီးလည်း ဗေဒင်ဟောတာပါပဲ၊ ဒါပေမယ့် သူများတွေဟောတဲ့ ဗြဟ္မဏဝေဒ=ပုဏ္ဏားဗေဒင်တော့ မဟုတ်ဘူး။ ဗုဒ္ဓဝေဒ=ဘုရားရှင်ရဲ့ ဗေဒင်ပါ။ ဘုရားရှင်ရဲ့ ဗေဒင်ဆိုတာ ''ရှေးကကောင်းလို့ အခုကောင်းကြွယ်၊အခုကောင်း နောင်ကောင်းပါလိမ့်မယ်။ ရှေးကဆိုးလို့ အခုဆိုးတယ်၊ အခုဆိုး နောင်ဆိုးပါလိမ့်မယ်''ဆိုတာ ပါပဲ၊

''ဒါဆို ယတြာရော ချေနိုင်းပါသေးလားဘုရား''

''အေး ... ချေနိုင်းတယ်၊ လောကမှာ အကောင်းဆုံး ယတြာဆိုတာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပဲကွ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သာရရင် ဘဝသံသရာ တစ်လျှောက်လုံးက ပါလာတဲ့ အကုသိုလ်ဝဋ္ဋကြွေးတွေဟာ တစ်ချက်တည်း အမြစ်ပြတ် ပျောက်သွားတာပဲကွ။ တစ်ခါချေရုံနဲ့ တစ်သံသရာလုံး စိတ်ချရတဲ့ အကောင်းဆုံး ယတြာကွ''

''ဆေးရော မကုပေးဘူးလား ဘုရား''

''ကုပေးတာပေါ့ကွ၊ဒါန ဆိုတဲ့ လိမ်းဆေး၊သီလ သောက်ဆေး၊ ဘာဝနာ ထိုးဆေး၊ သတိပဋ္ဌာန် အသက်ကယ်ဆေး စုံလို့ပဲ။ဒီကြားထဲ ခွဲစိတ်ရမယ့် လူနာတွေဆိုရင်လည်း ဝိပဿနာဉာဏ်ဓားထက်ထက်နဲ့ ခပ်နက်နက်လေး ခွဲပြီး 'ဒေဝဩသဓ' လို့ခေါ်တဲ့ ဗောဇ္ဈင်ဆေးတွေလည်း ထည့်ပေးရသေးတယ်။ 'အမတ'လို့ခေါ်တဲ့ မသေဆေးဟာ ငါ့ဆီမှာ ရှိတယ်ကွ၊ ဒါပေမယ့် မာရ်နတ်က ဟန့်တားထားလို့ ငါ့ဆီကို ဆေးကုဖို့လာတဲ့ လူဦးရေဟာ အင်မတန်နည်းတယ်ကွ''

''အရှင်ဘုရား၊ ဒါဆိုရဟန်းတော်တွေဟာ တရားနဲ့အညီ ဆေးကု၊ ဗေဒင်ဟောကောင်းတာပေါ့ဘုရား''

''အေး ... ဟုတ်တယ်၊ ရဟန်းကောင်း၊ ရဟန်းမြတ်ဆိုတာ တရားတော်နဲ့မညီတဲ့ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်းတွေကို ရှောင်ပြီး တရားတော်နဲ့ညီတဲ့ ဗေဒင်ဟော ခြင်း၊



**ရက်ရာဇာ ပြဿဒါးဆိုတာ ပုဏ္ဏားအဆုံးအမဖြစ်တာမို့ ဘုရားသားတော် ရဟန်းများနဲ့ဘာမျှမဆိုင်၊ ဘုရားသားတော်ဟာ ဘုရားအဆုံးအမကိုသာ လိုက်နာရိုးရှိတယ်’**

ဆေးကုခြင်းတွေကိုသာ ပြု သင့်တယ်၊ ဒါမှသာ မိမိလည်းကြီး ပွားပြီး လောကရော၊ သာသနာပါ တိုးတက်နိုင်မှာပါ။

ဒီလိုနဲ့ တစ်နေ့မှာ နေပြည်တော်က ဆွမ်းလောင်းလှူပွဲရှိလို့ တောင်ကျောင်းဘုန်းကြီးရော မြောက်ကျောင်းဘုန်းကြီးပါ အလှူခံကြွရောက်ဖို့ ပင့်စာပို့လိုက်သတဲ့။ ရှေးတုန်းကတော့ အခုခေတ်လို ကတ္တရာလမ်းမကြီးတွေ မရှိသေးတော့ အများအားဖြင့် ရေလမ်းကိုပဲ အားကိုးကြရတယ်။ မြောက်ကျောင်းဘုန်းကြီးကတော့ အလှူရက်နီးခါမှ ကြွရင် ပြဿဒါးမလွတ်သလို၊ ဝါရမိတ္တူလို့ ခေါ်တဲ့ အန္တရာယ်ရက်နဲ့လည်း တိုးနေမှာမို့၊ နောက်ပြီး လမ်းခရီးက ရွာတချို့မှာ ဝင်စရာကိစ္စကလည်း ရှိနေတာမို့ (၂/၃)ရက် ကြိုတင်ပြီး ရေကြောင်းကနေ လှေလောင်းနဲ့ ဆန်တက်သွားသတဲ့။

တောင်ကျောင်းဘုန်းကြီးကတော့ ''ရက်ရာဇာ၊ ပြဿဒါးဆိုတာ ပုဏ္ဏားအဆုံးအမဖြစ်တာမို့ ဘုရားသားတော် ရဟန်းများနဲ့ဘာမျှမဆိုင်၊ ဘုရားသားတော်ဟာ ဘုရားအဆုံးအမကိုသာ လိုက်နာရိုးရှိတယ်'' ဆိုပြီး ပြဿဒါးနေ့မှာပဲ တပည့်တွေ တားမြစ်တဲ့ကြားက လှေလောင်းနဲ့ ရေကြောင်းကို ဆန်တက်ခဲ့တယ်။ ဒီလိုနဲ့ နေပြည်တော်မရောက်ခင် မြစ်ပြင်တစ်နေရာမှာ လွန်ခဲ့တဲ့(၂/၃)ရက်က ဆန်တက်သွားခဲ့တဲ့ မြောက်ကျောင်းဘုန်းကြီးရဲ့ လှေကို မီလာသတဲ့။

ဒီလိုမီလာလို့ မြင်ပြင်မှာ လှေနှစ်စင်း ဘေးချင်းယှဉ်ပြီး လှော်နေတုန်း မြစ်လယ်မှာ လေနီကြမ်းထ၊ လှိုင်းကြီးတွေ ကြွတက်လာလို့ လှေနှစ်စင်းလုံး ပြိုင်တူမှောက်သွားကြတယ်။ လှေပေါ်ပါ ဘုန်းကြီးတွေလည်း အသက်လုပြီး အတင်းကူးကြလို့ မြစ်နဖူးတစ်ဖက်ကမ်းကို ပင်ပန်းစွာ ရောက်ကြရတယ်။ အဲဒီအခါ နောက်ပါတပည့်များက တောင်ကျောင်းဘုန်းကြီးကို ''ပြောစကားကို နားမထောင်၊ ပြဿဒါးနေ့ လှေထွက်လို့ လှေမှောက်တာဖြစ်ကြောင်း'' အပြစ်တင်လျှောက်ထားကြပါတယ်။

အသက်လုပြီး ရေကူးလာခဲ့ရလို့ ပင်ပန်းနေတဲ့ တောင်ကျောင်းဘုန်းကြီးဟာ တပည့်တွေ အချိုးမကျတာကို တွေ့မြင်ရတဲ့အတွက် ပိုမိုဒေါသထွက်ပြီး ''ဟေ့ကောင်တွေ၊ ပြဿဒါးနေ့ထွက်လို့ ငါ့လှေပျက်တာ ရှိပါစေတော့၊ ဘာဖြစ်လို့ ရက်ရာဇာရွေးတဲ့ မြောက်ကျောင်း ဘုန်းကြီးလည်း လှေမှောက်ရသတုံး''လို့ ကြိမ်းမောင်းစကား ပြောကြားလိုက်သတဲ့။

ဒီပုံပြင်ကလေးရဲ့ နိဂုံးဟာ ''ရယ်''စရာကောင်းသလို ''မော'' စရာလည်းကောင်းပါတယ်။သေရေးရှင်ရေး ကာလမှာတောင် ဥပါဒါန်ငန်းဖမ်းနေကြလို့ အစွဲအလမ်းတွေရဲ့ လက်က မလွတ်မြောက်နိုင်တာဟာ သနားစရာကောင်းသလို အမြင်ကတ်စရာလည်း ကောင်းပါတယ်။ ပြီးတော့ ဗုဒ္ဓယဉ်ကျေးမှုနယ်မြေမှာ ဗုဒ္ဓနဲ့ဆန့်ကျင်ဘက် အဖျက်ဝါဒဖြစ်တဲ့ ဒီရက်ရာဇာ၊ ပြဿဒါးစတဲ့ ဗြာဟ္မဏ ယဉ်ကျေးမှုတွေ ကြီးစိုးလွှမ်းမိုးနေတာဟာ အသည်းနာစရာကောင်းသလို ရှက်စရာလည်း ကောင်းပါတယ်။

သာသနာပျက်တယ်ဆိုတာ အဆန်းတကြယ်မဟုတ်ပါ။ မွန်မြတ်တဲ့ သာသနာတော်ရဲ့ အနှစ်သာရ ဆွမ်းဆန်ထဲမှာ သာသနာ့ပြင်ပ အယူအဆ ''ဗာဟိရကဝါဒ'ကြွက်ချေးတွေ ရောနှောဝင်ရောက်လာခြင်းပဲ ဖြစ်ပါတယ်။ အိမ်ဝင်း ခြံဝင်းတွေထဲမှာ တန်ဖိုးရှိ အသုံးဝင်တဲ့ သစ်ပင်တွေထက် တန်ဖိုးမဲ့ အသုံးမကျတဲ့ ပေါင်းမြက်ပင်တွေ ပိုမိုပေါများသလို ကမ္ဘာလောကမှာလည်း တန်ဖိုးရှိ အသုံးဝင်တဲ့ အယူဝါဒတွေထက် တန်ဖိုးမဲ့ အသုံးမကျတဲ့ အယူဝါဒတွေက ပိုမိုပေါများလှပါတယ်။ရဟန်းတော်တွေဟာ သာသနာ့ဘေးရန်ကို တွန်းလှန်ကာကွယ်သူတွေသာ ဖြစ်သင့်ပြီး သာသနာဖျက်ပိုးကို မျိုးချပေးသူတွေ လုံးဝမဖြစ်သင့်ပါဘူး။

တကယ့်တော့ သာသနာဆိုတာ အတွင်းလူဖျက်မှ ပိုပျက်တတ်ပါတယ်။

**တော်ဝင်နွယ်**

■



# မုနိသုတ္တန်တရားတော် ဒေသနာတော်နိဒါန်း

## သဲကုန်းအရှင်ဉာဏိဿရ (သပိတ်အိုင်)

**ဥဒေါင်းကြီးလှလိုက်တာ အဟုန်မရှိဘူး၊ ဘယ်လောက်ပဲပျံပျံ ဟင်္သာကို မှီအောင်မလိုက်နိုင်ဘူး။ အိမ်နေသူ လူဒကာ၊ ဒကာမ တရားအားထုတ်ထားလို့ အနာဂါမ်ဖြစ်နေပြီ။ ဝိပဿနာဉာဏ်၊ သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်ဆိုတဲ့ မဂ်ဉာဏ် သုံးပါး၊ ဖိုလ်ဉာဏ်သုံးပါးနှင့် လှတော့လှနေပြီ၊**

**. . . . . . . . . . . . . . . . . . . . . . . . .**

သာမညဖလသုတ်ပဋ္ဌမပဏ္ဏာသမဂ်လာကို အခြေခံပြီးတော့ ဒါနမင်္ဂလာဆင်ယင်ရာ၌ ဘုန်းကြီးတို့က ဓမ္မဒေသနာ ဓမ္မဒါနကောင်းမှုပြုခွင့်ရလို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့က ဓမ္မဿဝနမင်္ဂလာ ကောင်းမှုကြီး များစွာ ရပါလိမ့်မယ်။ ဒီကနေ့ ဆင်ယင်ကျင်းပအပ်တဲ့ သာမညဖလ ပဏ္ဏာသမင်္ဂလာမှာ သုတ္တနိပါတပါဠိတော် မုနိသုတ္တန်ရဲ့ နိဂုံးအဆုံးနားမှာ မြတ်စွာဘုရားဟောတော်မူတဲ့ ပါဠိတော် တစ်ခုကို ကြည်ညိုကြည့်ရအောင်။

သိခီ ယထာ နီလဂီဝေါ ဝိဟင်္ဂမော၊
ဟံသဿ နောပေတိ ဇဝံ ကုဒါစနံ။

ဇဝံ ဂိဟီ နာနုကရောတိ ဘိက္ခုနော၊
မုနိနော ဝိဝိတ္တဿ ဝနမှိ ဈာယတော။

မုနိသုတ္တန်ကြီးရဲ့ အဆုံးနိဂုံးမှာ အနာဂါရိကမုနိတို့က အာဂါရိကမုနိတို့ထက် မည်ကဲ့သို့ သာလွန်မြင့်မြတ်တယ်ဆိုတဲ့ အကြောင်းကို ဤကဲ့သို့ ဟောထားတယ်။

သိခီ၊ ဦးစွန်းလည်း လှပစွာရှိ၍နေသော။ ဝိဟင်္ဂမော၊ ကောင်းကင်၌ ပျံသွားနိုင်သော။ နီလဂီဝေါ၊ စိမ်းစိုညိုသော လည်ဆံမွေးလည်းရှိပေသော။ မောရော၊ ရွှေဥဒေါင်း ငှက်မင်းသည်။ ဟံသဿ၊ ရွှေဟင်္သာငှက်မင်း၏။ ဇဝံ၊ လျင်မြန်တဲ့ အဟုန်ကို။ ကုဒါစနံ၊ မည်သည့်အခါမျှ။ နောပေတိယထာ၊ တု၍မလိုက်နိုင်လေဘိသကဲ့သို့။ ဧဝမေဝ–ဇဝံတထာ၊ ပမာထားယူထို့အတူ။ ဂိဟီ၊ အိမ်နေသူလူဒကာ၊ ဒကာမသည်။ ဝနမှိ၊ လူသူမနီးတောမြိုင်ကြီး၌။ ဝိဝိတ္တဿ၊ ကာယဝိဝေက စိတ္တဝိဝေကကို ပွားများ၍နေလေ့ရှိပေထသော။ ဈာယတော၊ အာရမ္မဏူပဈာန်လက္ခဏူပဈာန်တည်းဟူသော ဈာန်နှစ်ပါးဖြင့် ရှုမှတ်၍နေလေ့ရှိပေထသော။ ဘိက္ခုနော၊ သံသရာ၌ ခန္ဓာကိုယ်ကို လေးသည့်ဝန်ဟု ရှုလေ့ရှိပေသော ဘုရားသားတော်ရဟန်းတော်၏။ ဝိပဿနာဉာဏဇဝံ၊ ဝိပဿနာဉာဏ်ရဲ့ လျင်မြန်ခြင်းကို။ ကုဒါစနံ၊ မည်သည့်အခါမျှ။ နာနုကရောတိ–နဥပေတိ၊ မီအောင် မလိုက်နိုင်ပါပေ။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်။ သက္ကေသု၊ သက္ကတိုင်း။ ကပိလဝတ္ထုသ္မိံ၊ ကပိလဝတ်နေပြည်တော်။ နိဂြောဓာရာမေ၊ နိဂြောဓာရုံကျောင်းတိုက်ရဲ့အတွင်း၌။ ဝိဟာရန္တော၊ ဣရိယာပထမျှတစွာ သီတင်းသုံးနေတော်မူစဉ်။ ဣမံ ဓမ္မ ဒေသနံ၊ ဤဓမ္မပဒ ဒေသနာတော်ကို။ ကပိလဝတ္ထုဝါသီနံ၊ ကပိလဝတ်ပြည်၌ နေကြကုန်သော။ ကုလပုတ္တာနံ၊ အမျိုးသား အမျိုးသမီးတို့ရဲ့။ ဝစနံ၊ စကားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ကရုဏာရှေးရှု ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

## အလှဥဒေါင်း၊ အဟုန်ဟင်္သာ ထူးခြားပါ

သက္ကတိုင်း ကပိလဝတ်နေပြည်တော် နိဂြောဓာရုံကျောင်း၌ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ကိန်းအောင်းစံပျော်မွေ့လျော်တော်မူတဲ့အချိန်မှာ ယခု ဘုန်းကြီးရွတ်အပ်တဲ့ မုနိသုတ္တန်ကို မြတ်စွာဘုရား ဟောတော်မူသွားတယ်။ ထို မုနိသုတ္တန်ရဲ့စာသားအဓိပ္ပါယ်ကို စဉ်းစားကြည့်ပါ။ သိခီယထာ နီလဂီဝေါ ဝိဟင်္ဂမော၊ ဟံသဿ နောပေတိ ဇဝံ ကုဒါစနံ၊ ဒါက တစ်ပိုဒ်။

သိခီ၊ ဦးစွန်းဆိုတဲ့ အမောက်ကလေး ထောင်ပြီးတော့နေတဲ့ ဥဒေါင်း။ နီလဂီဝေါ၊ လည်ပင်းကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် စိမ်းစိုညိုပြီးတော့ အရိပ်ထနေတဲ့ အရောင်တောက်နေတဲ့ လည်ဆံမွှေး။ ဝိဟင်္ဂမော၊ ကောင်းကင်လည်း ပျံနိုင်တဲ့ အဟုန်ရှိတယ်။ ဘာလဲဆိုတော့၊ မောရော၊ ဥဒေါင်း။ လည်ဆံမွှေးလေးကစိမ်းပြီးတော့ ဦးစွန်းဆိုတဲ့ အမောက်နဲ့။ စ–ဓ–ဗ–ဝ အက္ခရာတွေ ပေါ်နေတဲ့ မြီးဆံတွေနဲ့ အလွန်လှပတဲ့ ရွှေဥဒေါင်းငှက်မင်းကြီးလည်းပဲ ကောင်းကင်ပျံနိုင်တယ်။

ခြေထောက်ရဲ့ အချောင်းကလေးတွေ အချောင်းကလေးတွေမှာ သရေတွေနဲ့ဆက်ပြီးတော့၊ ခေါင်းကြီးကြည့်လိုက်တော့လည်းပဲ နှုတ်သီးကပြားပြား၊ မြီးဆံလည်း မလှဘူး။ အမွေးလည်း မလှဘူးဆိုတဲ့ ဟင်္သာ။ ဟင်္သာဟာ အလွန်အရုပ်ဆိုးတယ်။ ဘုန်းကြီးတို့ ဒီစာမှာတော့ ဒိုးပြင်သတ္တဝါ၊ ဒိုးပြင်ငှက်တွေနဲ့တော့ ယှဉ်မပြောနဲ့ပေါ့။ ဟောဒီ ဥဒေါင်းနဲ့ယှဉ်ကြည့်လိုက်မယ်ဆိုရင် ဟင်္သာဟာ အရုပ်ဆိုးတယ်။ ခြေထောက်လည်းမလှဘူး၊ နှုတ်သီးလည်းမလှဘူး၊ ခေါင်းလည်းအမောက်မရှိဘူး၊ အမွေးအတောင်တွေကလည်းပဲ ရွှေအဆင်းကဲ့သို့ ဝင်းတယ်လို့ ဆိုပေမယ့် ရွှေလိုတော့ ဘယ်လှမလဲ။ ဒေါင်းရဲ့ အရောင်လောက်မလှတာ သေချာတယ်။ အဝါရောင်တော့ရှိတယ်။ ဟင်္သာကလည်း အရောင်အမျိုးမျိုးရှိတယ်။ ဟရိတဟံသ–အစိမ်းရောင်ဟင်္သာ၊ တမ္ဗဟံသ–ကြေးနီရောင်ဟင်္သာ၊ ခီရဟံသ–နို့ရောင်ဟင်္သာ၊ ကာဠဟံသ–မီးသွေးရောင်ဟင်္သာ၊ ပါကဟံသ–ပယင်းရောင်ဟင်္သာ၊ သုဝဏ္ဏဟံသ–ရွှေရောင်ဟင်္သာဆိုပြီးတော့၊ ဟင်္သာတွေက ဒီလိုရှိတယ်။

ဒီသုတ္တန်ကပြောနေတာက သုဝဏ္ဏဟံသ–ရွှေဟင်္သာ၊ အဝါရောင်အမွေးရှိတဲ့ ရွှေဟင်္သာ။ ထိုရွှေဟင်္သာငှက်မင်းလည်းပဲ ကောင်းကင်ကို ပျံနိုင်တယ်။ ဥဒေါင်းမင်းကလည်း ကောင်းကင်ပျံတယ်။ ထိုသတ္တဝါနှစ်ကောင် ကောင်းကင်ပျံတာ ယှဉ်ကြည့်တော့ ရွှေဥဒေါင်းငှက်မင်းဟာ အလွန်လှပေမယ့် ယူဇနာတစ်ထောင်ခရီးကို တစ်ဖြောင့်တည်း ဘယ်တော့မှ မပျံနိုင်ဘူး။ တစ်ယူဇနာ

နှစ်ယူဇနာပျံပြီးရင် ထိုရွှေဥဒေါင်းမင်းဟာ နားရတယ်။ ပြီးမှ ဆက်၍ ဆက်၍ ပျံရတယ်။ ဒါတောင် ယူဇနာ တစ်ထောင်ကို သူ နေ့ချင်းပေါက် မပျံနိုင်ဘူး။

ရွှေဟင်္သာငှက်မင်းကျတော့ ဒီလို မဟုတ်ဘူး။ ယူဇနာတစ်ထောင်ရှိတဲ့ ခရီးကို တောက်လျှောက် မနားဘဲနဲ့ ခရီးပေါက်အောင်၊ ဆုံးအောင် ပျံနိုင်စွမ်းရှိတယ်။ မြန်လည်းမြန်တယ်။ ကြာမြင့်စွာလည်း ပျံသန်းနိုင်တဲ့ ဖွဲလည်းရှိတယ်။ ဥဒေါင်းဟာ လှပေမယ့် ဟင်္သာကို မီအောင် မပျံနိုင်ဘူး။ ဟင်္သာကြီးက အရုပ်ဆိုးပေမယ့် ဥဒေါင်းနဲ့ ယှဉ်ပြိုင်ပြီးတော့ ပျံတဲ့အခါ ဥဒေါင်းကိုကျော်ပြီး တော့ ယူဇနာတစ်ထောင်ခရီးကို မနားဘဲနဲ့ တစ်လျှောက် တည်း ပျံသွားတယ်လို့ ဒီမှာ နှိုင်းယှဉ်ရမယ့်စကားရပ်ကို ဖော်ပြတယ်။

ဒါကြောင့်–

သိခီ၊ ဦးစွန်းထောင်လျက်ရှိသော။ နီလဂီဝေါ၊ စိမ်းစိုသောလည်ဆံမွေးရှိသော။ ဝိဟင်္ဂမော၊ ကောင်းကင်မှာ ပျံနိုင်သော။ မောရော၊ ဥဒေါင်းငှက်သည်။ ဟံသဿ၊ ရွှေဟင်္သာငှက်မင်း၏။ ဇဝံ၊ လျင်မြန်တဲ့အဟုန်ကို။ ကုဒါစနံ၊ မည်သည့်အခါမျှ။ နောပေတိ၊ မီအောင် မလိုက်နိုင်။

ဥဒေါင်းနဲ့ ရွှေဟင်္သာ ယှဉ်ပြီးတော့ ကောင်းကင် ပျံခိုင်း။ ရွှေဥဒေါင်းငှက်မင်းဟာ အရောင်အဆင်း လှပ လှငြားသော်လည်း၊ ဟင်္သာငှက်မင်းကြီးကို မီအောင် ဘယ်တော့မှ မလိုက်နိုင်ဘူး။ ပြိုင်ရင်လည်း နောက်ကျ တယ်။ နောက်ကလိုက်ရင်လည်း နောက်ကပဲ။ ခရီးတစ်ခု ယှဉ်ပြိုင်ကြစို့။ ရွှေဥဒေါင်းမင်းဟာ ကျန်ရစ်ခဲ့တယ်။ ရွှေဟင်္သာငှက်မင်းကတော့ ယူဇနာတစ်ထောင်ခရီးကို ဆုံးအောင် တစ်ဆက်တည်း တစ်လျှောက်တည်း ပျံသွား နိုင်တယ်။

## လူအလှ–ရဟန်းအဟုန် ထူးခြားပုံ

ဝေမေဝ ဇဝံတထာ၊ ပမာထားယူ တို့အတူ။ ဂိဟီ၊ အိမ်နေသူလူဖြစ်သည့် လူ့ဒကာ၊ဒကာမသည်။ ဘိက္ခုနော၊ ရဟန်းတို့ရဲ့။ ဝိပဿနာဉာဏဇဝံ၊ ဝိပဿနာ ဉာဏ်ရဲ့လျင်မြန်မှုကို။ နာနုကရောတိ၊ မီအောင် မလိုက် နိုင်။

အိမ်နေသူ လူဒကာ၊ ဒကာမတွေနဲ့ သင်္ကန်းဝတ် ထားတဲ့ ရှင်ရဟန်းတို့နဲ့ ယှဉ်ပြီးတော့ တရားအားထုတ် ကြစို့ဆိုရင် အိမ်နေသူ လူဒကာ၊ ဒကာမတို့ရဲ့ ဝိပဿနာ ဉာဏ်အဟုန်သည် အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွါသွားတဲ့ ရှင်ရဟန်းတို့ရဲ့ဝိပဿနာဉာဏ်အဟုန်ကို မည်သည့်နည်းနဲ့မျှ မီအောင်မလိုက်နိုင်ဘူး။ ကုဒါစနံ နာနု ကရောတိ၊ ဘယ်နည်းနဲ့မျှ အမီမလိုက်နိုင်ဘူး။ ထိုရဟန်း တော်က ဘယ်လိုရဟန်းလည်းဆိုတော့ ဝိဝိတ္တဿ ဝနမှိ ဈာယတော–ဆိုတဲ့ ရဟန်း။

ဝိဝိတ္တဿ၊ ဝိဝေကတရားကို ပွားများကြိုးကုတ် အားထုတ်၍ နေပေထသော။ ဝိဝေကတရားကို ပွားများ နေတဲ့ ရဟန်းတော်၏ ဝိပဿနာဉာဏ်အဟုန်ကို ဒကာ၊ ဒကာမတို့ရဲ့ ဝိပဿနာဉာဏ်က မီအောင် လိုက်လို့မရ ဘူး။

## ဝိဝေကသုံးသွယ် ကျင့်ကြံဖွယ်

ဝိဝေက ဆိုသည်မှာ ကာယဝိဝေကရှိတယ်။ စိတ္တဝိဝေကရှိတယ်။ ဥပဓိဝိဝေကရှိတယ်။ ဝိဝေကတရား သုံးပါး။

''ကာယဝိဝေကော ဂဏာသင်္ဂဏိကာံဝိနောဒေ တိ''ဆိုတဲ့ အဋ္ဌကထာစကားအရ ''ကာယဝိဝေက''ဆို တာ အပေါင်းအဖော်တွေ၊အသင်းအပင်းတွေ၊လူစုလူဝေး တွေကို စွန့်ပြီးတော့ ဧကီဘာဝ တစ်ယောက်တည်းနေတဲ့ အကျင့်။ ''စိတ္တဝိဝေက''ဆိုတာ ကိလေသင်္ဂဏိကာံဝိနော ဒေတိ–အာရုံအပေါင်းအဖော်တွေကို ဖယ်ရှားပြီးတော့ တစ်အာရုံတည်းမှာ တစ်စိတ်တည်းနေတဲ့သဘောသည် စိတ္တဝိဝေက။

လူမှာ အပေါင်းအဖော်စွန့်၊ တစ်ယောက်တည်း နေခြင်းဖြင့် ကာယဝိဝေကကို ပွားများရမယ်။ စိတ်မှာ လည်းပဲ အာရုံအပေါင်းအဖော်တွေကို စွန့်ပြီးတော့ တစ် စိတ်တည်းနေခြင်းဖြင့်၊တစ်စိတ်တည်းဆိုသည်ကား တစ်ခု တည်းသောအာရုံမှာ ကေဂ္ဂတာကျနေတာကို တစ်စိတ် တည်းနေတာလို့ ပြောတာ။ အဲဒီလို ကာယ၊ စိတ္တနှစ်ဌာန မှာ လူအပေါင်းအဖော်၊ အာရုံငါးပါးအပေါင်းအဖော်တွေ ကင်းဆိတ်ပြီးတော့နေခြင်းဖြင့် ဝိဝေကကို ပွားများနေတဲ့ ပုဂ္ဂိုလ်၊ ကာယဝိဝေကနဲ့ စိတ္တဝိဝေကကို ပွားများကြိုး ကုတ် အားထုတ်နေတဲ့ ရဟန်းတော်။

''ဥပဓိဝိဝေက''ဆိုတာကတော့ သင်္ခါရတို့မှ ဆိတ်သုဉ်းသွားတဲ့ နိဗ္ဗာန်ကို ပြောတာ။ ဒီတော့ ယောဂီ သူတော်စင်တစ်ယောက်အနေနဲ့ လိုအပ်တဲ့ ဝိဝေကသည် ကာယဝိဝေကနဲ့ စိတ္တဝိဝေက ဖြစ်ပါတယ်။ ဥပဓိဝိဝေက

ကတော့ အလုပ်အားလျော်စွာ ရလာမယ့် အကျိုးနိဗ္ဗာန်ကို ပြောတာ။ ယောဂီရဲ့ အားထုတ်ဆဲအခါမှာ ကာယဝိဝေကနဲ့ စိတ္တဝိဝေကတော့ ရှိရမယ်ပေါ့။ ဒါကြောင့်–

ဝနမှိ၊ လူသူမနီး တောမြိုင်ကြီးရဲ့အတွင်းမှာ။ ဝိဝိတ္တသ၊ ကာယဝိဝေက စိတ္တဝိဝေကဆိုတဲ့ ဝိဝေကနှစ်ပါးကို ပွားများကြိုးကုတ်အားထုတ်နေသော။ ဈာယတော၊ အာရမ္မဏူပဈာန်။ လက္ခဏူပဈာန်ဆိုသော ဈာန်နှစ်ပါးဖြင့် ရှုမှတ်၍ နေလေ့ရှိသော ရဟန်းတော်အား–

**အာရမ္မဏူပဈာန်၊ လက္ခဏူပဈာန် ထူးခြားဟန်**

''အာရမ္မဏူပဈာန်''ဆိုတာ သမထအာရုံကို သမာဓိ၊ ဝီရိယ၊ သတိတို့နဲ့ စိုက်ပြီးတော့ ရှုနေတာ။ ''လက္ခဏူပဈာန်''ဆိုတာက ရုပ်နာမ်ရဲ့လက္ခဏာကို ဝီရိယ၊ သတိ၊ ပညာနဲ့ စိုက်ပြီးတော့ရှုတာ။ အာရမ္မဏူပဈာန်က ပညတ်အာရုံကို ဝီရိယ၊သတိ၊သမာဓိ၊ ဒီသုံးလုံးနဲ့ စိုက်ရှုတာ။ လက္ခဏူပဈာန်က ရုပ်၊ နာမ် ပရမတ်ရဲ့ လက္ခဏာကို ဝီရိယ၊ သတိ၊ ပညာနဲ့ စိုက်ရှုတာ။

ဒီမှာ တရားကိုယ် တစ်ခုနဲ့တစ်ခု ဖလှယ်သွားတယ်။ ပညတ်အာရုံကို ဝီရိယ၊ သတိ၊ သမာဓိနဲ့ စိုက်ရှုတာ အာရမ္မဏူပဈာန်။ လက္ခဏူပဈာန်ကျတော့ ပညတ်အာရုံမဟုတ်တော့ဘူး။ ပရမတ်အာရုံကို လက္ခဏာပေါက်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တပေါ့။ စိတ် စေတသိက် ရုပ်ဆိုတဲ့ ပရမတ်အာရုံပေါ်မှာ လက္ခဏာထင်လာအောင် ဝီရိယရယ်၊ သတိရယ်၊ သမာဓိအစား ပညာကို ဖလှယ်ထည့်လိုက်၊ ဝီရိယ၊ သတိ၊ ပညာနဲ့ စိုက်ပြီးတော့ ရှုတာ လက္ခဏူပဈာန်။ ဒါကြောင့်–

ဈာယတော၊ အာရမ္မဏူပဈာန်ဆိုရတဲ့ သမထဈာန်၊ လက္ခဏူပဈာန်လို့ဆိုရတဲ့ ဝိပဿနာဈာန် ဈာန်နှစ်ပါးဖြင့် ရှုမှတ်၍ နေလေ့ရှိတဲ့ ယောဂီပုဂ္ဂိုလ်ဖြစ်ပေသော။ ဘိက္ခုနော၊ သံသရာဘေး ခန္ဓာဘေးကို လေးသည့်ဝန်ဟုရှု၍ နေလေ့ရှိတဲ့ ဘုရားသားတော်ရဟန်းတော်၏။ ဝိပဿနာဉာဏဇဝံ၊ ဝိပဿနာဉာဏ်ရဲ့ လျင်မြန်မှုကို။ ဂိဟီ၊ အိမ်နေသူ လူဒကာ၊ဒကာမသည်။ အနာဂါမိပိ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးပင် ဖြစ်စေကာမူ။ ကုဒါစနံ၊ မည်သည့်အခါမျှ။ နာနုကရောတိ။ မီအောင် မလိုက်နိုင်။ နောပေတိ၊ မီအောင် မလိုက်နိုင်။

■ ဒီကနေ့ ရှင်ပြု ရဟန်းခံတဲ့
ရှင်သစ်ရဟန်းသစ်တို့က
ရွှေဟင်္သာလိုပဲ။
ရွှေဟင်္သာခြေထောက်လည်းမလှဘူး၊
လည်ဆံမွေးလည်း မလှဘူး၊
ကိုယ်မွေးလည်း မလှဘူး၊
အမြီးလည်း မလှဘူး၊ ခေါင်းလည်း
မလှဘူး၊ နှုတ်သီးလည်း မလှဘူး၊
ဘယ်ဘက်ကမျှ မလှဘူး၊
မလှပေမယ့်လည်း
အဟုန်တော့ ပြင်းတယ်နော်။

**ရဟန်းပုထုဇဉ်ကို လူအနာဂါမ်က စွမ်းဉာဏ်မမီနိုင်**

အိမ်နေသူ လူဒကာဒကာမက တရားအားထုတ်ထားလို့ အနာဂါမ်ဖြစ်ထားပြီ ဆိုပါစို့။ ဟောဒီ ဖန်ဝါနီမြန်းကြာသင်္ကန်းနှင့် ရဟန်းပြုထားတဲ့ ကိုယ်တော်ရှင်မြတ်တို့က ပုထုဇဉ်မျှပင် ရှိသေးတယ်။ ပုထုဇဉ်ရှင်ရဟန်းများနဲ့ အနာဂါမ်ဒကာ၊ ဒကာမများ ယှဉ်ပြိုင်ပြီးတော့ ဝိပဿနာ အားထုတ်ကြည့်စမ်းပါတဲ့။ ပုထုဇဉ်ရှင်ရဟန်းတို့ရဲ့ ဝိပဿနာဉာဏ်အဟုန်ဟာ တစ်ဉာဏ်ပြီးတစ်ဉာဏ်၊ တစ်ဉာဏ်ပြီးတစ်ဉာဏ် တိုးတက် တိုးတက်ပြီးတော့ လာခဲ့တာ၊ ခုနကပြောထားတဲ့ ရွှေဟင်္သာငှက်မင်းကြီး ယူဇနာတစ်ထောင်ရှိတဲ့ခရီးကို မရပ်မနား တောက်လျှောက်ကြီး ပျံပြီးတော့ ခရီးဆုံးရောက်အောင် သွားသလိုပဲ၊ ဝိပဿနာဉာဏ်တွေလည်းဆုံး၊ မဂ်ဉာဏ်တွေလည်း ဆုံးလို့ မကြာခင် အရဟတ္တဖိုလ်ပေါက်လို့ ရဟန္တာအဖြစ်သို့ ရောက်ပါလိမ့်မယ်။ အိမ်နေသူ လူဒကာ၊ ဒကာမက အနာဂါမ်ဖြစ်ထားတာတောင်မှ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်အတွက် အားထုတ်တဲ့ အခါကျတော့ ပုထုဇဉ်ရဟန်းရဲ့ ဝိပဿနာဉာဏ်အဟုန်ကို မီအောင်

မလိုက်နိုင်ဘူးတဲ့။ အလွန်လှနေတဲ့ဥဒေါင်းကြီး ဟင်္သာရဲ့ နောက်က ကျန်ရစ်သလို ကျန်ရစ်တယ်တဲ့။ ဒါ . မုနိသုတ္တန်ရဲ့ စကားပြေ အဓိပ္ပါယ် ဖြစ်ပါတယ်။

## လူအနာဂါမ်က ရဟန်းပုထုဇဉ်ကို ဉာဏ်စွမ်းမမီနိုင်ခြင်း အကြောင်းရင်း

ဒီတော့ ဒကာကြီးများ အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေပြီးတော့ ရဟန်းတရားပွားများကြိုးကုတ် အားထုတ်တာ တပည့်တော်တို့ အနာဂါမ်တောင်ဖြစ်ထား ပြီ၊ ဒီကနေ့မှ ရှင်သာမဏေပြုတဲ့ ရှင်သစ်၊ ဤယနေ့ပင် ရဟန်းပြုလာတဲ့ ရဟန်းသစ်၊ ထိုရှင်သစ် ရဟန်းသစ်တို့ရဲ့ တရားအားထုတ်တဲ့ ဝိပဿနာဉာဏ်အဟုန်ကို တပည့် တော်တို့အနာဂါမ် ဒကာ၊ ဒကာမများက ဘယ့်နှယ် ကြောင့် မီအောင်မလိုက်နိုင်ရတာတဲ့တုံး။ တပည့်တော် တို့တော့ ရွှေဥဒေါင်းကြီးတွေနဲ့ တူနေပြီ။ ဒီကနေ့ ရှင်ပြု ရဟန်းခံတဲ့ ရှင်သစ် ရဟန်းသစ်တို့က ရွှေဟင်္သာလိုပဲ။ ရွှေဟင်္သာဟာ ခြေထောက်လည်းမလှဘူး၊ လည်ဆံမွေး လည်း မလှဘူး၊ ကိုယ်မွေးလည်း မလှဘူး၊ အမြီးလည်း မလှဘူး၊ ခေါင်းလည်း မလှဘူး၊ နှုတ်သီးလည်း မလှဘူး၊ ဘယ်ဘက်ကမှ မလှဘူး၊ မလှပေမယ့်လည်း အဟုန် တော့ ပြင်းတယ်နော်။

ဥဒေါင်းကြီးလှလိုက်တာ အဟုန်မရှိဘူး၊ ဘယ် လောက်ပဲပျံပျံ ဟင်္သာကို မီအောင်မလိုက်နိုင်ဘူး။ အိမ် နေသူ လူဒကာ၊ ဒကာမ တရားအားထုတ်ထားလို့ အနာ ဂါမ်ဖြစ်နေပြီ။ ဝိပဿနာဉာဏ်၊ သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်ဆိုတဲ့ မဂ်ဉာဏ် သုံးပါး၊ ဖိုလ်ဉာဏ်သုံးပါးနှင့် လှတော့လှနေပြီ၊ ဥဒေါင်း ကြီးလိုပဲ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေနဲ့ လှနေတဲ့အိမ်နေသူ လူဒကာ၊ ဒကာမဟာ ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ် ဘာမျှမရသေးတဲ့ ရွှေဟင်္သာငှက်မင်းနှင့် တူလှစွာသော ဒီကနေ့မှ ရှင်ပြုလာတဲ့ ရှင်ငယ် ရဟန်း ငယ်တို့ရဲ့ ဝိပဿနာဉာဏ်အဟုန်ကို မီအောင်မလိုက်နိုင် ဘူးဆိုတာ တပည့်တော်တို့ ဘယ်လိုဖြစ်တာလဲဘုရားလို့ မေးမယ်ဆိုရင် –

အိမ်နေသူ လူဒကာ၊ ဒကာမက အနာဂါမ်တည် ပင်တည်ငြားသော်လည်းပဲ၊ ပုတ္တဒါရာဒိဗန္ဓာယ ဇဋိတတ္တာ လို့ ဒါ အဋ္ဌကထာက ဟိတ်ခတ်ပြတယ်။ ပုတ္တဒါရာဒိဗ န္ဓာယ၊ သားမယားတည်းဟူသော အရှုပ်အထွေးတို့ဖြင့်။ ဇဋိတတ္တာ၊ ရှုပ်ထွေး၍နေလေသောကြောင့်။ ဃရာဝါသ အမှုကိစ္စတွေနှင့် ရှုပ်ထွေးပြီးတော့ နေတဲ့အတွက်ကြောင့် အနာဂါမ် ဒကာ၊ ဒကာမတို့ရဲ့ ဝိပဿနာဉာဏ်အဟုန် ဟာ အနှောင်အဖွဲ့တွေ အလွန်များတယ်၊ အရဟတ္တမဂ် ဉာဏ်တက်ဖို့ အလွန်နှေးနေတယ်လို့ ဆိုတယ်။

## သာဓကဖော်ပြ စူဠဝေဒလ္လ

သာဓကပြောပါဦးလို့ ဆိုလို့ရှိရင် စူဠဝေဒလ္လ သုတ္တန်တော်ကိုကြည့်ပါ။ စူဠဝေဒလ္လသုတ္တန်မှာ ဝိသာခ ဒါယကာကြီး ဘုရားရှိရာ ဝေဠုဝန်ကျောင်းသွားပြီးတော့ တရားနာတယ်။ အနာဂါမ်ဖြစ်ပြီးတော့ ပြန်ခဲ့တယ်။ ထို ဝိသာခဒါယကာ အိမ်ပြန်လာတဲ့အခါ ဩက္ခိတ္တစက္ခု လေး တောင်ခန့် ချထားသော မျက်လွှာရှိသည်ဖြစ်၍ တည်ငြိမ် သော ဣန္ဒြေနဲ့ သတိသမ္ပဇဉ်နဲ့ လှမ်းပြီးတော့ ပြန်လာ တယ်။ ခေါင်းလေးငိုက်စိုက်ငိုက်စိုက်နဲ့ အိမ်ရှေ့လောက် ရောက်တယ်ဆိုရင်ပဲ ဇနီးသည်ဖြစ်တဲ့ ဓမ္မဒိန္နာသူဌေး ကတော်မလေး ဆီးပြီးတော့ ခရီးဦးကြိုဆိုတယ်။ မျက်နှာ တောင်မှ မော့မကြည့်ဘူး။ ထိုဒကာကြီး .။

ဇနီးသည်တို့ရဲ့ ဝတ္တရားကျေပွန်စွာ ပြုစုတယ်။ ပြုစုတဲ့ဝတ္တရားတွေ ဘာမျှ သူလက်မခံဘူး။ထိုနေ့ ထမင်း စားတော့လည်း တစ်ယောက်တည်း။ မီးဖိုချောင်မှာ သူ့ ထမင်း သူ့ဟာသူယူပြီးတော့ စားတယ်။ ညချမ်းကာလ ကျပြန်တော့လည်း ဝင်နေကျအိပ်ရာခန်း မဝင်ဘူး။ သီး သန့်အိပ်ခန်းဆောင်မှာ သူတစ်ယောက်တည်း သီးသန့် သွားအိပ်တယ်။ ဓမ္မဒိန္နာသူဌေးကတော်လေး ရင်ထဲ လောင်တယ်။ ဝိသာခ ဒါယကာ ဘယ်လိုများဖြစ်လာ တယ်မသိဘူး။ ငါ့များ စိတ်ဆိုးလာလေရော့သလား၊ သို့ မဟုတ်၊ အခြားတစ်ပါးမှာ သူတောင့်တလာတာများ ရှိ လာသလားဆိုပြီးတော့ စိတ်ထဲမသက်သာဘူး။

ညချမ်းအခါ တစ်ယောက်တည်းအိပ်နေတဲ့ ဝိသာခ ဒါယကာအနား ချဉ်းကပ်ပြီးတော့ ''ဘယ်လိုဖြစ် လာတာတုံး . ခါတိုင်းဆိုရင် ခရီးဦးကြိုတာလည်းပဲ လိုက်လိုက်လှဲလှဲ ပျူပျူငှာငှာလက်ခံတယ်။ ကျွန်မ ပြုစု လုပ်ကျွေးတာကိုလည်း လိုက်လှဲစွာလက်ခံတယ်။ ဒီကနေ့ ဘာကိုမှ လက်မခံဘူး။ ဘယ့်နှယ်ဖြစ်လာတာတုံး''ဆို တော့ ဝိသာခ ဒါယကာ စဉ်းစားတယ်။ ''ငါရရှိတဲ့တရား ထူးကို ဤအမျိုးကောင်းသမီးအား ပြောရင်ပြော၊ မပြော ရင် ဤအမျိုးကောင်းသမီး ရင်ထဲတော့ လောင်တော့

မှာပဲ။ ရင်ကွဲပြီးတော့ သေတော့မှာပဲ''ဆိုပြီးတော့ ဓမ္မဒိန္နာ သူငြေးကတော်လေး ရင်ကွဲပြီးတော့ သေမှာစိုးရတဲ့ အတွက်ကြောင့် သူရရှိထားတဲ့ အနာဂါမိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို အတိအလင်း ထုတ်ဖော်ပြီးတော့ ပြောလိုက်ရတယ်။

အရိယာစင်စစ်တို့မည်သည် မိမိတို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ဘယ်တော့မှ ပြောရိုးထုံးစံ မရှိဘူး။ ပြောတော့ မပြောလိုကြပါဘူး။ ဒါပေမယ့် ဘာကြောင့်လဲဆိုတော့ ဟိုတစ်ဖက်ကလူ ရင်ကွဲပြီးတော့ သေမှာစိုးလို့ ပြောတာပါ။

ကိုင်း ဘုန်းကြီးတို့ပရိသတ် မှတ်ထား။ မိမိတို့ ရရှိတဲ့တရားထူးကို သိုသိုသိပ်သိပ် ကျစ်ကျစ်လျစ်လျစ် ဖြစ်ရမယ်။ အပ္ပိစ္ဆလေးပါးမှာ မိမိတို့ရရှိထားတဲ့ တရားထူး တရားမြတ်ကို သိုသိပ်ကျစ်လျစ်တယ်ဆိုတာဟာ အဓိဂမ အပ္ပိစ္ဆခေါ်ပါတယ်။ တရားထူးတရားမြတ်ကို သိုသိုသိပ်သိပ် ကျစ်ကျစ်လျစ်လျစ် လုပ်ခြင်းအားဖြင့် အဓိဂမအပ္ပိစ္ဆဂုဏ်နဲ့ အရိယာသူတော်စင်များ ပြည့်စုံရတယ်။

အိမ်အောက်က မြေကြီးတူးရင် ရွှေအိုးကြီးထွက်လာတယ်ထား။ အဲဒီ ရွှေအိုးကြီးကို ခေါင်းပေါ်ရွက်ပြီးတော့ ကျွန်ုပ်တို့အိမ်အောက်က ရွှေအိုးကြီးထွက်လာတယ် ဗျို့လို့ မည်သူမျှ မြို့မှာလှည့်အော်ပြီးတော့ မကြွေးကြော်ပါဘူး။လောကီရတနာကျတော့ သိုသိုသိပ်သိပ် ကျစ်ကျစ်လျစ်လျစ် လူမသိစေနဲ့။ စိန်ရော ရွှေရော ငွေရော ဘယ်သူမျှ မသိစေရဘူး။ ဝှက်ရတယ်၊ သိမ်းရတယ်၊ ကျစ်လျစ်ရတယ်။ ဘာကြောင့်လဲဆိုတော့ ရန်သူမျိုးတွေ ဖျက်ဆီးမှာကြောက်လို့တဲ့။

အဲဒီတော့ လောကီရတနာတောင်မှ ဒါလောက် သိုသိုသိပ်သိပ် ကျစ်ကျစ်လျစ်လျစ်လုပ်သေးရင် လောကုတ္တရာရတနာ ဒါထက် သိုသိပ်ကျစ်လျစ်ရမယ်ပေါ့။ မိမိတို့ရရှိထားတဲ့ တရားထူးကို ကြွေးကြော်ခြင်းငှာ မထိုက်ဘူးတဲ့။ အဓိဂမအပ္ပိစ္ဆဂုဏ်နဲ့ ပြည့်စုံကြရမယ်။ ဒါပေမယ့် ဘယ်လိုအခါမျိုးကျတော့ ပြောသလဲဆိုတော့ အခြားအခြားပြောတဲ့အကြောင်းတွေရှိသေးပေမယ့် ဒီနေရာမှာ အကြောင်းတစ်ခု ပေါ်လာတာက ဝိသာခ အနာဂါမ်ဒါယကာသည် သူရရှိတဲ့ အနာဂါမိမဂ်ဖိုလ်ကို မပြောရင် မဖြစ်တဲ့ အခြေအနေရောက်နေပြီ။ မပြောရင် ဘာဖြစ်မလဲ။

ဓမ္မဒိန္နာသူငြေးကတော်လေး စိတ်ထဲမှာ ရှင်းမှာမဟုတ်ဘူး။ သူ့ကို အမျိုးမျိုးအလွဲလွဲတွေ တွေးပြီးတော့ ပြစ်မှားရင် အရိယာကို ပြစ်မှားတဲ့ကံတွေ ဒီဒကာမလေး ထိုက်တော့မယ်။ နောက်တစ်ဖက်က ဘာလဲဆိုလို့ရှိရင် ရင်ထဲမှာနင့်ပြီးတော့၊ ဆို့ပြီးတော့၊ ရင်နာပြီးတော့ သေသွားစရာ အကြောင်းရှိတယ်။ ဒီအကြောင်းတွေကို ထောက်ပြီးတော့ ဝိသာခ ဒါယကာသည် ပြောတယ်တဲ့။

''ငါ အနာဂါမိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ တရားထူး တရားမြတ်ကို ရခဲ့ပြီ။ ဒါကြောင့် ရှင်မနဲ့ ငါဟာ ခါတိုင်းကဲ့သို့ နေကြလို့ မဖြစ်တော့ဘူး။ မောင်လို နှမလို နေချင်ရင်လည်း ဒီကနေ့ စ,နေကြစို့၊ ဒီလိုမှမဟုတ်ရင် သားနဲ့အမိလို နေမယ်ဆိုရင်လည်း နေကြစို့၊ အိမ်မှာရှိတဲ့ စည်းစိမ်တွေ သင်အကုန်လုံးပိုင်ပြီ၊ ငါတော့ အကုန်လုံး စွန့်လိုက်ပြီ''

''ငါ့မိဘဘက်က ပါတဲ့ပစ္စည်းတွေရော၊ သင့်မိဘဘက်က ပါတဲ့ပစ္စည်းတွေရော ငါ သင့်ကို အကုန်လုံး စွန့်လိုက်ပြီ၊ သင်နှင့် ငါ ဒီကနေ့ကစ၊ ရှေးကလို နေကြဖို့ ဆိုတာတော့ မဖြစ်နိုင်တော့ဘူး၊ မောင်နှမလို နေလိုသပဆို နေ၊ သားအမိလို နေလိုသပဆို နေ၊ တခြားနည်းနဲ့တော့ နေလို့မဖြစ်ဘူး''လို့ ရရှိတဲ့ အနာဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဒီမှာဖွင့်ပြီးတော့ ပြောရတယ်။

ဒီတော့မှ ဓမ္မဒိန္နာသူငြေးကတော်က ''သြော် တရားထူး တရားမြတ် ရလာတဲ့ ပုဂ္ဂိုလ်ဟာ ဒီလိုနေနည်း ထိုင်နည်းမျိုးနဲ့နေတာပဲ''လို့ စိတ်ထဲမှာ အေးချမ်းသွားတယ်။ အဲဒီလိုမှမပြောရင် မှတ်ထား၊ ဓမ္မဒိန္နာသူငြေးကတော် ရင်ကွဲလို့ သေမှာပဲ။

ကိုင်း မုံရွာက ဟုတ်လား ဆရာတို့၊ တရားထူး တရားမြတ်ရရင် မပြောရဘူး၊ ဘာလဲ အဓိဂမ အပ္ပိစ္ဆဂုဏ်နဲ့ ပြည့်စုံရမယ်၊ ပြောမယ်ဆိုရင်တော့ ဟောဒီ ဝိသာခ ဒကာကြီး ပြောတာကြည့်၊ ရင်ကွဲသေမယ့်လူများ ရှိရင်တော့ ပြောပေါ့။ မဟိစ္ဆာနဲ့တော့ မပြောရဘူးတဲ့။

ဒီတော့ ဓမ္မဒိန္နာသူငြေးကတော်ကလေးက တရားထူးတရားမြတ်ဆိုတာ ရှင်တို့ယောက်ျားတွေသာ လျှင် ရထိုက်ပါသလား။ ကျွန်မတို့ အမျိုးသမီးတွေရော မရထိုက်ဘူးလား။ ရထိုက်တယ်။ တရားထူးတရားမြတ် ရ,မရကို ဗုဒ္ဓသာသနာမှာ ခွဲခြားမှု မရှိဘူး။ သဒ္ဓါ၊ ပညာ၊ ဝီရိယရှိတဲ့ ယောက်ျား မိန်းမတိုင်း ရထိုက်တာချည်းပါပဲ။ ဒါကြောင့် ဓမ္မဒိန္နာက ''ဒီလိုဆိုရင် ကျွန်မကို ကျောင်းသာပို့ပါတော့''လို့ ဆိုတယ်။ဝိသာခ ဒါယကာ ရွှေထမ်းစင်

**ဘုန်းကြီးတို့ပရိသတ် မှတ်ထား။**
**မိမိတို့ ရရှိတဲ့တရားထူးကို သိုသိုသိပ်သိပ်**
**ကျစ်ကျစ်လျစ်လျစ်ဖြစ်ရမယ်။**
**အပ္ပိစ္ဆာလေးပါးမှာ**
**မိမိတို့ရရှိထားတဲ့ တရားထူးတရားမြတ်ကို**
**သိုသိပ်ကျစ်လျစ်တယ်ဆိုတာဟာ**
**အစိဂမအပ္ပိစ္ဆခေါ်ပါတယ်။**

နဲ့ ဓမ္မဒိန္နာသူဌေးကတော်ကို ဘိက္ခုနီကျောင်းသို့ ပို့တယ်။ ပရိသတ်တွေ များစွာခြံရံလို့။ အမျိုးသမီးရှင်လောင်းလှည့်ဆိုတာ အဲဒီမှာပဲ။

ရွှေထမ်းစင်ကြီးနဲ့ တခမ်းတနား မြို့လှည့်ပြီးတော့၊ နံ့သာရေတွေနဲ့ ရေချိုး။ အိမ်ရှိတဲ့ အကောင်းဆုံးရတနာတွေ တစ်ကိုယ်လုံး အိနေအောင် ဆင်ပြီးတော့ ဘိက္ခုနီကျောင်း ပို့တာ။ ခေါင်းရိတ်လို့၊ မိထွေးတော်ဂေါတမီထံမှာ ဓမ္မဒိန္နာ ဘိက္ခုနီပြုတယ်။ ဩဝါဒတရားနာကြားတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ထံ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းတောင်းပြီးတော့၊ ရာဇဂြိုဟ်ရဲ့အနီးက တောရကျောင်းမှာ ချဉ်းကပ်ပြီး တရားအားထုတ်တယ်။ သုံးလမျှလောက်ပဲ ကြာပါတယ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ပေါက်လို့ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူခဲ့တယ်။

ရှေးဦးစွာ အနာဂါမ်တည်ခဲ့တဲ့ ဝိသာခ ဒါယကာကြီး ့ဒီအတိုင်း ပုဆိုးနဲ့ အင်္ကျီနဲ့ အိမ်မှာ ကျန်ရစ်တယ်။ အနာဂါမ်ဘဝနဲ့ ကျန်ရစ်တယ်။ ဓမ္မဒိန္နာတို့က နောက်မှရဟန်းပြုပြီးတော့ တရားကို အားထုတ်တယ်။ ပုထုဇဉ်ဘဝက စတင်အားထုတ်တာ။ အရဟတ္တဖိုလ်ပေါက်တော့ သူက ရှေးဦးစွာ ပေါက်သွားတယ်။

ဒါကြောင့် ပြောတာ။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဝိပဿနာဉာဏ်ကို ရထားပြီး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဝိပဿနာဉာဏ်ကို ရှေးဦးစွာရပြီးလို့ အနာဂါမ်ထိ ရောက်ထားတယ်ပဲ ထားပါဦး။ ဥဒေါင်းကြီးလိုတော့ လှနေတယ်၊ ဉာဏ်စဉ်တွေ ရထားတယ်။ ဟိုက ပုထုဇဉ်အဖြစ်နဲ့ ခုမှစတင် အားထုတ်ရတာ။ ဟင်္သာကြီးလိုပဲပေါ့။ ကိလေသာတွေနဲ့ဆိုတော့ မလှဘူးပေါ့။

သို့သော် အိမ်ရာတည်ထောင် လူ့ဘောင်ဆိုတဲ့ အရှုပ်အထွေးတွေက ရှင်းပြီးသား။ ဃရာဝါသ သမ္ဗာဓ ပုတ္တဒါရာဒိဇ္ဇေဆိုတဲ့ အရှုပ်အထွေးတွေ မရှိတဲ့အတွက်ကြောင့်၊ အားထုတ်လိုက်တာ၊ ဟိုအနာဂါမ်ဃရာဝါသ ဒကာ၊ ဒကာမတွေကို ပုထုဇဉ် ရှင်ရဟန်းတို့က ကျော်ပြီးတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ထိ တက်ရောက်သွားတယ်။ ဒီအဓိပ္ပါယ်ကို ခုနက မုနိသုတ္တန် ပါဠိတော်က မိန့်ကြားတာ။ ဒီတော့ -

သိခီ ယထာ နီလဂီဝေါ ဝိဟင်္ဂမော၊
ဟံသဿ နောပေတိ ဇဝံ ကုဒါစနံ။
ဧဝံ ဂိဟီ နာနုကရောတိ ဘိက္ခုနော၊
မုနိနော ဝိဝိတ္တဿ ဝနမှိ ဈာယတော။

ဘိက္ခဝေ၊ သံသရာဘေး၊ ခန္ဓာဘေးကို မျှော်တွေး ကြောက်ပြောင်း အို-သူတော်ကောင်းတို့။ သိခီ၊ ဦးစွန်းအမောက်ရှိပေထသော။ နီလဂီဝေါ၊ စိမ်းညိုသောလည်ဆံမွေးလည်း ရှိပေထသော။ ဝိဟင်္ဂမော၊ ကောင်းကင်၌ ပျံသွားနိုင်သော။ မောရော၊ ဥဒေါင်းငှက်မင်းသည်။ ဟံသဿ၊ ရွှေဟင်္သာမင်း၏။ ဇဝံ၊ လျင်မြန်တဲ့အဟုန်ကို။ ကုဒါစနံ၊ မည်သည့်အခါမျှ။ နောပေတိယထာ၊ မီအောင် မလိုက်နိုင်သကဲ့သို့။ ဧဝမေဝ-ဧဝံတထာ၊ ပမာထားယူထို့အတူ။ ဂိဟီ၊ အိမ်နေသူ လူဒကာ၊ ဒကာမသည်။ အနာဂါမိ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးသည်။ စေပိဟောတိ၊ အကယ်၍ ဖြစ်စေကာမူ။ ဝနမှိ၊ လူသူမနီး တောမြိုင်ကြီး၌။ ဝိဝိတ္တဿ၊ ကာယဝိဝေက စိတ္တဝိဝေကဟူသော ဝိဝေကတရားနှစ်ပါးကို ပွားများကြိုးကုတ် အားထုတ်၍ နေလေ့ရှိထသော။ ဈာယတော၊ အာရမ္မဏူပဈာန်၊ လက္ခဏူပဈာန်ဆိုတဲ့ ဝိပဿနာအလုပ် အားထုတ်ရှုမှတ်၍ နေလေ့ရှိပေထသော။ ဘိက္ခုနော၊ ဒီကနေ့မှ ရဟန်းပြုလာတဲ့ ကိလေသာရှိနေတဲ့ ရဟန်းတော်လေးရဲ့။ ဝိပဿနာဉာဏဇဝံ၊ ဝိပဿနာဉာဏ်ရဲ့ လျင်မြန်ခြင်းကို။ ကုဒါစနံ၊ မည်သည့်အခါမျှ။ နာနုကရောတိ၊ မီအောင်မလိုက်နိုင်ပါပေ။ ကုဒါစနံ၊ ဘယ်သောအခါမျှ။ နောပေတိ-နဥပေတိ၊ မီအောင်မလိုက်နိုင်ပါပေ။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဝေါစ၊ ကရုဏာရှေးရှု ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

■ **နောက်လဆက်ဖတ်ပါရန်**



သုတေသနသရုပ်ပြ
အဘိဓာန်ကျမ်းပြုဆရာတော်
**အရှင်ဩဘာသာဘိဝံသ**

## အမေးအဖြေကဏ္ဍ

# စွန်းလွန်းဝိပဿနာ အမေးအဖြေကျမ်း နှင့် ယောဂီအခြေခံကျင့်စဉ်ကျမ်း

(ယခင်လမှအဆက်)

ဒကာ။ တင်ပဲ့ါဆရာတော်ဘုရားက တပည့်တော်အပေါ်များ တယ်ပြီး အထင်ကြီးနေသကိုး ဘုရား၊ ရဟန်းသံဃာတော်နဲ့ ဝေးပြီး ကလေးဘဝကတည်းက အင်္ဂလိပ်ကျောင်းမှာ ပို့ထားခံနေရတဲ့ တပည့်တော်မှာ ရှင်ပြုတုန်းက တစ်လလောက်သာ သံဃာတော်များနဲ့ အတူနေပြီး ဘုရားစာသင်လာရတာ၊ ကျန်တဲ့အချိန်တွေမှာ အင်္ဂလိပ်စာတွေသာ လေ့လာတတ်ကျွမ်းပြီး မြန်မာစာပေဘက်က အနက်သဘောအယူအဆတွေမှာ ချာနေပါတယ်။ မှန်တာလျှောက်ထားရလျှင် တပည့်တော်ရဲ့ စိတ်ထဲမှာ ယနေ့အထိ သိနေတဲ့ ကိလေသာကတော့ ''အိမ်ထောင်ပြုပြီး လောကထဲမှာ ပျော်ပျော်ပါးပါး သားမယားတွေနဲ့ ချစ်လို့မဝနိုင်အောင် နေထိုင် စားသောက် သွားလာနေကြတာကို ကိလေသာခေါ်တယ်လို့ ထင်နေ သိနေတာပဲဘုရား၊ မှန် မမှန်တော့ မသိဘူး။

ဆရာ။ အိမ်း ့မင်းထင်တဲ့ ကိလေသာက ဒါယကာဦးတိုက်မောင်းကြီးရဲ့ ကိလေသာမျိုးကို ဖြစ်နေမင့်ကိုကွ။

ဒကာ။ ဦးတိုက်မောင်းကြီးရဲ့ ကိလေသာက ဘယ်လိုဟာပါလဲဘုရား၊အကျယ်မိန့်ကြားပါဦး။

ဆရာ။ တို့များနဲ့ ရင်းနှီးတဲ့ ဦးတိုက်မောင်းခေါ်တဲ့ ဒကာကြီးဟာ တို့များထံလာပြီး ကိလေသာကာမတရားရဲ့ ပင်ပန်းဆင်းရဲပုံ၊ညစ်နွမ်းပုံ၊ မကောင်းပုံတွေကိုချည်း ပြောဟောသကိုကွ။ ဒါနဲ့ စာချဘုန်းကြီးတစ်ပါးက နားကြားပြင်းကတ်လာထင်ပဲ့၊ 'ဗျို့–ဦးတိုက်မောင်းရ၊ ကိလေသာဆိုတာ ဘယ်လိုနေသတုံးဗျလို့' မေးလိုက်တော့ ဒကာကြီးဦးတိုက်မောင်းက' မှန်ပဲ့ 'ကိလေသာဆိုတာ ဖြူဖြူကလေးနေပါတယ်ဘုရား' လို့ လျှောက်ထားလိုက်သတဲ့ကွ။ သည်တော့ အနားမှာရှိတဲ့ ဦးပဥ္စင်းတွေ ကိုရင်တွေက ဝါးခနဲ

ပွဲကျသွားတာပေါ့။

ဒကာ။ မှန်ပါ့၊ ကိလေသာ ကာမ တရားကို ဘယ်လို ဘယ် ဟာဆိုတာ အဖြူအမည်း ကွဲပြားသွားအောင် ဟောကြားတော် မူပါဦးဘုရား။

ဆရာ။ ကိလေသာဆိုတာက ပါဠိ စကားကွ၊ မြန်မာလိုတော့ သတ္တဝါများရဲ့ ကိုယ်စိတ် နှစ်ပါးကို ဆင်းရဲညစ်နွမ်း ပူပန်စေ တတ်တဲ့ တရား။ ပူပန်ဆင်းရဲအောင် လုပ်တတ်တဲ့ တရားဆိုးများလို့ မှတ် ထားပေါ့။ အဲသည် ကိလေသာဟာ အကြမ်းဖျင်းအားဖြင့် သုံးပါးရှိတယ်။ အခိုက်အတန့်ထဲမှာ ထူးခြားတဲ့ ကိလေသာမျိုးပေါ့ကွာ။

(၁) အနုသယ ကိလေသာ ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်ပျက်မှုအားဖြင့် ထင်ရှားမရှိဘဲ ဘဝများစွာကစပြီး မိမိတို့ ခန္ဓာအစဉ်မှာ အမြဲတစေ ကိန်းမြဲနေသလိုပါလာတဲ့ (ပါလာတာ တော့ မဟုတ်ဘူး။ပါလာတယ်ဆိုရင် သဿတဒိဋ္ဌိ ဖြစ်နေဦးမယ်)အကြောင်း ညီညွတ်ရင် ဖြစ်ပေါ်လာတတ်တဲ့ ကိလေသာဓာတ်ဘူးတစ်မျိုးပဲ။

(၂) ပရိယုဋ္ဌာန ကိလေသာ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှားရှိ ကာ ထကြွသောင်းကျန်းပြီး လာ တတ်ပေမယ့် ကာယကံမြောက် ဖောက်ပြန်ကျူးလွန်မှုကိုတော့ မပြု နိုင်တဲ့ 'မနောကံ ကိလေသာမျိုး' ဖြစ်တယ်။

(၃) ဝီတိက္ကမ ကိလေသာ ကိုယ်၊ နှုတ်၊ စိတ်ထား ဒွါရသုံးပါး မှာ ထကြွသောင်းကျန်းလာရုံတွင် မကဘဲ ဖောက်လွဲဖောက်ပြန်ဖြစ် အောင် ပြုလုပ်ကျူးလွန်နိုင်တဲ့ ကိလေသာမျိုးတဲ့။ အဲဒါဟာ ကိလေသာ အကျဉ်းသုံးပါးပါပဲ။

ဒကာ။ မှန်ပါ့၊ ကျေးဇူးတင်လှပါ တယ်ဘုရား။ သည်ဟာက ကိလေသာ အကျဉ်းသုံးပါး ဆိုတော့ တခြားကိလေသာအကျယ် များ ရှိသေးရင်လည်း မိန့်ကြားတော် မူပါဦး ဘုရား။

ဆရာ။ အိမ်း ... ရှိသေးတယ်။ တခြား အကျယ်ကိလေသာ ဆယ်ပါးကိုတော့ လွယ်လွယ် နဲ့ သိရအောင် တိုတိုပဲ ပြောပြ လိုက်မယ်။ ရေးမှတ်ပေရော့ကွာ။

(၁) လောဘ=လိုချင်တပ် မက်ခြင်းသဘော။

(၂) ဒေါသ=ကြမ်းတမ်း ဖျက်ဆီး ပြစ်မှားခြင်းသဘော။

(၃) မောဟ=ကြောင်းကျိုး မှန်ကို မသိခြင်းသဘော။

(၄) မာန = ငါတကားဟု ထောင်လွှားတက်ကြွခြင်းသဘော။

(၅) ဒိဋ္ဌိ=ပုဂ္ဂိုလ်၊ သူ၊ ငါဟု သာ အယူမှား စွဲလမ်းကာ ယူနေ ခြင်းသဘော။

(၆) ဝိစိကိစ္ဆာ=ကုသိုလ်ရေး ၌ ဟုတ်မဟုတ်ပါ့မလားဟု တွေး တော ယုံမှားခြင်းသဘော။

(၇) ထိန=ကုသိုလ်ရေး၌ စိတ်၏ မခန့်ခြင်းသဘော။

(၈) ဥဒ္ဓစ္စ=ကုသိုလ်ရေး၌ စိတ်ပျံ့လွင့် တုန်လှုပ်ခြင်းသဘော။

(၉) အဟိရိက=မကောင်းမှု ပြုရမှာ မရှက်ခြင်းသဘော။

(၁၀) အနောတ္တပ္ပ=မကောင်း မှု ပြုရမှာ မကြောက်လန့်ခြင်း သဘော။

အဲဒါ ကိလေသာ အကျယ် ဆယ်ပါးပဲကွ။အားလုံးဟာ မကောင်း တဲ့ အကုသိုလ်တရားဆိုး၊ တရား ညစ်တွေချည်း ဖြစ်တယ်။ သူတို့ဝင် လာရင် ကိုယ်ရောစိတ်ပါ ညစ်နွမ်း ပင်ပန်းကုန်တာပဲဟေ့။ ဒါကြောင့် သူတို့မလာနိုင်အောင် စွန်းလွန်း ဆရာတော်ဘုရားကြီးက ''ရှုးရှဲနည်း နဲ့'' တားမြစ်ပိတ်ဆီးပေးခဲ့တာပေါ့ကွ။

ဒကာ။ အနို့ ... တစ်ထောင့်ငါးရာ မျိုး ကိလေသာဆိုး ဆိုတာ ကရော ဘုရား။ ဟော လက်စနဲ့ ဆက်ဟောတော်မူပါဦး။

ဆရာ။ ဟ ... မင်းက မသိ၊ မသိ နဲ့ ထောင့်ငါးရာထိအောင် တောင် မေးစမ်းနေပြန်မှ ကိုကွ။

ဒကာ။ မှန်ပါ့၊ ''မှောက်မှားပါတယ် ဗျာ၊ထောင့်ငါးရာကိလေသာ တွင်းကိုမှ၊ ဖွတ်ဆင်းကာ ဟောသည့် ... ဒေါင်းမကလေးငယ် ကြောင့်'' ဦးဘိုးစိန်ကြီးကပြတဲ့ ဘုရားအလောင်း ဥဒေါင်းမင်းဇာတ် ငိုချင်းမှာ ဆိုသံကြားဖူးလို့ပါဘုရား။

ဆရာ။ အိမ်း ... အဲသည်ထောင့် ငါးရာ ကိလေသာဆိုတာ လည်း သတ္တဝါတွေကို နှိပ် စက် ညှဉ်းဆဲ ဆင်းရဲပူပန်စေတတ် တဲ့ တရားဆိုးတွေပဲကွ။ အကျယ် ကတော့–

စိတ်တရားတွေရှိသမျှ အား လုံးကို သိခြင်းသဘောလက္ခဏာ တစ်ခုသာရှိလို့ တစ်ပါးဟုမှတ်။

နောက် စေတသိက် ၅၂– ပါးနဲ့ပေါင်း၊ အဲဒါကို 'နာမ်တေ ပညာသ' လို့ခေါ်တယ်။ နာမ်တရား ၅၃–ပါးပေါ့ကွာ။

နောက် နိပ္ဖန္နရုပ် ၁၈–ပါး ရယ်၊ လက္ခဏာ ရုပ်လေးပါးရယ်၊ ပေါင်းရုပ် ၂၂–ပါး ထပ်ထည့်လိုက်၊ ရုပ်နာမ်ပေါင်း ၇၅–ပါးရတယ်။

အဲဒါကို အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်ခေါ်တဲ့ သန္တာန်နှစ်ပါးနဲ့ မြှောက်လိုက်တော့ တစ်ရာ့ငါးဆယ်ရရော။ အဲသည်တရာ့ငါးဆယ်ကို ကိလေသာဆယ်ပါးနဲ့ ထပ်မြှောက်လိုက်တော့ ထောင့်ငါးရာ ကိလေသာ ဖြစ်လာတာပေါ့ကွာ။

ကိုင်း ့ရှင်းပြီလားဟေ့၊ မရှင်းသေးရင်လည်း နောက်မှ သည့်ပြင် ဘုန်းကြီးတွေကို လိုက်မေးပေတော့။ မင်းမေးရင်း စွန်းလွန်းရှုံးရှဲကနေပြီး ကိလေသာတွေထဲ ကူးလာလိုက်တာ မဆုံးနိုင်တော့ဘူးကွာ။ မင်းရဲ့ ညစ်နွမ်းဆင်းရဲတဲ့ ကိလေသာ အပူဓာတ်တွေ စခန်းရပ်ကြစို့ရဲ့။

ဒကာ။ မှန်ပါ့၊ တပည့်တော်တို့ကို ပူပန်ဆင်းရဲ ညစ်နွမ်းအောင် အဖန်တလဲလဲ နှိပ်စက်နေတဲ့ ကိလေသာတရားများကို ခုမှပဲ ကွဲကွဲပြားပြား ခြားနားသေချာစွာ သိရတော့တယ်ဘုရား။ တပည့်တော်က ကိလေသာကာမဆိုတာ ဟိုလို အိမ်ထောင်ပြုတာ တစ်မျိုးတည်း ထင်မှတ်နေတာကို ဘုရား။

ဆရာ။ အင်း ့မင်းလည်း 'ကိလေသာဆိုတာ ဖြူဖြူက လေး နေပါတယ်ဘုရား' ဆိုတဲ့ ဒကာကြီး ဦးတိုက်မောင်းလို လူစားပဲကိုကွ။

ဒကာ။ တင်ပါ့၊ သည်လိုပဲ မှားတဲ့ အခါလည်း မှားကြတာပေါ့ ဘုရား။ အဲသည် စွန်းလွန်းဆရာတော်ဘုရားကြီးပြတဲ့ ရှုံးရှဲနည်းဟာ စာပေထဲမှာမပါ၊ စာပေနဲ့မညီဘူးလို့ ပြောဆိုနေကြတာရော မှန်ပါသလားဘုရား။

ဆရာ။ အိမ်း ့မြန်မာပြည်တွင်မက ယိုးဒယား၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ ဂျာမနီ၊ ဂျပန်၊ အင်ဒိုနီးရှား၊အင်္ဂလန်၊ အမေရိကန် စတဲ့ ကမ္ဘာမှာပါ ကျော်ကြားနေတဲ့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားရဲ့ (ပိန်ဖောင်း) နည်းကိုလည်း တချို့က စာပေမှာ မပါ၊ စာပေနဲ့မညီဆိုကာ အမနာပ ပြောနေကြတာပဲ။

တို့များကိုယ်တိုင် သဘော်နှင့် ခရီးသွားရင်း ပထမခန်းထဲမှာ ဂုဏ်သရေရှိ ဗုဒ္ဓဘာသာဝတ်လုံတော်ရကြီးတစ်ယောက်က ပြောဆိုကဲ့ရဲ့ ပြစ်တင်တာကို ကြားခဲ့ရတယ်။ ဒါမျိုးက စာပေမှာမပါ၊ စာပေနဲ့မညီဆိုပြီး စာပေနဲ့ချည်း ကိုင်ပေါက်နေလို့ ရတာမျိုး မဟုတ်ဘူးကွ။ပိဋကတ်စာပေကို ကျကျနန လေ့လာဖတ်မှတ်ပြီး ပါအောင်ယူတတ်ရင် ပါတာပေါ့၊ စာပေမှာပါတာကို ပြောပြမည်နားထောင်ဟေ့။

ယထာ ယထာ ဝါ ပနဿ
ကာယော ပဏိတော ဟောတိ၊
တထာ တထာနံ ပဇာနာ
တိ–

လို့ သတိပဋ္ဌာန် မူရင်းပါဠိတော်မှာ ဗုဒ္ဓဘုရားက 'သဗ္ဗသင်္ဂါဟိက ဝစန' အလုံးစုံကို သိမ်းကျုံးကာ ခွင့်ပြုချက်စကား မိန့်ကြားထားခဲ့တယ်။ ဘုရားရှင်ရဲ့ ဆိုလိုရင်း အဓိပ္ပါယ်က–

ငါဘုရား ဟောကြားပြသလို့ ပြီးသွားတဲ့ ဤနည်း၊ ဤနည်းများမှတစ်ပါး ကာယခေါ်တဲ့ ကိုယ်နှင့်စပ်သမျှ အခြားအခြား အမူအရာ ပြုမူမှု နည်းများကိုလည်း သတိခေါ် စွဲမြဲစူးစိုက် အောက်မေ့မှတ်သားမှု ဘာဝနာတရားနည်းများနဲ့ အဖန်ဖန် ပွားစီးမှတ်သား အားထုတ်သွားလျှင် ကာယာနုပဿနာ သတိပဋ္ဌာန်တရားနည်းလာ မူရင်းဒေသနာတော်အရ ဟုတ်သည်ချည်းသာတဲ့ကွ။

အဲသည်ပါဠိတော်လာ မူရင်းဒေသနာအရ ရှည်ရှည်ရှူရင် ရှိုက်ရင်၊ရှည်ရှည်ရှူတာ ရှိုက်တာကို သိရသလို တိုတိုရှူရင် ရှိုက်ရင်လည်း တိုတိုရှူတာ ရှိုက်တာကို သိမှတ်ရမယ်။

ထို့အတူ ဖြည်းဖြည်းအေးအေး နုနုသာသာကလေး ရှူရင် ရှိုက်ရင်လည်း ဖြည်းဖြည်းအေးအေး နုနုသာသာကလေး ရှူတာရှိုက်တာကို သိမှတ်ရသလို ပြင်းပြင်းကြမ်းကြမ်းနဲ့ ရှူရင်ရှိုက်ရင်လည်း ပြင်းပြင်း ကြမ်းကြမ်း ရှူတာရှိုက်တာကို မှတ်ရမှာပဲ။

နောက် ပြင်းပြင်းကြမ်းကြမ်းနဲ့ ရှူလို့ ရှိုက်လို့ ပြင်းပြင်းကြမ်းကြမ်း တိုးဝှေ့ထိခိုက်သွားတဲ့ ဖုသနနည်းအထိ သဘောကိုလည်း ပြင်းပြင်းထိတယ်၊ ကြမ်းကြမ်းထိတယ်လို့ ထိတာကို သိသိပြီး သိတဲ့အတိုင်း မှတ်မှတ်နေရမှာပဲ။

ထိုနည်းအတိုင်း အသက်ရှူလိုက်လို့ ဖောင်းလာရင် ဖောင်းတယ်လို့ မှတ်ရမယ်၊ ရှိုက်လိုက်လို့ ပိန်သွားရင် ပိန်တယ်လို့ မှတ်ရမှာပဲ။

အဲဒါတွေဟာ 'ယထာ ယထာ ဝါပနဿ'ဆိုတဲ့ ပါဠိတော်လာ ခွင့်ပြုချက်စကားရပ်နဲ့ တစ်ထပ်တည်းကို ကိုက်ညီနေတယ်လို့ မှတ်ထားပေါ့ကွာ။

ဒကာ။ မှန်ပါ့၊ ဦးထိပ်ရွက် ပန်ဆင်ကာ မှတ်သားလျက်ပါ၊ရှေ့ကို ဆက်လက် မိန့်ကြားတော်မူပါဦးဘုရား။

**■ နောက်လဆက်ဖတ်ပါရန်**






# ကမ္ဘာ့ဘာန်းခွင် ယနေ့ဝင်

ဦးတင်ဦး (မြောင်)

## ဝိပဿနာကမ္မဋ္ဌာန်းနှင့် ကမ္ဘာ့နိယာမတရားများ

## (အက်(စ်)အင်(န်)ဂိုအင်ကာအား အလန်အက်ကစ္စန်တွေ့ဆုံမေးမြန်းခန်း)

(ယခင်လမှအဆက်)

မေး။ ဝိပဿနာအလုပ်မှာ မအောင်မြင်ခြင်းရယ်လို့ ရှိနိုင်ပါသလား။

ဖြေ။ ကမ္မဋ္ဌာန်းဆရာ ပြောတဲ့အတိုင်း မလုပ်ရင် မအောင်မြင်ခြင်း ရှိတတ်ပါတယ်။ ဆယ်ရက် စခန်းကာလအတွင်းမှာ သင်တန်းသားတစ်ယောက်ဟာ သူလုပ်နေကျအလေ့အကျင့်တွေကို စွန့်ပယ်ထားရပါတယ်။

(ဥပမာ–ကိုယ်လုပ်နေကျ ကမ္မဋ္ဌာန်းမှတ်နည်း) ဒီသင်တန်းမှာ သင်ပြတာက တခြားကမ္မဋ္ဌာန်းရှုနည်းတွေနဲ့ မတူဘဲ တစ်မူထူးခြားတဲ့အတွက် ဖြစ်ပါတယ်။ ဒီနည်းမှာ ထူးခြားတဲ့လက္ခဏာရှိပါတယ်။ စိတ်ကို ရှုမှတ်သုံးသပ်ရာမှာ အပေါ်ယံလေ့လာမှုက စတင်ပြီးတော့ နက်ရှိုင်းရာရောက်အောင် သွားရပါတယ်။ ခန္ဓာကိုယ်ကို ခွဲစိတ်တဲ့သဘောမျိုးလို စိတ်ကို ခွဲခြမ်းစိတ်ဖြာပြီး လေ့လာသုံးသပ်ရပါတယ်။ ဒီအရင်က တခြားကမ္မဋ္ဌာန်းနည်းတွေ အား

ထုတ်ခဲ့ရာမှာ နူတ်က လိုက်ရွတ်ဆိုရတာဖြစ်စေ၊ စိတ်မှာ တစ်ခုခုထင်မြင်လာအောင် မှန်းပြီး ကြည့်ရှုရတာဖြစ်စေ၊ ကြည်ညိုစိတ်တွေပွားအောင် လေ့ကျင့်ရတာဖြစ်စေ၊ ပါကောင်းပါပါလိမ့်မယ်။ စဉ်းစားဉာဏ်ကို စေစားပြီး ကျင့်တာမျိုးဖြစ်စေ၊ စိတ်ကူးကြည့်ရတာမျိုးဖြစ်စေ၊ ပါကောင်းပါပါလိမ့်မယ်။ ဝိပဿနာအလုပ်လုပ်နေတဲ့အခိုက်မှာ အဲဒီနည်းမျိုးတွေ လုပ်နေခဲ့မယ်ဆိုရင်တော့ စိတ်ထဲမှာ ရှုပ်ထွေးပြီး ပဋိပက္ခတွေ ဖြစ်နေပါလိမ့်မယ်။

ဝိပဿနာကျင့်နည်းရဲ့ အဓိကကိစ္စက စိတ်ကို အတွင်းဆုံးထိ လိုက်ကြည့်ပြီး တစ်ခဏချင်း တစ်ခဏချင်း အတွင်းမှာ ပြောင်းလဲလှုပ်ရှားနေတဲ့ သူ့အလိုလိုတုန်ခါမှု လေးတွေကို လေ့လာသုံးသပ်ဖို့ ဖြစ်ပါတယ်။ ယောဂီပုဂ္ဂိုလ်ဟာ သူ့အရင်ကျင့်နည်းမျိုးနဲ့ ကမ္မဋ္ဌာန်းရှုမှတ်နေခဲ့ရင် သူ့စိတ်ထဲမှာ သူ့နည်းနဲ့သူ တုန်ခါမှုလေးတွေဟာ စိတ်ရဲ့ အပေါ်ယံပိုင်းမှာ ဖြစ်ပေါ်နေပါလိမ့်မယ်။ အဲဒီအခါမှာ စိတ်ရဲ့အတွင်းဆုံးပိုင်းရောက်အောင် လေ့လာဖို့ အခက်အခဲရှိပါလိမ့်မယ်။ ဒါကြောင့် ကမ္မဋ္ဌာန်းဆရာက အရင်ကျင့်နည်းတွေကို အပြစ်မဆိုသော်လည်း 'ဒီဆယ်ရက်စခန်းမှာတော့ သူပြောတာပဲ လိုက်လုပ်ကြည့်ပါ။ အခြားစခန်းတွေ ခဏထားပါ။ ဒီစခန်းကထွက်လို့ ဒီနည်းကို ကြိုက်တယ်ဆိုရင် သုံးပါ၊ မကြိုက်ရင် မသုံးပါနဲ့လို့ ပြောပြပါလိမ့်မယ်။ တခြားနည်းတွေကို ဒီနည်းနဲ့ ရောလို့တော့ မရတဲ့အကြောင်း ရှင်းပြပါလိမ့်မယ်။ အဲဒီလိုရောပြီး ကျင့်တဲ့လူကတော့ ရှားပါတယ်။ လုပ်ကြည့်ရင်လည်း လုပ်ငန်းမှာ ထစ်ငေါ့တတ်တာ တွေ့ရပါတယ်။

ဆရာမှာတဲ့အတိုင်းသာ လေးလေးစားစား လုပ်မယ်ဆိုရင် ဒီသင်တန်းမှာ ဘာအခက်အခဲမျှ မရှိနိုင်ပါ။ မအောင်မြင်ခြင်းရယ်လို့လည်း မရှိနိုင်ပါ။ မအောင်မြင်ခြင်းဆိုတာ သင်တန်းတက်ရလို့ ဘာအကျိုးမျှ မပေါ်တာကို ဆိုလိုပါတယ်။ သင်တန်းဆင်းသွားသူတွေထဲမှာ 'ဘာအကျိုးမျှ မပေါ်ပါ' ဟူ၍ ဆိုသူ တစ်ဦးတလေမျှ မတွေ့ဖူးပါ။ ယောဂီပုဂ္ဂိုလ်တို့ရဲ့ လုံ့သဉဿဟကိုလိုက်လို့ အနည်းနဲ့အများဆိုသလို အကျိုးအမြတ်ပေါ်တာကတော့ သေချာပါတယ်။တစ်နည်းနည်းနဲ့ သိသာထင်ရှားပါတယ်။

■ ဝိပဿနာကျင့်နည်းရဲ့ အဓိကကိစ္စက စိတ်ကို အတွင်းဆုံးထိ လိုက်ကြည့်ပြီး တစ်ခဏချင်း တစ်ခဏချင်း အတွင်းမှာ ပြောင်းလဲလှုပ်ရှားနေတဲ့ သူ့အလိုလိုတုန်ခါမှု လေးတွေကို လေ့လာသုံးသပ်ဖို့ ဖြစ်ပါတယ်။

မေး။ ပေါ်တဲ့ဝေဒနာတိုင်းမှာ အဓိပ္ပါယ်ရှိပါသလား။ ဘာမျှ အဓိပ္ပါယ်မထူးခြားတဲ့ ဝေဒနာမျိုးရောရှိပါသလား။ ဝိပဿနာရှုရာမှာ ပေါ်တဲ့ဝေဒနာတိုင်းကို အဓိပ္ပါယ်ကောက်လို့ ရနိုင်ပါသလား။

ဖြေ။ အဓိပ္ပါယ်ရှိတာချည်းပါ။ အဓိပ္ပါယ်ထည့်ကောက်လို့ မရရင် ဝေဒနာကို လက်သုံးကိရိယာအဖြစ် သဘောထားပါ။ ဝေဒနာပေါ်တိုင်းဟာ ယောဂီပုဂ္ဂိုလ်ကို သင်ခန်းစာပေးနေတာပါ။ ပေးတဲ့ သင်ခန်းစာကတော့ 'ရှုလော့ အသင်ယောဂီ၊ ကျွန်ုပ်ဟာ အမြဲမတည်ပါ။ မကြာမီ ပျောက်ကွယ်သွားရတော့မှာပါ' အဲဒီလို ပြောလိုက်လို့ စိတ်မှာ ချောက်ချားမသွားပါလေနဲ့။ အဲဒီစကားကြောင့် စိတ်သောက မရောက်ပါနဲ့။ အဲဒီလို သိလိုက်ရတာကိုပဲ အကျိုးဖြစ်အောင် နှလုံးသွင်းပါ။ သင့်စိတ်ရဲ့ တုံ့ပြန်လေ့ရှိတဲ့ စရိုက်ဆိုးကို ပြောင်းလဲပစ်ဖို့ ဆင်ခြင်မိပါစေ။ အဲဒီလို ရှုမြင်မယ်ဆိုရင် ပေါ်လာသမျှ ဝေဒနာတွေဟာ အဓိပ္ပါယ်အပြည့်ရှိပါတယ်။

ဝေဒနာရဲ့ အသုံးကျပုံကို မရှုမြင်တတ်ရင်တော့ ဝေဒနာရဲ့ ချုပ်ချယ်မှုအောက်မှာ အလူးအလဲခံရပါလိမ့်မယ်။ စိတ်မှာ အဲဒီဝေဒနာကို တုံ့ပြန်လို့မဆုံး ဖြစ်နေပါလိမ့်မယ်။ ဒီလိုဖြစ်တော့ ယောဂီပုဂ္ဂိုလ်အဖို့ အခြေအနေဆုတ်ယုတ်စေပါတယ်။ အဲဒါဟာ အဝိဇ္ဇာကြောင့်ပါ။ စိတ်မှာ တုန်ခါမှုပေါ်တာဟာ အကျိုးဖြစ်စေပါတယ်။ ဘယ်လိုဖြစ်စေပါသလဲဆိုတော့ ဒေါသဖြစ်လာရင် ဖြစ်လာပြီလို့ သတိပေးဖော်ရတဲ့ အတွက်ပါ။ အဲဒီတုန်ခါမှုက ညွှန်ပြနေတာက 'ဒေါသကတော့ စတင်လာပြီ၊ ဒေါသကို မဖြစ်စေပါနဲ့၊ ဒေါသကို ဖြစ်စေမယ်ဆိုရင် ဒေါသရဲ့ဒဏ်ကို ခံရလိမ့်မယ်၊ ဒေါသက ပွားလာလိမ့်မယ်' အဲဒီလို သတိပေးပါတယ်။ အဲဒီသတိပေးချက်ကို လျစ်လျူရှုခဲ့ရင်တော့ ဥပဒ်ရောက်ရမှာ မလွဲပါ။ အဲဒီလို သတိပေးချက်ဟာ

ပေါ်လာတဲ့ ဝေဒနာကို အကျိုးရှိအောင် သုံးတဲ့နည်းပါ။ ဒေါသစိတ်ကို ဒေါသစိတ်ပဲလို့ သတိမူမိပါစေ။ 'ငါ့ဒေါသ ကြောင့် ဒေါသဆိုတဲ့ဝေဒနာ ပေါ်ပြီ။ ဘယ်လောက်ကြာကြာ ပေါ်မှာလဲ'လို့ စောင့်ကြည့်နေပါ။ အဲဒီလို ဒေါသကို ဒေါသမှန်းသိပြီးတော့ ကိုယ်နဲ့ ဘာမျှမဆိုင်သလို စောင့်ကြည့်တဲ့နည်းဟာ ဒေါသကို ပြေပျောက်စေတဲ့ နည်းဖြစ်တာကို တွေ့ရပါလိမ့်မယ်။

မေး။ ဝိပဿနာအကြောင်း အထူးအလေးပေးပြီး ပြောကြားစရာများ ရှိပါသလား။

ဖြေ။ ဝိပဿနာဆိုတာ စင်စစ်မှာတော့ ဘဝနေနည်းကောင်းတစ်မျိုးပါ။ ကိုးကွယ်မှု ဘာသာတစ်ခုလို့ အတွေးမရောက်သင့်ပါ။ ပုံသေစွဲမှတ်ထားရမယ့် အဆိုအမိန့်တစ်ခု မဟုတ်သလို ဖီလိုဆော်ဖီလို့ခေါ်ကြတဲ့ တွေးခေါ် မြော်မြင်ရေးတစ်ရပ်လည်း မဟုတ်ပါ။ သဘောတရားအနေနဲ့ လက်ခံယုံကြည်မှုလည်း မဟုတ်ပါ။အဲဒီလို သဘောထားပုံတွေအားလုံးကို ဘေးဖယ်ထားရပါမယ်။ ဝိပဿနာဆိုတာ လူ့ဘဝကို သာယာလှပအောင် ဖန်တီးနိုင်ဖို့ အလွန်သန့်စင်မွန်မြတ်တဲ့ ကျင့်စဉ်တစ်ရပ်ပါ။ မိမိအဖို့ရော သူတစ်ပါးအဖို့ရော ကောင်းမြတ်တဲ့ကျင့်စဉ်ဖြစ်ပါတယ်။ အဲဒီလို မှန်ကန်တဲ့ အမြင်နဲ့ ဝိပဿနာကို ရှုမြင်တတ်မယ်ဆိုရင် အလွန်မှ အကျိုးရှိတဲ့ကျင့်စဉ်ဖြစ်ပါတယ်။

သို့ရာတွင် ဝိပဿနာကို အရောင်သွင်းထားတဲ့ မှန်မျိုးနဲ့ ကြည့်မယ်ဆိုရင်တော့ ကြည့်သူအဖို့ အရှုံးပေါ်ပါလိမ့်မယ်။ အဲဒီအမြင်နဲ့ ကြည့်သူက ပြောကောင်းပြောပါလိမ့်မယ်။ 'ဟော ့ပြောလာပြန်ပြီဟေ့၊ ကိုးကွယ်မှု ဘာသာတစ်မျိုး၊ ဗုဒ္ဓဘာသာဆိုလား၊ ဘာဆိုလားပဲ' အစရှိသည်ဖြင့် ကြည်လင်တဲ့အမြင် မရှိသူအနေနဲ့ မလိုတမာပြောပါလိမ့်မယ်။ အဲဒီလိုပြောတဲ့အတွက် ဝိပဿနာအကျင့်က ဘယ်လိုမျှ ထိခိုက်နစ်နာမှု မဖြစ်ပါ။ ပြောသူမှာသာ ဆုံးရှုံးနစ်နာမှု ဖြစ်ပါတယ်။ ဝိပဿနာကို သိပ္ပံပညာတစ်ရပ်အဖြစ် မှတ်ယူသင့်ပါတယ်။ ရုပ်နဲ့စိတ်ကို သိပ္ပံနည်းကျ စူးစမ်းလေ့လာတဲ့နည်းဖြစ်ပါတယ်။ လေ့လာပုံစနစ်က စိတ်ရဲ့ထင်လွယ် မြင်လွယ်တဲ့အပေါ်ယံ အနေအထားက အကြမ်းစားစိတ်သဘာဝကို စတင်လေ့လာရပါတယ်။ အဲဒီကနေပြီးတော့ စိတ်ရဲ့အသိခက်တဲ့ နက်ရှိုင်းရာဘက်ကို ဆင်းသွားပြီးတော့ စူးစမ်းလေ့လာရပါတယ်။ နောက်ဆုံးတော့ စိတ်သက်သက်နဲ့ ရုပ်သက်သက်ပဲ ကျန်သည်ထိ လေ့လာသုံးသပ်ရပါတယ်။ ဒီအချက်ဟာ အရေးကြီးပါတယ်။ ဝိပဿနာအကြောင်း ကျကျနနသိဖို့ရာ လူတိုင်း ဒီအချက်ကို သိရှိထားသင့်ကြပါတယ်။ ဒီလိုဓမ္မဝိဓာန်ကျကျ စူးစမ်းလေ့လာတဲ့နည်းဖြစ်လို့ အုပ်စုမရွေး၊ အတန်းအစားမရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး ဘယ်သူမဆို ကျင့်နိုင်တဲ့နည်းဖြစ်ပါတယ်။

မေး။ ဆရာကြီးရဲ့ စာအုပ်တွေထဲမှာ ညွှန်ပြလိုချက်ကို ပုံပြင်လေးတွေနဲ့ ပြောတာ မှတ်သားလို့အလွန်ကောင်းပါတယ်။ ခုဆွေးနွေးခန်းကိုရော ပုံပြင်လေးတစ်ခုခုနဲ့ နိဂုံးချုပ်ဦးမှာလား ခင်ဗျာ။

ဖြေ။ သူတော်စင်ကြီးတစ်ပါးအကြောင်း ပြောပြလိုပါတယ်။ အဲဒီသူတော်စင်ကြီးက မြစ်ကမ်းနားမှာ ထိုင်နေတတ်ပါတယ်။ တစ်ခါမှာတော့ ကင်းမြီးကောက်တစ်ကောင် ရေထဲမှာ ပေါလော၊ ပေါလောဖြစ်နေတာ သူတွေ့ပါတယ်။ ဒီကောင်တော့ ရေနစ်တော့မှာပဲလို့ သူသိပါတယ်။ ကင်းကို ရေထဲက ဆယ်ထုတ်ဖို့ တုတ်ချောင်းတို့ ဘာတို့ တစ်ခုခုမျှ ရှာမတွေ့ဘူးတဲ့၊ ဒီတော့ သူတော်ကောင်းကြီးပီပီ လက်ကို ရေထဲနှိုက်ပြီး ကင်းကို ကိုင်ယူပါသတဲ့။ မေတ္တာစိတ်၊ ကရုဏာစိတ်ထားပြီး ဆယ်ယူဖို့ ကြိုးစားတာပါ။

ကင်းမြီးကောက်က သူ့လက်ကို အမြီးဖျားနဲ့ထိုးတော့ အဆိပ်တွေ လက်ကိုပြန့်စေပါတယ်။ သူလည်း ရေထဲကျသွားပါတယ်။ သူတော်စင်ကြီးက နောက်တစ်ခါ လက်နဲ့ကိုင်ပြီး ကင်းကို ရေကနေဆယ်ဖို့ ထပ်ပြီး အားထုတ်ပြန်ပါတယ်။ဒါကို ဘေးက စောင့်ကြည့်နေသူတစ်ဦးကမြင်တော့ 'ဘာလုပ်နေတာလဲဗျ။ ကင်းက တုတ်တတ်မှန်းသိလျက်နဲ့ ခင်ဗျားထပ်ထပ်ပြီး ကိုင်နေပါကလား' ဒီတော့ သူတော်စင်ကြီးက ပြန်ပြောပုံကတော့ 'ကင်းရဲ့ သဘာဝစရိုက်က တုတ်ဖို့ပဲ။ ကျွန်ုပ်ရဲ့ သဘာဝစရိုက်ကတော့ ကယ်ဖို့ပဲ'တဲ့။

ဝိပဿနာအားထုတ်သူရဲ့အလုပ်က တရားအားထုတ်ဖို့ပဲ၊ တရားတွေ့အောင် ရှာဖို့ပဲ၊ တွေ့မယ်မတွေ့ဘူးတော့ ဘယ်သိနိုင်ပါ့မလဲ။ လမ်းဆုံးအောင် လိုက်နိုင်ရင်တော့ တွေ့ရမှာ အမှန်ပဲပေါ့။

(ဆရာကြီး ဦးဂိုအင်ကာ၏ မိန့်ကြားချက်အပြည့်အစုံကို သိရှိလိုပါလျှင် ဆရာကြီး၏ **"ကမ္မဋ္ဌာန်းခွင်ယနေ့ဝင်"**စာအုပ်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။)

■



# စက်ာပူ၏နှစ်သစ် မင်္ဂလာနံနက်ခင်း

မောင်သုဆွေ(သပြေရုံ)

ခရစ်နှစ် ၂၀၀၄–ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့ နံနက်ခင်းသည်ပင် မင်္ဂလာနံနက်ခင်း ဖြစ်ပါသည်။ စင်္ကာပူနိုင်ငံ ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်း တိုပါးရိုး (Myanmar Buddhist Temple,Toapayoh) ၏ အဌမအကြိမ်မြောက် ပိဋကပါတ် မဟာသံဃာ့ဆွမ်းလောင်း ပွဲတော်ကျင်းပသည့်နေ့လည်း ဖြစ်ပါသည်။

နံနက်စောစော (၆)နာရီခန့် မှစတင်၍ စင်္ကာပူရောက် မြန်မာများနှင့် စင်္ကာပူနိုင်ငံသား ဗုဒ္ဓဘာသာဝင်များပါ ကျောင်းတော်သို့ ရောက်ရှိလာကြပါသည်။ တကယ်တော့မူ စင်္ကာပူ၏ နံနက် (၆)နာရီသည် လင်းရောင်ခြည် သိသာစွာ မလာသေးပေ။ မာကျူရီမီးပွင့်များ ကြားတွင်ပင် အမှောင်စတို့ ပြောက်တိပြောက်ကြား စွန်းထင်းနေသည်။ ရာသီဥတုသာယာသည့် နံနက်ခင်းသည် ချမ်းမြမြနှင့် မြန်မာနိုင်ငံ ဆောင်းဝင်စကဲ့သို့ ရှိနေပါသည်။

ကျောင်းဝင်းအတွင်းတွင်လည်း လှူဖွယ်ပစ္စည်းများတင်ရန် စားပွဲငယ်များကို လှူဒါန်းသူတို့ အဆင်ပြေပြေ လှူဒါန်းနိုင်ရန်အတွက် ပုညသင်္ဂဟမိသားစု ကပ္ပိယအဖွဲ့မှလည်း ပြင်ဆင်ပေးရင်း စောစောစီးစီး

ရွှေးပြန်နေကြပါသည်။

နံနက်စောစော (၇)နာရီတွင် ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးတိလောကထံမှ ငါးပါးသီလခံယူပြီး အလှူတော်ကို ချီးမြှင့်ကြသော ဆရာတော်တစ်ရာ့ သုံးဆယ်တို့၏ ပရိတ်ကြီး(၁၁) သုတ် ရွတ်ဖတ်ပူဇော်မှုကိုလည်း နာကြားခွင့်ရခဲ့ကြပါသည်။

၏။ ဒါနပြုလိုသူများမှာလည်း လှူဖွယ်ဝတ္ထုမျိုးစုံဖြင့် ကျောင်းပရဝဏ် တစ်ခုလုံး ပြည့်လုနီးနေသည်။

စင်္ကာပူရောက် မြန်မာများအဖို့ သံဃာတော်တစ်ရာကျော်အား တစ်စုတစ်ဝေး ဖူးမြော်ခွင့်၊ ဒါနပြုခွင့်ရသော ကြုံတောင့်ကြုံခဲအခွင့်အရေးမို့လည်း တစ်နှစ်တွင် တစ်ရက်တည်းမို့ အားခဲပြီးလာရောက်ကြ

ဆရာတော်တစ်ပါးနောက်မှ ကပ္ပိယတစ်ယောက်ကျ အိတ်ကြီးများနှင့် မလေးနိုင်၊ မမောနိုင် အားကျိုးမာန်တက် လုပ်အားဒါန ပြုနေကြသည်ကိုလည်း မြင်တွေ့ခဲ့ရပါသည်။ကပ္ပိယလုပ်ရသည်မှာလည်း သိပ်မလွယ်လှ။ အားကောင်းမောင်းသန် မဟုတ်တောင် အတော်အတန်ခွန်အား ရှိဖို့တော့ လိုပါ၏။ ပစ္စည်းမျိုးစုံဖြင့်



***စင်္ကာပူ၏ မင်္ဂလာနံနက်ခင်း***

နံနက် (၇)နာရီ လေးဆယ့်ငါးမိနစ်တွင် ပိဏ္ဍပါတ် မဟာသံဃာ့ဆွမ်းလောင်းပွဲတော် စတင်ခဲ့ပါသည်။ သံဃာတော် အရှင်မြတ်ပေါင်း တစ်ရာ့သုံးဆယ်၊ သာမဏေငယ်နှစ်ပါးနှင့် သီလရှင်လေးပါး အလှူခံရန်ကြွရောက်လာခဲ့ကြပါသည်။ မြန်မာ၊ ယိုးဒယား၊ မလေးရှား၊ သီရိလင်္ကာ စသောနိုင်ငံစုံမှ ကြွလာကြခြင်းဖြစ်သည်။ သူ့ကြည့်လည်း ပြုံးပြုံးရွှင်ရွှင် တက်တက်ကြွကြွ၊ ကိုယ့်ကြည့်လည်း ပြုံးပြုံးရွှင်ရွှင် တက်တက် ကြွကြွဖြစ်နေကြသည်။ အတော်အတန်ကျယ်ဝန်းသော ကျောင်းတော်ကြီး၏ ပရဝဏ်ပင်လျှင် ပရိသတ်အင်အားကြောင့် ကျဉ်းသယောင်ပင် ဖြစ်သွားပါတော့သည်။

လှူဖွယ်ဝတ္ထုများ များလွန်း၍ အလှူခံအိတ်တို့မှာ လက်အံ့သေလောက်သည်ထိ လေးမှန်းမသိ လေးလွန်းလှ၏။သို့သော် မိမိဆန္ဒအလျောက် (Volunteer)ကပ္ပိယလုပ်လိုကြသဖြင့် တန်းစီနေကြသော ကပ္ပိယတန်းကြီးမှာလည်း ဝမ်းမြောက်ဖွယ် တစ်မျှော်တစ်ခေါ်ဖြစ်နေရပါ၏။ ဤပွဲတော်ကြီးသည်ပင် အဝေးရောက် မြန်မာတို့ ကုသိုလ်မျိုးနဲ့ ပြုခွင့်ရသော



သံဃာတော်တစ်ရာကျော်အား တစ်စုတစ်ဝေး ဖူးမြော်ခွင့် ရကြပြီ



မြန်မာ၊ ယိုးဒယား၊ မလေးရှား၊ သီရိလင်္ကာ စသော နိုင်ငံပေါင်းစုံမှ ကြွလာခြင်းဖြစ်၏။



*ပရိတ်ကြီး (၁၁)သုတ် ရွတ်ဖတ်ပူဇော်မှုကိုလည်း နာကြားခွင့်ရကြသည်။*

ပွဲတော်ကြီးပါပေတကား။

ပထမအကြိမ်မြောက် ပိဋကပါတ် မဟာသံဃာ့ဆွမ်းလောင်း ပွဲတော်ကြီးကို ၁၉၉၆–ခုနှစ်၊ ဇန်နဝါရီ (၁)ရက်နေ့မှစတင် ကျင်းပနိုင်ခဲ့သည်။ ထိုနှစ်မှစ၍ တစ်နှစ်မျှ အပျက်မခံဘဲ နှစ်စဉ် ကျင်းပလာခဲ့သည်မှာ ၂၀၀၄ ခုနှစ်သည် အဌမအကြိမ်မြောက် ပွဲတော်ကျင်းပသည့်နှစ် ဖြစ်သည်။ အခက်အခဲမျိုးစုံ ကျော်လွှား၍ မဖြစ်ဖြစ်အောင် ဖန်တီးခဲ့သည့် ဆရာတော် ဦးတိလောကနှင့် ဖြစ်မြောက်ရေး အမှုဆောင်များ၏ ဘာသာသွေးနိုးကြွမှုမှာလည်း အားကျဖွယ်ကောင်းလှပါ၏။

ပိဋကပါတ် မဟာသံဃာ့ဆွမ်းလောင်းသူများအား မြန်မာပြည် အလွမ်းပြေ မုန့်ဟင်းခါးကျွေးသူကလည်း ကျွေး၊ ပုညသင်္ဂဟမိသားစု၏ အကြော် ပူပူနွေးနွေး လွေးသူလွေးလျက် ဇန်နဝါရီတစ်ရက်နေ့ နံနက်ခင်းသည် ပီပီပြင်ပြင် ရှိလှပါ၏။ ဘူးသီးလှီးသူလှီး၊ ကြက်သွန်လှီးသူလှီး၊ဘယာကြော် ကြော်သူကြော်နှင့် ပျော်စရာနံနက်ခင်းတွင် အမိမြန်မာပြည်များ ပြန်ရောက်နေသလားဟုပင် ထင်ကောင်းထင်မိကြပေလိမ့်မည်။

သေးငယ်သော ကျွန်းနိုင်ငံလေးဝယ် ရောက်နေကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် ဆုံဖို့ရာမှာ ထင်သလောက် မလွယ်ကူလှ။ ယခုကဲ့သို့ နေ့ထူးဂုဏ်ထူးများ ရှိမှသာ၊ ကျောင်းတော်ကြီးတွင် စုမိကြမှသာ ရှေးဟောင်းနှောင်းဖြစ်များ ပြောကြ၊ မြန်မာအစားအစာများ စိတ်လိုလက်ရ စားကြနှင့် မြန်မာပြည် အလွမ်းဖြေရသည်။

အနယ်နယ် အရပ်ရပ်မှ ကြွရောက်လာကြသော ဆရာတော်များ၏ တရားအဟော စကားအပြောကိုလည်း အားပါးတရ နာရသည်။ အလုပ်နှင့်အိမ်၊ အိမ်နှင့်အလုပ် ခေါက်ပြန်တုံ့လှုယ် နေရာမှ ကျောင်းရိပ်၊ ကန်ရိပ် ခိုလှုံခွင့်ကြုံရသည်။ အရေးကြီးလျှင် သွေးနီးကြသော မြန်မာတို့၏ စိတ်ရင်းသည် ဤပွဲမျိုးတွင် ထင်းခနဲပေါ်လွင်နေပါသည်။ အရုဏ်ဦး၏ ရောင်ခြည်နှင့်အပြိုင် လန်းဆန်းတက်ကြွနေသော၊ လှူဖွယ်ဝတ္ထုတို့နှင့်အတူ လတ်ဆတ်နုပျိုနေကြသော ဒါနပြုခွင့်ကြုံသူ မြန်မာတို့၏ မျက်နှာများတွင် ဝမ်းသာမှုဟန်များမှာကား အထင်းသားပေါ်လွင်လျက် ...။

■ **မောင်သုဆွေ (သပြေရုံ)**



# ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နောက်ဆုံးနေ့များ

(ယခင်လမှအဆက်)

### နောက်ဆုံးပြန်ဟောသည့် ဓမ္မစကြာတရားတော်

အဲဒါကြောင့် အဲဒီနေ့နဲ့ရက်ကိုတော့ ဘုန်းကြီးမမှတ်မိနိုင်ပါဘူး။ သို့သော် ဘုန်းကြီးမှတ်မိနိုင်တာက နယုန်လပြည့်ကျော်လောက်မှာ ဒီလို ဥပုသ်နေ့တစ်ညမှာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဟာ ဘုန်းကြီးကို အမိန့်ရှိပါတယ်။ အဲဒီအချိန်မှာ ဘုန်းကြီးနဲ့ အတူတကွ ဘုန်းကြီး အနီးနားမှာ ခုမဟာစည်သာသနာ့ရိပ်သာအတွင်းမှာရှိတဲ့ နာယကဆရာတော်ဖြစ်တဲ့ ဆရာတော် ဦးသူရိယရှိပါတယ်။ နောက်ပြီးတော့ ဘုန်းကြီးနဲ့အတူ ဝေယျာဝစ္စ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ဆရာတော်ဦးဝိစာရိန္ဒ (ပဲခွယ်ကုန်းသာသနာ့ရိပ်သာတာဝန်ကျသွားတဲ့ ဦးဝိစာရိန္ဒ)ရှိပါတယ်။ နောက် ဘုန်းကြီး ဦးယသ၊ဘုန်းကြီးတို့ လေးပါးရှိပါတယ်။

အဲဒီအချိန်မှာပဲ ဆရာတော်ဘုရားကြီးက ဘုန်းကြီးကို မေးပါတယ်။ ''ဦးပဥ္ဇင်းဆီမှာ စက်တွေဘယ်နှလုံးရှိသလဲ''။ ဘုန်းကြီးက ဆရာတော်ဘုရားကြီးရဲ့ အသံဖမ်းစက်တွေ ဘုန်းကြီးက ကိုင်ထားပါတယ်။ အဲဒီမှာ ဘုန်းကြီးကပဲ အသံဖမ်းပေးတာပါပဲ။ တိပ်ရီကော်ဒါနှင့် ဘုန်းကြီးဖမ်းတယ်။ ဒီလိုကက်ဆက်နဲ့လည်း ဖမ်းပေးရတာ ဖြစ်တဲ့အတွက်ကြောင့် ဆရာတော်ဘုရားကြီးရဲ့ အသံဖမ်းစက်တွေဟာ ဘုန်းကြီးဆီမှာပဲ ရှိပါတယ်။ အဲဒီတော့ ဘုန်းကြီးဆီမှာ စက်တွေ ဘယ်နှလုံးရှိသလဲလို့မေးတော့ ဘုန်းကြီးက (၃)လုံးရှိ

ပါတယ်ဘုရားလို့၊ တိပ်ရီကော်ဒါ တစ်လုံးနဲ့ ကက်ဆက်နှစ်လုံး ရှိပါတယ်ဘုရား။

အဲဒီစက်တွေ ကောင်းသလားလို့ မေးပါတယ်။ ကောင်းပါတယ်ဘုရား။ တိပ်ရီကော်ဒါဆိုရင် ဆရာတော်ဘုရားကြီး နိုင်ငံခြားကပါလာတဲ့အတွက်ကြောင့် အသစ်စက်စက်ဆိုတော့ အင်မတန်ကောင်းပါတယ်ဘုရား။

အဲဒါတွေကို ပြင်ဆင်ထားပါတဲ့၊ ဆရာတော်ဘုရားကြီးက အမိန့်ရှိပါတယ်။ ပြင်ဆင်ထားလို့ အမိန့်ရှိပြီးနောက် အဖွဲ့ကိုလည်း ပြောပြပါတဲ့။ သူတို့လည်းပဲ ဖမ်းချင်ရင် ဖမ်းထားဖို့ ပြောပြလိုက်ပါတဲ့။ဆရာတော်ဘုရားကြီး အမိန့်ရှိပါတယ်။

ဒီက မဟာစည်သာသနာ့ရိပ်သာကြီးကို စပြီးတော့ ဆာဦးသွင်တို့၊ ဦးနုတို့ ပင့်လာတဲ့အချိန်ကာလတုန်းက ဒီသာသနာ့ရိပ်သာကြီးကို ဒီဓမ္မစကြာတရားနဲ့ပဲ ဖွင့်ပေးခဲ့တယ်တဲ့။ ဆရာတော်ဘုရားကြီးက အမိန့်ရှိပါတယ်။

အခုလည်းပဲ ''ဒီဓမ္မစကြာတရားကိုပဲ ဘုန်းကြီးပြန်ဟောပေးထားခဲ့မယ်။နားသာထောင်ကြတော့'' ဆိုတာ ဆရာတော်ဘုရားကြီးက ငါကြွတော့မယ်လို့ အတိအလင်းပြောနေသလိုပဲ။

အဲဒီအချိန်မှာ ဘုန်းကြီး အနီးအနားမှာ အတူတကွရှိနေကြတဲ့ ဒီဦးပဉ္စင်းတွေ အချင်းချင်း၊ အခုလူတွေအချင်းချင်း တစ်ယောက်နဲ့တစ်ယောက်၊ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ပြီးသားတောင် ဖြစ်သွားတယ်။ဆရာတော်ဘုရားကြီး အမိန့်ရှိလိုက်တဲ့ စကားကြောင့်။ စပြီးတော့ ဒီမဟာစည် သာသနာ့ရိပ်သာကြီးကို စရောက်စတုန်းကလည်း ဒီဓမ္မစကြာတရားနဲ့ ဖွင့်ပေးခဲ့တယ်။ အခုလည်းပဲ ဘုန်းကြီး ဒီဓမ္မစကြာကို ပြန်ပြီးတော့ ဟောပေးထားခဲ့မယ်။

## နောက်ဆုံးဓမ္မစကြာတရား ဟောပုံဟောနည်း

ဒါပေမယ့်တဲ့၊ဟိုတုန်းကလို ဒီဓမ္မစကြာတရားဟောတဲ့ အခုစာအုပ်အဖြစ်နဲ့တော့ ရှိနေပြီးတော့ အသံအဖြစ်နဲ့တော့ မရှိတော့ဘူးတဲ့။ အဲဒီလို အသံအဖြစ်နဲ့မရှိတော့တဲ့အတွက်ကြောင့်မို့လို့ ဒီကအသံအဖြစ်နဲ့ပဲ ဟောပေးခဲ့မယ်။ သို့သော် ဟိုတုန်းကလို မဟောနိုင်တော့ဘူးတဲ့၊အသက်က ကြီးတော့ စာအုပ်နဲ့ပဲ ဖတ်ပြီး ဘုန်းကြီးဟောပေးထားခဲ့မယ်တဲ့၊ဒီအသံကို ကြားရရင်လည်းပဲ နာရတဲ့ပုဂ္ဂိုလ်တွေ အကျိုးကျေးဇူးများလောက်ပါလိမ့်မယ်။ အဲဒီလို အမိန့်ရှိပြီးတော့ အဖွဲ့ကိုလည်းပဲ ဒီဓမ္မစကြာတရား ဟောမယ်ဆိုတဲ့ အကြောင်းကို ဦးပဉ္စင်းကပြောပြီးတော့ အသံဖမ်းလိုက ဖမ်းထားလို့ အမိန့်ရှိခိုင်းပါတယ်။

အဲဒီနေ့ကစပြီးတော့ ဘုန်းကြီးစိတ်ထဲမှာတော့ ပထမဝါဆိုလပြည့်နေ့ကလို့ ထင်ပါတယ်။ ဆရာတော်ဘုရားကြီးက လပြည့်နေ့မှာ ဟောတာကိုး။ အဲဒီလပြည့်နေ့ကစပြီးတော့ ဒီဓမ္မစကြာတရားကို စာအုပ်ကိုဖတ်ပြီးတော့ ဟောကြားပေးခဲ့ပါတယ်။

အဲဒီဟောကြားစဉ်မှာလည်း အဲဒီတုန်းကတော့ ဟောတဲ့အသံထဲမှာ ပြန်ပြီးနားထောင်ရင်း အခုဘုန်းကြီးပြောတဲ့ စကားအတိုင်း ဆရာတော်ဘုရားကြီး ပြန်ပြောတာကို အဲဒီအသံထဲမှာ ပြန်ပြီးကြားနိုင်ပါလိမ့်မယ်။ ဒီဓမ္မစကြာတရားနဲ့ မဟာစည်သာသနာ့ရိပ်သာကြီးကို ဖွင့်ခဲ့ပုံ၊ အခုလည်းပဲ ဒီဓမ္မစကြာတရားကို ဟောပေးခဲ့မယ်ဆိုတဲ့ဟာကို အသံထဲမှာ ရှိနေပါလိမ့်မယ်။

အဲဒီအချိန်မှာဆိုရင် ဘုန်းကြီးက ဆရာတော်ဘုရားကြီးနောက်က အသံဖမ်းစက်နဲ့ကိုင်ပြီး ဖမ်းနေတာဆိုတော့ ရှေ့ကပရိသတ်ကို ဘုန်းကြီးက အားလုံးမြင်နေရပါတယ်။ အဲဒီ တချို့သတိထားမိတဲ့ ပုဂ္ဂိုလ်များဟာ ဆရာတော်ဘုရားကြီး အဲဒီစကား အမိန့်ရှိလိုက်တယ်ဆိုရင် မျက်ရည်ကျတာ ဘုန်းကြီးကိုယ်တိုင် မြင်နေရတယ်။ သတိထားမိကြတာပေါ့လေ။ ဆရာတော်ဘုရားကြီး နောက်ဆုံးစကားပြောနေပြီလားဆိုတာကို သူတို့စိတ်ထဲမှာ ခံစားချက်တွေဖြစ်သွားတာကို တစ်ခါတည်း တွေ့နေရပါတယ်။

အဲဒီတော့ ပထမဝါဆိုလပြည့်နေ့ကစပြီး ဟောတယ်လို့ ဘုန်းကြီးထင်ပါတယ်။ လပြည့်နေ့ဟောရင် နောက်လကွယ်နေ့ ဆရာတော်ဦးသုဇာတအလှည့်ကို၊ ဆရာတော်ဦးသုဇာတ မဟောနိုင်တဲ့အခါကျတော့ ဆရာတော်ဘုရားကြီးက ပြန်ဟောပေးတယ်။ အဲဒီဟာပဲ ဟောတယ်။

အဲဒီတော့ ဒီလပြည့်၊ လကွယ်လောက်နဲ့ ပြီးမှာမဟုတ်တဲ့အတွက် မြန်မြန်ပြီးအောင် သီလပေးတဲ့အချိန်မှာ ဟောမှုဖြစ်မယ်ဆိုပြီး သီတင်းနေ့တိုင်း၊ သီတင်းနေ့

တိုင်း သီလပေးရင်း၊ သီလပေးရင်း၊ တစ်နာရီ၊ တစ်နာရီဟောပါတယ်။ အဲဒီလို ဆရာတော်ဘုရားကြီး ဟောနေစဉ်မှာ ဘုန်းကြီးက ဒီစာအုပ်ကိုင်ပြီးတော့ နောက်ကနေထိုင်ပြီးတော့ အကုန်လုံးအစဉ်လိုက်ကြည့်နေခဲ့တယ်။ ဆရာတော်ဘုရားကြီး ပြီးသွားတဲ့နေရာကို ဘုန်းကြီးစာအုပ်ထဲမှာ ရေးမှတ်တယ်။ မှတ်တမ်းလေးတွေ အနီလေးတွေနဲ့ ဘုန်းကြီးရေးထားတာရှိပါတယ်။ ဒါပေမယ့် အစပိုင်းက ဘုန်းကြီးမရေးလိုက်မိဘူး။ ဒီနောက်ပိုင်းကျတော့မှ ဒုတိယဝါဆိုလပြည့်ကျမှ ဘုန်းကြီးဒါတွေရေးမိထားတာဖြစ်တော့ ဆရာတော်ဘုရားကြီးဟာ ဒုတိယဝါဆိုလပြည့်ကျော် (၈)ရက်နေ့ဟာ ဒါနောက်ဆုံးဟောတဲ့ နေ့ပါ။ ဒုတိယဝါဆိုလပြည့်ကျော် (၈)ရက်နေ့ဟာ နောက်ဆုံးဆရာတော်ဘုရားကြီး ဒီဓမ္မစကြာတရားကို (၂)လနီးပါးလောက် စာအုပ်နဲ့ဖတ်ပြီး ဒုတိယပိုင်းပြီးသည့်ထိအောင် ဟောကြားသွားပါတယ်။

အဲဒါလည်း ဆရာတော်ဘုရားကြီးအမိန့်ရှိတာလေးကို ပြန်ပြီးတော့အသံဖမ်းထားတာ ရှိလည်းပဲ နားထောင်ကြည့်လိုက်ရင် ဘုန်းကြီးပြောတဲ့အတိုင်းပဲ ဆရာတော်ဘုရားကြီး အမိန့်ရှိတာတွေ ပါလာလိမ့်မယ်။ အဲသလိုကို ဆရာတော်ဘုရားကြီးက ဟောပေးထားခဲ့မယ် ဆိုတဲ့သဘောနဲ့ ပြောထားခဲ့တာပါ။

မေး။ အခုတိုင်းဆိုတော့ ဆရာတော်ဘုရားကြီးက ဒီဓမ္မစကြာ တရားတော် စတင်ဟောခဲ့တဲ့အချိန်က တချို့ဒကာကြီးတွေက–

ဖြေ။ ဟုတ်တယ်။ ရှေ့ကိုနိမိတ်ပြေးလေးတွေ ဆရာတော်ဘုရားကြီးက ပြောနေတာပါ။ အဲဒါကို ပြောနေပါတယ်။

မေး။ အဲဒါနဲ့ တစ်ဆက်တည်းပေါ့ဘုရား။ တပည့်တော်တို့ ဒီနီးကပ်လာတဲ့ တစ်ပတ်၊ နှစ်ပတ်လောက်အလိုကျတော့ ဘာတွေများ ထူးခြားချက်တွေ ဘာတွေများ လေ့လာမိတယ်၊ မှတ်သားမိတယ် ဆိုတာလေးတွေရှိခဲ့ရင်ပေါ့ဘုရား။

## ဆရာတော်၏ ရူပကာယ ပို၍ ကြည်လင်ခြင်း

ဖြေ။ ထူးခြားတာတွေ ရှိပါတယ်။ အဲ ့ဒကာကြီးတို့ ကာယဝိညတ်၊ဝစီဝိညတ် ထူးခြားမှုတွေ အများကြီးရှိခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးဟာ ဒီစံလွန်တော်မူခါနီး လပိုင်း၊ တစ်လပိုင်းလောက်အလိုကတည်းက ဆရာတော်ဘုရားကြီးရဲ့ ရုပ်ရည်အဆင်းတွေက အင်မတန်ကြည်လင်ပါတယ်။သိပ်ကိုတင့်တယ်ပါတယ်။ ဒီကာယဝိညတ်အနေနဲ့တော့ ဟိုတုန်းကနဲ့ မတူအောင် ဆရာတော်ဘုရားကြီးရဲ့ ရုပ်ရည်အဆင်းတော်တွေဟာ ကြည်လင်ပြီးတော့ စိတ်ထဲကကို တစ်ခါတည်းကြည့်နေလို့မဝအောင် ကြည်ညိုလို့မဝအောင် ကြည်လင်နေတဲ့သဘောတွေပါတယ်။အဲဒီလိုကြည်လင်နေတဲ့သဘောတွေ့တဲ့အခါတိုင်း ဘုန်းကြီးဒါလေးတွေကိုလည်းပဲ ဟို့သိနေတာဆိုတော့ ဘုန်းကြီးတို့နာယကဆရာတော်ဘုရားများက ဆရာတော်ကြီး စံလွန်တော်မူပြီးစ အချိန်ကာလတွေမှာ ဘုန်းကြီးကိုခေါ်ပြီးတော့ ဩဝါဒပေးပါတယ်။

ဦးပဉ္စင်းသိတာတွေ သိသလောက် မပြောနဲ့တဲ့။ ကိုယ့်ဆရာသမားရဲ့ဂုဏ်တွေကို ကိုယ်ကဖော်ထုတ်ပြီးတော့ ပြောရာရောက်နေလိမ့်မယ်။ တခြားကဲ့ရဲ့တတ်တဲ့ပုဂ္ဂိုလ်တွေ ကဲ့ရဲ့ပြစ်တင်ဖွယ်ဖြစ်လိမ့်မယ်။ ဦးပဉ္စင်းသိသလောက်တွေ ဘာမျှ ပြောမနေနဲ့ဆိုပြီးတော့ တားမြစ်ထားတဲ့ အတွက်ကြောင့် ဘုန်းကြီးဒါတွေ ဘာမျှ ထည့်မပြောခဲ့ပါဘူး။ သို့သော် ဘုန်းကြီးတစ်ပါးတည်းတွင် သိတာမဟုတ်ပါဘူး။ စောစောကပြောတဲ့ ဘုန်းကြီး ဦးသူရိယ၊ ဦးဝိစာရိန္ဒ၊ ဒီသုံးပါးကတော့ သိနေပါတယ်။ ဘုန်းကြီး ဦးယသကတော့ သိ၊မသိတော့ မပြောတတ်ဘူး။ သူသက်တော် ကြီးတော့ သတိမထားမိပါဘူး။ သူတို့ နားတို့ဘာတို့လေးတော့လေ။ အဲဒီတော့ ဆရာတော်ဘုရားကြီးရဲ့ ဒီကာယဝိညတ်ဟာ ရုပ်အဆင်းတွေ အင်မတန်ကို ကြည်လင်ပြီးတော့ နေတဲ့အခါမှာ ဘုန်းကြီးရဲ့စိတ်ထဲဖြစ်တာလေးကိုပဲ အခုပြောပါမယ်နော်။ ဒါပေမယ့် ဘုန်းကြီးရဲ့ ဒီစိတ်ထဲသိခဲ့တာတွေကို နှုတ်နဲ့ထုတ်ပြီးတော့ လျှောက်ခဲ့သလားဆိုတော့ ဘုန်းကြီး မလျှောက်ခဲ့ဖူးပါဘူး။ စိတ်ထဲမှာ ဘုန်းကြီးဖြစ်တာလေးကိုပဲ ပြောမယ်။

ဘုန်းကြီးစိတ်ထဲမှာ ဘယ်လိုဖြစ်ခဲ့သလဲဆို ဆရာတော်ဘုရားကြီးရဲ့ ရုပ်ရည်အဆင်းတွေက သိပ်ပြီးတင့်တယ်၊သိပ်ပြီးကြည်လင်နေတဲ့အခါကာလကျတော့ ဆရာတော်ဘုရားကြီးမှာ တရားတွေများ ပြီးဆုံးနေပြီလားလို့ စိတ်ထဲမှာ ဘုန်းကြီးဒီလိုပဲဖြစ်နေပါတယ်။ အဲဒီလို စိတ်

ထဲမှာဖြစ်နေပြီးတော့ ဘုန်းကြီးမှာ ချီတုံ
ချတုံ၊ ချီတုံ ချတုံဖြစ်ပြီး ဆရာ
တော်ဘုရားကြီးကို လျှောက်လို့
ကောင်းနိုးနိုး၊ လျှောက်ရကောင်း
မလား၊ မလျှောက်ဘဲနေရကောင်း
မလား ဘုန်းကြီးမှာ ဒီလိုဖြစ်နေပါ
တယ်။ အဲဒီလို ဖြစ်တဲ့အခါကာလ
ကျတော့ ဘုန်းကြီးမှာ ဒါအမြဲတမ်း
ခေါင်းထဲမှာ စွဲနေသလို ဖြစ်နေတယ်။
စွဲနေသလို ဖြစ်နေတော့၊ ဘုန်းကြီး
ကဲဘာပဲဖြစ်ဖြစ် လူရှင်းတဲ့အချိန်ငါ
စောင့်မှပဲဆိုပြီးတော့ ဘုန်းကြီး
လျှောက်ဖို့ နှစ်ကြိမ်တိုင်တိုင်ကြိုးစား
ခဲ့ပါတယ်။ဒါနဲ့စပ်ပြီးတော့ ဒီတရားနဲ့
စပ်ပြီးတော့ပေါ့လေ– လျှောက်ချင်
တော့ ဘုန်းကြီးနားကပ်ပြီးတော့ လူ
ရှင်းချိန်၊ ဆရာတော်ရဲ့ဒီကျမ်းစာ
ရိုက်နေချိန်မှာ ဘုန်းကြီး သွားပြီးတော့
ဦးချလိုက်ပါတယ်။ အဲဒီမှာ ဆရာ
တော်ဘုရားကြီးက မြင်လို့ ဦးပဥ္စင်း
ဘာလဲလို့ မေးလိုက်ရင် ဘုန်းကြီး
ဘာလျှောက်ရမှန်းမသိတော့ဘူး။
နောက်ပြီးတော့လည်း ကိုယ်လျှောက်
မယ့်စကားဟာ ကိုယ့်ဘဝရဲ့တသက်
တာမှာ စွဲသွားမယ့်စကားဖြစ်နေ
တယ်။ ဆရာတော်ဘုရားကြီးရဲ့
တရားပြီးဆုံးပြီလား၊ မပြီးဆုံးသေး
ဘူးလားဆိုတာ ဘုန်းကြီးက ဒါ
လျှောက်မှာ–လျှောက်မှာက။

အဲဒီတော့ ကိုယ်မေးရမယ့်
စကားအရ ဆရာတော်ဘုရားကြီး
ပြောမယ့်စကားဟာ ကိုယ့်အသည်း
စွဲနေတော့မှာဖြစ်တဲ့အတွက်ကြောင့်
မို့ လျှောက်မယ်လို့ သွားလိုက်တယ်
ဆရာတော်ဘုရားကြီးက ဦးပဥ္စင်း
ဘာကိစ္စလဲလို့မေးလိုက်ရင် မလျှောက်
ဖြစ်ပြန်ဘူး။ အဲဒီမှာ မလျှောက်ရဲ
သလိုဖြစ်ပြီး ဘုန်းကြီးပြန်ခဲ့ရတယ်။
နှစ်ကြိမ်လောက် ဘုန်းကြီး ကြိုးစား
မိခဲ့ပါတယ်။ ဒါဟာ ဘုန်းကြီးရဲ့ ရင်
ထဲမှာဖြစ်နေတာနော်။ ဆရာတော်
ဘုရားကြီးရဲ့ အရေးအဆင်းတွေ
ကြည်လင်မှုကိုကြည့်ပြီး ဘုန်းကြီး
စိတ်ထဲမှာ ဖြစ်နေတာပါ။ ဒါပေမယ့်
ဘုန်းကြီး မအောင်မြင်ခဲ့ပါဘူး။ မ
လျှောက်ထားဝံ့တော့၊ ဆရာတော်
ဘုရားကြီးဆီက ဘုန်းကြီးမရခဲ့ပါ
ဘူး။

သို့သော် ဆရာတော်ဘုရား
ကြီး စံလွန်တော်မူမည့် လပိုင်း
အတွင်းမှာပေါ့လေ–ဆရာတော်ဘုရား
ကြီးရဲ့ ထူးခြားတဲ့ နှုတ်ကနေပြီးပြော
ဆိုတဲ့စကားတွေဟာ ဘုန်းကြီးတစ်
ပါးတည်း သိတာမဟုတ်ပါ။ အခု
လက်ရှိ ရှိနေသေးတဲ့ ဘုန်းကြီး
ဦးသူရိယကိုလည်း လျှောက်မေးမြန်း
ကြည့်ရင် သိနိုင်ပါတယ်။ နောက်
နှစ်ပါးဖြစ်တဲ့ ဦးဝိစာရိန္ဒ၊ ဦးယသ
တို့ကတော့ ပြန်လွန်တော်မူသွားကြ
ပြီ။ အဲဒီတော့ ဘုန်းကြီးတို့ လေးပါး
သာသိတဲ့အတွက်ကြောင့်မို့ အဲဒီမှာ
ကျန်ပါသေးတယ်။ တစ်ပါး– ဘုန်း
ကြီး ဦးသူရိယ၊ အဲဒီတော့ ဦးသူရိယ
ကလည်း ကြားပါတယ်။ ဘုန်းကြီး
တို့ကိုယ်တိုင်လည်း အားလုံးက
ဒီဟာကို သတိထားမိကြပါတယ်။
သို့သော် ဆရာတော်ဘုရားကြီးရဲ့
အရေးအဆင်းတွေဟာ ကြည်လင်
ပြီးတော့ နေတဲ့အတွက်ကြောင့်
ဆရာတော်ဘုရားကြီးရဲ့ ဒါတွေ
နောက်ဆုံးစကားတွေ မဟုတ်ဘူး
လို့ ဘုန်းကြီးတို့က ကိုယ့်ဟာကိုယ်
ပဲ ဖြေဖျောက်ပြီးတော့ နေကြတာ
ဖြစ်ပါတယ်။ ဘုန်းကြီးက ည(၈)နာရီ
ဆိုရင် ဘုန်းကြီး ရောက်သွားတယ်။
ဘုန်းကြီးရဲ့နောက် မရှေးမနှောင်းမှာ
ပါဘဲ ဦးသူရိယရယ်၊ ဦးဝိစာရိန္ဒရယ်
ဘုန်းကြီး ဦးယသရယ် ရောက်လာ
ပါတယ်။ အဲဒီလေးပါးဟာ ညစဉ်
ညတိုင်း ဆရာတော်ဘုရားကြီး
အနားမှာ အမြဲတမ်းရောက်ပါတယ်။
ဘုန်းကြီးကတော့ အနီးကပ် ဆရာ
တော်ဘုရားကြီး လုပ်စရာရှိတာ အ
ကုန်လုပ်ပေး။ သူတို့ကတော့ (၈)
နာရီခွဲ၊ တစ်ခါတလေ (၈)နာရီထိုး
ပြီး (၁၅)မိနစ်လောက်၊ ဒီလိုပေါ့။ သူ
တို့ရောက်လာကြတယ်။ ဘုန်းကြီး
ကတော့ (၈)နာရီထိုးတာနဲ့ ဘုန်းကြီး
အမြဲအမှန်ရောက်ပါတယ်။ အဲဒီလို
ရောက်တဲ့အခါကျတော့ ဆရာတော်
ဘုရားကြီးက ခုတင်ပေါ်မှာ ခေတ္တ
အနားယူနေတဲ့အချိန်ပါပဲ။ တစ်ခါ
တစ်ရံမှာ အရေးကြီးရင် ဆရာတော်
ဘုရားကြီး စာကြည့်နေတာတို့၊
လက်နှိပ်စက်ရိုက်နေတာတို့ ဒီလိုရှိ
ပါတယ်။

## ထူးခြားတဲ့စကားနှစ်ကြိမ်

အဲဒီလိုဘုန်းကြီးရောက်
လာတဲ့အခါမှာ အခုအားလုံးစုံသွား
ပြီ။ ဦးသူရိယ၊ ဦးဝိစာရိန္ဒတို့ စုံနေ
ကြပါပြီ။ အဲဒီအခါမှာ ဆရာတော်
ဘုရားကြီးက သူ့ရဲ့အနားယူရာက
နေ ထပါတယ်။ ထပြီးတော့ ဘာ
အမိန့်ရှိသလဲဆိုတော့ ဘာမျှစကား
အစပ်အဆက်မရှိပါဘူး။ ဆရာတော်
ဘုရားကြီး အမိန့်ရှိတဲ့စကားက–
''ဒီက–တဲ့၊ ဒွါရခြောက်ပါးနဲ့စပ်ပြီး
တော့ ဘာကိလေသာတွေမှ မဝင်
တော့ဘူး''ဒီလို ဆရာတော်ဘုရား
ကြီး အမိန့်ရှိတယ်။ အဲဒီလို အမိန့်
ရှိပြီးတဲ့အခါမှာ ချက်ချင်းပြန်ပြီးတော့
စကားကို ပိတ်သွားပါတယ်။ အဲဒီ
စကားကို ဘာနဲ့ပိတ်သလဲဆိုတော့
''မကျန်းမာတဲ့အခါမှာလည်း ဒီလို

**အဲဒီမှာ ဆရာတော်ဘုရားကြီးက မြင်လို့ ဦးပဥ္စင်းဘာလဲလို့ မေးလိုက်ရင် ဘုန်းကြီးဘာလျှောက်ရမှန်း မသိတော့ဘူး။ နောက်ပြီးတော့လည်း ကိုယ်လျှောက်မယ့်စကားဟာ ကိုယ့်ဘဝရဲ့တသက်တာမှာ စွဲသွားမယ့် စကားဖြစ်နေတယ်။**

ကိလေသာတွေဆိုတာ မရှိနိုင်ကြ ဘူး'' ဒီစကားနဲ့ပြန်ပိတ်သွားပြန်ပါ တယ်။

ဒီတစ်ကြိမ် အဲဒီလပိုင်းကလေးအတွင်းမှာ ဆရာတော်ဘုရားကြီးဟာ နောက်တစ်ကြိမ်ပဲ ဒီလိုပဲ ပြောဖူးတယ်။ ဒီလိုအချိန်မှာပဲ၊ ညပိုင်းအချိန်မှာပါပဲ။ ဒီလိုပဲ ''ဒီက– မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ စိတ်ပေါက်၊ ဒီဒွါရခြောက်ပါးကနေပြီးတော့ ဘာမျှကိလေသာတွေမျှ ဝင်မလာတော့ဘူး။''အဲဒီလို အမိန့်ရှိပြန်ပါတယ်။ အမိန့်ရှိပြီးတဲ့အခါ၊ ခဏလေးကြာတဲ့အခါ စကား ပြန်ပိတ်သွားတယ်၊''အသက်အရွယ်ကြီးရင့်လို့လည်း ဖြစ်နိုင်ပါတယ်လေ'' ဒီလို ပြန်ပိတ် သွားပါတယ်။ အဲဒီအခါမှာ ဘုန်းကြီးတို့အားလုံး အကုန်သိတယ်၊ တစ်ပါးနဲ့တစ်ပါးကိုလည်း သတိထားမိတယ်။ဆရာတော်ဘုရားကြီး စကားတွေ ပြန်ပြန်ပိတ်နေတယ်နော်လို့ ပြန်ပြီး ဘုန်းကြီးတို့ ဒါလည်း ပြောမိတယ်။ ဆရာတော်ဘုရားကြီးဟာ အဲဒီလို ဖွင့်ပြီးတော့လည်းပဲ သူ့စကားလေးတွေ ပြန်ပြန်ပိတ်သွားတယ်။အဲဒီလို ဆရာတော်ဘုရားကြီးရဲ့ စံလွန်တော်မူခါနီး ဒီရက်ပိုင်းလေး၊ လပိုင်းလေးအတွင်းမှာ ဆရာတော်ဘုရားကြီးရဲ့ ထူးခြားမှုလေး တွေပေါ့လေ။ အခုလို ဆရာတော် ဘုရားကြီးရဲ့ စကားတွေပေါ့။ ဒါလေးတွေကိုလည်း ဘုန်းကြီးတို့ ကြားနာရတယ်ပေါ့။ ဒါလေးတွေကို–

မေး။ တပည့်တော်တို့ မျက်မြင်တွေ့လိုက်ရတာတွေ ဒီလို။ ဆရာတော်ဘုရားကြီးရဲ့ ပြက္ခဒိန်မှာ ဩဂုတ်လ (၁၃)ရက်နေ့ ဖြစ်နေတာတွေ့ရပါတယ်။

ဖြေ။ ဟုတ်ပါတယ်။ ၈၂–ခုနှစ်၊ ဩဂုတ်(၁၃)ရက်နေ့ပါပဲ။

မေး။ ဆရာတော်ဘုရားကြီး စဖြစ်တာက ဩဂုတ်လ(၁၂)ရက် မဟုတ်လားဘုရား။

ဖြေ။ ဟုတ်ပါတယ်။စဖြစ်တဲ့ (၁၂)ရက်နေ့ ညကပဲ ဆရာတော်ဘုရားကြီးက အဲဒီ(၁၃)ရက်နေ့ကို ကျော်ပြီးတော့ ရွှေ့ထားတာ ဆရာတော်ဘုရားကြီးက တစ်နေ့ကို တစ်ရွက်ပဲ ရွှေ့တယ်၊ သူ့ဟာသူပဲ ရွှေ့တယ်။ အဲဒီပြက္ခဒိန်ဟာ ဘယ်သူမှ ဘုန်းကြီးလည်း မကိုင်ဘူး။ သူ့စားပွဲဘေးမှာပဲ ထားပါတယ်။သူ့ဟာသူပဲ တစ်နေကုန်ရင် တစ်ရွက်ရွှေ့ထားခဲ့တယ်။ အဲဒါကိုလည်းပဲ ရက်ကလေးကျော်ပြီးတော့ ဆရာတော်ဘုရားကြီး ဖြစ်မယ့်နေ့ကို ကြိုပြီးတော့ ရွှေ့ပေးထားခဲ့တာကို တွေ့ရပါတယ်။ အဲဒီလို ထူးခြားမှုလေးတွေပေါ့။ ဒါတွေကို ဘယ်သူမှလျှောက်မပြောနဲ့။ တခြားဘုန်းကြီးရဲ့ ရင်းချာတဲ့ ဒကာတစ်ဦးကနေပြီးတော့ ဆရာတော်ဘုရားကြီးကို လျှောက်တယ်။ သူကလည်းပဲ မနက်စောစောထပြီးတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဖြစ်တော့ ဒကာရဲ့အမည်ကိုတော့ ဘုန်းကြီးမဖော်လိုပါဘူး။ အဲဒီဒကာက ဘာလျှောက်လဲဆိုတော့ တပည့်တော်ဘုရား၊ နံနက်(၂)နာရီလောက်ဆို တပည့်တော်နိုးပါပြီ။ (၃)နာရီမှ စံကျောင်းက ဖွင့်တာကိုး။ တရားထိုင်ဖို့ဟာလေ၊အဲဒီလို တပည့်တော်နိုးလို့ အမှတ်တရားနဲ့ လက်အုပ်ချီပြီးတော့ လာရင်း ဆရာတော်ဘုရားကြီးရဲ့ ခေါင်းရင်းအခန်းကို ကြည့်ကြည့်လိုက်တဲ့အခါမှာ အားလုံးဟာ မီးတွေဖွင့်ထားသလိုပဲ လင်းနေတာကို တွေ့ရပါတယ်ဘုရားလို့ လျှောက်တယ်။ လျှောက်တဲ့အခါကာလကျတော့ ဆရာတော်ဘုရားကြီးက ''ဒကာကြီးက ဒါတွေဘယ်သူမျှ လျှောက်မပြောနဲ့နော်''ဒီလို ပိတ်လိုက်တာလည်း ရှိပါတယ်။ ဒါ ဘုန်းကြီးက အနားမှာရှိနေလို့ ဒါကို ဘုန်းကြီးသိလိုက်တာ။

မေး။ အဲဒီတော့ စံလွန်တော်မူမယ့်နေ့၊ အဲဒီနေ့ကစပြီး စံလွန်တော်မူခါနီးတဲ့ တစ်ပတ်၊နှစ်ပတ်၊ တလ၊ နှစ်လဆိုသလို ကိစ္စလေးတွေ ထူးခြားချက်လေးတွေ ထင်ရှားနေသလို စံလွန်တော်မမူခင်က နောက်ဆုံးဩဝါဒတွေ၊ ဆရာတော်ဘုရားကြီးရဲ့ နေ့စဉ်ပုံမှန်လုပ်ငန်းတွေ၊ စံလွန်ခါနီး ထူးခြားချက်တွေကို ကျန်သေးရင် အမိန့်ရှိပါဘုရား။

■ **နောက်လဆက်ဖတ်ပါရန်**

# ဆရာတော်ဦးကြည်

## (ပခုက္ကူ သဲပုံစေတီတောရ ဦးကိတ္တိ)

## (၁၂၀၄ – ၁၂၈၈)

## ဓမ္မာစရိယဦးဌေးလှိုင်

(ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများစာအုပ်မှ ထုတ်နုတ်တင်ပြသည်။)

(ယခင်လမှအဆက်)

**ဘုရားဗျာဒိတ် သာသနာကွယ်ကြောင်းများ**

(၁) ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က အရှင်ကိမိလက ဘုရားရှင်အား အနာဂတ်သာသနာရေးကို မျှော်တွေးလျှောက်ဖူး၏။

''အရှင်ဘုရား၊ ပရိနိဗ္ဗာန် စံဝင်တော်မူသည့်နောက်ကာလ၌ သာသနာအရှည် မတည်တံ့နိုင်ခြင်းသည် အဘယ်အကြောင်းများကြောင့်ပါနည်း''။ ထိုအခါ ဘုရားရှင်က–

''ဘုရား၊ တရား၊ သံဃာ၌ မရိုသေ မလေးစားခြင်း၊ ကိုယ်ကျင့်တရားနှင့် သမထ ဝိပဿနာတို့၌ မရိုသေ မလေးစားခြင်း၊ တစ်ဦးနှင့်တစ်ဦး အရိုအသေတန်ခြင်း၊ ပဋိသန္ထာရ (တရားပစ္စည်းဖြင့် အစေ့အစပ် လိုက်လျောညီထွေ ပြုမူခြင်း)အမှု၌ မရိုမသေပြုမူခြင်း''များကြောင့် သာသနာကွယ်နိုင်ကြောင်း (အင်္ဂုတ္တရ ပဉ္စက၊ သတ္တက ကိမိလသုတ်များ၌) အတိအလင်း ဟောတော်မူသည်။

(၂) ပဉ္စကနိပါတ် သဒ္ဓမ္မသမ္မောဟ သုံးသုတ်တွင်လည်း ''တရားတော်ကို ကျယ်ကျယ်ပြန့်ပြန့် အရိုအသေသင်ကြား၊ နာယူဆောင်ထားခြင်းမရှိ၊ စဉ်းစား ကျင့်ပွားခြင်းမပြု၊ မှားယွင်းစွာ သင်ယူပို့ချခြင်း၊ နှုတ်လုံ့ထိုးခြင်း၊ သံဃာကွဲပြားခြင်း''များကြောင့် သာသနာတော် မှေးမှိန်ရကြောင်း ဟောတော်မူသည်။

(၃) ထို ပဉ္စကနိပါတ်၌ပင် 'သာသနာနောင်ရေးတွေ့မည့်ဘေး'ဟု ဆိုထိုက်သော အနာဂတဘယသုတ်လေးသုတ်ရှိရာ ဟောတော်မူလိုရင်းကား ဤသို့ဖြစ်သည်။

''ရဟန်းတို့သည် ခေါင်းပါး၍ အန္တရာယ်များလှသော တောထဲ၌ မနေလိုခြင်း၊ တရားဘာဝနာ မရှိသူအဆက်ဆက်က ရဟန်းပြုပေးကြခြင်း၊ ကိုယ်ကျင့်ကွာ၍ ဘာဝနာဝေးခြင်း၊ ပညာသီလ (ဓမ္မ၊ ဝိနယ)နှင့်စပ်သော စကားကို မသိမြင်တော့ခြင်း၊ လက်သစ် ခေတ်ပေါ် တရားဆန်းများကိုသာ နာယူလိုခြင်း၊ ဟောကြားလိုခြင်း၊ ဘုန်းကြီးအောင်လုပ်ခြင်း၊ သီလသိက္ခာ၌ လျော့ရွဲတွက်ကာ လျော့လျဲလျဲလုပ်ခြင်း၊ ပစ္စည်းလေးပါး အကောင်းကြိုက်၍ ကိုယ်တိုင် ဆွမ်းခံ၍ စားခြင်းစသော ဓုတင်အကျင့်ကောင်း သူမြတ်လောင်းတို့၏ အလေ့များ ကွယ်ပကာ ကာမဘာဂီတို့ကဲ့သို့ ဝတ်စား နေထိုင်ခြင်း၊ မာတုဂါမစသည်တို့နှင့် ရောရောနှောနှော နေထိုင်ဆက်ဆံခြင်းတို့ ဖြစ်ကုန်၏။

(၄) ထိုမှတစ်ပါး နိဒါနဝဂ္ဂသံယုတ် ပါဠိတော်တွင် 'နောင်တစ်ခေတ် သာသနာ'အကြောင်း အထူးပွင့်လင်းစွာ ဟောထားသော ဗျာဒိတ်ဒေသနာရှိပေသေးသည်။ အာဏိသုတ်ဖြင့် 'နောင်တစ်ခေတ် တရားတော်' အကြောင်း ဖော်ပြ၍ ကလိင်္ဂရသုတ်ဖြင့် 'နောင်တစ်ခေတ် ရဟန်းတော်များ' အကြောင်းကို ညွှန်ပြတော်မူခဲ့၏။ အာဏိသုတ်၏ ဆိုလိုရင်းကား–

ရှေးအခါက ဒသာရဟခေါ် မင်းညီမင်းသားတို့ အာဏကခေါ် မင်္ဂလာစည်ကြီးကို အသုံးပြုကြ၏။ တစ်ဆယ့်နှစ်ယူဇနာကပင် ကြားရသည်။ ကာလကြာသော အခါ ထိုစည်ကြီး ပေါက်၍ အကြိမ်ကြိမ် ဖာကြထေးကြရာ နောက်ဆုံးတွင် မူရင်းစည်သားမရှိတော့ဘဲ အဖာအထေးချည်းသာ ကျန်ရှိတော့၍ တစ်ဆယ့်နှစ်ယူဇနာ

မဆိုထားဘိ၊ ဇရပ်အတွင်းမှာပင် သဲ့သဲ့မျှသာ ကြားရတော့သည်။

ထို ဥပမာကဲ့သို့ နောင်တစ်ခေတ်တွင် အစစ်အမှန် ဘုရားဟော တရားတော်များ၊ စာပေကျမ်းဂန်များကို နာယူမှတ်သား သင်ကြားလေ့လာလိုစိတ် မရှိကြ။ သာဝကများ၊ ဗာဟိရ အရေးအပြောကောင်းသူများ၏ ပါဠိအနက် အဓိပ္ပါယ်ဖြည့်စွက် ပယ်နုတ် ပြင်ဆင်၍ ကိုယ်လိုချင်သလိုဆွဲ၍ ရေးသောစာများ၊ အဆန်းတကြယ်ရေးသား ဟောပြောသော သုတ္တန်လက်သစ်၊ တရားအတွေးအခေါ် အဆန်းအပြားတို့ကိုသာ အရေးတယူ နာယူမှတ်သား ဖတ်ကြားလေ့လာလိုကြမည်။ ထိုအခါ အာဏကစည်ကြီးကဲ့သို့ တရားအကာ အဖာအထေး အလှေးအဖျင်းတို့သာ ပြန့်ပွားလတ္တံ့၊ တရားအစစ်အမှန် ကွယ်လတ္တံ့ဟု ဟောတော်မူခဲ့သည်။ (အာဏိသုတ်၊ နိဒါန–၄၅၇–နှင့် တိက နိပါတ်၊ ကက္ကဋ္ဌဇာတ်–၃၀၈။)

(၅) 'နောင်တစ်ခေတ် ရဟန်းတော်များ'နှင့်စပ်၍ ကလိင်္ဂရသုတ်၌ ဟောတော်မူသည်မှာ–

''လိစ္ဆဝီမင်းသားတို့သည် ပညာအတတ် သင်ယူမှု၌ မမေ့မလျော့ သစ်သားတုံး ခေါင်းအုံးနေကြသဖြင့် အဇာတသတ် ကြံ၍မရနိုင်။ကာလကြာသော် ထိုမင်းသားတို့ နူးညံ့သော ခြေလက်ရှိကုန်သည်ဖြစ်၍ နူးညံ့သော အိပ်ရာ၌ လဲမှို့ခေါင်းအုံးကို အုံးလျက် နေထွက်အောင် အိပ်ကြလတ္တံ့။ ထိုအခါ အဇာတသတ် အကြံအောင် အခွင့်ရလတ္တံ့။''

''ထို့အတူ ယခုအခါ ရဟန်းတို့သည် မလျော့သော လုံ့လ၊ အပ္ပမာဒ သတိတရားရှိကြကုန်၍ သစ်သားတုံး ခေါင်းအုံးနေကြသဖြင့် မာရ်နတ်အခွင့်မရလေ။ နောက်ကာလ ရဟန်းတို့သည်ကား နူးညံ့သော ခြေလက်ရှိကြကုန်သည်ဖြစ်၍ နူးညံ့သော အိပ်ရာ နေရာ၌ လဲမှို့ခေါင်းအုံးကို အုံးလျက် နေထွက်အောင် အိပ်ကုန်ကြလတ္တံ့။ ထိုအခါ မာရ်နတ် ပူးဝင်ခွင့်သာလတ္တံ့''ဟု ရဟန်းတို့ ဘာဝနာ သတိတရားနှင့် ဝီရိယ အားနည်းလျက် မာရ်ဆယ်တပ်ကို လက်ယပ်ခေါ်ရာရောက်၍ သာသနာကွယ်ပျောက်ကြောင်း ဖြစ်သည်ဟု ဟောတော်မူလိုပေသည်။

(၆) ထိုနိဒါနဝဂ္ဂသံယုတ် ပါဠိတော် (၄၂၂)၌ပင် တရားတု တရားယောင်တို့၏ အန္တရာယ်ကြောင့် သာသနာကွယ်ရပုံကို ဟောတော်မူသည်မှာ ပို၍မှတ်သားဖွယ်ကောင်း၏။ သုတ်၏ အမည်ကား **သဒ္ဓမ္မပဋိရူပက သုတ်** ဟုခေါ်သည်။ ရှင်မဟာကဿပက ဘုရားရှင်အား လျှောက်၍ ဟောတော်မူသော သုတ်တည်း။ ရှင်မဟာကဿပက–

''မြတ်စွာဘုရား၊ ရှေးအခါက ဝိနည်းပညတ်များ နည်းပါးသော်လည်း တရားထူးရသည့် ပုဂ္ဂိုလ်များ များပြားကြပါသည်။ ယခုအခါ ဝိနည်းပညတ်များ များပြားပါလျက် အဘယ့်ကြောင့် တရားထူးရသည့် ပုဂ္ဂိုလ်များ နည်းပါးလာရပါသနည်း''ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက–

လူတို့ သက်တမ်းတို၍ သာသနာ ကွယ်လုလတ်သော် ဤသို့ပင် ဖြစ်မြဲ၊ လောက၌ ရွှေအတု မပေါ်သေးသမျှ ရွှေအစစ် မကွယ်သကဲ့သို့ (ဈေးမကျသကဲ့သို့) တရားအတု မပေါ်သေးသမျှ တရားစစ်များ မကွယ်ပသေး။ စင်စစ် ဝေဟပ္ဖိုလ်ပြဟ္မာ့ဘုံတိုင်အောင် ကမ္ဘာကို ဖျက်ဆီးနိုင်သော မြေ–ရေ–လေ–မီး အင်အားအကြီးမားဆုံးသော ဓာတ်ကြီးလေးပါးတို့ပင်လျှင် ဤသာသနာတော်ကို မဖျက်ဆီး မကွယ်ပစေနိုင်။(ဝါဒတစ်ပါး ဘာသာခြားကား ဆိုဖွယ်မရှိ။ ဋီကာ။)သာသနာတော်ကို ဖျက်ဆီးဖျောက်ကွယ်မည့် အချည်းနှီးသော ယောက်ျားကား (သံကို သံဖျက် သံချေးတက် ဟူသကဲ့သို့။ အဋ္ဌကထာ) ဤသာသနာဘောင်အတွင်း၌ပင် ရှိနေ၏။ သိက္ခာပုဒ်ပညတ်ချက်တို့ များပြားသော်လည်း ကုန်စည်ဝန်ထုပ်များကို သယ်ဆောင်ရသော လှေသည် ဝန်များ၍ နစ်မြုပ်ရသကဲ့သို့ မဟုတ်ချေ။ (သိက္ခာပုဒ်များခြင်းနှင့်မဆိုင်။) ရတနာသုံးပါး၊ သိက္ခာ၊ သမာဓိတရားတို့၌ လေးစားတုပ်ပျပ်မှု မရှိခြင်းကြောင့်သာလျှင် သာသနာသက်လျှော ကွယ်ပျောက်ရချေသည်''ဟု ဟောတော်မူ၏။

ဤကား ထိုသုတ်၏ အကျဉ်းချုပ်တည်း။

အဋ္ဌကထာ ဆရာကား ဇင်းမယ်ပဏ္ဏာသ၊ လလိတဝိတ္ထာရတို့ကဲ့သို့သော ကျမ်းစာအတုများလို ပရိယတ္တိကွယ်ကြောင်းကိုလည်းကောင်း၊ ပီတိပဿဒ္ဓိစသော ဝိပဿနာ ညစ်ညူးကြောင်း ဆယ်ပါးကို ဝိပဿနာအလုပ်ခွင်တွင် မဂ်ဖိုလ်နိဗ္ဗာန်ဟု ထင်မှားတတ်သဖြင့် ပဋိပတ်အမှန်တရား ကွယ်ကြောင်းကိုလည်းကောင်း ထပ်ဆင့် ဖွင့်ပြခဲ့လေသည်။

ဤကား ပိဋကသုံးပုံမှ တွေ့ရှိသမျှ ထုတ်နုတ်ဖော်ပြရခြင်း ဖြစ်ပေ၏။ ''ဖုသသထေရဂါထာ ပါဠိတော်'' ၌လည်း ထိုသာသနာကွယ်ကြောင်း တရားများကို အချုပ်အားဖြင့် ဖုဿမထေရ် ဟောတော်မူထားရာ မာန်လည်ဆရာသည်ပင် နိဿယမြန်မာပြန်သောအားဖြင့် မြန်မာနိုင်ငံ ပဋိပတ္တိသာသနာအား သတိပေးတော်မူခဲ့ဖူးသည်။

ရတနာသုံးပါး၌ အရိုအသေတန်မှုသည် ကြီးစွာသော သာသနာကွယ်ကြောင်းဖြစ်သည်ကို အကြိမ်ကြိမ် ဟောတော်မူခဲ့ပြီ။ စေတီရုပ်ပွား ဘုရားရှင်ပြင်တို့၌လည်းကောင်း၊ ပုံတော်များကို သုံးစွဲရာ၌လည်းကောင်း၊ တရားနာရာ (အသံသွင်းစက်ဖြင့် နာခြင်းလည်း ပါဝင်ပါ၏။) တရားဆွေးနွေးရာ၊ တရားစာအုပ် ကိုင်တွယ်ကြည့်ရှုထားသိုရာ၌လည်းကောင်း၊ ရဟန်းသံဃာများကို ဆက်ဆံတွေ့ဆုံရာ၌လည်းကောင်း မည်သို့ နေထိုင်ခြင်း၊ ပြောဆိုခြင်း၊ ထားသိုခြင်းမျိုးသည် မရိုမသေ မလေးစားရာ ရောက်သည်ကို သတိပြုကြရာ၏။ ကိုးကွယ်လျက်က ဖျက်ဆီးရာ မကျအောင် အထူးသတိပြုအပ်၏။သက်တော်ထင်ရှား ဘုရားရှင် ရှေ့မှာနေလျှင် မိမိကိုယ်ကို မည်ကဲ့သို့ နေရမည်ကို ထောက်ရှု၍သာ နေကြရာ၏။ အဋ္ဌကထာဆရာတို့ ဖွင့်ဆိုကြသည်ကို မပြတော့ပြီ။

## ခေတ်မီ သာသနာပြုချင်သူများ သတိ

သာသနာကွယ်ကြောင်းကို နေရာများစွာ၌ ဟောတော်မူသည်များကို အကျဉ်းချုပ်လိုက်လျှင် သာသနာဖျက်မည့် သူသည် အပြင်လောက၊ အပြင်ဘာသာဝါဒတို့၌ မရှိချေ။ လက်ညှိုးထိုးမလွဲသင့်။ 'အသားထဲက လောက်ထွက်၊ သံကို သံဖျက် သံချေးတက်' ဟူသကဲ့သို့ သာသနာဖျက်ဆီးမည့် သူကား ဘုရားသားတော် ဥပါသကာ၊ ဥပါသိကာ မိမိတို့သာလျှင် ဖြစ်သည်ဟု မြင်ရာ၏။ ဤတရားမှန် ကြေးမုံပြင်ရှေ့၌ ရပ်၍ တရားခံကို မြင်အောင် ရှုရာ၏။

မိစ္ဆာဒိဋ္ဌိများကြောင့်၊ လောကီ စာသင်ကျောင်းများကြောင့်၊သိပ္ပံပညာကြောင့် စသည်ဖြင့် ခေတ်အဆက်ဆက် လက်ညှိုးထိုး လွဲခဲ့ကြပြီ။ ထိုသို့အကြောင်းရှာမှားရာမှ သူတစ်ပါးကို ဆယ်ရင်း လည်မျိုထိ နစ်မြုပ်ကြလေ၏။သို့ရာတွင် နောက်ဆုတ်ရန် သတိမမူမိ။သာသနာပြုလိုသော ကရုဏာစိတ်က ရှေ့သို့သာ တွန်း၍ ပို့နေတော့သဖြင့် အခြားသူများကိုပင် အဖော်ညှိကြလေတော့၏။

မြတ်စွာဘုရား ဟောတော်မူလိုသည်ကား''ဘုရားသားတော်များ ဘုရားသားတော်လို မနေနိုင်ခြင်းသည် သာသနာသံချေးတက်ခြင်းဖြစ်၍ သာသနာကွယ်ကြောင်း'' ဟု သိစေလိုပေသည်။ သို့သော် ဤအကြောင်းသည် လိုရင်း မဟုတ်ချေ။ တရားစစ် တရားမှန်များ ရှိနေသေးလျှင် (ဝါ)တရားတု မပေါ်သေးလျှင် သာသနာ တည်လျက်ပင် ရှိနေ၏။ အဆိုးရွားဆုံးကား တရားအတုအယောင်များသာ ဖြစ်သည်။

ပရိယတ် မှတ်ကျောက် မကောင်း၍၊ မရှိ၍၊ မတင်ကြည့်၍ လက်ဝတ်ရတနာအတုများကိုပင် အစစ်ဟု ထင်ကာ ဝင့်ဝါ ဝတ်စားကြကုန်၏။ ပွဲလမ်းသဘင်၌ အပြိုင်အဆိုင်ဝတ်စားတုပ ကြေးဖြတ်ကြကုန်၏။ မှတ်ကျောက် မရှိသော်လည်း အထိုက်အလျောက် အလုပ်ကျွမ်းကျင်၍ လူသာမန်တို့ အံ့ဩလောက်အောင် အစွမ်းလည်း ရှိနေကြသော ပန်းထိမ်ဆရာကြီးများကလည်း လက်ဝတ်ရတနာ အတုများကို နောက်ပိုင်းက တွင်တွင်ကြီး ထုတ်လုပ်ပေးနေကြသည်။ အတုတွေ များလာသောအခါ မှတ်ကျောက်၏ အဆုံးအဖြတ်ကိုပင် မခံယူလိုကြ၊ မှန်သည်ဟု ထင်လာကြတော့၏။ ဆရာကြီးများ ကိုယ်တိုင်ပင် ''ငါကိုယ်တိုင် ခဲခဲယဉ်းယဉ်း ကျင်ယူခဲ့တာ။ ဒါ ရွှေအစစ်ပဲ''ဟု အတိအလင်း ကြေညာတော့သည်။

ထိုတရားတု တရားယောင်တို့တွင် ပီတိပဿဒ္ဓိစသော ဝိပဿနုပက္ကိလေသ တရားတုများသာ ဖြစ်ပါလျှင်မူကား တော်ပေသေး၏။ ဗုဒ္ဓဘာသာ အမည်ခံသော်လည်း မဟာယာနဝါဒီရယာဉ် ဂိုဏ်းလမ်းစဉ်မျိုးကား ကွဲလွဲလွန်းသော အတုများသာ။ (ဝါ) ရွှေရည်စိမ်မဟုတ်သော ကြေးဝါသာလျှင် ဖြစ်ပေတော့၏။

## ပိုးလောက်ပျော်ရာ ကိုယ်ခန္ဓာ

တစ်နေ့သောအခါ ဆရာတော်ဦးကြည်သည် ဆွမ်းခံကြွရာ ရပ်ကွက်၌ ဆွမ်းခံပြီးအပြန်တွင် ကုမ္ဗဏီကျောင်း၌ အလှူတစ်ခုရှိရာ ထိုအလှူပွဲတွင် ဆရာတော်အား ရေစက်ချပင့်လျှောက်ရန် စီစဉ်ထားသည့်အတိုင်း လမ်းမှ ဆီးကြို၍ ပင့်သဖြင့် အလှူသို့ကြွရသည်။

ရေစက်ချ အမျှဝေပြီးနောက် ဆရာတော် ပြန်ကြွရာ ဆရာတော် ထိုင်တော်မူသောနေရာ၌ ပိုးလောက်များ တစ်လှုပ်လှုပ် တစ်ရွရွ ပြေးနေသည်ကို တွေ့ကြရာမှ ''ဆရာတော်မှာ အနာရှိပုံရတယ်''ဟု ယူဆကြရသည်။ အကျိုးအကြောင်းလျှောက်ရာ ဆရာတော်၏တင်ပါးခွက်၌ အဘယ်အချိန်က ဖြစ်နေသည်မသိ၊ ပိုးလောက်များ စုခဲနေသည်ကို တွေ့ကြရသည်။ ဆေးကုသရန် လျှောက်ကြသော်လည်း လက်မခံချေ။

''ခန္ဓာကိုယ်ဆိုတာ ပိုးတွေ၊ လောက်တွေနေတဲ့ အိမ်ကြီးပဲ''ဟူ၍သာ မိန့်တော်မူ၏။ သည်းခံရင်းနှင့်ပင် ပျောက်ကင်းဟန်ရှိသည်။

## ထိုင်လျက်ချုပ်ငြိမ်း တစ်ဇာတ်သိမ်း

ဆရာတော်ဦးကြည်သည် သက်တော် ၇၈–နှစ် တိုင်အောင် တစ်ပါးတည်း တောရဆောက်တည်၍ ဆွမ်းခံစားသော ရှေးသူမြတ်တို့၏ လမ်းစဉ်ကို မဖျက်ပေ။ မိုးရွာ နေပူမရှောင် ဆွမ်းခံစားရသောအလေ့ကို ဂုဏ်ယူတော်မူလေသည်။ ၇၈–နှစ်ရှိသောအခါ သက်ရွယ်တော်လည်းကြီး၊ ရောဂါလည်း ဖိစီးလာသဖြင့် တောထဲ၌ တစ်ပါးတည်း သီတင်းသုံးရန် မသင့်တော်တော့၍ ဆရာတော်၏ တပည့်ဖြစ်သူ ဦးနန္ဒိယ (ယခု ပုထိုးတိုက်ဆရာတော်)က ပုထိုးကျောင်းသို့ ပင့်ထားရသည်။ တိစီဝရိက်နှင့် နိသဇ်ဓုတင်တို့ကို အမြဲဆောင်တော်မူ၏။

တစ်နေ့ထက်တစ်နေ့ ဇရာဗျာဓိ ဖိစီးလာသဖြင့် ၈၄–နှစ်အရွယ်တွင် အရိုးပေါ်အရေတင်၍ အကြောပင် ပြိုင်းပြိုင်းထလျက် နေတော့၏။ ဆေးဝါးမျိုးစုံဖြင့် ကုသော်လည်း ရောဂါမှာ သက်သာရိပ်မထင်။ ရောဂါမည်မျှ ပြင်းထန်သော်လည်း မအိပ်စက်။ ခုတင်ညောင်စောင်း၌ အမြဲတမ်း ငုတ်တုတ်ထိုင်လျက်သား နေတော်မူ၏။ မြင်ရသူ တပည့်အချို့က ကိုယ်ချင်းစာစိတ်ဖြင့် အိပ်စက်လဲလျောင်းနေလျှင် သက်သာမည်ထင်၍ အိပ်စက်လဲလျောင်းနေရန် တောင်းပန်ကြ၏။ ဆရာတော်က ခေါင်းခါ၍ မြစ်ပယ်တော်မူသည်။

ဝေဒနာနုပဿနာအရ သုခဝေဒနာ၊ ဒုက္ခဝေဒနာအပေါ်၌ သည်းခံနိုင်သော ရှေးသူတော်ကောင်းကြီးတို့၏ အကြောင်းကိုသာ အထပ်ထပ် ဟောတော်မူခဲ့၏။ နိသဇ်ဓုတင်ဖြင့် ငုတ်တုတ်နေရ၍ မဆင်းရဲသည့်အပြင် ပို၍ပင် ချမ်းသာပုံ၊ ဆင်းရဲခံနိုင်ပုံတို့ကို မိန့်တော်မူသည်။ငါးရက်တာမျှ အာဟာရကို မသုံးဆောင်နိုင်သောအခါ မိမိနေသော ခုတင်ကို ကျောင်းရိပ်လွတ်ရာ၌ အရွှေ့ခိုင်းလေတော့သည်။ ဝိနည်းတော်အရ ကျောင်းအပေါ်၌ သံသယ မဖြစ်စေလို၍ဖြစ်၏။ အဗ္ဘောကာသိက ဓုတင် (လွင်တီးခေါင်နေခြင်းအကျင့်)အတွက်လည်း ဖြစ်နိုင်၏။ ထိုရက်ပိုင်းတွင် လုံးဝစကားမပြောတော့ပေ။ ခုတင်ပေါ် ငုတ်တုတ်ထိုင်လျက် ကမ္မဋ္ဌာန်းအာရုံ၌သာ ဝင်စားတော်မူ၏။

မြတ်စွာဘုရားရှင်သည် ဒေဝဒတ်လက်ချက်ကြောင့် ခြေမတော်၌ ကျောက်ချပ်ထိမှန်သော ဝေဒနာကို သမာပတ်ဖြင့် သည်းခံတော်မူရာ၌ သိမြင်သော နတ်ပြဟ္မာအားလုံးသည် အာဇာနည်ကြီးအဖြစ် အသီးသီး ချီးကျူးလာသကဲ့သို့ ဆရာတော် ဝေဒနာသည်းခံပုံကို ဖူးမြင်ကြားသိရသူများအားလုံး မအံ့သြဘဲ မနေနိုင်ကြပေ။

လူသာမန်တို့ကား ပြင်းထန်သော ဝေဒနာတစ်စုံတစ်ခု ခံစားရသောအခါ 'အနီးအနားတွင် အဖော်ရှိနေမှ အားရှိသည်၊ သည်းတွားရမှ သက်သာသည်။ လဲလျောင်းပြီး အနားယူနေမှ၊ အစာဝင်မှ ခံသာသည်'စသည်ဖြင့် ထင်ရာ မြင်ရာ ပြောဆိုကျင့်သုံးကြကုန်၏။ ဘုရားရှင်၏ တရားတော်နှင့်ကား ဖြောင့်ဖြောင့် ဆန့်ကျင်နေတော့သည်။

ဘုရားအလိုတော်ကား နေမကောင်းလေ၊တရားရှုမှတ်ရလေ ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရား ဝေသာလီ ဆင်ခြေဖုံး၊ ဝေဠုဝရွာငယ်၌ နေတော်မူစဉ် သေဝနီးပါး ရောဂါဖိစီးသည်ကို ဆယ်လလုံးလုံး ဝိပဿနာရှုပွား၍ သမာပတ်တရားဖြင့် ပယ်ဖျောက်တော်မူ၏။ တရားရှုမှတ်မှုသည် သေခြင်းကိုပင် တားဆီးနိုင်၏။ အသက်ရာထောင် ရှည်စေနိုင်ကြောင်း (မဟာဝဂ္ဂ၊စေတိယသုတ်၌) ဟောတော်မူသည်။

ရောဂါ=ဝေဒနာကို တရားဖြင့်သည်းမခံ မဖြေဖျောက်နိုင်ပါက စိတ်ဆင်းရဲခြင်း(ပဋိဃာနုသယ)ဖြစ်ရ၏။ ထိုဆင်းရဲမှ လွတ်မြောက်စေရန် ရူပါရုံ သဒ္ဒါရုံ စသည်တို့ဖြင့် အစားထိုးဖြေဖျောက်ရာ 'ကာမရာဂါနုသယ'ထပ်၍ ဖြစ်ရပြန်၏။ ပထမ ဆူးငြောင့်စူးဝင်သည်ကို ဆူးတစ်ချောင်း ထပ်၍စူးဝင်ရသည်ဟု (ဝေဒနာသံယုတ်၊သလ္လသုတ်၌)ဆုံးမတော်မူခဲ့၏။

ဆရာတော်ဦးကြည်သည် တစ်နေ့တခြား ရောဂါဆိုးရွားလာသော်လည်း ထိုင်လျက်သာ ဝေဒနာကို ရှုမှတ်နေရာ ငါးရက်လုံးလုံး အာဟာရမဝင်၊ တရားကိုသာ တွင်တွင် ရှုတော်မူ၏။ ၁၂၈၈–ခုနှစ်၊ ပထမဝါဆိုလဆုတ် (၆)ရက်နေ့၊ ညနှစ်နာရီ အချိန်တွင် ရှင်မဟာကဿပ၊ ရှင်ဗာကုလမထေရ်ကြီးတို့ကဲ့သို့ ညောင်စောင်းပေါ်၌ ထိုင်လျက် ငုတ်တုတ် ကမ္မဇရုပ် ချုပ်တော်မူသည်။ ရထားပြာသာဒ်ပေါင်း တစ်ရာဖြင့် ခမ်းနားစွာ သင်္ဂြိုဟ်ကြ၏။

(လက်ရှိပုထိုးဆရာတော် ဦးနန္ဒိယရေး 'ဆရာတော် ဦးကြည် ထေရုပ္ပတ္တိ'၊ ပခုက္ကူအရှင်ကေလာသ ဘီ–အေ၏ 'ပခုက္ကူသာသနာဝင်'နှင့် ပခုက္ကူမြို့ ဓမ္မမိတ်ဆွေများထံမှ ဖတ်ရှုသိမှတ်ရသမျှ ဖော်ပြပါသည်။)

■

ကျွန်ုပ်ငယ်စဉ်က အမေး အမြန်းထူခဲ့ပါသည်။ ဤဒုက္ခကို အဘိုးက ခံခဲ့ရရှာပါသည်။ ငယ်စဉ် ကတည်းကပင် ဘာသာရေးနှင့် ပတ်သက်သည့် ကိစ္စတော်တော် များများကို စိတ်ဝင်တစားတော့ ရှိခဲ့ သည်ဟု ထင်ပါသည်။ ကျွန်ုပ်သိလိုခဲ့ သမျှကိုလည်း အဘိုးကို မညှာမတာ မေးခဲ့မိသည်။ ''အမေးနွားကျောင်း သား၊ အဖြေဘုရားလောင်း'' ဆို သကဲ့သို့ပင် တချို့တချို့သော မေးခွန်းများကို ပြေလည်အောင် အဘိုးရှင်းမပြနိုင်ခဲ့ပါ၊ ရှင်းမပြနိုင် ဆိုရာ၌ သိချင်စိတ်သာရှိပြီး သိနိုင် လောက်သည့် အသိဉာဏ်စွမ်းအင် မရှိသေးခြင်းကြောင့် ဖြစ်ပါသည်။ ယခု အဘိုးမရှိတော့ပါ၊ ထိုမေးခွန်း တချို့ကို ကိုယ်တိုင်စဉ်းစားကြည့် ရင်း ဤဆောင်းပါးကို ရေးမိခြင်းဖြစ် ပါသည်။

**ပဏ္ဍိစာနတောပဋ္ဌာယ**

"လူလေးရဲ၊ ရတဲ့အခွင့် အရေးကို လက်လွှတ် မခံရဘူးကွ"

"ဒါဖြင့် ဘုရားအလောင်း သုမေဓာရသေ့က ဘာလို့ ရတဲ့ အခွင့်အရေးကို မယူခဲ့တာလဲ"

ဤအတိုင်း ထပ်တူမကျ စေကာမူ ဤအဓိပ္ပါယ်မျိုး မေးခဲ့ပါသည်။ အဘိုးထံမှ "ဟေ"ဟူသော စကားသာ ကြားလိုက်ရပါတော့သည်။

ကျွန်ုပ်တို့ ပစ္စုပ္ပန်တိုင်းကို ယူနိုင်ကြပါသလား။

ပစ္စုပ္ပန်တိုင်းနှင့် အံဝင် ခွင်ကျ ရှိခဲ့ကြပါသလား။

ပစ္စုပ္ပန်အခွင့်အရေးကို မယူမိတိုင်း လူညံ့ခေါ်လို့ ရကြပါမည်လား။

ပစ္စုပ္ပန်ကာလနှင့် ကျွန်ုပ်တို့စိတ်၊ ခံစားမှု စသည်တို့ တစ်ထပ်တည်းကျမနေမှုကြောင့် ပစ္စုပ္ပန် အခွင့်အရေးတိုင်းကိုလည်း ကျွန်ုပ်တို့ ယူနိုင်ကြလိမ့်မည်မဟုတ်ပါ။ ဤကိစ္စကို ဘာသာရေးအလှမ်းဝေးသူ တချို့က သဘောထား ကွဲကောင်း ကွဲနိုင်ပါသည်။ စားနေစဉ်၊ သွားနေစဉ်၌ပင် ကျွန်ုပ်တို့စိတ်က စားခြင်း၊သွားခြင်းအပေါ်၌ မနေတတ်ပါ၊ အများအားဖြင့် စိတ်သည် ပစ္စုပ္ပန်နှင့် ကွာနေတတ်ပါသည်။ စိတ်နှင့် ပစ္စုပ္ပန် တစ်ထပ်တည်းကျနေမယ်ဆိုလျှင် ဘယ်တော့မှ အရှုံးစူးခံရလိမ့်မည်မဟုတ်ပါ။ ဤသည်မှာ စားမှု၊ သွားမှုအပေါ်၌ စိတ်ရှိမနေတတ်ခြင်းအတွက် အထင်ရှားဆုံး သာဓကဖြစ်ပါလိမ့်မည်။



ထို့ကြောင့် ဘုရားရှင်က ရိုးရှင်းလှသော တရားဒေသနာတော်ကို ချမှတ်တော်မူလိုက်ပါသည်။ စားလျှင် စားမှန်းသိအောင်လုပ်၊ သွားလျှင် သွားမှန်းသိအောင်လုပ်၊ ပစ္စုပ္ပန်နှင့်စိတ်ကို တစ်ထပ်တည်းကျပါစေဟု တိုက်တွန်း တော်မူခဲ့ခြင်း ဖြစ်လိမ့်မည် ထင်ပါသည်။

သေချာပါသည်၊ ကျွန်ုပ်တို့သည် ပစ္စုပ္ပန်နှင့် တွေ့လွဲလွဲနေကြပါသည်။ ထို့ကြောင့် ပစ္စုပ္ပန်က ပေးသော တချို့အခွင့်အရေးများကိုယူရန် အဆင်သင့်ဖြစ်မနေတတ်ကြပါ။ ဤသည်မှာ ကျွန်ုပ်တို့ (ပုထုဇဉ်များ၏)ထင်ထင်ရှားရှားအားနည်းချက်ပင် ဖြစ်ပါတော့သည်။

သုမေဓာရသေ့မြတ်သည် သာမန်ရဟန္တာတစ်ပါး အနေဖြင့် ပရိနိဗ္ဗာန် စံဝင်တော်မူလိုလျှင် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ပင် ပါရမီဖြည့်ခဲ့ပြီး ဖြစ်ပေသည်။ သို့သော် အလောင်းတော်၏ စိတ်တော်၌ ဤသို့စံဝင်ရခြင်းသည် သေးနုပ်သည်၊ မဟာဝီရတို့၏ တာဝန်မကျေပွန်ရာရောက်သည် ဟု ခံယူတော်မူခဲ့ပါသည်။

''အစွမ်းရှိသော ယောကျ်ားတစ်ယောက်ဖြစ်လျက် သတ္တဝါတို့ကို မချွတ်မကယ် ခပ်လွယ်လွယ်ကူး ခပ်ခြင်းဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ ကျွတ်ထိုက်သမျှသော ဝေနေယျတို့ကို မဂ္ဂင်ဖောင်သို့တင်လျက် သံသရာ တစ်ဖက်ကမ်းသို့ ငါနှင့်အတူ ကူး ခပ်စေအံ့''

ဤသည်မှာ အလောင်းတော်၏ ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ စဉ်းစားတော်မူခဲ့သော အတွေးမျှင်တန်းတချို့ဖြစ်ပါသည်။ ထို့ကြောင့်လည်း ပြီးဆုံးနေသည့်(ပြီးတော့မည်ဆိုလျှင်)သံသရာဖာတ်လမ်းတွဲကို ဒုက္ခအဝဝကို ရင်စည်းခံရဦးမည်သိတော်မူပါလျက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ဆွဲဆန့်တော်မူခဲ့ပါတော့သည်။

သေချာပါသည်၊အလောင်းတော်သည် ပစ္စုပ္ပန် အခွင့်အရေးကို ယူတော်မမူခဲ့ပါ၊ကျေနပ်အားရတော်မမူခဲ့ပါ၊ ထို့ကြောင့်လည်း ထိုအခွင့်အရေးကို ငြင်းပယ်တော်မူခဲ့ပါတော့သည်။

ထို့အတူ ထိုပစ္စုပ္ပန်က အလောင်းတော်လိုချင် သည့် ''သဗ္ဗညုတ'' ဆိုသည်ကိုလည်း ချက်ချင်း မပေးသေးပါ၊ ထိုအခါ အနာဂတ်ကို စောင့်ယှဉ်မှလွဲ၍ တခြားလမ်းမရှိတော့ပါ။

သင်သည်လည်းကောင်း၊ ကျွန်ုပ်သည်လည်းကောင်း ပစ္စုပ္ပန်ကို အားမရနိုင်ဖြစ်ကြမည်မှာ သေချာပါသည်။ ထိုအခါ သုမေဓာထုံးကို နှလုံးမူကြရပါတော့မည်။ လူညံ့ဟု မထင်ပါ။

ကျွန်ုပ်တို့ ညံ့သည်က ပစ္စုပ္ပန်နှင့် အတူတကွ မနေထိုင်တတ်ခြင်းပင် ဖြစ်ပါသည်။ သတိသည် ပစ္စုပ္ပန်လှုပ်ရှားမှုများအပေါ်၌ ရှိမနေတတ်ခြင်းပင် ဖြစ်ပါသည်။ (စားတယ်၊လှမ်းတယ်၊လျှောက်တယ်) စသည်တို့သည် ပစ္စုပ္ပန်နှင့်အတူ နေထိုင်တတ်ရန် သင်ကြားပေးခြင်းဖြစ်သဖြင့် ပြက်ရယ်မပြုမိကြရန် အရေးကြီးသည်ဟု ထင်ပါသည်။

**ဒသပါရမီယော**

''အဘိုး၊ ဘုရားအလောင်းက ဘာလို့ ဘုရားဖြစ်ချင်တာလဲ''

''သတ္တဝါတွေကို တရားဟောဖို့ပေါ့ကွ''

''ဘာဖြစ်လို့ တရားဟောချင်တာလဲ''

''အကျွတ်တရားတွေ ရကြအောင်လို့ပေါ့ကွ''

''ဘာလို့ အကျွတ်တရားတွေ ရစေချင်တာလဲ''

''သတ္တဝါတွေကို သနားလို့၊ မဟာကရုဏာဉာဏ်တော်ကြောင့်မို့ပေါ့ကွ''

ဆက်မေးလျှင် အငေါက်ခံရတော့မှာကို သိပါသည်၊ မမေးတော့ပါ။ သို့သော် ကျွန်ုပ်စိတ်ထဲ၌ လုံးဝနားမလည်သော စကား တစ်လုံး ပါသွားပါသည်။ ''မဟာကရုဏာ'' မမေးရဲသဖြင့် မမေးခဲ့ရသော်လည်း မဟာကရုဏာတော် အကြောင်းကိုတော့ သိချင်နေပါသေးသည်။

ပြည့်စုံချင်မှတော့ ပြည့်စုံပါလိမ့်မည်။ ကျွန်ုပ် သိသော မဟာကရုဏာတော်ဟူသည် ကိုယ်တော်မြတ်၏ ဒုက္ခနှင့် သတ္တဝါတို့၏ ဒုက္ခကို ခွဲခြားမကြည့်ခြင်း၊ ခွဲခြားမရခြင်းဖြစ်ပါသည်။ တစ်ကိုယ်ရေ တစ်ကာယ ဒုက္ခများဖြင့်ပင် ပြည့်စုံနေပြီဖြစ်ပါလျက် သတ္တဝါအားလုံး၏ ဒုက္ခ တရားများ ကိုယ်တော်မြတ်ဆီသို့ ပြေးဝင်ဆောင့်ကြတော့သည်။ ကိုယ်တော်မြတ်၏စိတ်ထဲ၌ အဘယ်သို့ရှိလေမည်ကို စဉ်းစားကြည့်နိုင်ပါသည်။

မိမိချစ်ခင်သော လူ၊ တိရစ္ဆာန်ကို ကြည့်ကာ သနားခဲ့ကြဖူးသည်၊ စိတ်နှလုံးမသက်မသာဖြစ်ရသည်။ ယခုအလောင်းတော် သနားသည်ဟူသည် လူတစ်ယောက်

မဟုတ်၊ သတ္တဝါတစ်ကောင်မဟုတ်၊ အဆုံးမရှိ သက်ရှိသတ္တဝါများ။ ထိုသတ္တဝါများ၌ ကျွန်ုပ်တို့ပါဝင်သည်၊ စားစရာမလောက်သေည့် သူတောင်းစားတစ်ယောက် ပါဝင်သည်၊ စည်းစိမ်ကြွယ်ဝလှပြီး ဘဝမြင့်နေသည့် သူဌေးများပါဝင်သည်၊ တိုင်းနိုင်ငံကို အုပ်ချုပ်နေသည့် ရှင်ဘုရင်များ ပါဝင်သည်။ မာနကို ပယ်ခွာဖို့ ပညာသင်၊ ထိုပညာကြောင့် မာနတွေ ထပ်ကြီးနေသည့် ပညာတတ် လူတန်းစားများ ပါဝင်သည်။ ထိုသတ္တဝါတို့၏ ဒုက္ခမြားချက်တိုင်းသည် အလောင်းတော်၏ သနားတတ်သော နှလုံးသားဗဟိုချက်၌ တည့်တည့်ကြီး စိုက်ဝင်ကြတော့သည်။

ထိုအလောင်းတော်သည် ဘုရားဆုပန်ရန်မှတစ်ပါး ရွေးချယ်စရာ လမ်းမရှိတော့ပါ။

နောက်တစ်နေ့၌–

''မဟာကရုဏာဆိုတာ ဘာလဲအဘိုး''

''သတ္တဝါတွေကို သနားတာပေါ့ကွ''

''ဘယ်လိုသတ္တဝါတွေကို သနားတာလဲ''

''အဆုံးမရှိတဲ့ သတ္တဝါတွေပေါ့ကွ၊ လူတွေ၊ တိရစ္ဆာန်တွေ အကုန်လုံးပဲ''

''ဘုရားအလောင်း သနားတဲ့အထဲမှာ သူ့ရန်သူတွေရော ပါသလား၊ဒေဝဒတ်တို့၊ အဇာတသတ်တို့ရော''

''ပါတာပေါ့ကွ၊ ဘုရားအလောင်းက ရန်သူလို့မှ သဘောမထားတာ''

ရန်သူကို ရန်သူလို့ သဘောမထား ဟူသည့် အဓိပ္ပါယ်ကိုလည်း ကျကျနနသဘောမပေါက်ခဲ့ပါ။ ရန်သူကို ဘယ်လိုနည်းနဲ့ ခွင့်လွှတ်ဖို့ ကြိုးစားပါသလဲ။

တလောလေးကပဲ အမေရိကန်အမျိုးသမီး ယောဂီတစ်ယောက်နှင့် တွေ့ခဲ့ပါသည်။ သူမသည် တိဗက်တန် မဟာယာနကျင့်စဉ်မှ ဝိပဿနာကျင့်စဉ်ကို ကူးပြောင်းလေ့လာနေသည့် ယောဂီတစ်ယောက်လည်းဖြစ်သည်။

သူမ အတွေ့အကြုံကို ပြောပြသည်။ သူမကို လက်ထောက်တရားပြက ကြည့်မရဖြစ်နေသည်ဟု ဆိုပါ သည်။ ထိုသဘာဝကိုသိသော တရားပြဆရာတော်က သူမကို လက်ထောက်တရားပြအမျိုးသမီးနှင့် အတူထားသည်။ စိတ်မသက်မသာဖြစ်ရသည်ဟု ဆိုပါသည်။ (တရားထိုင်၊ တရားပြနေတာပဲ ကြည့်မရတာရှိသေးလားဟု မေးမည်ဆို မေးနိုင်ပါသည်။ တရားထိုင်၊ တရားပြခါမျှဖြင့် ဤသို့သော စိတ်ကိလေသာ အနုစားများ ပျောက်သွားမည် မဟုတ်သေးပါ။ သို့သော် မနောကံဒုစရိုက်မှတစ်ဆင့် ကာယကံ၊ ဝစီကံ ဒုစရိုက်များ မဖြစ်ပေါ်စေရန် သူတို့ ကြိုးစားကြပါလိမ့်မည်။ တစ်ခါတစ်ရံ၌ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လူတစ်ယောက်ကို ကြည့်မရဖြစ်တတ်ပါသေးသည်။ ထိုကိစ္စများသည် စိတ်ကို နိုင်နင်းသည့် အဆင့်ရောက်မှသာ အဆင်ပြေသွား နိုင်ပါသည်။)

ပြဿနာတစ်စုံတစ်ရာ မရှိသော်လည်း စိတ်ကသိကအောက်ဖြစ်ရကြောင်း ဆရာတော်ကို လျှောက်ထားသောအခါ မိတ်ဆွေများနှင့်သာနေရလျှင် မိမိ၏ ခန္တီစွမ်းအင်ကို တိတိကျကျ မသိနိုင်ကြောင်း၊ ထို ခန္တီစွမ်းအင်ကို စမ်းသပ်ရန် အခွင့်အရေးရသဖြင့် သူ့ကိုပင် ကျေးဇူးတင်သင့်ကြောင်း၊ ဘုရားအလောင်းအချင်းချင်း ခန္တီပါရမီ ဖြည့်၍မရနိုင်ကြောင်း ဆရာတော်က ရှင်းပြသည်ဟု ဆိုပါသည်။

ဤသည်မှာ သာမန်ယောဂီတစ်ယောက်၏ မိမိနှင့် မသင့်မြတ်သူအပေါ်ထားရှိသော သဘောထားဖြစ်သည်။ အလောင်းတော်၏ စိတ်ထဲ၌ ဤထက်များစွာ လေးနက်သော ခံယူချက်များ ရှိနေပါလိမ့်မည်။ ဤသည့် သဘောထားကပင် ရန်သူ မိတ်ဆွေအပေါ်၌ အညီအမျှကရုဏာထားရန် တွန်းအားပေးလိုက်ခြင်း ဖြစ်ပါသည်။

မိမိနှင့် သင့်မြတ်သူများ ဒုက္ခရောက်လျှင် သနားခြင်းကို ကရုဏာဟုဆိုလျှင် မိမိနှင့် မသင့်မြတ်သူများ (ကိုယ့်ကို အသားလွတ်ကြည့်မရ ဖြစ်နေသူများ–ဥပမာ ဒေဝဒတ်) ဒုက္ခရောက်နေချိန်၌ သနားခြင်းသဘောကို မဟာကရုဏာဟု ခေါ်ရပါလိမ့်မည်။

ဤမဟာကရုဏာတော်ကြောင့်ပင် ဘုရားဖြစ်တော်မူခဲ့ရပါတော့သည်။

❋ ❋ ❋ ❋ ❋

**တိသောစရိယာယော**

''ဘုရားအလောင်းက ဘာလို့တောထွက်ခဲ့တာလဲ အဘိုး''

''ဘုရားဖြစ်အောင်လို့ပေါ့ကွ''

''ဘုရားဖြစ်အောင် တော

ထွက်တော့ ယသောဓရာနဲ့ ရာဟုလာတို့အပေါ်မှာ တာဝန်မကျေတော့ဘူးပေါ့''

''အေး–အဲဒါလောကတ္ထစရိယလို့ခေါ်တယ်ကွ''

''လောကတ္ထစရိယ ဆိုတာက ဘာလဲအဘိုး''

''မင်း ကြီးတော့ သိလာလိမ့်မယ်ကွ၊ ခုရှင်းပြဖို့ နည်းနည်းခက်သေးတယ်၊ မင်းနားလည်မှာမဟုတ်ဘူး''

နားလည်မှာမဟုတ်သေးဘူး၊ ကြီးလာအောင် စောင့်ဟု ဆိုသဖြင့် စောင့်ခဲ့ရသော်လည်း လောကတ္ထ စရိယကို သိချင်နေခဲ့ပါသည်။

လူကိုယ်စီ၌ တာဝန်ကိုယ်စီတော့ ရှိနေကြပါသည်။

၁။ မိမိကိုယ်တိုင်အတွက် တာဝန်ကျေပွန်မှု၊

၂။ မိမိဝန်းကျင် (မိသားစု၊ ဆွေမျိုး)အတွက် တာဝန်ကျေပွန်မှု၊

၃။ လူသားများအတွက် တာဝန်ကျေပွန်မှု။

ဤတာဝန်ဝတ္တရားများသည် အလောင်းတော်များအတွက်–

၁။ လောကတ္ထစရိယ၊

၂။ ဉာတတ္ထစရိယ၊

၃။ ဗုဒ္ဓတ္ထစရိယဟု ခေါ်ဆိုပါသည်။

သာမန်လူတစ်ယောက်အနေဖြင့် မိမိကိုယ်တိုင် အတွက်တော့ အနည်းဆုံးတာဝန်ယူရပါတော့မည်၊ ထိုထက် စွမ်းနိုင်မည်ဆိုလျှင် မိမိဝန်းကျင်အတွက် တာဝန်ကျေအောင် ကြိုးစားရပါလိမ့်မည်၊ ဒုတိယတာဝန်အထိ ကျေနိုင်ပြီဟု ဆိုလျှင်ပင် လူတော်တော် ပီသနေပြီဟု ခေါ်ရပါလိမ့်မည်။

ခက်သည်က လူသားများအတွက်၊ နိုင်ငံတော်အတွက်၊ အဖွဲ့အစည်းတစ်ခုလုံးအတွက် တာဝန်ကျေပွန်ခြင်းပင် ဖြစ်ပါသည်။ ထိုတာဝန်သည် သာမန်လူတစ်ယောက်ဆီသို့ ရောက်မလာတတ်သလို သာမန်လူတစ်ယောက်ကလည်း ထိုတာဝန်ကို ကျေပွန်အောင် ကြိုးစားနိုင်လိမ့်မည် မထင်ပါ။ ဤသည့်တာဝန်သည် ခေါင်းဆောင်ကောင်းများအတွက် သီးသန့်ထားရှိရပါမည်။

ယနေ့ ဘာသာရေး ခေါင်းဆောင်များ၊ နိုင်ငံရေး ခေါင်းဆောင်များ ရှိကြပါသည်၊သူတို့သည် အလေးဂါရဝပြုမှုကို အမှန်တကယ်ခံယူထိုက်ပါသည်။ သို့သော် ဘာသာရေး ခေါင်းဆောင်များသည် သူတို့ဘာသာအတွက်၊နိုင်ငံရေးခေါင်းဆောင်များသည် သူတို့နိုင်ငံအတွက်မျှသာ ဖြစ်သည်။ သူတို့၏စွန့်လွှတ် အနစ်နာခံမှုသည် အကန့်အသတ်ရှိသည်၊ သူတို့ပါရမီသည်လည်း အကန့်အသတ်ရှိသည်။

ဘုရားအလောင်းတော်၏ လောကတ္ထစရိယ(သတ္တဝါများအကျိုး) ဟူသည် သတ္တဝါကန့်သတ်ချက်မရှိ၊ မည်သူတွေအတွက် ဖြည့်ကျင့်နေသည်ဟု မထင်ရ၊ ပါရမီ ဖြည့်နိုင်သည်ဟုဆိုစေ ဖြည့်မိရန် အလွန်ခက်ခဲလှသည့် ကိစ္စဖြစ်ပါသည်။

ဥပမာအားဖြင့် တစ်ယောက်ယောက်အတွက် တစ်ခုခု လုပ်ဆောင်ပေးခြင်း ဖြစ်ပါသည်။ မိမိ၏ကူညီမှုကြောင့် အကျိုးရှိသွားမည့် လူတစ်ယောက်ကို တွေ့နိုင်သည်၊ ထို့ကြောင့် ပြုမှု လုပ်ဆောင်ဖို့လည်း နီးစပ်ပါသည်။



ဤလောကတ္ထစရိယက ခက်ခဲလှပါသည်။ အလောင်းတော်တစ်ပါးတည်းကသာ သစ္စာတရားကို ရှာဖွေရန် တောထွက်တော်မူခဲ့သည်၊ ဘုရားဖြစ်ပြီးနောက် ဟောကြားမည့် သစ္စာတရားကို နာကြားရန် သတ္တဝါများက အဆင်သင့် ဖြစ်မနေကြ၊ စိတ်ဝင်တစားလည်း သိပ်မရှိကြပါ။

ဓမ္မစကြာတရားဟောကြားရန် မိဂဒါဝုန်သို့ ကြွရာ၌ပင် ဥပကနှင့်တွေ့ရန် အကြောင်းရှိသဖြင့် ကောင်းကင်မှမကြွဘဲ ခြေကျင်ကြွတော်မူသည်၊ တွေ့သည်ဆိုရာ၌လည်း တရားရသည်မဟုတ်၊ တရားကို စိတ်ပါလက်ပါ နာကြားသည်မဟုတ်၊ ''ဟုပေယျာဝုသော''(ဩော် ဘုရားဖြစ်တယ်ဆိုတာ ဟုတ်ကောင်းပါရဲ့) ဟူသော စကားပြန်တစ်ခွန်းသာ ရရှိတော်မူခဲ့သည်။ ဤမျှဖြင့်ပင် မိုင်ပေါင်းများစွာခရီးကို လှမ်းကြွတော်မူခဲ့သည်။ ဤသည်ပင် လောကတ္ထစရိယဖြစ်ပါသည်။

ဤတာဝန်နှင့်ဝတ္တရား(၃)ခုကို လူတစ်ယောက်က တစ်ချိန်

■ အဆုံးမရှိ၊ အကန့်အသတ် မရှိသော သတ္တဝါအားလုံးအတွက် မိသားစုနှင့် ဆွေမျိုးတာဝန်တို့ကို အလောင်းတော် ပစ်ခွာတော်မူခဲ့ ရပါသည်။

တည်း၌ ဖြည့်ဆည်းနိုင်လိမ့်မည် မဟုတ်ပါ။ မိမိအတွက်ကျင့်ခိုက် (အတ္တတ္ထစရိယ)၊ ဉာတတ္ထစရိယကို ချွတ်ယွင်းကောင်း ချွတ်ယွင်းစေပါလိမ့်မည်။ ထို့အတူ လောကတ္ထစရိယကိုကျင့်ခိုက် ဉာတတ္ထစရိယ ချွတ်ယွင်း နိုင်ပါသည်။

နိုင်ငံတာဝန်၊ ဘာသာရေး စသည့် အဖွဲ့အစည်းတာဝန်ကို ကျေပြွန်ချင်သော လူသားတစ်ယောက်သည် မိသားစုတာဝန်၊ဆွေမျိုးအသိုင်းအဝိုင်းတာဝန်ကို မျက်ကွယ်ပြုရပါတော့မည်၊ သို့မဟုတ်လျှင် တာဝန်ကျေဖို့ ခက်ခဲပါလိမ့်မည်။

အလောင်းတော်၌လည်း–

လင်သားတာဝန်၊ဖခင်တစ်ယောက်၏တာဝန်၊ မင်းသား တစ်ပါး၏တာဝန် စသည့်တာဝန်များ ရှိပါသည်။ ဤတာဝန်ကို ကျေပွန်ခြင်းသည် ဒုတိယတန်းစားမြင့်မြတ်သူတို့၏ ကိစ္စမျှသာ ဖြစ်ပေသည်။ ဤတာဝန်များကိုသာ ကျေပွန်ဖို့ ကြိုးစားမည်ဆိုလျှင် အကြီးလေးဆုံး၊ အမွန်မြတ်ဆုံးတာဝန်ကို ယူနိုင်လိမ့်မည် မဟုတ်တော့ပါ။အလောင်းတော်သည်လည်း ''အတုလ'' ဖြစ်လိမ့်မည် မဟုတ်တော့ပါ။

ဆွေမျိုးအသိုင်းအဝိုင်းအတွက် မိမိ၏ ကိုယ်ရေးကိုယ်တာကို တစ်ခဏဖြစ်ဖြစ် ဘေးဖယ်ထားရတတ်ပါသည်။

နိုင်ငံနှင့်ဘာသာ၊လူမျိုးရေးတို့အတွက် မိသားစုနှင့် ဆွေမျိုးအသိုင်းအဝိုင်းတို့ကို မျက်ကွယ်ပြုရတတ်ပါသည်။

အဆုံးမရှိ၊ အကန့်အသတ်မရှိသော သတ္တဝါအားလုံးအတွက် မိသားစုနှင့် ဆွေမျိုးတာဝန်တို့ကို အလောင်းတော် ပစ်ခွာတော်မူခဲ့ရပါသည်။

ဤသည်ကား သာမန်လူသားတစ်ယောက်၏ တာဝန်နှင့် ပတ်သက်ပုံ၊ အကျိုးသက်ရောက်ပုံတို့သာ ဖြစ်ပါသည်။

ဘုရားအလောင်းတော်သည်–

မိမိ၏ သဗ္ဗညုတဉာဏ်တော်အတွက် (ဗုဒ္ဓတ္ထ စရိယ) ဖြည့်ကျင့်ရင်း မိသားစု၊ ဆွေမျိုးတို့အတွက် (ဉာတတ္ထစရိယ) ကျင့်တော်မူသည်။ သတ္တဝါခပ်သိမ်းတို့အတွက် (လောကတ္ထစရိယ) ဖြည့်ကျင့်ရင်းဖြင့် ရှေးနှစ်မျိုးလုံးကိုပါ ဖြည့်ကျင့်တော်မူခဲ့ပါသည်။ ထို့ကြောင့်လည်း ဘုရားရှင်သည် အတုမရှိ ဖြစ်တော်မူခဲ့ပါသည်။

''ပါရမီဆိုတာ ဘာလဲ အဘိုး''

''မြင့်မြတ်သူတို့ရဲ့ ကျင့်ဝတ်လို့ ပြောရမှာပေါ့ကွာ''

''ပါရမီဆိုတာ ဘယ်လောက်ရှိလဲ''

''ပါရမီဆယ်ပါးကွ၊တခြားနည်းနဲ့ ချဲ့ကြည့်ရင်တော့ အပြားသုံးဆယ်ပေါ့ကွာ''

''တခြားနည်းနဲ့ဆိုတာက ဘယ်လိုလဲ အဘိုး''

''ရှင်းပြဖို့ နည်းနည်း ခက်မယ်ကွ၊ မင်းကြီးလာမှ သိလိမ့်မယ်''

ဤကိစ္စကို ရှင်းမပြတော့ဘဲ ကျွန်ုပ်ကြီးအောင် စောင့်ဟု ပြောခဲ့ပါသည်။

**■ စောနေလတ်(မဟာသန္တိသုခ)**



ငယ်ငယ်က ရဖူးတဲ့ စာတစ်ပုဒ်ရဲ့ အပိုင်းအစပါ။

''မိုးရွာရင်နော်ကွယ်၊ ဘာဘာနဲ့မိုးပါ့မယ်၊ ... ပဒုမ္မာကြာရိုးကို ထီးလုပ်လို့မိုး ...''

အရင်ကတော့ သူငယ်ချင်းတွေပါ။ အခုတော့ ဒကာ၊ ဒကာမ တို့ ခေါ်ရပြီပေါ့။ သူတို့က စာမူရေးပေးပါလို့ တောင်းခံတဲ့အတွက် 'ရေးပေးဦးမယ်'ဆိုတဲ့ စိတ်ကလေးတော့ ဖြစ်မိထားပါတယ်။

မနက်ဖြန်မနက် တရားဟောဖို့ အစီအစဉ်ရှိတယ်။ စာမူက အရေးကြီးပြီတဲ့။ အခု ဒီညမှာပဲ ရေးဖို့အချိန်ရတယ်။

# မိုးတွေသည်းနေတယ်

## ဓမ္မဒူတ အရှင်ဆေကိန္ဒ

ဒါတောင် အခုလေးတွင်ပဲ တရားစကားအမေးတွေ လာရောက်မေးမြန်းကြတဲ့ ဒကာသုံးယောက်ပြန်သွားခါစ၊ အချိန်က ညကိုးနာရီကျော်နေပြီ။

စာရေးမယ်ဆိုတဲ့စိတ်နဲ့အတူ ကျောင်းတုန်းက သူငယ်ချင်းတွေရဲ့ ပုံရိပ်တွေ ပြန်ပေါ်လာတယ်။အားလုံး လိုလိုပါပဲ။ ဆရာ၊ ဆရာမတွေရော။ ရုံးဝန်ထမ်းတွေရော၊ သူ့ပုံရိပ်က ပြေးဝင်လာလိုက်၊ မင်းပုံရိပ်က ပြေးဝင်လာလိုက်၊ သူရော မင်းရော အမြဲပါ

နေတာကတော့ ကိုယ့်ပုံရိပ်ပါပဲ။

အားလုံးကို ပြန်ပြီး သတိရလိုက်တဲ့အချိန်မှာ ငယ်တုန်းက ဖတ်စာစာအုပ်တစ်အုပ်ရဲ့ စာမျက်နှာကြားဖြတ်ပြီး ပေါ်လာတယ်။ကလေးငယ်လေးတွေ၊ ကလေးတစ်ယောက်က ကြာရိုးကြီးကို ကိုင်လို့၊ ကြာရွက်ကို ထီးလိုပဲ ခေါင်းပေါ်မှာ မြှောက်တင်ထားတယ်။

ကြာရိုးကလည်း ပျော့သေးသေး၊ ကြာရွက်ကလည်း လန်တန်တန်၊ မိုးစက်တွေကလည်း ခပ်စောင်းစောင်း၊ မိုးကလည်းရွာ၊ လေကလည်းတိုက် ဖြောင်းဆန်နေတဲ့ ပုံရိပ်ပေါ့။ ကလေးငယ်ရဲ့ လုံချည်အောက်နားတွေတောင် လေလှန်လို့ လန်နေကြသေးတယ်။

ကောက်ချက်ချကြည့်လိုက်မိတယ်။

မိုးကလည်းသည်း၊ လေကလည်းထန်၊ ထီးလုပ်တဲ့ ကြာရိုးကလည်း လန်ဆိုတော့၊ တစ်ကိုယ်လုံး စိုရွှဲပြီး လမ်းလျှောက်ရခက်နေပြီ။ အခုမှ ဘေးပရိသတ်အနေနဲ့ ကောက်ချက်ချကြည့်တော့ ဒုက္ခရောက်နေတယ်ပေါ့။

ဒါပေမယ့် ငယ်တုန်းက ဒီလိုဖြစ်နေတာကိုပဲ ပျော်စရာကြီး၊ ပျော်စရာအကောင်းဆုံးထဲက အပျော်တစ်ခုပေါ့။

သူငယ်ချင်းတွေ အရွယ်ရောက်ကုန်ကြပြီ။ မငယ်ကြတော့ဘူး။ တချို့က ကုမ္ပဏီပိုင်ရှင်ကြီးတွေ၊ တချို့က စစ်ဘက်အရာရှိကြီးတွေ၊ တချို့ နယ်ဘက်အရာရှိကြီးတွေ။ တချို့က လမ်းဘေးမှာ ဖြည်းဖြည်း၊ တချို့ မြန်မြန်၊ ဟန်သူလည်းဖြစ်၊ မဟန်သူလည်းဖြစ်ကုန်ပြီ။

အရွယ်ရောက်နေကြတာလား။ မငယ်ကြတာလား။ အရွယ်တော့ မလွန်လောက်သေးဘူးနဲ့တူပါတယ်။

ငယ်စဉ်က အမိုးမလုံဘဲ၊ မိုးသည်းလေထန်ထဲကို လျှောက်ရတာ ပျော်စရာလို့ တွက်ဆခဲ့တဲ့သူတွေ အခုရော လောကလမ်းပေါ်မှာ မိုးကသည်း၊ လေကထန်နေတဲ့ အခိုက် ပျော်စရာလို့ပဲ တွက်ဆနေကြတုန်းနဲ့ တူပါတယ်။

ငယ်တုန်းက အပျော်၊ ထီးမဟုတ်တဲ့ ကြာရိုးကို ထီးလုပ်လို့မိုးခဲ့တယ်။ မိုးမလုံပေမယ့် ပျော်တယ်။ လေမကာပေမယ့် ပျော်တယ်။

အခု အပျော်၊ အမိုးမဟုတ်တဲ့အမိုးကို အမိုးလုပ်ပြီး မိုးနေကြတုန်းပဲလား။

သူငယ်ချင်းတွေကို မေးတာပါ။ ဆရာ၊ ဆရာမတွေကို မေးတာပါ။ ကြုံဆုံခဲ့တဲ့သူတွေကို မေးတာပါ။ ဖြေလိုကဖြေပါ။ မဖြေလိုက နေပါ။ နေသာထိုင်သာ မိုးလုံလေလုံ အဆောက်အအုံထဲမှာ ရောက်နေကြပြီဆိုရင် မပြတ်တောက်သေးတဲ့ သံယောဇဉ်နဲ့ ရပ်ပြီးစောင့်ကြည့်သူအတွက်တော့ ဝမ်းမြောက်စရာပါ။

လောကမိုးက သည်းနေဆဲပါ။ လောကလေက ထန်နေဆဲပါ။ ပဒုမ္မာရွှေကြာရိုးကိုလည်း မမူ၊ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတဲ့ ထီးကိုလည်း ဆွဲလှန်ပြစ်လိုက်နိုင်တာကိုတော့ ဂရုစိုက်ကြပါဦး။

မိုးလုံ၊ လေလုံအဆောက်အအုံထဲ ရောက်နေတယ်ဆိုရင်သော်မှ ဘာမိုးထားသလဲ။ သက်ငယ်လား၊ ဓနိလား၊ အင်ဖက်လား၊ ဝါးကပ်လား၊ သွပ်လား၊ အလူဖင့်လား၊ အုတ်ကြွပ်လား၊ မီးခံအမိုးလား၊ ကိုယ့်အိမ်အမိုး ကိုယ်ပြန်ကြည့်ပါဦး။

အမိုးမကောင်းရင် မိုးယိုမယ်။

မိုးယိုရင် အိမ်ဆွေးမယ်။

အိမ်ဆွေးရင် သုံးမရဘူး။

အခြေခံအုတ်မြစ် ဘယ်လောက်ပဲ ခိုင်ခံ့ပါစေ၊ အဆောက်အအုံကိုယ်ထည် ဘယ်လောက်ပဲ ကောင်းပါစေ၊ အမိုးမလုံရင်၊ လုံအောင် မမိုးရင် အကုန်လုံးပျက်စီးကုန်မှာ သေချာပါတယ်။

ဘဝပေးကောင်းတယ်လို့ ပြောရမလား။ အခြေခံအုတ်မြစ်ခိုင်ခံ့တယ်လို့ ဆိုရမလား။ အင်ဂျင်နီယာဖြစ်ခဲ့ပါပြီ။ သာမန်ဘဝ၊ သာမန်အဆင့်၊ သာမန်အုတ်မြစ် မဟုတ်ပါဘူး။

ခြွေရံပရိသတ်၊ စည်းစိမ်ဥစ္စာ၊ ရာထူးဂုဏ်သိန်၊ ဒီအဆောက်အအုံ ကိုယ်ထည်ကြီးကလည်း ကိုယ့်စိတ်တိုင်းကျ တည်ဆောက်ထားတဲ့ အတိုင်း ထိုက်သင့်သလို ရုပ်လုံးပေါ်နေကြပါပြီ။

အမိုးရှိသလား။ ရှိရင် ဘာအမိုးလဲ။ ဘယ်လိုမိုးထားသလဲ။

ကိုယ့်အိမ်မှာ ကိုယ်က အမိုးပါ။ သူ့အိမ်မှာ သူက အမိုးပါ။ ကိုယ့်နိုင်ငံမှာ ကိုယ်က အမိုးပါ။ သူ့နိုင်ငံမှာ သူက အမိုးပါ။

ကိုယ့်အမိုးမလုံရင် ကိုယ့်အိမ်ပျက်စီးမယ်။ မိသားစုရော၊စီးပွားဥစ္စာရော အားလုံးပေါ့။

သူငယ်ချင်းတွေက သိပါတယ်။ အင်ဂျင်နီယာကြီးတွေပါ။ အားလုံးသိအောင် အလုံးစုံပြောပြစရာ မလိုတဲ့သူတွေပါ။

ဒါပေမယ့် ပြောရဦးမယ်။

အမိုးကောင်းရင် မိုးလုံမယ်၊ မိုးမယိုဘူး။ မိုးမယိုရင် အိမ်တစ်ခုလုံး မပျက်စီးတော့ဘူး။

စောစောက ပြောခဲ့တဲ့ စကားရဲ့ အပြန်ပေါ့။

ပြောပြချင်တဲ့အကြောင်းက တည်ဆောက်ခဲ့တဲ့ အခြေခံအုတ်မြစ်ဟာ တကယ်အသုံးဝင်တယ်။ တပ်ဆင်ခဲ့တဲ့ အဆောက်အအုံကိုယ်ထည်က တန်ဖိုးကြီးတယ်။ ဒါကလည်း အမိုးလုံလို့ပါ။

ကိုယ်ပဲ ကိုယ့်အိမ်ရဲ့အမိုး၊ ကိုယ်ပဲ ကိုယ့်အိမ်ရဲ့အကာ၊ ကိုယ်ပဲ ကိုယ့်အိမ်ရဲ့ အုတ်မြစ်ဆိုတာကို သဘောပေါက်စေချင်တယ်။

ကိုယ်လုပ်တဲ့အလုပ်၊ ကိုယ်ပြောတဲ့အပြော၊ ကိုယ်စဉ်းစားတဲ့စိတ်ကူး၊ ကိုယ်ကိုယ်တိုင် တည်ဆောက်ခဲ့တဲ့ ကိုယ့်အိမ်ပါ။ ကိုယ့်ရပ်ရွာပါ။ ကိုယ့်နိုင်ငံပါ။

ကြားဖူးကြမှာပေါ့။ ဘုရားရှင်ရဲ့ညီ နန္ဒမင်းသား၊ လောကစည်းစိမ်တွေကို အပြည့်အဝခံစားနိုင်တဲ့ အခြေအနေရှိသူပေါ့။ဇနပဒကလျာဏီဆိုရင်လည်း အားလုံးသိပါတယ်။သူတို့နှစ်ယောက်အကြောင်းကို သိကြသလို၊ဘုရားရှင်ရဲ့ နောက်တော်ပါးက ပါလာတဲ့ နန္ဒမင်းသားသပိတ်ပိုက်ပြီး လိုက်လာ၊ ဇနပဒကလျာဏီက မြန်မြန်ပြန်လာဖို့ မှာတဲ့အသံ၊ညှိုးနွမ်းနေတဲ့ဟန်တွေကို ပုံဖော်ကြည့်နေရင်းက မျောက်အိုမကြီးတို့၊နတ်သမီးတို့ကိုပါ မြင်လာနိုင်ကြပါလိမ့်မယ်။

မျောက်အိုမနဲ့ နှိုင်းရမလားလို့ ဇနပဒကလျာဏီဘက်က ရင်နာခဲ့ရတဲ့ နန္ဒ၊ နတ်သမီးနဲ့တွေ့ပြန်တော့ နတ်သမီးထင်ခဲ့ရတဲ့သူကို မျောက်အိုမအဖြစ် ပြောင်းပစ်နိုင်တဲ့နန္ဒ၊ ဒါတွေအားလုံးက သိကြပြီးသားတွေပါ။

ဇနပဒကလျာဏီကို တွေ့စဉ်ကလည်း သူ့ကို ပိုင်ဆိုင်ဖို့ကြိုးစားခဲ့တာပါပဲ။ ရလုရဆဲမှာ နတ်သမီးတွေနဲ့ တွေ့ခဲ့ရပြန်တယ်။

မပိုင်သေးတဲ့ နတ်သမီးကို မြင်၊ ပိုင်ချင်။ မဆိုင်သေးတဲ့ သူကိုလည်း ဆိုင်ချင်တဲ့ ဓာတ်ခံပါတဲ့နန္ဒဟာ အခုလည်း ရအောင်၊ပိုင်အောင် ဆိုင်အောင် လုံးပန်းနေပြီလေ။

ရဟန်းဝတ်ပြီး ကြိုးပမ်းတာပါပဲ။ ပတ်ဝန်းကျင်က ပြက်ရယ်ပြုကြတယ်။ လှောင်ပြောင်ကြတယ်။ မဆိုင်ရာကို ဆိုင်ချင်နေတဲ့အတွက်ကြောင့်ပေါ့။ ဒါပေမယ့် နန္ဒမင်းသားကတော့ န ကမ္ဗတိ၊ တုတ်တုတ်မျှ မလှုပ်ခဲ့ပါဘူး။ဒါဟာ သူနဲ့ဆိုင်တယ်။ ဒါကို သူလည်း ပိုင်ချင်တယ်။ သူ့အထင်နဲ့ သူ့အလုပ်ကိုတော့ ဟုတ်တယ်ပဲ ထင်နေတာပေါ့။

အားလုံးကို ပြောပြချင်တာပါ။ဒီအထဲမှာ န ကမ္ဗတိတွေ အများကြီးရှိနေမယ်ဆိုတာလည်း သိသင့်သလောက် သိထားပါတယ်။

အမိုးမလုံရင် မိုးယိုမယ်။ တစ်အိမ်လုံးပျက်စီးမယ်။ အဲဒီလိုပဲ စိတ်ကို အမိုးလုံအောင် မမိုးရင် အားလုံးဆင်းရဲမယ်။

အမိုးလုံရင် မိုးမယို။ တစ်အိမ်လုံးကောင်းမယ်။ အဲဒီလိုပဲ စိတ်မှာ အမိုးရှိရင် အားလုံးချမ်းသာမယ်တဲ့။

ဒါက ဘုရားဟောစကားပါ။

ဉာဏ်ပညာဟာ စိတ်ရဲ့အမိုးပါ။ သတိဆိုတာ စိတ်ရဲ့အခြေခံအုတ်မြစ်ပါ။ သမာဓိတို့ ဝီရိယတို့ဆိုတာက စိတ်ရဲ့အဆောက်အအုံကိုယ်ထည်ပေါ့။

စိတ်တို့၊ ဉာဏ်တို့၊ သတိ၊ သမာဓိ၊ ဝီရိယဆိုတာတွေကို နားမလည်သေးရင် နေပါစေ။ နားလည်ထားရင်လည်း နားလည်သလောက်ပဲ နားလည်ပါစေဦး။

အခု ကိုယ့်စိတ်မှာ အမိုးဖြစ်တဲ့ ဉာဏ်ရှိရင် စိတ်ချမ်းသာမယ်။ စိတ်ဆင်းရဲရင် ဉာဏ်အမိုး မရှိဘူးပေါ့။

ဒါလေးလောက်တော့ သိစေချင်တယ်။ သိစေတဲ့ဉာဏ်အမိုးလေး တစ်ခြမ်းလောက်တော့ မိုးလိုက်ကြစေချင်တယ်။

အဲဒီဉာဏ်အမိုးလေးရှိမှ တည်ဆောက်ခဲ့တဲ့ ဘဝအိမ်တစ်ခုလုံးဟာ သာယာမယ်၊ ဝပြောမယ်။ ဉာဏ်ပညာအမိုး မရှိရင်တော့ လောကကြီးတစ်ခုလုံး မိုးကလည်းသည်း၊ လေကလည်း ထန်နေတဲ့အတွက် အနေခက်နေကြမှာပေါ့။ ကလေးငယ်ဘဝက အနေခက်တာကို အပျော်လို့ ထင်လို့ရပေမယ့်၊ လက်တွေ့ဘဝကို အပျော်ပါပဲလို့ ဟန်ဆောင်နေရုံနဲ့ မပြီးပါဘူး။

အိမ်ကောင်းကောင်းမှာ နေဖူးမှ၊ အရွယ်ကလည်း ရောက်လာဦးမှ ပဒုမ္မာရွှေကြာရိုးကို ထီးလုပ်လို့ မိုးတဲ့ဟာကို လက်တွေ့ကျကျ သိမြင်လာပါလိမ့်မယ်။

မိုးတွေသည်းနေတယ်။

**သတိလည်းရှိ၊ ဉာဏ်လည်းရှိ၊**
**အသိပြည့်စုံကြပါစေ။**

□ **ဓမ္မဒူတ အရှင်ဆေကိန္ဒ**



# ကိုရင်ကြီးရှင်ဝိမလ၏ ဘဝဒုက္ခအပေါင်းမှ လွတ်မြောက်ကြောင်းတရားလမ်းစဉ်

**မောင်သွေးချွန်**

**(ဘဝကြမ်းမှဓမ္မလမ်းသို့စာအုပ်မှ ထုတ်နုတ်တင်ပြသည်)**

**မကွေးမြသလွန်မှ**
**ကျားကိုက်ချောင်းသုသာန်သို့**

မကွေးတက္ကသိုလ်တွင် အင်္ဂလိပ်စာအဓိကဖြင့် ပထမနှစ်သင်တန်းတက်လျက်ရှိသော သားကိုအကြောင်းပြု၍ မကွေးမြို့သို့ ရောက်ဖြစ်ခဲ့ပြန်ပါသည်။ မကွေးမြို့သို့ ရောက်တိုင်း မြသလွန်ဘုရားကြီးသို့ သွားရောက်ဖူးမြော်၊ အကျင့်စရဏဖြင့် ပူဇော်ခဲ့သည်မှာ ဆယ်ကြိမ်ထက် မနည်းတော့ပါပြီ။ ယခုတစ်ခေါက်တွင် သား၏စက်ဘီးဖြင့် မြသလွန်ဘုရားကြီးသို့ ရောက်ခဲ့ပါသည်။ နေ့လယ်(၂) နာရီဝန်းကျင် နေကျဲကျဲပူချိန်ဖြစ်ရာ ဘုရားမှာ လူသူကင်းရှင်းနေသဖြင့် အလုပ်လုပ်လို့ ကောင်းလှပါသည်။ မြသလွန်ဘုရားကြီးအား တဝကြီးပူဇော်ပြီး မေတ္တာပို့ အမျှဝေလိုက်ချိန်တွင်ကား ဘုရား၏အထက်ပစ္စယံတွင် ရဟန်းတော်တစ်ပါးကို ရိပ်ခနဲဖူးမြင်လိုက်ရပါသည်။ ရဟန်းတော်မှာ ပိန်ပိန်လှီလှီ၊ အသားမည်းမည်း၊ သကၤန်းဟောင်းဟောင်းနှ င့် ။

ပြန်တော့မည်ဆိုပြီး ရွှေသားအတိပြီးသော ဘုရားကြီးအား ဖူးမြင်ကန်တော့လိုက်စဉ်မှာပဲ ထိုရဟန်းတော်ကို မတွေ့လိုက်ရတော့ပါ။ အရိပ်ကောင်းရှာပြီး အလုပ်လုပ်နေလောက်ပေပြီဟု ခပ်လွယ်လွယ်အောက်မေ့လိုက်ပါသည်။ ဘုရားကပြန်လာတော့ ညနေ(၄)နာရီ၊ နေစောင်းစပြုပြီ။ သားလည်း ကျောင်းက ပြန်လာပြီ။ အချိန်ရသေးသည်နှင့် ရေနံချောင်းသို့ ခရီးဆက်ဖို့ သားအဖနှစ်ယောက် သဘောတူညီလိုက်ကြသည်။ သားက ရေနံချောင်းမြို့မှ ဆယ်တန်းအောင်ခဲ့သည်။ သားသည် ရေနံချောင်းမြို့တွင် ရှစ်တန်းမှ ဆယ်တန်းအထိ သုံးနှစ်နေခဲ့သည်။ ထိုသုံးနှစ်အတွင်း ကျွန်တော်တို့လည်း ရေနံချောင်းသို့ အခေါက်ခေါက် ရောက်ခဲ့တော့သည်။ ရေနံချောင်းမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ သမိုင်းဝင် တန်ခိုးကြီးဘုရား အတော်များများသို့ ရောက်ခဲ့ပြီးပြီ။ အဓိဋ္ဌာန်ဝင် ဖူးမြင်ပူဇော်ခွင့်ရခဲ့ပြီးပြီ။

ကားစောင့်ရတာ ကြာသွားသဖြင့် ရေနံချောင်းသို့ ည(၇)နာရီလောက်မှာ ရောက်သွားသည်။ အသင့်တွေ့ရသော ဆရာစိုးက ''ကျွန်တော် အစ်ကိုကြီးဆီ ဖုန်းဆက်တာ သုံးခါလောက်ရှိပြီ။ လွဲ ့လွဲနေလို့။ အခုရောက်လာတာအတော်ပဲ၊ ပြောစရာတွေ အများကြီးရှိတယ်''ဟု ခရီးရောက်မဆိုက်ပြောပါသည်။ တစ်ခုခုတော့ ထူးခြားမှု ရှိနေပြီဟု ကျွန်တော်သိလိုက်ပါသည်။

''အစ်ကိုကြီးမသိဖူး၊ မမြင်ဖူးတဲ့သူ၊ အင်း ကိုရင်ကြီးတစ်ပါးပေါ့ အစ်ကိုကြီးရာ။ အဲဒီကိုရင်ကြီးက မောင်သွေးချွန်လာလိမ့်မယ်လို့ သုံးကြိမ်သုံးခါလောက်ပြောတာ ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာ ဘာမှုမကြာသေးဘူး၊ ဟုတ်မဟုတ်စောင့်ကြည့်မယ် လုပ်နေတုန်း အစ်ကိုကြီးရောက်လာတာ။ အံ့သြစရာပါဗျာ''

ဆရာစိုးက အားတက်သရော ပြောလာလေ ကျွန်တော့်မှာ စဉ်းစားစရာတွေ ပိုများလာလေ ဖြစ်ပါတော့တယ်။ ပြောစရာတွေအများကြီးထဲက ထိုညက ထိုမျှသာ ပြောဖြစ်ခဲ့ပါသည်။ မကြာမီ ဆရာစိုးလည်း စာသင်ခန်းထဲသို့ ဝင်သွားလေရာ ည(၁၀)နာရီခန့်အထိ ပြန်ထွက်မလာတော့ပါ။ ကျွန်တော်လည်း ရုံးခန်းသို့ ကူးပြီး ဘော်ဒါအုပ် ဦးမောင်မောင်လွင်(ဆရာမောင်)နှင့် အခြားသောဆရာများကို တွေ့ဆုံနှုတ်ဆက်ပါသည်။ အားလုံးက ''ဖြည်းဖြည်းမှပြန်ပါ၊ သွားလိုရာပို့ပေးပါမည်'' စသည်ဖြင့် ပါရမီကူညီဖြည့်သော စကားများဖြင့် ဆီးကြိုကြပါသည်။

ကျွန်တော်တကယ်သွားချင်သောနေရာကား ပုပ္ပါး။

ပုပ္ပါးသည် ကျွန်တော်၏ ပထမဆုံးသော အဓိဋ္ဌာန်စခန်းလည်း ဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်လောက်ဆီက သူတော်စင်၊ သူတော်ကောင်းများနှင့် ဆုံတွေ့ခဲ့သောနေရာလည်း ဖြစ်သည်။ ပုပ္ပါးတောင်ကလပ်ပေါ်က ထီးသုံးဆင့်ဘုရားသည် ကျွန်တော့်အား ပါရမီနိုးစေခဲ့သော အောင်မြေဖြစ်သည်။ ထို့ကြောင့် ပုပ္ပါးသို့ အခါအခွင့်သင့်တိုင်း ကျွန်တော်ရောက်သွားပါသည်။ ယခုတစ်ခေါက် ပုပ္ပါးတောင်ကလပ်ထိပ်ကို ရောက်တော့ မွန်းတည့်(၁၂)နာရီ ဒင်ခနဲထိုးသွားသည်။ ချိန်သားကိုက် အောင် ကြိုးစားလုပ်ဆောင်လျှင် လွဲချင်လွဲသွားနိုင်သည်။ ယခုတော့ အချိန်ကိုက် တိုက်ဆိုင်ပုံမှာ နေ့တစ်နေ့၏ အမြင့်ဆုံးစာတ်ကို ဖမ်းမိခဲ့ပြီထင်သည်။

အပြန်ခရီးရောက်တော့မှ မနေ့ညကစခဲ့သော ကိုရင်ကြီးအကြောင်းကို ဆရာစိုးက ပြန်ဆက်သည်။

''ကိုရင်ကြီးကတော့ လောကီကိစ္စ သမထပိုင်းကို ငါးနှစ်ကျင့်တာနဲ့ ပြီးသွားတယ်လို့ဆိုတယ်''

''ကိုရင်ကြီးကို ဖူးပြီးပြီပေါ့။ ဘယ်မှာသီတင်းသုံးနေသလဲ''

ကျွန်တော်၏ စိတ်ဝင်စားမှုက ကိုရင်ကြီးဆီ ဦးတည်သွားပါပြီ။

''ဖူးခွင့်ရတာ ဘာမျှမကြာသေးဘူး၊ လောလောလတ်လတ် တစ်ပတ်၊နှစ်ပတ်ပဲ ရှိဦးမယ်။ အဲဒီတုန်းက ပြောတာ မောင်သွေးချွန်လာလိမ့်မယ်လို့ ကိုရင်ကြီးက ပြောတာ။ကိုရင်ကြီးသီတင်းသုံးတာက ကျားကိုက်ချောင်း သုသာန်ထဲမှာ၊ ဖူးခွင့်ရတာကတော့ ကျွန်တော်တို့ တပည့်ကလေး ပိုပို့အိမ်မှာ''

''ပိုပိုကို ကျွန်တော်သိတယ်လေ။ ဘွဲ့ရပြီးလို့ ဆရာပြန်လုပ်နေတယ်မဟုတ်လား''

''ဟုတ်ကဲ့ ့ကိုးတန်းသင်တယ်၊ ပိုပိုနှင့်ကိုရင်ကြီးက တစ်ရွာတည်းသား၊ ကိုရင်ကြီးအကြောင်း ပိုပိုက ပိုသိပါတယ်။ အစ်ကိုကြီး မေးကြည့်ပေါ့။ တစ်ရက်မှာ အကြောင်းကိစ္စရှိလို့ ကိုရင်ကြီး မြို့ပေါ်ကြွလာတုန်းလေး ပိုပိုက သူ့အိမ်ကို ရောက်အောင်ပင့်တယ်။ ပြီးတော့ ကျွန်တော်တို့ကို လာခေါ်တယ်။ ကိုရင်ကြီးက စာမတတ်ပေမယ့် ဝိပဿနာပိုင်းမှာ ဆရာတို့ မေးချင်တာမေးပါပေါ့လေ။ အမှန်အတိုင်းပြောရရင် ကိုရင်ကြီးဆိုတော့ ရုတ်တရက် အထင်မကြီးမိဘူး။ ကိုရင်ကြီးနဲ့ ဝိပဿနာ ဆက်စပ်လို့မရခဲ့ဘူး။ ပြီးတော့ ပိုပိုကညွှန်းတာဆိုတော့ နည်းနည်းပေါ့နေတယ်။ ဒါပေမယ့် စိတ်ကနိုးဆော်နေတယ်။ ဒါနဲ့ စာသင်ပြီးတာနဲ့ ကိုရင်ကြီးကို သွားဖူးတယ်''

''ဘာတွေထူးလဲ''

''သမထ၊ ဝိပဿနာဆိုင်ရာ ထူးခြားချက်တွေ အများကြီးထဲက အပေါ်လွင်ဆုံး ထူးခြားချက်ကိုပြောရရင် ကိုရင်ကြီး မအိပ်တာ၊ မကျိန်းစက်ဘဲနေခဲ့တာ၊ ငါးဆယ့်ငါးလ(၅၅–လ)ရှိပြီလို့ သိရတယ်။ ဒါဟာ ကိလေသာတဏှာကို အောင်နိုင်သွားတာပဲလို့ မှန်းဆကြည့်ညိုရတာပဲ။ မဟာဗောဓိမြိုင်ဆရာတော်ကြီးဟောတဲ့ တရားတစ်ပုဒ်ကို အစ်ကိုကြီး ရေးခဲ့တာလည်း ကျွန်တော်မှတ်မိနေတယ်။ အိပ်တာ ကိလေသာကြောင့်အိပ်တာ။ ကိလေသာအားကြီးလေ အိပ်လေပဲဆိုတာ၊ အရိယာအရှင်သခင်ကြီး

တွေ မအိပ်တော့ဘူးတဲ့''

''ဟုတ်တယ် ကျေးဇူးရှင်ဝေဘူဆရာတော်ဘုရားကြီးလည်း နေ့နေ့ညည(၂၄)နာရီ မအိပ်ဘူး။ တစ်နေ့(၂)မိနစ်လောက်ပဲ နားတယ်လို့ မှတ်သားခဲ့ရပါတယ်။ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကတော့ ကျွန်တော့်ကိုယ်တွေ့ပါပဲ။ ဆရာတော်ကြီးရဲ့ ခြေတော်ရင်းမှာ ကျွန်တော်ညပေါင်းများစွာ နေခဲ့ဖူးတယ်။ အိပ်ဖို့ဝေးရော သန်းဝေတာတောင် မတွေ့ခဲ့ဖူးဘူး။ လွန်ခဲ့တဲ့(၁၈)နှစ်၊ (၁၃၄၆–ခုနှစ်)လောက်က ဖူးကြီး သံသုမာရ တောင်မှာ ကျင့်နေတုန်းက တစ်နေ့(၂၂)နာရီ ကျင့်ခဲ့တယ်။ ကျန်တဲ့(၂)နာရီကလည်း အိပ်တာမဟုတ်ဘူး။ ကြိယာပုတ် ပြောင်းတယ်ဆိုရုံပြောင်းပြီး အမှတ်နဲ့နေတာ၊ တရားမှတ်နေတာ။ အခု ကိုရင်ကြီး မအိပ်တော့ဘူးဆိုတာ ကိလေသာခေါင်းပါးသွားပြီး တရားဘက်က အနိုင်ရ အားကောင်းတာကို ပြနေတယ်လို့ ထင်တာပဲ''

စကားတစ်ပြောပြောနှင့်ပင် ရေနံချောင်းမြို့အဝင်သို့ ရောက်ခဲ့ပေပြီ။ ''ပင်းစက္ကလံပဘုရားသို့''ဟူသော လမ်းညွှန်ဆိုင်းဘုတ်ကလေးရှိသော လမ်းခွဲသို့ရောက်သောအခါ ကားကလေးသည်လည်း ချိုးကွေ့သွားပြီး မြေလမ်းကလေးပေါ် ဆက်ပြေးနေတော့သည်။ လမ်းသိပ်မကောင်းသော်လည်း မောင်မျိုးမင်းသိမ်းက ကားမောင်းကျွမ်းကျင်သဖြင့် ရေနံမြေကို ရိပ်ခနဲကျော်ဖြတ်သွားတော့သည်။

''ဘုရားသွားမှာလား၊ ပင်းစက္ကလံပဘုရားကို''

သားက ကြားဖြတ်ပြီးဝင်မေးသည်။ မောင်းရင်းရွှေရောင်ဝင်းသော ပင်းစက္ကလံပဘုရားကိုလည်း လှမ်းမြင်နေရပြီ။ အနော်ရထာမင်းကြီး၏ ကောင်းမှုတော် ဤဘုရားမှာ ကျွန်တော် နှစ်ကြိမ်အဓိဋ္ဌာန်ဝင်ခဲ့ဖူးသည်။ ထူးထူးခြားခြား ဆုတောင်းပြည့်သော ဘုရားကြီးပါတည်း။

''အပြန်အချိန်ရရင်တော့ ဘုရားဝင်တာပေါ့ကွာ။ အခုတော့ ကိုရင်ကြီးဆီပဲမောင်းကွာ''

မကြာမီ 'ပင်းဘုရားကုန်း'ဟူသော ရွာကြီးကိုဖြတ်ပြီး လှည်းလမ်းကြောင်းအတိုင်း တအိအိဆက်မောင်းလာခဲ့သည်။

ရှေ့တွင် ခြောက်သွေ့သော တောင်စဉ်တန်း တစ်ခု ဆီးကာထားသည်။ တောင်တန်းသည် စိမ်းစိုပြာမှိုင်း၍မနေ၊ ဖြူရော်ရော်၊ ဝါကျင်ကျင်၊ အနီရင့်ရင့်၊ ညိုညစ်ညစ်အရောင်တွေကပင် ချောက်ချားဖွယ်ဖြစ်နေသေးတော့သည်။ တဖြည်းဖြည်းနီးလာလေ တောင်၏ ပုံသဏ္ဍာန်မှာ ရင်သပ်လှိုက်မောဖွယ်ဖြစ်ရလေ ဖြစ်တော့သည်။ ဘေးတစ်ဖက်တစ်ချက်သို့ ပြန့်ကားသွယ်ဆင်းနိမ့်လျှောသွားသော တွေ့နေကျတောင်များ၏ ပုံသဏ္ဍာန်မျိုးမဟုတ်၊ ချောက်ကမ်းပါးကြီးတွေက နီရဲနေပြီး၊ မြင့်မြင့်မတ်မတ်၊ တောင်ထိပ်ပိုင်းမှာ အချွန်အတက်ကြီးတွေနှင့် မကောင်းဆိုးဝါးသတ္တဝါကြီးတစ်ကောင် နားရွက်ထောင်နေသလို ရှိတော့သည်။

တောင်ခြေလမ်းကွေ့ကလေးကိုလွန်ပြီး ကားကိုရပ်ထားခဲ့သည်။ ဆရာစိုးခေါ်ရာအတိုင်း ကျွန်တော်တို့လိုက်လာခဲ့သည်။ ပိုပို့အိမ်တွင် ကိုရင်ကြီးကို ဖူးပြီးသည့်နောက် ဤနေရာအထိ အရောက်လာ တရားနာခဲ့ဖူးသည်ဟု ဆရာစိုးက ဆိုသည်။ တောင်ကြားလမ်းကလေးအတိုင်း လျှောက်လာခဲ့ပြီး မကြာမြင့်မီမှာပင် အလွန်မြင်မကောင်းသော ခနော်နီ ခနော်နဲ့နိုင်လှသည့် စုတ်ချာလှသော ကိုရင်ကြီး၏ ကျောင်းကလေးသို့ ကျွန်တော်တို့ ရောက်ခဲ့ကြပါသည်။

''ဒါ သင်္ချိုင်းကုန်း သုသာန်ပဲအစ်ကိုကြီး''

ကျွန်တော် သက်ပြင်းငွေ့ငွေ့ အသာချလျက် ဘေးဘီကို အကဲခတ်ကြည့်ပါသည်။ အုတ်ဂူတွေ၊ မြေပုံတွေ ခုံးထနေလျက် တောင်ကြားမြေကွက်လပ်ကို သင်္ချိုင်းကုန်းလုပ်ထားပုံရပါသည်။ ဘေးပတ်ပတ်လည်တွင် တောင်ကုန်းတောင်တန်းတွေ တံတိုင်းသဖွယ် ဝန်းရံနေလျက် အလယ်တွင် မြေကွက်လပ်ဖြစ်နေပုံမှာလည်း ထူးခြားနေပါတော့သည်။

ကိုရင်ကြီးသည် ကျောင်းအိုကလေး၏ တံစက်မြိတ်စွန်းအောက်တွင် ဝါးကုလားထိုင်အဟောင်းတစ်လုံးပေါ်၌ သက်သောင့်သက်သာထိုင်နေပါသည်။ ကျွန်တော်တို့ရောက်ရှိဦးချကန်တော့သောအခါ ''ဆရာစိုးတို့ပါလား''ဟု နှုတ်ဆက်ပါသည်။

''တင်ပါ့ဘုရား ဟောဒါ စာရေးဆရာမောင်သွေးချွန်ပါပဲဘုရား။ အရှင်ဘုရားပြောတဲ့အတိုင်း ရောက်လာပါပြီ။ တပည့်တော်ရဲ့ အစီအစဉ်က အရှင်ဘုရား ခွင့်ပြုရင် ပင့်ချင်ပါတယ်ဘုရား။ ဒီက ဒကာကြီးကလည်း အေးအေးဆေးဆေး မေးမြန်းလျှောက်ထားချင်တာတွေ ရှိနေပါတယ်''ဟု ဆရာစိုးက ရောက်မဆိုက်ပင် လိုရင်းကို လျှောက်ထားပါလေတော့သည်။

ကျွန်တော် ကိုရင်ကြီးကို ဖူးမြော်အကဲခတ်နေပါ

သည်။ အသားညိုသော်လည်း မျက်နှာက ဝင်းပြီးကြည်နေပါသည်။ မျက်နှာသွယ်သွယ်၊ နှာတံပေါ်ပေါ် သို့သော် ပါးချောင်၊ နားချောင်ကျနေလျက် နားရွက်မှာ ကားကားစွင့်စွင့်၊ လက်မောင်း လက်တံတွေမှာ အရိုးပေါ် အရေတင်ဆိုသကဲ့သို့ သေးကွေးကျုံလှီနေလျက်၊ လက်ချောင်းများကား ထူးထူးခြားခြား ရှည်သွယ်နေပါသည်။ ဝေဘူဆရာတော်၊ မဟာဗောဓိမြိုင်ဆရာတော်တို့၏ လက်ချောင်းများကို သတိရစရာဖြစ်ပါသည်။

''လိုက်ရတာပေါ့လေ''

ကိုရင်ကြီးက ဖြည်းဖြည်းပြော၍ မြန်မြန်ထပါသည်။ ထိုင်ရာက ထလိုက်မှ အရပ်တော်တော်ရှည်ကြောင်း တွေ့မြင်လိုက်ရပါသည်။ ကိုရင်ကြီး ကျောင်းပေါ်တက်လေတော့မှ ကျောင်းကလေး၏ စုတ်ချာပုံကို အကဲခတ်ခွင့်ရပါတော့သည်။ ထရံအဟောင်းအဆွေးတွေ ကာသည့်နေရာကာ၊ သက်ငယ်ထန်းလက် ကာသည့်နေရာကာ၊ အမိုးက ကျိုးတိုးကျဲတဲ၊ တိုင်တွေက ယိုင်နဲ့ကွေးကောက်၊ တချို့နေရာတွေ သံပင်ရိုက်မထား၊ နှီးနှင့်တုပ်ကာ ဖြစ်သလိုလုပ်ထားရရှာသည်။

''ကိုရင်ကြီးက ကျောင်းကောင်းကောင်း အဆောက်မခံဘူး၊ ဒီသုသာန်ထဲက ရသမျှအလေအလွင့် ပစ္စည်းကလေးတွေနဲ့ပဲ ဆောက်ပေးထားရတာ၊ ကိုရင်ကြီးက အစက သစ်ပင်အောက်မှာပဲနေတာ''

မြေပေါ်မှာ အနေများလို့လားမသိ၊ ကိုရင်ကြီး၏ အသားအရောင်သည် မည်းညို၍နေသည်။ အသားအရေက ကျုံလှီပိန်ကပ်လျက်ရှိသည်။ ကိုရင်ကြီးသည် လွယ်အိတ်စုတ်ကလေးကိုယူပြီး ကျောင်းထဲကထွက်လာသည်။ သွားဖို့အသင့်ဖြစ်ပြီး မကွေးမြသလွန်မှာ ရိပ်ခနဲဖူးခဲ့ရသော ရဟန်းတော်ကို သတိရစရာဖြစ်လာသည်။

☐ နောက်လဆက်ဖတ်ပါရန်



ဒဂုန် ဦးထွန်းမြင့်

ရေးသားပြုစုသော

## ဗုဒ္ဓ၏ ဩဝါဒ အမြုတေ

မှ

### သူတော်ကောင်း

အကြင်သူသည် သူတစ်ပါးကျေးဇူးကို သိတတ်၏။ကျေးဇူးရှင်ကို ကျေးဇူးဆပ်တတ်၏။ သူတော်ကောင်းနှင့် ပေါင်းသင်း၏၊ မိတ်ဆွေဖြစ်သူ ဆင်းရဲနိမ့်ကျသွားသော်လည်း မျက်နှာမလွှဲ ခိုင်မြဲသော မိတ်ဆွေဖြစ်၏။ ဆင်းရဲသောသူ၏ အမှုကိစ္စကို ဂရုစိုက်၍ ဆောင်ရွက်တတ်၏၊ ထိုသို့ သဘောရှိသောသူကို သူတော်ကောင်းဟု ဆိုကြကုန်၏။

ဇာတက၊ သရဘင်္ဂဇာတ် ၅၂၂။

### ပညာရှိတို့သဘော

ပညာရှိတို့သည် မိမိချမ်းသာရေးဟူသော အကြောင်းကြောင့် ယုတ်မာသောအမှုကို မပြုကြပေ။ သူတော်ကောင်းတို့သည် ဆင်းရဲဒုက္ခနှင့်ကြုံတွေ့သောကြောင့်ဖြစ်စေ၊ နှိပ်စက်ညှဉ်းဆဲ ခံရသောကြောင့်ဖြစ်စေ၊ ချစ်သောကြောင့်ဖြစ်စေ၊ အမျက်ရန်ငြိုးကြောင့်ဖြစ်စေ မှန်ကန်သော တရားကို မစွန့်ကြချေ။

ဇာတက၊ သရဘင်္ဂဇာတ် ၅၂၂။

■


ရသတဏှာနည်းစေပါမှ
(ခလုပစ္ဆာဘတ္တိကဓုတင်)
အရှင်ဉာဏောဘာသ
(အေးစေတီ-မင်းဘူး)

''ခလုပစ္စာဘတ္တိကစုတင်ဆိုတာကတော့ ဒီစုတင်အကြောင်းကို မပြောခင် ဒကာအနေနဲ့ နားလည်အောင် ဝိနည်းကြောင်းကို အရင်ပြောဦးမှဖြစ်မယ်''

''အမိန့်ရှိပါဘုရား''

''ဝိနည်းဒေသနာတော်မှာ ရဟန်းဆွမ်းစားနေစဉ် ပဝါရိတ်သင့်တတ်တယ်။ ပဝါရိတ်သင့်တယ်ဆိုတာက ရဟန်းဆွမ်းစားနေဆဲမှာ ဒကာတစ်ဦးဦးက၊ ဒါမှမဟုတ် ရဟန်းတစ်ပါးပါးက 'ဆွမ်းယူဦးမှာလား'လို့ မေးတဲ့အခါ၊ 'တော်ပြီမယူတော့ဘူး' ပယ်မြစ်လိုက်တာ။ ပဝါရိတဆိုတာ 'တော်ပြီ မလိုချင်တော့ဘူး'လို့ ပယ်မြစ်လိုက်တာကို ခေါ်ပါတယ်။ အဲသလို နှုတ်နဲ့ဖြစ်ဖြစ်၊ လက်နဲ့ဖြစ်ဖြစ် ပယ်မြစ်လိုက်တဲ့ ရဟန်းဟာ 'မဝသေးလို့ နောက်ထပ်နည်းနည်းပေးပါဦး'လို့ ဆွမ်းစတဲ့ အာဟာရကို တောင်းပြီး မစားကောင်းတော့ဘူး။ ရဟန်းက မတောင်းပေမယ့် ဒကာက အလိုက်တသိလာထည့်ပေးရင်လည်း လက်ခံသုံးဆောင်ခွင့်မရှိတော့ဘူး။ အဲဒါကို ပဝါရိတ်သင့်တယ်လို့ ခေါ်ပါတယ်။

'တပည့်တော်တို့ ရဟန်းသံဃာတော်များကို ဆွမ်းကျွေးတယ်ပေါ့ဘုရား။ ရဟန်းသံဃာများ ဆွမ်းစားနေတုန်း ဆွမ်းလိုက်တယ်၊ ဟင်းလိုက်တယ်ဆိုပါတော့။ ဒီအခါရဟန်းသံဃာတော်က 'တော်ပြီ၊ မထည့်နဲ့တော့'လို့ ဆိုတာကို ပြောတာလားဘုရား။

'ဟုတ်ပါတယ်၊ တော်ပြီလို့ဆိုတာ ပယ်မြစ်တာမဟုတ်လား။ ဆွမ်းက စားနေဆဲ၊ဒကာကအလိုက်ကန်းဆိုးမသိဘဲ ထပ်ထပ်ထည့်နေတော့ ရဟန်းက ဆွမ်းမကုန်ဘဲနေမှာစိုးလို့ အမှတ်မဲ့နဲ့ 'တော်ပြီ'လို့ပဲ ပြောပြော၊ ဝလောက်ပြီထင်လို့ အမှတ်ရှိလို့ပဲပြောပြော ပယ်မြစ်လိုက်တာကို ပဝါရိတ်သင့်တယ်လို့ ခေါ်ပါတယ်။ အဲသလို မဖြစ်ရအောင်လို့ တချို့ဆရာတော်ကြီးများက 'ဒကာ ကပ်သာ ကပ်ထားလိုက်၊ လိုတာကိုယ့်ဘာသာကိုယ် ထည့်စားမယ်' လို့ မိန့်ပြီး အကပ်ခံထားလိုက်တာ တွေ့ဖူးတယ် မဟုတ်လား''

''မှန်ပါဘုရား၊ တွေ့ဖူးပါတယ်ဘုရား''

''တော်ပြီလို့ ပြောလိုက်မိရင် ပဝါရိတ်သင့်သွားမှာစိုးလို့ပဲ၊ပဝါရိတ်သင့်သွားတဲ့ရဟန်းဟာ ပဝါရိတ်သင့်ရုံနဲ့တော့ ဘာမျှမဖြစ်သေးပါဘူး။ စားဆဲဆွမ်းကို ဆက်ပြီး ဝအောင် ဘုဉ်းပေးသုံးဆောင်နိုင်ပါတယ်။ အဲ-ထိုင်နေတဲ့ ဣရိယာပုတ်ကို ဖျက်လိုက်လို့ကတော့ နောက်ထပ် ဆွမ်းစားခွင့် မရှိတော့ဘူး၊ ဒကာရဲ့၊ စားရင် ပါစိတ်အာပတ်သင့်တယ်။''

''ဣရိယာပုတ် ဖျက်တယ်ဆိုတာက''

''ဦးပဥ္စင်းတို့ ဆွမ်းစားတဲ့အခါ တင်ပျဉ်ခွေပြီး စားကြတယ်မဟုတ်လား။ ဒကာများကလည်း အလိုက်တသိနဲ့ ဆွမ်း၊ဆွမ်းဟင်းတွေလိုက်လို့ဆိုရင် ရဟန်းများကလည်း တော်ပြီလို့ မဆိုရသေးရင် ထိုင်ရာကထပြီး စားလည်း ဘာမျှမဖြစ်ဘူး၊ ထိုင်နေရာကနေ ကိစ္စရှိလို့ ထသွားပြီး ပြန်ထိုင်စားလည်း ဘာမျှမဖြစ်ဘူး၊ အဲ-ဒကာများက အလိုက်မသိလို့ ဆွမ်း၊ ဆွမ်းဟင်းတွေ ဖိတ်လျှံအောင် ထည့်နေတယ်ဆိုလို့ရှိရင် ရဟန်းများက တော်ပြီမထည့်နဲ့တော့လို့ ပြောရတော့မယ်။ အဲသလိုပြောလိုက်ရရင် ဒါ-ပဝါရိတ်သင့်ပြီ။ ပဝါရိတ်သင့်ပြီး ရဟန်းဟာ ဣရိယာပုတ်မဖျက်ဘဲ သပိတ်ထဲမှာ၊ ဒါမှမဟုတ် စားပွဲပေါ်မှာရှိနေတဲ့ စားဖွယ်သောက်ဖွယ်များကို ဝအောင်ဘုဉ်းပေးသုံးဆောင်နိုင်ပါတယ်။

တချို့ ကိုယ်တော်များဟာ ညောင်းညာတတ်ပါတယ်။ ဆွမ်းစားနေရင်း ပဝါရိတ်ကလည်း သင့်ပြီးဖြစ်နေ၊ ဆွမ်းကလည်း မဝသေးဘူး။ ဒီအချိန်မှာ ထလိုက်မိရင် ဒါ ဣရိယာပုတ် ပျက်သွားတာပဲ၊ ဆွမ်းဆက်စားခွင့် မရှိတော့ဘူး။ အဆုံးစွန်စကားပြောရရင် တင်ပျဉ်ခွေပြီး ဆွမ်းစားနေစဉ်မှာ ဒူးတစ်ဖက်ထောင်လိုက်မိတယ်ဆိုရင်ပဲ ဒါ ဣရိယာပုတ် ဖျက်လိုက်တာပါပဲ၊ ဆွမ်းဆက်စားခွင့်မရှိတော့ပါဘူး။ စားရင် ပါစိတ်အာပတ်သင့်မယ်။အဲဒါကြောင့် ရဟန်းသံဃာတော်များက လူဒကာ၊ ဒကာမတွေ ဆွမ်းလိုက်တဲ့အခါ 'နေဦး ခဏထားလိုက်ဦး၊ လိုရင်တောင်းမယ်'လို့ မိန့်ကြတာပေါ့ ဒကာရဲ့''

''သြော် … ဟုတ်ပြီ၊ တပည့်တော် တစ်ခါက အဲသလို ဆွမ်းလိုက်မိတာ ဆရာတော်ကြီးတစ်ပါးရဲ့ အော်ငေါက်တာ ခံလိုက်ရတယ်ဘုရား။ 'ဒီဒကာ ခဏနေဦးလို့ပြောတာ၊ နားမထောင်ဘူးလား' တဲ့။ တပည့်တော်လည်း ရှက်ရှက်နဲ့ ဆရာတော်ကြီးကိုတောင် စိတ်ကွက်သွားမိသေးတယ်။ ကိုယ်ကတော့ စေတနာနဲ့ လိုက်ထည့်ပေးနေတာ၊ ဒီလောက်တောင် ရှိနေတာ' ဆိုပြီး တပည့်တော် ခပ်ဝေးဝေးသွားနေလိုက်တော့တာဘုရား''

''ဒကာကလည်း ဟုတ်သားပဲ၊ဆရာတော်ကြီးက ဝိနည်းကြောင်းအရ အပြစ်ဖြစ်မှာစိုးလို့ တားမြစ်ပြီးခပ်ဝေးဝေးမှာ သွားနေပြန်တော့ ဝေယျာဝစ္စကုသိုလ် မရတော့ပြန်ဘူး။ ဒကာပဲ နှစ်ခါရှုံးကြီး ဖြစ်နေရတော့တာပေါ့။ မဟုတ်ဘူးလား''

''မှန်ပါတယ်ဘုရား။ အခု အရှင်ဘုရားအမိန့်ရှိမှပဲ သဘောပေါက်တော့တာကိုး ဘုရား''

''အဲဒါကြောင့် ဆွမ်းကျွေးဆွမ်းကပ်တဲ့အခါ လူဒကာတွေက ဆွမ်းလိုက်၊ ဟင်းလိုက်ကြတော့ ရဟန်းသံဃာတော်များက 'ခဏနေဦး၊ လိုမှတောင်းမယ်'နဲ့ မိန့်ကြရတော့တာပေါ့။ တချို့ဆရာတော်ကြီးများဆိုရင် ဝိနည်းတော်ကို သိပ်လေးစားကြတာ။ဒကာတို့ ဆွမ်းဟင်းလိုက်တဲ့အခါ ဟင်းပန်းကန်ကို ပြန်အယူမှာ ဟင်းရည်ဟင်းစက် စားပွဲပေါ်မကျအောင် 'သတိထားယူ၊ သတိထားယူ'လို့ သတိပေးနေကြတာတွေ့ဖူးတယ် မဟုတ်လား။ အဲဒါပေါ့ပေါ့မထင်နဲ့ဒကာ၊ စားပွဲတစ်ခုလုံးအကပ်ပျက်သွားနိုင်လို့ပဲ''

''ဟင် ့ဘယ်လိုကြောင့်လဲ ဘုရား''

''ဒကာတို့ ဆွမ်းဟင်းလိုက်တော့ ဟင်းပန်းကန်ကို ပြန်အယူမှာ ဟင်းပန်းကန်မှာကပ်နေတဲ့ ဟင်းစက်က ပန်းကန်နဲ့အတူ ပါသွားပြီးမှ စားပွဲပေါ်ဖိတ်ကျတာမဟုတ်လား။ အဲဒီ ဟင်းစက်ဟာ ပြန်ယူလိုက်တဲ့ ဟင်းစက်ဖြစ်လို့ အကပ်မမြောက်တော့ဘူးတဲ့။ အကပ်မမြောက်သေးတဲ့ ဟင်းစက်နဲ့ကပ်ပြီးသား စားပွဲနဲ့ မိတ်ဆက်ပြီး ဆက်စပ်သွားတော့ စားပွဲတစ်ခုလုံးဟာလည်း အကပ်ပျက်သွားတယ်တဲ့ ဒကာ။ အကပ်ပျက်သွားရင် ပြန်ကပ်ရတယ်။ ဒါလေးတွေက သတိထားကြည့်မှ သိနိုင်တာ။

အဲသလိုပဲ၊ အခု ပဝါရိတ်သင့်တယ်ဆိုတာလည်း အများအားဖြင့် အလိုက်မသိတတ်တဲ့ ဒကာ၊ ဒကာမများနဲ့ ရဟန်းများကြောင့် သင့်ရတာပါ။ ပဝါရိတ်လည်း သင့်ပြီးပြီ၊ ဣရိယာပုတ်လည်း ပြောင်းပြီးပြီ။ ရဟန်းက နောက်ထပ်အလိုရှိနေသေးတယ်၊ ဘုဥ်းပေးချင်သေးတယ်ဆိုလို့ရှိရင် အတိရိတ်ဝိနည်းကံပြုပြီးမှ ဘုဥ်းပေးသုံးဆောင်ရပါတယ်။ အတိရိတ်ဝိနည်းကံပြုရတယ်ဆိုတော့ နည်းနည်းအလုပ်ရှုပ်သွားရပြန်တာပေါ့''

''အမိန့်ရှိပါဦးဘုရား''

''အတိရိတ် ဝိနည်းကံပြုမယ်ဆိုလို့ရှိရင် ရဟန်းက ကိုယ်စားချင်တဲ့ အာဟာရကို ဒကာ၊ဒကာမများထံမှ အပ်စပ်အောင် အကပ်ခံပြီး ဝိနည်းမိုရ်ရဟန်းထံ သွားရပါတယ်''

''အရှင်ဘုရား ဝိနည်းမိုရ်ရဟန်းဆိုတာက''

''ဝိနယဓရ=ဝိနည်းဆောင်ရဟန်း၊ တစ်နည်းအားဖြင့် ဝိနည်းအရာမှာ လိမ္မာကျွမ်းကျင်တဲ့ရဟန်း၊ ဝိနည်းကို လေးစားလိုက်နာတဲ့ရဟန်းကို ဝိနည်းမိုရ်ရဟန်းလို့ခေါ်ပါတယ်။ ဒီမှာတော့ အတိရိတ်ဝိနည်းကံပြုပေးမယ့် ရဟန်းကို ဝိနည်းမိုရ်ရဟန်းလို့ပဲ ခေါ်ပါတယ်''

''ဆက်ပြီး အမိန့်ရှိပါဦး ဘုရား''

''ဒီ အတိရိတ်ဝိနည်းကံပြုချင်တဲ့ရဟန်းက ကိုယ်စားချင်တဲ့ ဘောဇဉ်ခဲဖွယ်ကို ခွက်တစ်ခုမှာ

> **''ပဝါရိတ်သင့်သွားတဲ့ ရဟန်းဟာ ပဝါရိတ်သင့်ရုံနဲ့တော့ ဘာမျှမဖြစ်သေးပါဘူး။ စားဆဲဆွမ်းကို ဆက်ပြီး ဝအောင် ဘုဥ်းပေးသုံးဆောင်နိုင်ပါတယ်။ အဲ . . .ထိုင်နေတဲ့ ဣရိယာပုတ်ကို ဖျက်လိုက်လို့ကတော့ နောက်ထပ် ဆွမ်းစားခွင့် မရှိတော့ဘူး ဒကာရဲ့။ စားရင် ပါစိတ်အာပတ်သင့်တယ်။''**

ထည့်၊ သပိတ်ဖြစ်ဖြစ်၊ ပန်းကန်ဖြစ်ဖြစ် ရပါတယ်။အဲသလိုထည့်ပြီးတော့ ဝိနည်းမိုရ်ရဟန်းထံပါး ဟတ္ထပါသ် အတွင်းမှာ မြွောက်ချီကိုင်ထားရမယ်။ ပြီးတော့ ဝိနည်းမိုရ်ရဟန်းကိုယ်တိုင်ကလည်း ပဝါရိတ်သင့်ပြီးသူ မဖြစ်ရဘူး။ ပဝါရိတ်သင့်ပြီးသူဖြစ်နေရင်လည်း ကြိယာပုတ် မပြောင်းလဲရသေးသူ ဖြစ်ရမယ်။ အဲဒီဝိနည်းမိုရ်ရဟန်းကိုယ်တိုင်ကလည်း ဒီနေ့အဖို့ နည်းနည်းပဲဖြစ်ဖြစ် အစာစားပြီးနေသူဖြစ်ရဦးမယ်။ ဒီအခါမှာ စားလိုတဲ့ ရဟန်းက ဝိနည်းမိုရ်ရဟန်းထံမှာ ကိုယ်ကိုင်ထားတဲ့ စားဖွယ်ခွက်ကို စောင်းငဲ့ထားပြီး ''အရှင်ဘုရား ယူပါဦး၊ စားပါဦး''ဆိုတဲ့ သဘောမြွောက်ချီပေးနေရမယ်။ အဲဒီတော့မှ ဝိနည်းမိုရ်ရဟန်းက ''အလမေတံ သဗ္ဗံ=အဲဒီစားဖွယ်တွေကို ငါတော်ပြီ''လို့ ဆိုလိုက်ရပါမယ်။ အဲသလိုဆိုပြီးတဲ့အခါကျတော့မှ ဒီစားဖွယ်တွေဟာ ဝိနည်းမိုရ်ရဟန်းရဲ့ အကြွင်းအကျန်၊ အတိရိတ်ဝိနည်းကံပြုပြီးပြီလို့ ဆိုရပါတယ်။ အဲဒီအခါကျမှ အာဟာရကို ထပ်စားလိုတဲ့ ပဝါရိတ်သင့်တဲ့ ရဟန်းဟာ စားခွင့်ရှိသွားပါတယ်''

''အမလေး အရှင်ဘုရား ရယ်၊ ရှုပ်ယှက်ခတ်လို့ မလွယ်လှပါလား ဘုရား''

''ပြီးတော့ ရှိသေးတယ်။ ဂိလာနရဟန်းရဲ့ အကြွင်းအကျန်ဆိုရင်လည်း အတိရိတ်ဝိနည်းကံပြုစရာမလိုဘူး။ စားနိုင်ခွင့်ရှိပါတယ်''

''ဒါလည်း ဂိလာနရဟန်း ရှိဦးမှကိုး ဘုရား''

''အဲသလို ရသတဏှာရဲ့ လမ်းကြောင်းပေါ်မှာ တည်ရှိနေတဲ့

**ခလုပစ္ဆာဘတ္တိက**
**ဓုတင်ကို ဆောင်တဲ့ရဟန်းဟာ**
**မြတ်စွာဘုရား ချီးမွမ်းတော်မူသော**
**သန္တောသဂုဏ်အစရှိသော ကျေးဇူးတို့၏**
**ပွားများခြင်းကို ဖြစ်စေတတ်လို့ မဟိစ္ဆစတဲ့**
**အပြစ်ဒေါသတို့ကို ပယ်လိုတဲ့**
**ပုဂ္ဂိုလ်များသာ ကျင့်သုံး**
**ဆောက်တည်ကြပါတယ်တဲ့........**

ရသတဏှာကြောင့် အလုပ်များရမယ့် စားဖွယ်ဘောဇဉ်နဲ့ ပတ်သက်ပြီး ရသတဏှာကို ငြိမ်းစေဖို့ ဒီခလုပစ္ဆာဘတ္တိကလို့ခေါ်တဲ့ ဓုတင်အကျင့်တစ်မျိုးကို ကောသနိက်ဓုတင် ပတ္တပိုဏ်ဓုတင်တို့နဲ့ ခွဲခြားပြီးဆောက်တည်ရတာ ဖြစ်ပါတယ်''

''ဒီဓုတင်ကို ဆောက်တည်တဲ့အခါ ဘယ်လိုဆိုပြီး ဆောက်တည်ရပါသလဲ ဘုရား''

''ပဝါရိတ်သင့်ပြီးနောက် ဝိနည်းကံအလျောက် အတိရိတ်ဖြစ်ပြီးသော ဆွမ်းကို ပယ်ပါ၏။ ပဝါရိတ်သင့်ပြီးနောက် ရသောဆွမ်းကို အတိရိတ်ဝိနည်းကံပြု၍ မသုံးဆောင်သော ရဟန်း၏ အင်္ဂါကို ဆောက်တည်ပါ၏'လို့ ဆိုရတဲ့ စကားနှစ်ခွန်းမှာ တစ်မျိုးမျိုးကိုဆိုပြီး ဆောက်တည်ရမယ်လို့ ဝိသုဒ္ဓိမဂ်မှာ ပြထားပါတယ်။ ဒီခလုပစ္ဆာဘတ္တိကဓုတင်ကို ဆောက်တည်ထားတဲ့ ရဟန်းဟာ တော်ပြီလို့ ပယ်ပြီးပါက တစ်ဖန်အပ်အောင် ဝိနည်းကံဖြင့် ပြုစီရင်ပြီးတဲ့ ဘောဇဉ်အာဟာရကို မစားသုံးရပါဘူး။ စားသုံးမိပါက ခလုပစ္ဆာဘတ္တိကဓုတင် အကျင့်ပျက်တော့တာပါပဲ''

''ဒီ ခလုပစ္ဆာဘတ္တိက ဓုတင်မှာလည်း ပုဂ္ဂိုလ်သုံးမျိုးခွဲထားသေးသလားဘုရား''

''ခွဲထားတယ်ဒကာရဲ့။ အမြတ်ဆုံးဖြစ်တဲ့ ဥက္ကဋ္ဌပုဂ္ဂိုလ်က အကျင့်မှာလည်း ပြင်းထန်သူဖြစ်လေတော့ ပဌမဆွမ်းလုတ်စားနေစဉ် 'တော်ပြီ တန်ပြီ'လို့ ပယ်မြစ်မိရင် ဒုတိယဆွမ်းအလုပ်ကို ဆက်မစားတော့ဘူးတဲ့''

''ဟင်–ဒါဆို အရှင်ဘုရား ရယ်၊ ဘယ်ဆွမ်းဝတော့မလဲ''

''တကယ်တမ်း အကျင့်မြတ်ရဟန်းရှင်တို့ ကျင့်သုံးပြီးဆွမ်းစားတာကိုက ခန္ဓာကိုယ်တည်ရုံမျှ သဘောထားတာကိုး ဒကာရဲ့။ကောသနိက် ဓုတင်မှာ ပြောခဲ့ပြီလေ။အုန်းရေကလေးနဲ့ ဆွမ်းကိစ္စပြီးခဲ့တယ်ဆိုတာလေ၊ မှတ်မိသေးလား။ အုန်း

ရေနဲ့ စာရင် ဆွမ်းတစ်လုတ်က ပို အာဟာရဖြစ်တာပေါ့''

''အင်း ‥ ဒီလိုတွေးရင်တော့ ဟုတ်တာပေါ့ဘုရား။တပည့်တော်တော့ အဲသလိုမနေနိုင်ပါဘူး။ ဒါပေါ့လေ၊ ဒါကြောင့်လည်း တပည့်တော်က လူဝတ်ကြောင်ဖြစ်နေရတာပေါ့''

''ဒုတိယမဇ္ဈိမပုဂ္ဂိုလ်ကတော့ ဆွမ်းစားနေစဉ် ပဝါရိတ်သင့်သွားပေမယ့် သပိတ်ထဲမှာရှိနေတာကိုတော့ ဝအောင်ဘုဉ်းပေးသုံးဆောင်ပါသတဲ့။ သပိတ်အပြင်က ခဲဖွယ်ဘောဇဉ်ကိုတော့ မသုံးဆောင်တော့ပါဘူးတဲ့။ တတိယ မုဒုပုဂ္ဂိုလ်ကတော့ ကျ္ကရိယာပုတ်မဖျက်မချင်း ဘုဉ်းပေးသုံးဆောင်တယ်လို့ ဖွင့်ပြထားပါတယ်''

''အကျိုးတရားများလည်း မိန့်ပါဦးဘုရား''

''အတိရိတ်မဟုတ်သော ဘောဇဉ်ကို စားခြင်းကြောင့် အာပတ်သင့်ခြင်း အပြစ်မှ ဝေးရပါတယ်။ ဝမ်းဗိုက်ပြည့်အင့်ခြင်း ရောဂါမရှိဘူး။ အာမိသဥ္စ သိုမှီးခြင်းကင်းလို့ အလိုနည်းခြင်း၊ ချမ်းသာခြင်း အကျိုးတရားတွေရတယ်။ခလုပစ္ဆာဘတ္တိက ဓုတင်ကို ဆောင်တဲ့ရဟန်းဟာ မြတ်စွာဘုရား ချီးမွမ်းတော်မူသော သန္တောသဂုဏ်အစရှိသော ကျေးဇူးတို့၏ ပွားများခြင်းကို ဖြစ်စေတတ်လို့ မဟိစ္ဆစတဲ့ အပြစ်ဒေါသတို့ကို ပယ်လိုတဲ့ ပုဂ္ဂိုလ်များသာ ကျင့်သုံးဆောက်တည်ကြပါတယ်တဲ့ ဒကာ''

''မြတ်စွာဘုရားက အာဟာရနဲ့ပတ်သက်လို့ ကျင့်ဖို့တော်တော်များများ ဟောခဲ့တာပဲနော် ဘုရား''

''ပြောခဲ့ပြီပဲ ဒကာရယ်။ အာဟာရဟာ ရသတဏှာကို မသိမသာနဲ့ တော်တော့်ကို ဆိုးစေတယ်ဆိုတာ ဒကာပဲ ကိုယ်တိုင်စဉ်းစားကြည့်လေ။အိမ်က ဒကာမက ဟင်းချက်ကျွေးတယ်၊ လျှာအရသာရှိမယ်၊ အာဟာရဖြစ်စေမယ်ဆိုရင် ပြည့်စုံပြီ မဟုတ်လား။ ကျေနပ်ရောပေ့ါ။ ဒါပေမယ့် ကျေနပ်ရဲ့လား။ အရောင်အဆင်းကလေးကလည်း ရှိဦးမှဆိုပြီး ရူပတဏှာကို တောင့်တပြန်တယ်။ ကဲ–အဆင်းကလည်း လှသွားပြီ။ တော်ပြီပေ့ါ။ မဟုတ်သေးဘူး အနံ့ကလေးကလည်း မွှေးဦးမှဆိုပြီး နှာခေါင်းက တောင့်တပြန်ရော။ပြီးတော့ စားဖွယ်ကလည်း နူးနူးညံ့ညံ့ ရှိဦးမှဆိုပြီး ဖောဋ္ဌဗ္ဗတဏှာကလည်း လိုက်လာပြန်တယ်။ ကဲ–ကြည့်စမ်းပါဦး အာဟာရတစ်ခုအတွက်နဲ့ တဏှာတွေ များလိုက်တာ''

''အင်း ‥ အရှင်ဘုရား ပြောတော့လည်း ဟုတ်တာပါပဲ။ မှန်ပါတယ်ဘုရား။ ဓုတင်တစ်ဆယ့်သုံးပါးဆိုတာကို တပည့်တော်ကြားဖူးနားဝရှိပါရဲ့။ အခြားဓုတင်များရဲ့ ဆိုင်ရာ နာမည်များကိုလည်း ကြားဖူးသလိုရှိပါရဲ့။အခု ဒီခလုပစ္ဆာဘတ္တိက ဆိုတဲ့ ဓုတင်ကိုတော့ အရှင်ဘုရားနဲ့ ဆွေးနွေးမိတော့မှပဲ အမှတ်ထင်ထင် ကြားဖူး သိဖူးရပါတော့တယ်။ အရှင်ဘုရားကို တပည့်တော်ကျေးဇူးတင်ပါတယ်ဘုရား''

''အများအားဖြင့် ဒကာကြားဖူးတာက သာသနာတော်တွင်းမှာ ဘုန်းကြီးချင်တဲ့၊ လာဘ်လာဘပေါများချင်ကြတဲ့ အလိုဆိုးနှိပ်စက်ခံရတဲ့သူတွေ၊ ပညာနည်းပါးသူတွေ၊ တောထွက်ရဟန်းကြီးတွေ ပြောတာလောက် ကြားဖူးနေမှာကိုး။ ဒီပုဂ္ဂိုလ်တွေကလည်း လူတွေအမြင်မှာ ထင်ရှားတဲ့ အထင်ကြီးစေမယ့် ပုံစံမျိုးတွေသာ လုပ်ပြနေကြတာမဟုတ်လား။ ဒီလိုဓုတင်တွေ ဆောက်တည်တယ်လို့ ပြောရင် လူတွေက အထင်ကြီးမယ်။လာဘ်လာဘပေါများမယ်။ ဒါနဲ့ လုပ်စားနေကြတာပါ။ အဝတ်အစားမြင်ရင် သိမ်နုပ်ပြီး လူအထင်သေးနိုင်တဲ့ ပံ့သကူဓုတင်ကျတော့ အခုခေတ်မှာ ဆောက်တည်ပါတယ်လို့ ပြောတာ ဒကာကြားဖူးလား။ တန်ဆောင်မုန်းလပြည့်နေ့ ပံ့သကူပစ်တာကို ရပြီး သုံးဆောင် ဝတ်ရုံရတာကို ဓုတင်မခေါ်ဘူး။ ဒီ ဓုတင်အကျင့်တွေထဲမှာလည်း စာမဖွဲ့လောက်ပါဘူး။ တကယ့် ပံ့သကူဓုတင် ဆောင်တယ်၊ ဒီဓုတင်ဆောင်တယ် ပြောနေကြပေမယ့် ပံ့သကူဓုတင်ဆောင်ပါတယ်လို့ ပြောတဲ့ ဘုန်းကြီးတွေ့ဖူးရဲ့လား''

''အရှင်ဘုရား၊အဲဒီ ပံ့သကူဓုတင်အကြောင်း အမိန့်ရှိပါဦးဘုရား''

''ဟာ–ဒီနေ့တော့ တော်လောက်ပြီ ဒကာရဲ့။ ဒကာလည်း ကျောင်းရောက်နေတာ ကြာသွားပြီ။ နောက်နေ့များ ဒကာကျောင်းအရောက်လာခဲ့ရင်တော့ ပံ့သကူဓုတင်အကြောင်း ပြောကြတာပေါ့''

''မှန်ပါဘုရား၊ ဒါဆိုတပည့်တော် ပြန်ပါဦးမယ်။ ဦးတင်ပါတယ်ဘုရား''

**အရှင်ဉာဏောဘာသ၊**

**■အေးစေတီ–မင်းဘူး**



# နိုင်ငံခြားသား ဘုန်းတော်ကြီးတစ်ပါး၏ ဗုဒ္ဓဘာသာအမြင် အမေးအဖြေများ

ချမ်းမြေ့ဆရာတော်

(ယခင်လမှအဆက်)

မေး။ ဗုဒ္ဓဘာသာဟာ ဒါလောက်ကောင်းနေတယ်ဆိုရင် တချို့ ဗုဒ္ဓဘာသာ နိုင်ငံတွေ ဘာကြောင့် ဆင်းရဲနေသလဲ။

ဖြေ။ သင့်ရဲ့အမေးမှာ ဆင်းရဲတယ်ဆိုတာ စီးပွားရေးအရ ဆင်းရဲတာကို ဆိုလိုရင် ဟုတ်ပါတယ်။

တချို့ ဗုဒ္ဓဘာသာ နိုင်ငံတွေ ဆင်းရဲကြတာမှန်ပါတယ်။ သို့သော်လည်း တကယ်လို့သာ ‘ဘဝအရည်အသွေး နိမ့်ကျဆင်းရဲမှု’ကို ဆိုလိုရင်တော့ တချို့ ဗုဒ္ဓဘာသာနိုင်ငံတွေဟာ အလွန်ချမ်းသာကြပါတယ်။

ဥပမာ–အမေရိကန်နိုင်ငံ ဆိုကြပါစို့။ စီးပွားရေးအရ အင်မတန်ချမ်းသာကြွယ်ဝပြီး အင်အားကောင်းတဲ့ နိုင်ငံကြီးပေါ့။ သို့သော်လည်း ကမ္ဘာမှာ ရာဇဝတ်မှု ရာနှုန်းအမြင့်မားဆုံးနိုင်ငံ တစ်နိုင်ငံ ဖြစ်နေတယ်။ သန်းပေါင်းများစွာသော အဘိုးအို၊ အဘွားအိုတွေကို သူတို့သားသမီးတွေက ပစ်ထားကြတယ်။ ဂရုမစိုက်ကြဘူး။ ဒါနဲ့ပဲ ဘိုးဘွားရိပ်သာမှာ အထီးကျန်ဘဝနဲ့ ဘဝဇာတ်သိမ်းသွားကြရတယ်။ မိသားစုအတွင်းမှာ ရက်စက်ကြမ်းကြုတ်မှုတွေ၊ ကလေးတွေကို အမျိုးမျိုး ဖျက်ဆီးမှုတွေဟာ ကြီးမားတဲ့ ပြဿနာကြီးတွေ ဖြစ်နေတယ်။ ဇနီးမောင်နှံစုံသုံးစုံမှာ တစ်စုံဟာ ကွာရှင်းပြတ်စဲထားတယ်။ ညစ်ညမ်းစာပေ၊ ညစ်ညမ်းရုပ်ရှင်ဆိုတာတွေကိုလည်း လွယ်လွယ်နဲ့ ဖတ်နိုင်၊ ကြည့်နိုင်ကြတယ်။ စည်းစိမ်ဥစ္စာအနေနဲ့ ကြွယ်ဝချမ်းသာသော်လည်း ဘဝ အရည်အသွေးအနေနဲ့ ဆင်းရဲနိမ့်ကျနေပါတယ်။

အခု မြန်မာနိုင်ငံ ဆိုကြပါစို့။ သားသမီးတွေက မိဘတွေကို ရိုသေမြတ်နိုးကြတယ်။ ပြုစုစောင့်ရှောက်ကြတယ်။ ရာဇဝတ်မှုလည်း တခြားနိုင်ငံတွေနှင့် စာလျှင် အလွန်နည်းတယ်။ ကွာရှင်းပြတ်စဲမှုတို့၊ ကိုယ့်ကိုယ်ကို သတ်သေမှုတို့ဆိုတာ မကြားရသလောက်ပဲ။ မိသားစုအတွင်း ရက်စက်ကြမ်းကြုတ်မှုတို့၊ ကလေးသူငယ်တွေကို ဖျက်ဆီးမှုတို့၊ ညစ်ညမ်းစာပေ၊ ညစ်ညမ်းရုပ်ရှင်တို့၊ လိင်ဆက်ဆံရေးလိုင်စင်တို့ဆိုတာ မရှိဘူး။ အမေရိကန်နိုင်ငံလို နိုင်ငံထက် ဘဝအရည်အသွေး ပိုပြီးမြင့်မားပါတယ်။

ဗုဒ္ဓဘာသာနိုင်ငံတွေကို စီးပွားရေးပေတံ တစ်ခုတည်းနဲ့ တိုင်းတာလျှင်တောင်မှ အချမ်းသာ၊ အကြွယ်ဝဆုံး၊ ဒီနေ့ကမ္ဘာမှာ စီးပွားရေးအင်အား အတောင့်တင်းဆုံး ဗုဒ္ဓဘာသာနိုင်ငံကို လက်ညှိုးထိုးပြနိုင်ပါတယ်။ အဲဒါကတော့ လူဦးရေရဲ့ ၉၃–ရာခိုင်နှုန်းဟာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေတဲ့ ဂျပန်နိုင်ငံပါပဲ။

မေး။ ဗုဒ္ဓဘာသာဝင်တွေ ကုသိုလ်ဖြစ် လုပ်ငန်းတွေ လုပ်ကြတာ သိပ်မကြားမိပါဘူး။အဲဒါဘာကြောင့်ပါလဲ။

ဖြေ။ ဗုဒ္ဓဘာသာဝင်တွေလည်း ကုသိုလ်ဖြစ်လုပ်ငန်းတွေ လုပ်ကြပါတယ်။ သင်မကြားမိတာကတော့ ဗုဒ္ဓဘာသာဝင်များဟာ သူတို့လုပ်တဲ့ ကုသိုလ်ကောင်းမှုတွေ အကြောင်းကို ဝါကြွားပြောဆိုဖို့ မလိုဘူးလို့ ယူဆထားကြလို့ ဖြစ်ပါလိမ့်မယ်။

နှစ်ပေါင်း တော်တော်ကြာဆီက ဂျပန်–ဗုဒ္ဓဘာသာ ခေါင်းဆောင် တစ်ယောက်ဖြစ်တဲ့ **နစ်ခိုနီရဝါနို** ဟာ ဘာသာတရားအားလုံး ပေါင်းစည်းညီညွတ်မှု တိုးတက်ရေးကို လုပ်ဆောင်တဲ့အတွက် (Templeton Prize) တင်ပယ်လ်တန်ဆုကို ရရှိပါတယ်။ အလားတူပဲ ယိုးဒယားဗုဒ္ဓဘာသာဘုန်းတော်ကြီးတစ်ပါးက မူးယစ်ဆေးစွဲသူများကို ကုသရာမှာ ထူးချွန်တဲ့အတွက် မက်ဆေးဆေးဆုကို ရရှိခဲ့ပါတယ်။ ၁၉၈၇–ခုနှစ်တုန်းကလည်း အရှင် ကန္တယပိဝတ်ဆိုတဲ့ ယိုးဒယားဘုန်းကြီးတစ်ပါးဟာ ကျေးလက်တောရွာများမှာရှိတဲ့ အခြေအနေမဲ့ ကလေးများကို နှစ်ပေါင်းများစွာကြာအောင် ပြုစုစောင့်ရှောက်ခဲ့တဲ့အတွက် 'နော်ဝေကလေးများ၏ ငြိမ်းချမ်းရေးဆု'ကို ရရှိခဲ့ပါတယ်။ အနောက်တိုင်း ဗုဒ္ဓဘာသာအဖွဲ့ (Western Buddhist Order)ဟာ အိန္ဒိယပြည်မှာ ဆင်းရဲသားများအတွက် ကြီးမားကျယ်ပြန့်တဲ့ လူမှုရေး လုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။စာသင်ကျောင်းတွေ၊ ကလေးပြုစုစောင့်ရှောက်ရေး ဌာနတွေ၊ ဆေးပေးခန်းတွေ၊ တစ်နိုင်စက်မှုလုပ်ငန်းအသေးစားတွေ တည်ထောင်ပြီး ပြုစုပျိုးထောင်ပေးနေပါတယ်။

ဗုဒ္ဓဘာသာဝင်များဟာ တခြားဘာသာဝင်များလိုပဲ သူတစ်ပါးကို အကူအညီပေးရတာဟာ သူတို့ရဲ့ ဘာသာတရား လိုက်နာကျင့်ကြံမှုကို ဖော်ပြတာပဲလို့ သိမြင်မှတ်ယူကြပါတယ်။ သို့သော်လည်း ဒါတွေကို ကိုယ့်ကိုယ်ကို မထင်ပေါ်စေဘဲ တိုးတိုးတိတ်တိတ်ပဲ လုပ်သင့်တယ်လို့ ယုံကြည်ကြပါတယ်။ဒါကြောင့် သူတိုရဲ့ ကုသိုလ်ဖြစ် လုပ်ငန်းတွေအကြောင်းကို သင်သိပ်မကြားရတာ ဖြစ်ပါလိမ့်မယ်။

မေး။ ဘာကြောင့် ဗုဒ္ဓဘာသာတွေ အမျိုးမျိုးကွဲပြားနေပါသလဲ။

ဖြေ။ လူတွေ စားသုံးကြတဲ့ သကြားတွေလည်း အမျိုးမျိုး ရှိကြတာ မဟုတ်လား။သကြားဖြူ၊ သကြားညို၊ ကျောက်သကြား၊ သကြားရည်၊ ရေခဲသကြား စသည်အမျိုးမျိုး ရှိကြတာပဲ။ သို့သော်လည်း အားလုံးဟာ သကြားချည်းပါပဲ။ ပြီးတော့ သကြားတိုင်းဟာ ချိုကြတာချည်းပဲ။ မချိုတဲ့ သကြားရယ်လို့ မရှိဘူး။ ဒီလို သကြားအမျိုးမျိုးအစားစား ထုတ်ကြတာက သူတို့ကို သုံးစွဲပုံ သုံးစွဲနည်း အမျိုးမျိုး ရှိကြလို့ပါပဲ။ ဗုဒ္ဓဘာသာလည်း ထို့အတူပါပဲ။ ထေရဝါဒ ဗုဒ္ဓဘာသာ၊ ဈင်ဗုဒ္ဓဘာသာ၊ အမိတာဘာ ဗုဒ္ဓဘာသာ၊ ယောဂါစာရ ဗုဒ္ဓဘာသာ၊ ဝဇီရယာန ဗုဒ္ဓဘာသာ စသည်ဖြင့် ကွဲပြားနေကြသော်လည်း အနှစ်သာရအားဖြင့် အတူတူပါပဲ။ အဲဒီအနှစ်သာရက ဘာလဲဆိုတော့ ကိလေသာမှ လွတ်မြောက်ခြင်း၊ ဆင်းရဲမှ လွတ်မြောက်ခြင်းဆိုတဲ့ အနှစ်သာရပါပဲ။ ဗုဒ္ဓဘာသာဟာ သူဖြစ်ပေါ်ရာ ယဉ်ကျေးမှု အမျိုးမျိုးနဲ့ ဟပ်မိအောင် အသွင်အမျိုးမျိုးနဲ့ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ အသစ်ဖြစ်တဲ့ မျိုးဆက်အသီးသီးနဲ့ ကိုက်ညီအောင် ရာစုနှစ်များတစ်လျှောက်မှာ ဗုဒ္ဓဘာသာကို ပြန်ပြီး အဓိပ္ပါယ်ဖွင့်ဆိုကြပါတယ်။ ပြင်ပ ပုံပန်းသဏ္ဍာန်အနေနဲ့ အမျိုးမျိုး ကွဲပြားနေတယ်လို့ ထင်ရသော်လည်း အားလုံးရဲ့

ဗဟိုချက်မ အနှစ်သာရကတော့ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးပါပဲ။

ဗုဒ္ဓဘာသာ အပါအဝင် ဘာသာကြီးများအားလုံးဟာ ဂိုဏ်းအမျိုးမျိုး ကွဲခဲ့ကြပါတယ်။ သို့သော်လည်း ဗုဒ္ဓဘာသာ ဂိုဏ်းအမျိုးမျိုးဟာ အချင်းချင်း ဘယ်တော့မှ စစ်ပွဲတွေ မဆင်နွှဲခဲ့ကြပါဘူး။ သူတို့ဟာ အချင်းချင်း ဘယ်တော့မှ ရန်မပွားခဲ့ကြပါဘူး။ ခုခေတ်မှာဆိုရင် ဂိုဏ်းတစ်ပါးရဲ့ ကျောင်းကန်ဘုရားကို တခြားဂိုဏ်းတစ်ခုက သွားရောက်ပြီး အတူတကွ ဘုရားဝတ်ပြုကြပါတယ်။ တခြားဘာသာရေး လောကမှာ ဒီလိုအချင်းချင်း နားလည်မှု လက်ခံညီညွတ်မှုဆိုတာ တကယ်တော့ အလွန်ရှားပါတယ်။

မေး။ သင်က ဗုဒ္ဓဘာသာကို အလွန်အထင်ကြီးတာပဲ။ သင်ဟာ သင့်ဘာသာတရားကို မှန်တယ်လို့ ယူဆပြီး တခြားဘာသာ အားလုံးကို မှားတယ်လို့ ယူဆပုံရတယ်။

ဖြေ။ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်များကို နားလည်သဘောပေါက်တဲ့ ဗုဒ္ဓဘာသာဝင် မည်သူမဆို တခြား ဘာသာတရား မှားတယ်လို့ မထင်ကြပါဘူး။ တခြား ဘာသာတရားများကို ပွင့်ပွင့်လင်းလင်း ဝေဖန်စစ်ဆေးဖို့ရာ စစ်မှန်တဲ့ လုံ့လဝီရိယကို ပြုသူမှန်သမျှ ဘယ်သူမှ အဲဒီလို မထင်ကြပါဘူး။ ဘာသာတရားအမျိုးမျိုးကို လေ့လာတဲ့အခါမှာ ပထမဆုံး သတိပြုမိတာကတော့ ဒီဘာသာတရားတွေဟာ အချင်းချင်းဘယ်လောက်များများ တူညီကြတယ်ဆိုတဲ့ အချက်ပါပဲ။

အားလုံးသော ဘာသာတရားများက လူသားရဲ့ လက်ရှိအခြေအနေဟာ ကျေနပ်ဖွယ်မရှိဘူးလို့ ဝန်ခံကြတာပါပဲ။ လူသားရဲ့ အခြေအနေ တိုးတက်လိုရင် စိတ်နေစိတ်ထား အပြုအမူပြောင်းလဲဖို့ လိုအပ်တယ်လို့ အားလုံးယုံကြည်ကြပါတယ်။ဘာသာတရား အားလုံးဟာ မေတ္တာ၊ ကရုဏာ၊ ပေးကမ်းလှူဒါန်းခြင်း၊ လူမှုရေး တာဝန်ဝတ္တရားများ ဆောင်ရွက်ခြင်းစတဲ့ ကျင့်ဝတ်များကို သင်ကြားပေးကြပါတယ်။ ဒီဘာသာတရား အားလုံးက အဆုံးစွန်ပြည့်စုံတဲ့ သဘောတစ်ခုဟာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ရှိတယ်ဆိုတာ လက်ခံကြပါတယ်။

ဘာသာတရားများက ဒီ လုံးဝဥဿုံ ပြည့်စုံတဲ့ သဘာဝကို ဘာသာစကား အမျိုးမျိုး၊ နာမည်အမျိုးမျိုး၊ အမှတ်အသား အမျိုးမျိုးနဲ့ ရှင်းလင်းဖော်ပြကြပါတယ်။ အရာရာကို တစ်ဖက်သတ် ရှုမြင်သုံးသပ်တဲ့နည်းကို အမြင်ကျဉ်းစွာ တွယ်ကပ်ထားကြတဲ့အခါမှာသာ သည်းမခံနိုင်မှု၊ မာနတရားနဲ့ ကိုယ်သာမှန် စိတ်ထားတွေ ဖြစ်ပွားပေါ်ပေါက်လာတတ်ပါတယ်။

စဉ်းစားကြည့်ပါ။ အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ အင်ဒိုနီးရှား လူ (၄)ဦး ကော်ဖီပန်းကန် တစ်လုံးကို ကြည့်ကြတယ် ဆိုပါစို့။ အဲဒီပန်းကန်ကို အင်္ဂလိပ်က 'Cup' လို့ခေါ်တယ်။ ပြင်သစ်က 'Tasse' လို့ခေါ်တယ်။ တရုတ်က 'Pie'၊ အင်ဒိုနီးရှားက 'Cawan' လို့ ခေါ်တယ်။ အဲဒါ သူ့အခေါ်မှန်တယ်၊ တခြားလူအခေါ် မှားတယ်လို့ ကိုယ့်အဘိဓာန် ကိုယ်ကိုးကားပြီး အကြောက်အကန် ငြင်းခုံနေကြပါရော။ အဲဒီအခိုက်မှာ ဗုဒ္ဓဘာသာဝင်တစ်ဦး ရောက်လာပြီး ဘာမျှပြောမနေဘဲ ကော်ဖီပန်းကန်ကို ကောက်ယူပြီး မော့သောက်ပစ်လိုက်ပါတယ်။ ပြီးတော့မှ သူက ဟိုလူလေးယောက်ကို ပြောလိုက်တယ်။ ''ဒီပန်းကန်ကို ဘယ်လိုပဲ မိတ်ဆွေတို့ခေါ်ခေါ် လိုရင်းက ဒါကို ကော်ဖီသောက်ဖို့ အသုံးပြုတာပါပဲ၊ ငြင်းခုံနေလို့ ဘာအကျိုးရှိမလဲ၊ သောက်ဖို့ပန်းကန်ကို သောက်လိုက်မှ အမောပြေပြီး လန်းဆန်းလာမှာပေါ့၊ အဲဒါ လိုရင်းပဲ။'' ဒါဟာ ဘာသာတရားများအပေါ် ဗုဒ္ဓဘာသာကမြင်တဲ့ အမြင်၊ ထားတဲ့စိတ်ထားပါပဲ။

မေး။ ဗုဒ္ဓဘာသာဟာ သိပ္ပံနည်းကျပါသလား။

ဖြေ။ ဒီအမေးကို မဖြေမီ 'သိပ္ပံ' ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကို ရှာကြည့်တာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။အဘိဓာန်များက ဒီလိုဖွင့်ပြကြပါတယ်။ 'သိပ္ပံ' ဆိုတာ တကယ်ဖြစ်နေတဲ့ သဘာဝတစ်ခုကို လက်တွေ့မျက်မြင် ကြည့်ရှုခြင်းနှင့် စမ်းသပ်ခြင်းတို့အပေါ် အခြေခံပြီး စနစ်တစ်ခု ဖော်ထုတ်တဲ့ပညာ၊ တိတိကျကျ လေ့လာစမ်းသပ် သိရှိထားတဲ့ အရာတစ်ခုနဲ့ ပတ်သက်လို့ သဘာဝကျတဲ့ နည်းလမ်းဥပဒေများ သတ်မှတ်ဖော်ပြတဲ့ ပညာပါပဲ။ အဲဒီပညာရဲ့ အစိတ်အပိုင်း တစ်ခုခုလည်း သိပ္ပံပါပဲ။

ဗုဒ္ဓဘာသာမှာ ဒီဖွင့်ဆိုချက်နဲ့ မကိုက်ညီတဲ့ အချက်အလက်များ ရှိကောင်း ရှိနိုင်ပါတယ်။ သို့သော်လည်း ဗုဒ္ဓဘာသာရဲ့ လိုရင်းတရားဖြစ်တဲ့ သစ္စာလေးပါးကတော့ သေသေချာချာ ကိုက်ညီပါတယ်။ ပထမဆုံး

အမှန်တရားက ဒုက္ခသစ္စာပါ။ ဒီမှာ ဒုက္ခဆင်းရဲခြင်းဆိုတာ ကိုယ်တိုင်တွေ့သိ ခံစားရတဲ့ အရာပါ။ သူ့ကို အဓိပ္ပါယ် သတ်မှတ်လို့လည်း ရပါတယ်။ လက်တွေ့ခံစား သိမြင်လို့လည်း ရပါတယ်။

ဒုတိယ အမှန်တရားက သမုဒယသစ္စာပါ။လိုချင်တပ်မက်မှု တဏှာကို ဆိုလိုပါတယ်။ ဆင်းရဲဒုက္ခကို ဖြစ်ပေါ်စေတဲ့ အကြောင်းဖြစ်တဲ့ ဒီတဏှာဟာလည်း ကိုယ်တိုင်တွေ့သိ ခံစားရတဲ့ အရာပါ။ အဓိပ္ပါယ်သတ်မှတ်လို့လည်း ရတယ်။ လက်တွေ့ခံစားသိမြင်လို့လည်း ရပါတယ်။ ဒီဒုက္ခနဲ့ ဒုက္ခရဲ့အကြောင်းတရား အမှန်ကို ဒဿနပညာဆိုင်ရာ စကားလုံးတွေနဲ့ ရှင်းပြဖို့ မလိုပါဘူး။ ကိုယ်တွေ့ ခံစားသိမြင်ရတဲ့ အရာတွေပါ။

တတိယ အမှန်တရားကတော့ နိရောဓသစ္စာပါ။ ဆင်းရဲကုန်ဆုံးတဲ့သဘော၊ ဆင်းရဲငြိမ်းတဲ့ သဘောပါ။ ဒီသဘောကို အနန္တတန်ခိုးရှင်ဆိုသူ တစ်ဦးဦးကို အားကိုးလို့ မရပါဘူး။ ယုံကြည်ရုံမျှ၊ ဆုတောင်းရုံမျှနဲ့လည်း မရနိုင်ပါဘူး။ ဆင်းရဲဒုက္ခရဲ့ အကြောင်းတရားကို ပယ်သတ်နိုင်မှပဲ ရပါတယ်။

စတုတ္ထ အမှန်တရားကတော့ ဆင်းရဲငြိမ်းစေတဲ့ နည်းလမ်းဖြစ်တဲ့ မဂ္ဂသစ္စာပါ။ ဒီဆင်းရဲငြိမ်းရေး နည်းလမ်းကလည်း ဒဿနပညာ သဘောတရားတွေနဲ့ လုံးဝ မသက်ဆိုင်ပါဘူး။ သတ်မှတ်ပေးထားတဲ့ နည်းလမ်း အတိုင်း လက်တွေ့ကျင့်မှပဲ ရပါတယ်။ ဒီနည်းလမ်းကလည်း အစမ်းသပ်ခံ နည်းလမ်းပါ။

သိပ္ပံပညာမှာလိုပဲ ဗုဒ္ဓဘာသာကို ရှင်းပြဖို့လည်း အနန္တတန်ခိုးရှင် အယူအဆကို လက်ခံဖို့ မလိုပါဘူး။ ဗုဒ္ဓဘာသာကိုယ်တိုင်က စကြဝဠာ ကမ္ဘာလောကကြီးရဲ့ အလုပ်လုပ်ပုံကို သဘာဝ နိယာမတွေနဲ့ ရှင်းပြထားပါတယ်။

ဒီအချက်အားလုံးက ဗုဒ္ဓဘာသာရဲ့ သိပ္ပံနည်းကျ အနှစ်သာရကို သေချာစွာ ဖော်ဆောင်နေပါတယ်။ ဒီမှာလည်း ကျွန်ုပ်တို့ကို ဗုဒ္ဓမြတ်စွာ အမြဲတစေ ဆုံးမခဲ့တဲ့ အဆုံးအမက ကျွန်ုပ်တို့ဟာ ဘယ်အရာကိုမဆို အကန်းယုံ၊ အရမ်းယုံ မယုံမိကြဖို့၊ မေးမြန်း၊ စုံစမ်း၊ စစ်ဆေး၊ စမ်းသပ်ပြီးမှ ကိုယ်တိုင် တွေ့သိခံစားရတဲ့ အရာပေါ်မှာ အခြေခံပြီး ယုံသင့်မှ ယုံဖို့ပါပဲ။ ဒီအဆုံးအမမှာ တိကျတဲ့ သိပ္ပံနည်းကျ အမြင်ပါဝင်နေပါတယ်။ ရှင်တော်မြတ်ဘုရား ဆုံးမပုံက –

''ဗျာဒိတ်စကား ဆိုရုံနဲ့ မယုံကြည်ပါနှင့်။ အစဉ်အဆက် ယုံကြည်လက်ခံလာတာ ဖြစ်ရုံနဲ့ မယုံကြည်ပါနှင့်။ သတင်းကြားနဲ့လည်း မယုံကြည်ပါနှင့်။ မြင့်မြတ်တဲ့ ကျမ်းစာများမှာ ပါရုံနဲ့လည်း မယုံကြည်ပါနှင့်။ စဉ်းစားတွေးခေါ်ရေး တက္ကဗေဒ၊ ဒဿနိကဗေဒတွေနဲ့ ကိုက်ညီရုံမျှနဲ့လည်း မယုံကြည်ပါနှင့်။ ပြောတဲ့လူက ယုံကြည်ထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်ရုံမျှနဲ့လည်း မယုံကြည်ပါနှင့်။ မိမိ ဆရာဖြစ်ရုံမျှနဲ့လည်း မယုံကြည်ပါနှင့်။ သင်ကိုယ်တိုင် ကောင်းတဲ့အရာပဲ၊ အပြစ်ကင်းတဲ့အရာပဲ၊ ပညာရှိတို့ ချီးမွမ်းအပ်တဲ့ အရာပဲ၊ လက်တွေ့ကျင့်ကြံတဲ့အခါမှာလည်း မုချ ချမ်းသာစေနိုင်တဲ့ အရာပဲလို့ ကိုယ်တွေ့ သိမြင်ရတဲ့ အခါကျမှပဲ အဲဒါကို ယုံကြည်လက်ခံလိုက်နာ ကျင့်ကြံပါ''

ဒါ့ကြောင့် ဗုဒ္ဓဘာသာဟာ ပြည့်ပြည့်ဝဝ သိပ္ပံနည်းကျတယ်လို့ မဆိုနိုင်သော်လည်း အတော်ခိုင်မာတဲ့ သိပ္ပံနည်းကျ သဘောသဘာဝတွေတော့ ပါဝင်ပါတယ်။ ပြီးတော့ တခြား ဘာသာတရားတွေထက် ပိုပြီး သိပ္ပံနည်းကျတယ်လို့တော့ ပြောနိုင်ပါတယ်။

နှစ်ဆယ်ရာစုနှစ်မှာ အကြီးမြတ်ဆုံး သိပ္ပံပညာရှင်ဖြစ်တဲ့ အဲလ်ဘတ်အိုင်းစတိုင်းက ဗုဒ္ဓဘာသာနဲ့ ပတ်သက်လို့ ဒီလိုပြောပါတယ်။

''နောင်တစ်ချိန်ချိန်မှာ စကြဝဠာ တစ်ခုလုံး ကိုးကွယ်ကြတဲ့ ဘာသာတရားတစ်ခု ဖြစ်ပေါ်လာလိမ့်မယ်။ အဲဒီဘာသာတရားဟာ ထာဝရဘုရား အယူအဆကို လွှမ်းမိုးသွားလိမ့်မယ်။ တယူသန် တရားသေဝါဒကိုလည်း ရှောင်လွှဲနိုင်လိမ့်မယ်။ သဘာဝတရားနှင့် ဘာသာတရား နှစ်ခုလုံးကို လွှမ်းခြုံမိတဲ့ ဒီဘာသာတရားဟာ ရုပ်နာမ် နှစ်ပါးကို ကိုယ်တွေ့ ခံစားသိမြင်မှုနဲ့ အဓိပ္ပါယ်ပြည့်ဝတဲ့ ပေါင်းစည်းညီညွတ်မှုပေါ်မှာ အခြေခံလိမ့်မယ်။ ဒီအချက်တွေကို ဗုဒ္ဓဘာသာက အဖြေပေးလိမ့်မယ်။ တကယ်လို့သာ ခေတ်သစ်သိပ္ပံနည်းကျ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်တဲ့ ဘာသာတရားတစ်ခု ရှိတယ်ဆိုရင် အဲဒီဘာသာတရားဟာ ဗုဒ္ဓဘာသာပဲ ဖြစ်လိမ့်မယ်။''

■ နောက်လဆက်ဖတ်ပါရန်

# တစ်ချက်ခုတ် ရှစ်ချက်ပြတ်တရား



## မြဝင်း(ဒဿန)

ဝါတွင်း တစ်မနက်ခင်းတွင် ကျွန်တော်သည် မိုးညှင်းတောရ ကိုယ်တော်ကြီး စီရင်သော ''ပဋ္ဌိစ္စသမုပ္ပါဒ်ကျင့်စဉ်လမ်းကျမ်း''ကို ဖတ်နေပါသည်။ ထိုသို့ ဖတ်နေစဉ် ကျွန်တော့် သူငယ်ချင်း ရောက်လာပါသည်။ ကျွန်တော့်သူငယ်ချင်းသည် ရောက်လျှင်ရောက်ချင်း ဤသို့စကား စလိုက်ပါသည်။

''ဘာတွေ ဖတ်နေသလဲ သူငယ်ချင်းရဲ့''

''မိုးညှင်းတောရ ကိုယ်တော်ကြီးစီရင်တဲ့ 'ပဋ္ဌိစ္စသမုပ္ပါဒ်ကျင့်စဉ်လမ်းကျမ်း' ကွ''။

''ပဋ္ဌိစ္စသမုပ္ပါဒ် ကျင့်စဉ်ကျင့်တော့မလို့လား''

''ပဋ္ဌိစ္စသမုပ္ပါဒ် ကျင့်စဉ်ကျင့်ဖို့ မဟုတ်ပါဘူးကွာ။ မိုးညှင်းတောရကိုယ်တော်ကြီးရဲ့ မေတ္တာပါရမီနဲ့ပတ်သက်တဲ့ မိန့်ဆိုချက်ကို ပြန်ကြည့်ချင်လို့ပါ။ မနေ့က ဓမ္မစကားဝိုင်း တစ်ခုမှာ ငါ မေတ္တာအကြောင်း ပြောခဲ့တယ်။ မေတ္တာပါရမီကို ပွားများရင် တစ်ပြိုင်နက်တည်း ပါရမီရှစ်ပါးကို ပွားများအားထုတ်တယ်လို့ မိုးညှင်းတောရ ကိုယ်တော်ကြီး မိန့်ဆိုထားတာရှိကြောင်း ထည့်ပြောခဲ့ပါတယ်။ ဓမ္မမိတ်ဆွေတစ်ဦးက မိုးညှင်းတောရ ကိုယ်တော်ကြီးရဲ့ အဲဒီမိန့်ကြားချက် လိုချင်တယ်ဆိုလို့ 'ပဋ္ဌိစ္စသမုပ္ပါဒ်ကျင့်စဉ်လမ်းကျမ်း'ကို ပြန်ကြည့်ရတာ''

''အခုတွေ့ပြီလား''

''တွေ့ပါပြီကွာ။ 'ပဋ္ဌိစ္စသမုပ္ပါဒ်ကျင့်စဉ်လမ်းကျမ်း' လို့ ဆိုထားပေမယ့် ကျမ်းအစမှာ ပါရမီ ၁၀–ပါးအကြောင်း မိန့်ဆိုထားသကွ။ မိုးညှင်းတောရကိုယ်တော်ကြီး မိန့်ဆိုထားတာက သီလပါရမီ ၂–ပါးကို အရင်းထားပြီး နေ့စဉ်မေတ္တာပွားများမှုကို အားထုတ်မယ်ဆိုရင် ပါရမီ ၁၀–ပါး တစ်ပြိုင်နက်ပြီးတယ်တဲ့''

''မင်းပြောတဲ့အတိုင်း ဆိုရင် နေ့စဉ် မေတ္တာပွားများ အားထုတ်မယ်ဆိုရင် ဒါနပါရမီနဲ့ သီလပါရမီမှအပဖြစ်တဲ့ ကျန်ပါရမီ ၈–ပါး တစ်ပြိုင်နက်ပြီးတယ်လို့ ဆိုရမှာပေါ့နော်''

''ဟုတ်တာပေါ့ကွာ၊ မေတ္တာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ ဝီရိယပါရမီ၊ သစ္စာပါရမီ၊ ခန္တီပါရမီ၊ ပညာပါရမီ၊ နိက္ခမပါရမီ၊ ဥပေက္ခာပါရမီဆိုတဲ့ ပါရမီ ၈–ပါး တစ်ပြိုင်နက်ပြီးသတဲ့''

''ငါတော့ အခုမှပဲ ကြားဖူးတော့တယ်။ ရှင်းပြပါဦးကွာ''

''ရှင်းပြပါ့မယ် သူငယ်ချင်းရယ်။ မိုးညှင်းတောရ ကိုယ်တော်ကြီး မိန့်ဆိုထားတာက ဒါနပြုပြီး သီလဆောက်တည်ပြီး မေတ္တာပွားမယ်ဆိုရင် မေတ္တာပါရမီဖြစ်သတဲ့''

''ဒါကတော့ ရှင်းပါတယ်''

''မေတ္တာပွားများအားထုတ်မှုကို ပုတီးပတ်ရေ ဘယ်လောက်စိပ်ပါ့မယ်လို့ အဓိဋ္ဌာန်ပြုပြီး ပုတီးစိပ်မယ်ဆိုရင် အဓိဋ္ဌာန်ပါရမီ ဖြစ်ပါ



မိုးညှင်း တောရကိုယ်တော်ကြီး

သတဲ့။ အဓိဋ္ဌာန်ပြုထားတဲ့အတိုင်း အဓိဋ္ဌာန်ပေါက်မြောက်အောင် အားထုတ်ရင် ဝီရိယပါရမီ ဖြစ်ပါသတဲ့။ အဓိဋ္ဌာန်ပြုထားတဲ့အတိုင်း ပေါက်မြောက်သွားရင် ပြီးစီးသွားရင် သစ္စာပါရမီဖြစ်ပါသတဲ့။ ညောင်းညာမှု၊ ပျော်ပျော်ပါးပါးနေလိုမှုတို့ကို သည်းခံပြီး ပုတီးစိပ်တာဟာ ခန္တီပါရမီဖြစ်ပါသတဲ့။ မေတ္တာအာရုံရှိရာသို့ ဉာဏ်ရောက်အောင် လွှတ်ပြီး တို့တစ်အိမ်သားလုံး ချမ်းသာကြပါစေ၊ တို့တစ်ရွာလုံး ချမ်းသာကြပါစေ၊ တို့တစ်မြို့လုံး ချမ်းသာကြပါစေလို့ ဉာဏ်ထဲမှာ ထင်မြင်လာအောင် ပွားများမယ်ဆိုရင် ပညာပါရမီဖြစ်ပါသတဲ့။မေတ္တာဘာဝနာကို စူးစူးစိုက်စိုက် ပွားများနေတဲ့အခါ ထိုထိုကာမဂုဏ်အာရုံတို့မှ လွတ်မြောက်နေတယ်။ အဲဒီလို လွတ်မြောက်နေတာဟာ နိက္ခမပါရမီဖြစ်သတဲ့။ နောက် တစ်အိမ်လုံး၊တစ်ရွာလုံး၊ တစ်မြို့လုံးကို မေတ္တာပွားများရာမှာ မုန်းသူ၊ ချစ်သူ၊ ကိုယ့်အကျိုးဆောင်သူ၊မဆောင်သူဆိုတာတွေကို မခွဲခြားဘဲ တစ်သားတည်း ချမ်းသာကြအောင် ပွားများခြင်းဟာ ဥပေက္ခာပါရမီ ဖြစ်ပါသတဲ့''

''သာဓုပါ သူငယ်ချင်းရယ်၊ သာဓုပါ၊ သာဓုပါ။ မေတ္တာ၊ ပါရမီကို တကယ်ပွားများအားထုတ်မယ်ဆိုရင် ပါရမီ ၈–ပါး တစ်ခါတည်း ပြီးနေပါလားကွာ''

''မိုးညှင်းတောရ ကိုယ်တော်ကြီး ထပ်ဆင့်မိန့်ဆိုထားတာက ဒါန၊ သီလအရင်းပြုပြီး နေ့စဉ်မေတ္တာပွားများ အားထုတ်ရမတဲ့။ အဲဒီလို အားထုတ်သွားမယ်ဆိုရင် ပါရမီ ၁၀–ပါး တရားတော်မြတ်တို့ တစ်ပြိုင်နက် အသားတက်လာမယ်တဲ့။ အဲဒီလို ပါရမီ ၁၀–ပါး အသားတက်အောင် ပွားများအားထုတ်မှုသာ ကိုယ့်အကျိုး၊ ကိုယ့်စီးပွား၊ ကိုယ်ပိုင်ပစ္စည်းအစစ် ဖြစ်သတဲ့။ ကိုယ့် ကိုးကွယ်ရာအစစ်၊ ကိုယ့်အားထားရာအစစ်ဖြစ်သတဲ့။ အစီးအပွား၊ သမီးသားဆိုတဲ့ လောကီဥစ္စာစီးပွားတွေဟာ ကိုယ်ပိုင်ပစ္စည်းအစစ်မဟုတ်ဘူးတဲ့။ ကိုယ့်ကိုးကွယ်ရာအစစ်၊ ကိုယ့်အားထားရာအစစ် မဟုတ်ဘူးတဲ့။ ဒါကြောင့် အစီးအပွား၊ သမီး၊ သားတို့ဟာ ကိုယ်ပိုင်ပစ္စည်း အစစ် မဟုတ်။ ကိလေနဲ့ ခန္ဓာဆိုးတို့ရဲ့ အစီးအပွားဖြစ်တယ်။ ဒါန၊ သီလ၊ ဘာဝနာတို့သာ ကိုယ့်အစီးအပွား ကေန္တဖြစ်တယ်လို့ အနည်းဆုံး တစ်နေ့တစ်ခါ အောက်မေ့ရမတဲ့''

''ကျေးဇူးကြီးလှပါတယ် သူငယ်ချင်းရယ်။ မိုးညှင်းတောရကိုယ်တော်ကြီး မိန့်မှာထားသလို တစ်နေ့တစ်ခါ အောက်မေ့ပါ့မယ်။ နောက်ပြီးတော့ မေတ္တာပွားများမှုကိုလည်း ပါရမီမြောက်အောင် ပွားများပါ့မယ်။ မေတ္တာပွားများမှုကို ပါရမီမြောက်အောင် ပွားများမယ်ဆိုရင် ပါရမီ ၈–ပါး တစ်ပြိုင်နက်ပြီးတယ်ဆိုတော့ တစ်ချက်ခုတ်၊ ရှစ်ချက်ပြတ်ဖြစ်နေပြီ မဟုတ်ပါလား''

''ဟုတ်တာပေါ့ သူငယ်ချင်းရယ်။ တစ်ချက်ခုတ် ရှစ်ချက်ပြတ်တရားပါကွာ''

''ဤသို့လျှင် ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းတို့သည် မိုးညှင်းတောရကိုယ်တော်ကြီး၏ မေတ္တာပါရမီနှင့် စပ်လျဉ်းသော မိန့်ဆိုချက်အကြောင်းကို ပြောဖြစ်ခဲ့ကြပါသတည်း။။

■ မြဝင်း (ဒဿန)



# ဩဝါဒအလင်းပွင့်-၅

## မင်းနန်(မော်ကျွန်း)

### အကောင်းကိုသာ ရှာဖွေပါ

လူသားမှန်သမျှ ပုထုဇဉ်ချည်းသာ ဖြစ်ပါ၏။ ပုထုဇဉ်ဖြစ်သောကြောင့် မည်သူမျှ ပြီးပြည့်စုံပြီဟူ၍ မရှိနိုင်။ ချို့ယွင်းချက်၊ အားနည်းချက်များ အနည်းနှင့်အများ ရှိနေမည်သာ ဖြစ်ပါသည်။ မည်မျှပင် ပညာတတ်စေ၊ ရာထူးအရှိန်အဝါရှိစေ၊ အကျော်အစောရှိစေ၊ အမှား အယွင်း လုံးဝကင်းစင်သော လူသားဟူ၍ ရှေးရှေးကာလ တုန်းကတည်း မရှိခဲ့။ ယခုလည်းမရှိ။ နောင်ကာလများ တွင်လည်း ရှိလိမ့်မည် မဟုတ်ပါ။

အသိပညာအားဖြင့်လည်းကောင်း၊ အကျင့်စာရိတ္တအားဖြင့်လည်းကောင်း၊ စွမ်းဆောင်ရည်အားဖြင့်လည်းကောင်း လူသားတစ်ဦးချင်းစီတွင် အားကောင်းသော အချက်များရှိသလို အားနည်းသော အချက်များလည်း ရှိနေမည်သာဖြစ်၏။ ကောင်းသည်တို့ရှိသလို ဆိုးသည်တို့လည်း ရှိမည်။ အလင်းရောင် ဖြာဝေလင်းလက်သော အစိတ်အပိုင်းတို့ရှိသလို၊ မှောင်ရိပ်လွှမ်းခြုံနေသော အစိတ်အပိုင်းတို့လည်း ရှိမည်။မည်သူတစ်ဦးတစ်ယောက်မျှ အကြွင်းမဲ့ ဖြူစင်ခြင်း မရှိနိုင်။ အကြွင်းမဲ့ တော်ခြင်း မရှိနိုင်။ စင်းလုံးချော ခြောက်ပြစ်ကင်းသဲလဲစင်တွေ မဖြစ်နိုင်ကြပါ။

ချို့ယွင်းအားနည်းချက်ဟူသည် သူ့တွင်လည်း ရှိနေသည်။ မိမိတွင်လည်း ရှိနေမည်။ သူအားနည်းသော အရာတွင် မိမိက အားသာခြင်းမျိုးတို့ ရှိနေနိုင်သလို၊ မိမိအားနည်းသောအရာတွင် သူက အားသာခြင်းမျိုးတို့လည်း ရှိနေနိုင်ပါသည်။ ယင်းသို့ အလင်းနှင့်အမှောင်၊ အကောင်းနှင့်အဆိုး ဒွန်တွဲနေသော လူသားအချင်းချင်း သူတစ်ပါးအပေါ်၌ 'အကောင်း'ကို ကြည့်တတ်ဖို့၊ မြင်တတ်ဖို့ လိုပါသည်။ သူတစ်ပါးအပေါ်၌ရှိသော 'အဆိုး' တွေကိုသာ ပုံကြီးချဲ့ မီးမောင်းမထိုးမိဖို့ လိုပါသည်။ သူတစ်ပါး၏'အဆိုး'တွေကို ကြုံကြိုက်တွေ့မြင်သည့်တိုင်၊ တွေ့ကာမတ္တ၊ မြင်ကာမတ္တမျှဖြင့်သာ အဆုံးသတ်စေပြီး စိတ်ထဲမှာ သိမ်းပိုက်မထားဖို့ လိုပါသည်။

လူအတော်များများတွင် ဖြစ်လေ့ဖြစ်ထရှိသော သဘောမှာ သူတစ်ပါး၏ 'အကျိုး'ကို မမြင်တတ်၊ မတွေ့တတ်၊ မြင်တွေ့သည့်တိုင်လည်း အသိအမှတ်မပြုချင်၊ အသိအမှတ်မပြုတတ်။ သူတစ်ပါး၏ 'အဆိုး'ကိုမူ မြင်

လွယ်တွေ့လွယ်သည်။ မြင်တတ်၊ တွေ့တတ်သည်။ အသိအမှတ်ပြုလွယ်သည်။ သူတစ်ပါးအပေါ် အဆိုးဘက်ကချည်း တွက်၍ ကြည့်သောအခါ ထိုသူ့အပေါ် အထင်သေးလာသည်။ မကျေမနပ်ဖြစ်လာသည်။ မေတ္တာပျက်လာသည်။ သူတစ်ပါး၏ အပြစ်အနာအဆာများကို မိမိ၏ အတွင်းသန္တာန်ထဲ ထည့်လိုက်သောအခါ ညစ်နွမ်းခြင်းများ မိမိထံ ကူးစက်လာသည်။ မိမိ၏ အတွင်းသန္တာန်၌ ဖြူစင်အေးချမ်းမှု ပြယ်လွင့်ပြီဆိုလျှင် မိမိအဖို့ အရှုံးပင်ဖြစ်ပါ၏။

သူတစ်ပါး၏ 'အကောင်း'ကိုချည်းတွက်၍ ကြည့်တတ်၊ မြင်တတ်၊ ရှုတတ်လျှင် ထိုသူအပေါ်၌ လေးစားလာသည်။ မေတ္တာသက်ဝင်လာသည်။ သူတစ်ပါး၏ 'အကောင်း'အပေါ် အမှီပြုလျက်၊ မိမိ၏အတွင်းသန္တာန်၌ မေတ္တာဓာတ် ထွန်းပလာသည်။ မိမိ၏နှလုံးသားတွင် မေတ္တာဓာတ်၊ အအေးဓာတ်များ ထွန်းပလာခြင်းပင်လျှင် မင်္ဂလာအပေါင်း ခညောင်းပြည့်စုံခြင်းမည်ပါ၏။ မည်သူ့အပေါ်တွင်မဆို 'အကောင်း'ဘက်ကချည်းပဲ ကြည့်တတ်မည်ဆိုလျှင် ဒေါသမဖြစ်ကြောင်း ကျေးဇူးရှင် သီတဂူ အရှင်ဉာဏိဿရဆရာတော်ကြီးက ဤသို့သြဝါဒပေးတော်မူခဲ့ပါ၏။

''မေတ္တာဆိုတာက ဘာလုပ်တာလဲဆိုတော့ ဘယ်သူ့ကိုပဲ ကြည့်ကြည့် ပရိသတ်ရေ ကောင်းသည့်ဘက်ကကြည့်''

''မှန်ပါဘုရား''

''ပရိသတ်ရေ ဘယ်ဘက်ကကြည့်''

''ကောင်းသည့်ဘက်က ကြည့်ရမှာပါဘုရား''

''သတ္တလောက တစ်ခုလုံးကို တစ်ယောက်ချင်းပဲ ဖြစ်စေ၊ အစုလိုက်ပဲဖြစ်စေ၊ အကောင်းဘက်က ကြည့်တတ်မယ်ဆိုရင် ဒေါသ မဖြစ်ဘူးပေါ့''

''အဆိုးဘက်ကချည်းပဲ လှည့်ပြီးကြည့်ရင်လည်း တစ်လောကလုံး လူဆိုးချည်းပဲ နေမှာပဲ''

''မှန်ပါ့ဘုရား''

''အကောင်းဘက်က လှည့်စဉ်းစားသွားရင်လည်း၊ တစ်လောကလုံး လူကောင်းချည်းပဲရမှာပဲ''

''မှန်ပါဘုရား''

''အဲဒီလို ရလာလျှင် ကိုယ့်သန္တာန် ဒေါသမဖြစ်ဘူးတဲ့။ မေတ္တာဘာဝနာရဲ့ အခြေခံက အကောင်းချည်း''

''ဘာတဲ့လဲ''

''အကောင်းချည်းပါပဲဘုရား''

''နှစ်သက်စရာ ရွေးချယ်၍ရှာ မေတ္တာလို့ ဟိုယခင်မေတ္တာတရားပွဲတွေမှာ ပြောထားဖူးတယ်''

''မှန်ပါ့ဘုရား''

''နှစ်သက်စရာ ရွေးချယ်၍ရှာ မေတ္တာ၊ ကျေနပ်စရာ ရွေးချယ်၍ရှာ မေတ္တာ။ ထိုမေတ္တာနှင့်ယှဉ်တဲ့ သတိကို ဆောက်တည်၍သာ နေကြကုန်ရာ၏။ ထိုမေတ္တာနဲ့ နေထိုင်ခြင်းကို ဗြဟ္မဝိဟာရဟူ၍ ပရိသတ်ရေ ဘာဝိဟာရ''

''ဗြဟ္မဝိဟာရပါဘုရား''

''ဗြဟ္မဝိဟာရန္တိ၊ ဗြဟ္မဝိဟာရဟူ၍ ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတို့က၊ မိန့်ဆိုတော်မူကြလေကုန်သတည်း။''

## စိတ်ကိုရှင်းရှင်းထားနေပါ

လောကတွင် ကျင်လည်နေထိုင်ရစဉ်အခိုက် စိတ်နှလုံး ကြည်ကြည်လင်လင်၊ ချမ်းချမ်းမြေ့မြေ့နေထိုင်မှသာ လူဖြစ်ရကျိုးနပ်ပါလိမ့်မည်။ ဓနဥစ္စာရာထူးအာဏာ အကျော်အစောတို့ မည်မျှပင်ရှိနေစေ၊ စိတ်နှလုံး၌ အညစ်အကြေးများ ပူပန်သောကများ ပွြမ်းဖြင်နေပါက လူဖြစ်ရကျိုးမနပ်ပါပေ။ စိတ်နှလုံးဟူသည် ဥယျာဉ်နှင့် ပမာတူပါသည်။ ဥယျာဉ်မှူး၏ ပြုပြင်စောင့်ရှောက်မှုကင်းမဲ့သော ဥယျာဉ်သည် အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ချုံနွယ်ပိတ်ပေါင်းများဖြင့် ရှုပ်ယှက်ခတ်လျက် ရှိနေပေလိမ့်မည်။ ထိုနည်းအတူ၊ မိမိ၏စိတ်ကို သတိဖြင့် စောင့်ကြည့်ပြီး မပြုပြင်လျှင် စိတ်နှလုံးတွင် မလိုလားအပ်သော အာရုံများ၊ ခံစားမှုများဖြင့် ရှုပ်ထွေးနောက်ကျိလာပေလိမ့်မည်။ သို့ဖြစ်သောကြောင့် မိမိ၏ စိတ်ဥယျာဉ်အတွင်းသို့ မလိုလားအပ်သော အမြင်အာရုံ၊ အကြားအာရုံများဝင်ရောက်မလာစိမ့်သောငှာ ကာကွယ်စောင့်ရှောက်ရပေလိမ့်မည်။

စင်စစ်မူ လူအတော်များများ (အထူးသဖြင့် အမျိုးသမီးများ)သည် မိမိနှင့်တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော သူတစ်ပါး၏အကြောင်းအရာများကို စိတ်ဝင်စားတတ်ကြ၏။ ဥပမာ အခြားလင်မယားတို့ ရန်ဖြစ်သည့်ကိစ္စကိုပင် ''ဟိုကောင်မကသာ ညံ့လို့ လင်နိုင်တာ ခံနေတာ၊ ငါနဲ့တွေ့လိုက်စမ်းချင်တယ်''ဟူ၍ မိမိနှင့်မဆိုင်သော ကိစ္စကို စိတ်အတွင်းသွင်းပြီး 'ဒေါသ'ဖြစ်တတ်ကြ၏။ ကြမ်းတမ်းရိုင်းပျသော ဝစီကံကို ကျူးလွန်မိတတ်ကြ၏။ အရှုံးကြီးရှုံးလေစွ။ မိမိနှင့် မည်သို့မျှ သက်ဆိုင်

ခြင်းမရှိသော ကိစ္စအပေါ် အကြောင်းပြုပြီး မိမိ၏စိတ်နှလုံးနောက်ကျိုညစ်နွမ်းသွားခြင်းမှာ မိမိညံ့ဖျင်းသော ဖြစ်ပါ၏။ မိမိနှလုံးသွင်း မကောင်း၍သာ ဖြစ်ပါ၏။ ပြောရလျှင် မိမိ၏ စိတ်ကို စောင့်ရှောက်ရကောင်းမှန်း သိသော 'အသိတရား' ကင်းမဲ့သောကြောင့် ဖြစ်ပါ၏။

မိမိနှင့် မပတ်သက်သော သူစိမ်းပြင်ပြင်များ၏ အတင်းအဖျင်းကို စိတ်၌ အညစ်အကြေးအတင်ခံပြီး မြိန်ရေရှက်ရေ ပြောသူများ၏ အဆင့်အတန်းမှာ နိမ့်ကျလွန်းလှ၏။ မိမိ၏ စိတ်မသန့်ရှင်းမှုကို၊ မိမိ၏နှလုံးသွင်း မကောင်းမှု၊ အသိတရားခေါင်းပါးမှုတို့ကသာ ဖန်တီးခြင်း ဖြစ်ကြောင်းကို အတင်းအဖျင်းသမားတို့ သတိထားမိလေဟန် မတူပါ။

လူအတော်များများသည် မိမိတို့၏ အပေါ်ယံရုပ်ရည်ကို လှပအောင်၊ သန့်ရှင်းအောင် ပြုပြင်မွမ်းမံတတ်ကြပါ၏။ မှန်နှံ့သာ ခြယ်ကာသတတ်ကြပါ၏။ အတွင်းသန္တာန်ကို သန့်ရှင်းအောင်၊ လှပအောင် စောင့်ရှောက်ထိန်းသိမ်းဖို့ကား သတိမရတတ်ကြ။ စင်စစ်မူ မိမိပိုင်ဆိုင်လေသမျှ အရာအားလုံးတွင် မိမိ၏စိတ်နှလုံးသည် တန်ဖိုးအရှိဆုံး၊ အမွန်မြတ်ဆုံး ဖြစ်ပါ၏။ ဤအမွန်မြတ်ဆုံး၊ တန်ဖိုးအရှိဆုံး စိတ်နှလုံးကို အေးချမ်းအောင် တည်ငြိမ်အောင် သန့်ရှင်းအောင် ထားတတ်ဖို့ လိုပါ၏။ မိမိ၏ စိတ်နှလုံးကို ရှင်းရှင်းထားနေသင့်ကြောင်းကို ကျေးဖူးရှင် တောင်တန်းနယ်ခြား သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရက ဤသို့ ဆုံးမတော်မူခဲ့ပါ၏။

''ဘဝကို ချမ်းသာအောင်နေနည်း လိုရင်းကိုသာ ရှင်းရှင်းပြောပါမယ်။ စိတ်ရှင်းနေလျှင် ချမ်းသာပါတယ်။ မိမိစိတ် အာရုံထဲမှာ ရှုပ်ထွေးနေတဲ့အကြောင်းအရာတွေ ဝင်ရောက်မလာစေနှင့်။ လက်ခံမထားနှင့်။ စိတ်ကို ရှင်းရှင်းထားလို့ နေသားကျလာပြီဆိုလျှင် ရှုပ်ထွေးစေတဲ့ သူတစ်ပါးအကြောင်းအရာရော၊ပတ်ဝန်းကျင် အကြောင်းအရာရော၊ စိတ်ဝင်စားခြင်း မရှိပါ။ သန့်ရှင်းစွာ ထားလေ့ရှိတဲ့ အိမ်ဝင်းတလင်းပြင်ပေါ်မှာ သူတစ်ပါးက အမှိုက်သရိုက် လာပစ်ထားလျှင် လက်ခံထားချင်စိတ် မရှိသလို၊ မိမိစိတ်အာရုံထဲမှာ သူတစ်ပါးက စိတ်ရှုပ်စရာ အကြောင်းတွေ လာပြောသွားသော်လည်း လက်ခံသိမ်းပိုက်ခြင်း မရှိလျှင် ရှုပ်ကျန်ရစ်မည် မဟုတ်ပါ။ အရှုပ်မခံပါနှင့်။''

**မင်းနန်(မော်ကျွန်း)**



## ဝိပဿနာဆရာကြီး
## ဦးဂိုအင်ကာ၏

**ဒိုဟာကဗျာ**

**ပါရဂူ**

ဘာသာရေး ဝေလေ့ထုံးစံများသည် ဓမ္မမဟုတ်ပေ။ အပြင်အပ ဗဟိဒ္ဓအသွင်အပြင်သည် ဓမ္မမဟုတ်ပေ။

ဓမ္မသည် စိတ်နှလုံး သန့်ရှင်းစင်ကြယ်ခြင်း ဖြစ်၏။ ကရုဏာတရားဖြစ်၏။ ပရဟိတအလုပ် ဖြစ်၏။ မေတ္တာတရား ဖြစ်၏။

Rituals are not Dhamma, nor are outward exhibitions.

Dhamma is purity of mind, compassion, service, love.

မိမိက စောင့်ရှောက်သော ဓမ္မသည်သာလျှင် မိမိ၏ အစောင့်အရှောက်ဖြစ်လာလိမ့်မည်။ သင်သည် ဓမ္မကို အကြင်မျှလောက် လိုက်နာကျင့်သုံး၏။ ထိုမျှလောက်ပင် ဓမ္မသည် သင့်အား ကူညီထောက်ပံ့သူ ဖြစ်လာလိမ့်မည်။

Only if you guard the Dhamma it will be your guard.

As much as you practise Dhamma, the Dhamma is your helper.

■



# ဒုစရိုက်ကံ၏ ဓားစာခံ

ရင်ငြိမ်းပွင့်(စလင်း)

မကောင်းမှုအကုသိုလ်ကံသည် ပြုသောသူ၏နောက်မှ နွားသွားရာလှည်းဘီးတို့လိုမ့်၍ ထက်ကြပ်မကွာ လိုက်သကဲ့သို့လည်းကောင်း၊ ကိုယ်မှထွက်သောအရိပ်ကဲ့သို့လည်းကောင်း အမြဲလိုက်ပါချောင်းမြောင်းလျက်ရှိပြီး အခွင့်သာသည်နှင့်တစ်ပြိုင်နက် ထိုသူအား ထိုးခုတ်တိုက်ခိုက်တတ်လေသည်။

တစ်နည်းဆိုရသော် မိမိပစ်လွှတ်လိုက်သော အကုသိုလ်ဒုစရိုက်မြားများသည် တစ်ချိန်တွင် မိမိ၏ရင်ဝဆီသို့ တန်ပြန်စူးစိုက်တတ်ပေသည်။

ကိုခင်မောင်နှင့် မခင်ဝိုင်းတို့ လင်မယား၏အဖြစ်သည် ထိုသဘောတရားများကို ရုပ်လုံးဖော်ခြယ်မှုန်းပြဘိသကဲ့သို့ ရှိနေပေသည်။

❋ ❋ ❋ ❋ ❋

တကယ်တော့ ကိုခင်မောင်အား ရေတစ်ပိုင်း ကုန်းတစ်ပိုင်း မုဆိုးဟု ဆိုရမည်ဖြစ်သည်။အဘယ့်ကြောင့်ဆိုသော် ကိုခင်မောင်သည် ကုန်းပေါ်မှာ ကြွက်ထိုး၊ကြွက်ထောင်၊ ငှက်ထောင်၊ ပွေးတူး၊ ယုန်လိုက်စသည့်အလုပ်များလုပ်သကဲ့သို့ အင်းထဲ၊ကန်ထဲတွင်လည်း ငါးရှဉ့်ထောင်၊ ငါးဖမ်းတံငါအလုပ်ကိုလည်း အခွင့်သာသလို လုပ်တတ်သောကြောင့်ပင်ဖြစ်သည်။

ကိုခင်မောင်၏ မိဘများသည်လည်း မုဆိုးအလုပ်၊ တံငါအလုပ်ဖြင့် အသက်မွေးခဲ့ကြသူများပင်ဖြစ်သည်။ ကိုခင်မောင်အား ကြွက်ထိုးမှိန်းများ၊ ကြွက်ညှပ်များ၊ ငှက်ဖမ်းပိုက်၊ ငါးဖမ်းပိုက်များအကြားတွင် မွေးဖွားခဲ့သည်။ ထိုအလုပ်ဖြင့်ပင် ကိုခင်မောင် လူလားမြောက်ခဲ့ရသည်။

ကိုခင်မောင်၏ ဘဝသည် မုဆိုးအလုပ်ဖြင့် ဆက်စပ်အမှီပြုရပ်တည်နေလာခဲ့သူဖြစ်သည်။ ဘဝ၏အရေးပါသည့် ထိမ်းမြားလက်ထပ်ခြင်း အခန်းကဏ္ဍသည်ပင် မုဆိုးအလုပ်က များစွာအကျိုးပြုခဲ့ပေသည်။ အကြောင်းမှာ မခင်ဝိုင်းနှင့် လက်ထပ်ရန် မင်္ဂလာဆောင်စရိတ်နှင့် တောင်းရမ်းဖို့ ငှက်ပျောပွဲ၊ အုန်းပွဲနှင့် လက်ဖက်ပွဲအထိ လိုအပ်သမျှငွေကြေးကို မုဆိုးအလုပ်လုပ်ရင်းဖြင့် စုဆောင်းလာခဲ့ရသည်။ ထိုမျှမကသေး၊ ရပ်ရွာက အသိအမှတ်ပြုဖို့၊ ကြည်ဖြူဖို့ရန်အတွက် ခဲဖိုးပေးရန်ငွေမရှိသဖြင့် ကာလသားခေါင်းကို ခဲဖိုးအဖြစ် လယ်ကြွက်ကင်များကို ပေးခဲ့ရဖူးသည်။ ''တစ်နေ့ကို ဆယ်ကင်နှုန်းနဲ့ ကြွက်ကင်နှစ်ရာပြည့်အောင်ပေး၊ ရွာထဲက ကာလသားတွေ ထန်းရည်နဲ့မြည်းဖို့''ဟူသော ကာလသားခေါင်း၏ စကားအတိုင်း ရက်နှစ်ဆယ်တိတိ ထန်းရေအမြည်းလုပ်ပေးခဲ့ရလေသည်။

မခင်ဝိုင်းနှင့် ပုဆိုးတန်းတင် အကြင်လင်မယား ဖြစ်လာသည့်အခါ ကိုခင်မောင်၏ သားကျွေးမှု၊ မယားကျွေးမှုလုပ်ငန်းသည် ဆိုခဲ့ပြီးသည့် မုဆိုးအလုပ်ပင် ဖြစ်သည်။

မခင်ဝိုင်းကလည်း မုဆိုးမယားပီပီ ကိုခင်မောင်ရှာဖွေပေးသည့် ဟင်းလျာသားများကို ရွာနှင့်မလှမ်းမကမ်းရှိ မြို့ပေါ်က နေ့ဝက်ဈေးလေးတွင် ရောင်းချရလေသည်။ သားစိမ်းငါးစိမ်းသည် ဖြစ်သည့်အတိုင်းပင် အသားငါးချိန်တွယ်ရာတွင် အလေးခိုးတန် ခိုးရသည်။ ပြီးခဲ့သည့်နေ့က ရောင်းမကုန်၍ ကျန်သော ကြွက်ကင်များကို'လတ်လတ်ဆတ်ဆတ်ပါရှင်'ဟု ညာရောင်းတန်ရောင်းရသည်။ ထိုသို့သော ကိစ္စများသည် မခင်ဝိုင်းအဖို့ အဆန်းမဟုတ်တော့သည့် နိစ္စဓူဝကိစ္စများပင်။

တစ်ခါတစ်ရံဆိုလျှင် အလည်လွန်သော အိမ်ကြောင်များကို ကိုခင်မောင်က ဖမ်းဆီးသတ်ဖြတ်ပြီး မခင်ဝိုင်းက ယုန်သားဟု တကြော်ကြော် အော်ရောင်းတတ်ပေသေး၏။

❋ ❋ ❋ ❋ ❋

ကိုခင်မောင်တို့ အိမ်ထောင်သက်သည် လအနည်းငယ်ကြာသောအခါ မခင်ဝိုင်း၏နှုတ်မှ ''ကိုခင်မောင်ရေ ့ကျုပ်တော့ကိုယ်ဝန်ရှိပြီတော့၊ ယောက်ျားလေးလား၊ မိန်းကလေးလား မပြောတတ်ဘူး'' ဟူသည့်စကားကို ကြားလိုက်ရသည်။

ကိုခင်မောင် တော်တော်ပျော်သွားသည်။ ရွှံ့စောင်းကျိုးပဲ့နေသော ကြမ်းခင်းဝါးတို့ကြားမှ တစ်ဆင့် အောက်သို့ငုံ့ကြည့်လိုက်၏။ ရွှံ့လူးအိုင်ထဲတွင် တုံးလုံးလဲနေသည့် ဝက်မကြီး၏ဘေးတွင် တအီအီ၊ တကွိကွိ အသံပေး၍ အလုအယက် နို့စို့နေကြသော ဝက်ပေါက်ကလေးများကို မြင်ရသည်။ ထိုဝက်ကလေးများကို ရောင်း၍ရသောငွေဖြင့်ပင် မခင်ဝိုင်း၏ မီးဖွားစရိတ်အတွက် အသုံးပြုရမည်ဖြစ်သည်။ ကိုခင်မောင် ဝက်ကလေးများကို ရေတွက်ရင်း နောက်ကိုးလအကြာတွင် ဖြစ်လာမည့် ကိုယ်လုံးကိုယ်ထည် ပီသသာချိန်နှင့်ရမည့် ပေါက်ဈေးတို့ကို ခန့်မှန်းကြည့်နေလေ၏။

မခင်ဝိုင်း ကိုယ်ဝန်ရှိလာပြီဖြစ်သဖြင့် ကိုခင်မောင်အလုပ်ကို ကြိုးစားလုပ်သည်။ ကြိုးစားသလောက်လည်း အကျိုးရှိသည်။ သူများတွေထက် ဟင်းလျာသားပိုရလာသည်။ သူများတကာတွေ ဥင်းတမှိုင်မှိုင်နေသော နေ့ပင်လျှင် ကိုခင်မောင်အဖို့ ရမြဲအတိုင်းရတတ်ပေသည်။ ထိုသို့သောအခါမျိုး၌ "ငါကွ–မှဆိုးနက္ခတ်မိပြီး မွေးလာတဲ့ကောင်" ဟု ကြွေးကြော်ဂုဏ်ယူတတ်ခဲ့သော်လည်း ယခုမူ "ဒါ–ခင်ဝိုင်းဗိုက်ထဲက ငါ့ကလေးရဲ့ အကျိုးပေးပဲကွ၊ မမွေးသေးခင်တောင် ဒီလောက်အကျိုးပေးနေရင် မွေးပြီးကြီးလာလို့ကတော့ တော်တော်အားကိုးရမှာ"ဟု အာပေါင်အာရင်းသန်သန်နှင့် ပြောတတ်လာ၏။

❋ ❋ ❋ ❋ ❋

ဤသို့ဖြင့် မခင်ဝိုင်း၏ကိုယ်ဝန်သည် နေ့စေ့လစေ့လာပြီး မွေးဖွားလုလု အချိန်သို့ ရောက်လာတော့သည်။

ရွာထဲရှိ အသက်ကြီးကြီး မိန်းမတစ်ဦးက ကိုခင်မောင်အား လူပုဂ္ဂိုလ်ကိုမကြည့် မချင့်ချိန်ဘဲ ဆရာလုပ် အကြံပေးလိုက်၏။

"မောင်ခင်မောင်၊ မင်းမလဲ အားအားရှိ အလကားထိုင်မနေနဲ့၊ မွေးရဖွားရလွယ်ကူအောင်ရွတ်ဖို့ အင်္ဂုလိမာလသုတ် ကျက်ထား"

"အဓိပ္ပါယ်မရှိ ကြီးတော်ရာ၊ အဲဒီသုတ် ရွတ်တာနဲ့ မွေးရတာလွယ်ကူရအောင် အင်္ဂုလိမာလက ဝမ်းဆွဲသည်မှ မဟုတ်တာ ကြီးတော်ရဲ့၊ အလုပ်ရှုပ်ခံပြီး မကျက်နိုင်ပါဘူးဗျာ"

ကိုခင်မော်င်က ထိုကဲ့သို့ ပြန်ပက်လိုက်သောစကားကြောင့် ဆရာလုပ်လာသော မိန်းမကြီးခမျာ "အေးပါ၊ မကျက်ချင်လည်း နေပေါ့၊ ငါက စေတနာနဲ့ သတိပေးတာပါ" ဟုပြောရင်း မျက်နှာကို မဲ့ရွဲ့ကာ ထွက်သွားလေ၏။

ကိုခင်မောင်ကား ထိုသို့သော လူမျိုးပင်။ အကုသိုလ်အလုပ်တွေ ပေါင်းစုံအောင် လုပ်ခဲ့သမျှ ကုသိုလ်အလုပ်ဟူ၍ နှမ်းစေ့မျှပင် လုပ်ဖူးသူမဟုတ်ပေ။

"မင်း– ဥပုသ်နေ့တိုင်း မဟုတ်တောင် အခါတွင်းလေးလောက်တော့ ဥပုသ်စောင့်ဦး၊ ကျောင်းသွားဘုရားသွားလုပ်ဦး"

ထိုကဲ့သို့ လူကြီးသူမများက သတိပေးသောအခါ၌လည်း–

"အူမတောင့်မှ သီလစောင့်နိုင်တာ၊ ကျုပ်က အူမတောင့်တာ မဟုတ်ဘူး၊ တစ်နေ့လုပ်မှ တစ်နေ့စားရတာ၊ နေ့တိုင်း အလုပ်လုပ်မှဗျ၊ ဘုန်းကြီးကျောင်းသွားဖို့ အချိန်မရဘူး"ဟု ဆင်ခြေ့ရန်ရှောင် ပြောတတ်ပေသည်။

❋ ❋ ❋ ❋ ❋

မခင်ဝိုင်း၏ကိုယ်ဝန်မှ သားယောကျ်ားလေးတစ်ဦး ဖွားမြင်လေ၏။

လင်မယားနှစ်ယောက်စလုံးပင်လျှင် စားစရာပါးစပ်တစ်ပေါက်၊ ဝတ်စရာ ကိုယ်တစ်ခု တိုးလာပြီဟု ကိုယ်စီတွေးမိကြ၏။ ထို့ကြောင့် လုပ်ငန်းကို ဆတက်ထမ်းပိုးတိုး၍ လုပ်ကြသည်။ ကုန်သည်ပွဲစားတစ်ဦး၏ စီးပွားရေးလုပ်ငန်းချဲ့မှုသည် အရောင်းအဝယ်လုပ်ငန်း တစ်ခုမှ တစ်ခုဖြစ်သကဲ့သို့ ကိုခင်မောင်၏ လုပ်ငန်းချဲ့ထွင်မှုသည်လည်း အကုသိုလ်တစ်ခုမှတစ်ခု ပွားများခြင်းသာ ဖြစ်တော့၏။

ရွာထဲရပ်ထဲ ဝက်ပေါ်သည့်အခါ ကိုခင်မောင်ကပင် ဦးဆောင်၍ လုပ်သည်။မြွေစျေးကောင်းသည်ဆို၍ မြွေဖမ်းသူများနှင့် နည်းနာနိဿယယူရန် လိုက်ပါသွားတတ်သေးသည်။ ကိုခင်မောင်ကား အံ့သြစရာကောင်းလောက်အောင်ပင် အကုသိုလ်လုပ်ငန်း၌ သူမတူအောင် ထူးချွန်လှသူဖြစ်သည်။

ထိုသို့ လုပ်ရင်းကိုင်ရင်းနှင့်ပင် နေ့ညများ ကုန်လွန်လာခဲ့ပြီး သားကလေး ခုနစ်လသား၊ ရှစ်လသားအရွယ်သို့ပင် ရောက်ရှိလာခဲ့လေသည်။

❋ ❋ ❋ ❋ ❋

လမိုက်ညဖြစ်သဖြင့် ကောင်းကင်အနှံ့ လင်းလက်နေသောကြယ်များကို ထင်ရှားစွာမြင်နေရသည်။ ကန်ရေပြင်ပေါ် ဖြတ်သန်းတိုက်ခိုက်လာသော လေများက နားထဲတွင် တဝှူးဝှူး အော်မြည်နေသည်။

လှေပဲ့ပိုင်းမှာ ထိုင်ရင်းက ကိုခင်မောင်စိတ်ထဲတွင် တစ်ခုခုကို ဘဝင်မကျသလို ခံစားရသည်။ စိတ်တိုနေသလိုလည်း ဖြစ်နေသည်။ သက်ပြင်းကိုချရင်း ပိုက်ကိစ္စကြောင့် ဖြစ်မှာပါဟု ဖြေတွေးကာ မခင်ဝိုင်းငှဲ့ပေးထားသော တောအရက်ကို ကောက်မော့ချလိုက်သည်။ ချဉ်စူးစူးအနံ့နှင့်အတူ လည်ချောင်းထဲသို့ ပူရှိန်းခါးသက်စွာ စီးဝင်သွားသည်။ နှုတ်ခမ်းကို လျှာနှင့်သပ်ရင်း ခရုသုပ်ကို တစ်ဇွန်းနှိုက်စားလိုက်သည်။

မခင်ဝိုင်းက ညကမက်ခဲ့သည့် အိပ်မက်အကြောင်းကို ပြောပြနေသည်။

''ငါတော့ ပိုက်ဖိုးပြန်လျော်ဖို့ကိစ္စကို ရင်လေးနေတယ်ဟာ''

ကိုခင်မောင်က စကားဖြတ်၍ ပြောလိုက်၏။

''အို ... ဒါတွေ တွေးပူမနေပါနဲ့တော်၊ သူ့အလျောက်နဲ့သူဖြစ်သွားမှာပါ''ဟု မခင်ဝိုင်းက နှစ်သိမ့်စကားဆိုသည်။

တကယ်တော့ ကိုခင်မောင်တို့မှာ တံငါလုပ်နေပေမယ့် ကိုယ်ပိုင်ပိုက်ရှိသည်မဟုတ်။ ပိုက်သူဌေးထံမှ နေ့ခပေး၍ ငှားရသည်။တစ်လောက ကိုခင်မောင်ချထားသော ပိုက်ကို လူအခိုးခံရသည်။ ပိုက်ပေါက်လျှင် ပြဲလျှင်၊ပျောက်လျှင် ငှားသူက အလျော်ပေးရသည်ဖြစ်ရာ တစ်ခါတည်း အလျော်မပေးနိုင်သော ကိုခင်မောင်တို့အဖို့ အတိုးဖြင့် ငွေချေးသည့်သဘောဖြင့် တဖြည်းဖြည်းပြန်ဆပ်ရမည်ဖြစ်သည်။ အခုအသုံးပြုနေသော ပိုက်ကိုပင် တောင်းတောင်းပန်ပန်နှင့် ကတိအထပ်ထပ်ပေးပြီး ငှားခဲ့ရခြင်းဖြစ်သည်။

သည်တစ်ခါတော့ ဘယ်လိုနည်းနှင့်ဖြစ်စေ ပိုက်အပျောက်ခံ၍ မဖြစ်တော့ဟု ကိုခင်မောင် သဘောပေါက်သည်။ ထို့ကြောင့် လှေပေါ်မှာပင် အိပ်၍ ပိုက်ကို စောင့်နေရခြင်းဖြစ်သည်။

အခါတိုင်း ညများဆိုလျှင် ကိုခင်မောင်တစ်ယောက်တည်း စောင့်အိပ်နေကျဖြစ်သည်။ သည်ညမှ မခင်ဝိုင်းက အိပ်မက်တွေ မကောင်း၍ ကြောက်သည်ဟုဆိုကာ အိမ်မှာမအိပ်ဘဲ သားလေးနှင့်အတူ ကိုခင်မောင့် လှေပေါ်လာအိပ်ခြင်းဖြစ်သည်။

ကိုခင်မောင်နှင့် မခင်ဝိုင်းတို့ စကားပြောနေရင်းကနေ မနေ့ညက ရခဲ့သော ငါးဘတ်ကြီးအကြောင်းကို ရောက်သွားကြတယ်။

''နည်းတဲ့ငါးကြီး မဟုတ်ဘူးတော် ... ယောကျ်ားလက်တစ်တောင့်ထွာလောက်ရှည်မယ် ထင်တယ်။ ကျုပ်တော့ အဲလိုငါးမျိုးချည်း ရရင်ကောင်းမှာပဲလို့တောင် တွေးမိသေးတယ်''

''ငါလည်း အဲလိုငါးကြီးတွေချည်း ရချင်တာပေါ့ဟ၊ ငါတို့မှံ့လို့ ကံထူးလို့ရတာ၊ သူများတွေ ဒီလိုရတာမဟုတ်ဘူးဟ''

အားရဝမ်းသာ စားမြုံ့ပြန်နေကြသည်။

ပြောစရာ စကားလည်းကုန်၊ တောအရက်တစ်ပိုင်းလည်းကုန်မှ ကိုခင်မောင်တို့ အိပ်ရာ ဝင်သွားကြသည်။

❋ ❋ ❋ ❋ ❋

ရေထဲမှ တဝုန်းဝုန်းအသံများကြောင့် ကိုခင်မောင် နိုးလာပြီး ချထားသည့် မှိန်းကို ကောက်ကိုင်လိုက်သည်။ ပိုက်ထဲမှာ ငါးကြီးကြီး မိနေခြင်းဖြစ်မည်။ သည်လိုငါးမျိုးက ရခဲဘိခြင်းဟု တွေးကာ ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ရေထဲသို့ မှိန်းကို အားကုန် ဆောင့်ထိုးချလိုက်သည်။

''ကိုခင်မောင်၊ လုပ်–လုပ်ပါဦး။၊ ကိုခင်မောင် ကလေးရေ–ရေထဲလိမ့်ကျသွားလို့''

ပျာယီးပျာယာနှင့် အိပ်ရာမှ ထထိုင်ကာ ပြောလိုက်သော စကားကြောင့် ကိုခင်မောင် ခေါင်းနပမ်းကြီးသွားရသည်။ ဝမ်းခေါင်းသံကြီးနှင့် ''ဟေ''ဟု တစ်ခွန်းတည်းပြောနိုင်ပြီး ပိုက်ကိုဆွဲမကြည့်လိုက်သည်။

ဘက်ထရီဂ္လိုင်းထားသော ဓာတ်မီးနှင့် ထိုးကြည့်လိုက်သော အခါ ပိုက်ထဲမှာ မှိန်းချက်ထုတ်ချင်းခတ် သေဆုံးနေသည့် သားကလေးကို တွေ့လိုက်ရတော့သည်။

''အံမလေး ကိုယ်ကျိုးနည်းပါပြီတော့ ဟီး ... ဟီး''

ကိုခင်မောင် ပြူးကြောင်ကြည့်နေရာမှ မခင်ဝိုင်း၏ ငိုသံကြောင့် သတိဝင်လာပြီး''သားလေး သေရတာ ငါ့ကြောင့်၊ ငါ့ကြောင့်''ဟု မချိတင်ကဲ အော်ဟစ်ရင်း အနားရှိ အသားသတ်ဓားချွန်ဖြင့် ကိုယ့်ဗိုက်ကို အဆက်မပြတ် ထိုးစိုက်ကာ လဲကျငြိမ်သက်သွားတော့သည်။

မခင်ဝိုင်းခမျာ မှိန်းဒဏ်ရာနှင့်သေနေသော သားအဖြစ်နှင့် သွေးအလူးလူးဖြင့် သေနေသော ယောကျ်ားဖြစ်သူ၏အဖြစ်ကို ကြည့်ရင်း သွေးရူးသွေးတန်းအော်ဟစ်ငိုယိုကာ လှေပေါ်မှာပင် သွက်သွက်ခါအောင် ရူးသွားလေတော့သည်။

ဒုစရိုက် အကုသိုလ်ကံ၏ တန်ပြန်တိုက်ခိုက်လာသော ဓားချက်များကို တစ်မိသားစုလုံး မရှုမလှ ခံလိုက်ကြရသော ကိုခင်မောင်တို့ အဖြစ်ဆိုးသည် ဘဝတူများအဖို့ သတိသံဝေဂရစရာ ဇာတ်လမ်းပမာ တစ်ခု ဖြစ်နေတော့သည်။

သူတော်ကောင်းတရားပွားများနိုင်ကြပါစေ။

■ ရင်ငြိမ်းပွင့်(စလင်း)



# ဆရာလေးပါးနှင့် လမ်းကောင်းနှစ်သွယ်

## ဦးစန္ဒိမ(စလင်း)

စကြဝဠာကြီးနှင့် နှိုင်းစာမည်ဆိုပါက လူသည် မြူမှုန်တစ်မှုန်၊ အစက်အပြောက်တစ်ခုလောက်သာ ရှိပေလိမ့်မည်။ ထိုအစက်အပြောက်ကလေးများကို လောဘ၊ ဒေါသ၊ မောဟများနှင့် ခြယ်မှုန်းလိုက်သည့်အခါ အပူရုပ်ဟူ၍လည်းကောင်း၊ အလောဘ၊ အဒေါသ၊ အမောဟများနှင့် ခြယ်မှုန်းလိုက်သည့်အခါ အအေးရုပ်ဟူ၍လည်းကောင်း၊ ရုပ်လုံးကြွ နိုးထရှင်သန်လာပေလိမ့်မည်။ သူတို့နှစ်ဦးကား ရုပ်ချင်းမှာ ကွာခြားနေကြသလို နာမ်ချင်းမှာလည်း ကွဲပြားကြပြီး လျှောက်လှမ်းရာလမ်းမှာလည်း အရှေ့နှင့်အနောက်၊ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပြန်၏။ အတ္တဟူသော ဝတ်ရုံများကို ဝတ်ဆင်လိုက်သည့် အခါမှာတော့ ငါ့မြေ၊ ငါ့ရွှေ၊ ငါ့လှေ၊ ငါ့လှည်း၊ ငါ့ကျွဲ၊ ငါ့နွား၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဇနီး၊ ငါ့လင်၊ ငါ့စင်၊ ငါ့ဟန်၊ ငါ့အသံ၊ ငါ့အထာ၊ ငါ့စာ၊ ငါ့ကဗျာ၊ ငါ့အနုပညာဆိုသည့် ကောက်ကွေ့ရှုပ်ထွေးသော ဘဝ၏ စာမျက်နှာများကို ဖတ်ရှုရင်း ခွေးချင်းကိုက်ရာမှာပင် ကိုယ့်ခွေးကနိုင်မှ နေသာထိုင်သာရှိတော့သည်။

မြွေဆိုသော သတ္တဝါသည် အမှိုက်သရိုက်ရှုပ်ထွေးသောနေရာ၌ မွေ့ပျော်သလို ပုထုဇဉ်တို့သည်လည်း ကိလေသာနွံတောမှာ ပျော်ပိုက်ခုံမင်ပြီး မိမိတို့၏ ခန္ဓာကိုယ်အား အမျိုးမျိုးသော အဝတ်အထည်၊ စိန်၊ ရွှေ၊ ရတနာ ဒွါဒယာများ၊ အထူးထူးသော စားဖွယ်သောက်ဖွယ် အစာအာဟာရ

ဆေးဝါးခါတ်စာများ စုံလင်စွာဖြင့် အလိုလိုက် အကြိုက်ဆောင်၍ အစွမ်းကုန် ဖြည့်ဆည်းမွမ်းမံကြ၏။ သို့သော် ခန္ဓာသည်ကား တစ်ရွေး သားမျှပင် မိမိအလိုသို့မလိုက်ဘဲ သူ့သဘောအတိုင်းသာ အိုစာရင်း၊နာစာရင်း၊ သေစာရင်း သွင်းဖြစ်အောင် သွင်းတော့သည်။ ထိုခန္ဓာ၏ မာယာပရိယာယ်ကို အတွင်းသိ၊ အစင်းသိ သိတော်မူသော လယ်တီဆရာတော်ဘုရားကြီးကတော့ သူမြင်သလို၊ သူသိသလို၊ အများသူငါ သိမြင်နိုင်ပါစေခြင်း အကျိုးငှာ–

''ဆိုမိန့်ဟုတ်ရာ၊ စဉ်းစားပါလော့၊ ခန္ဓာဘာရ၊ ပဉ္စကကား၊ ယုယခင်မင်၊ စိန်ရွှေဆင်၍၊ ပြုပြင်ပိုက်ထွေး၊ နင်ကျွေးမွေးလည်း၊ နင့်အကြိုက်နှင့် တိုက်ရိုက်ဖီလာ၊ဆန့်ကျင်ပါခဲ့၊ ရုပ်ဝါနုနယ်၊ ရှုစဖွယ်နှင့် တင့်တယ်ရွှန်းစို၊ နင်လှလိုလည်း၊ အအိုစာရင်း၊ သူကသွင်း၏။ ဘေးကင်းရန်ကွာ၊ လွန်ချမ်းသာ၍၊မနာရလို၊ တောင်းဆုဆိုလည်း၊ နင့်ကိုမညှာ၊ ဘေးရောဂါနှင့်၊ ခါခါမငဲ့၊ မိတ်ဆွေဖွဲ့၏။ နင့်နှင့်တူညီ၊ ချစ်ကြိုးသီသား၊ပလီပလာ၊ အပြစ်ကွာသည့် ချစ်စွာမယား၊ သမီးသားနှင့်၊ စီးပွားဥစ္စာ၊ ညာတကာကို၊ ဘယ်ခါမကွဲ၊ အတူတွဲ၍၊ အမြဲပျော်ချို နေရလိုလည်း၊ နင့်ကိုမထောက်၊ နင့်နောက်မလိုက်၊ အပူတိုက်၍၊ နင်ဟိုက်နင်ခွေ၊ နင့်ကိုသေအောင်၊ ကျားမြွေခံတွင်း၊အစာသွင်းသို့၊ သေမင်းသူ့လက်၊ ပဏ္ဏာဆက်၏''ဟူ၍ ကဗျာလင်္ကာဖြင့် ဆုံးမလမ်းပြခဲ့ပေသည်။ အရိယာသူတော်ကောင်းကြီးများသည် ခန္ဓာ၏ အပြစ်ကို သိမြင်တော်မူပြီး၍ စက်ဆုပ်ရွံရှာတော်မူကြ၏။

အချို့ဆရာတော်ကြီးများ ဆိုလျှင်–

''ငါသေလျှင် ငါ့ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်ခြင်းမပြုဘဲ တောနက်ထဲမှာ ရေပြည့်အိုးတစ်လုံး အဖုံးလုပ်ပြီး လင်းတစာ၊ ခွေးစာကျွေးကြ'' ဟု မိန့်ဆိုကြသလို၊ အချို့ဆရာတော်ကြီးများကတော့ ရေမှာမျှောစေပြီး ငါးစာကျွေးခိုင်းကြလေသည်။ နောက်ဆုံးအချိန်အထိ သူတစ်ပါးအကျိုးကို ငဲ့ညှာထည့်တွက်သလို အဖိုးမတန်သော ခန္ဓာ၏အပြစ်ကို ကျန်ရစ်သူတွေအား သံဝေဂရစေလို၏။ ခန္ဓာ၏ အနှစ်မရှိပုံ၊ သေလျှင်ဘာတစ်ခုမျှ ယူမသွားနိုင်ပုံကို ပညာရှိအမတ်ကြီး ဦးပေါ်ဦးကလည်း သူသေသည့်အခါ ခေါင်းကို အပေါက်(၄)ပေါက်ဖောက်၍ ခြေလက်ထုတ်ကာ သင်္ဂြိုဟ်စေသည့် ဖြစ်ရပ်ကလည်း ပညာသား ပါလှပေသည်။ အတုယူ သံဝေဂရစေဖို့ ထိရောက်ပါပေသည်။ ထိုသင်္ကေတများသည် မမြဲသော သင်္ခါရသဘောတရားကို ဖော်ညွှန်းပြဆိုရာ၌ သိသာထင်ရှားလှပေသည်တကား။

အရိယာသူတော်စင်များသည် ဖောက်ပြန်ပျက်စီးတတ်သော ခန္ဓာကိုယ်၏ စက်ဆုပ်ရွံရှာစရာကောင်းပုံ၊ မိမိအလိုသို့ မလိုက်ပုံကို နည်းအမျိုးမျိုးနှင့် ညွှန်ပြခြင်းဖြင့် အနှစ်မဲ့အကာရုပ်လုံးကို အမုန်းကြီးမုန်းကြသလောက်၊ အန္ဓပုထုဇဉ်များအဖို့မှာတော့ ယိုစီးခြင်း၊ နံစော်ခြင်း၊ ဖျားနာကိုက်ခဲခြင်းတို့ကို ကိုယ်တွေ့သိနေရသည့် ခန္ဓာကိုယ်ကိုပင် တစ်နေ့တစ်နေ့ ပြင်ရဆင်ရ၊ ကျွေးရ၊ မွေးရ၊ စောင့်ရှောက်ရသလို၊ သည်ခန္ဓာကိုယ်၏ တောင့်တင်းခိုင်မာခြင်း၊ သွက်လက်မြူးကြွခြင်း၊ ချိုသာငြိမ့်ညောင်းသော အသံရှိခြင်း၊ စကားပြောကောင်းခြင်း၊ ဉာဏ်ရည်ထက်မြက်ခြင်း၊ ရာထူးဂုဏ်သိမ်စည်းစိမ်တွေနှင့် ပြည့်စုံခြင်းအပေါ်မှာ ဂုဏ်ယူဝင့်ကြွား မာန်တက်၍မဆုံးနိုင်ကြပေ။ ထိုသူများသည် မိမိတွင်သာမက နုနယ်ငယ်ရွယ်သေးသည့် သားငယ်၊ သမီးငယ်လေးများကိုပင် အမွှေးနံ့သာ လိမ်းကျံပေးခြင်း၊ ဆံပင်ရှည်ထား၍ လူကြီးများကဲ့သို့ ပုဆိုးလုံချည်၊ တိုက်ပုံစသော အဝတ်အစားများ ဝတ်ဆင်ပေးခြင်း၊ ကက်ဆက်ဖွင့်၍ အသံကြားစေခြင်း၊ တီဗွီ၊ ဗွီဒီယိုဖွင့်၍ ရုပ်ကိုကြည့်မြင်စေခြင်း စသည်တို့ဖြင့် အနုသယအရောင်များ ဆိုးပေးကြလေသည်။ ထို့မျှမက စကားပြောတတ်စအခါတွင် ချစ်စနိုးနှင့် အဆဲသင်ပေးသူက သင်ပေးတတ်ကြသေး၏။ ကျောင်းနေနိုင်သောအရွယ် ရောက်ချိန်မှာလည်း မိမိတို့ပိုင်ဆိုင်သည့် တိုက်တာအဆောက်အအုံ၊ ကား၊ အသုံးအဆောင်တီဗွီ၊ ဗွီစီဒီ၊ ရေခဲသေတ္တာတို့နှင့် ပတ်သက်ပြီး အထက်စီးကပြောဆိုစေခြင်း၊ ကြွားဝါဂုဏ်ယူစေခြင်းဖြင့် မိမိတို့၏ သားငယ်သမီးငယ်များကို အတ္တမာနဟူသော အဖူးအပွင့်များ ပန်ဆင်ပေးတတ်ကြပြန်၏။

ထိုကဲ့သို့ ညီမျှခြင်းမရှိသော ရေစီးကမ်းပြို စေတနာနှင့် ထုဆစ်ခြင်း ခံရသော ကလေးသူငယ်များသည် အများအားဖြင့် (၁၅–၁၆) အရွယ်ရောက်သည့်အခါ ဘောင်ခတ်၍ မရသည်က များလှ၏။ ပို့မျစ်နုသစ်ခြင်းနှင့်အတူ ရင်ခုန်သံ ခပ်ကြမ်းကြမ်းကို ဗဟိုပြု၍ စာမေးပွဲ

ဘာဝေတဗ္ဗဆိုတဲ့ ကုသိုလ်ဘာဝနာ ပွားများခြင်းနှင့် ပဟာတဗ္ဗ–လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ် အညစ်အကြေးတွေကို ပယ်ခြင်း၊ ဒီနှစ်ခုပဲ နည်းလမ်းကောင်းရှိတာယ်၊

ခဏခဏကျခြင်း၊ ခိုက်ရန်ဒေါသ မကြာခဏဖြစ်ခြင်း၊ မိဘဆွေမျိုးတို့နှင့် ဝိရောဓိဖြစ်ခြင်း၊ အပူကို အအေးထင်၍ အအေးကို အပူဟုမှတ်ယူယုံကြည်ခြင်း၊ ပေါက်ကွဲသံစဉ်တွေကို ဗဟိုပြု၍ တစ်အိမ်သားလုံးအပေါ် ဝုန်းဒိုင်းကြဲဂီတ ပွင့်အန်တတ်ကြသည်ကို မကြာခဏ တွေ့ရတတ်သည်။ ထိုအခါတွင် မိဘများမှာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကာ ဘုရားကို နားပူနားဆာလုပ်လိုလုပ်၊ သူရဿတီနှင့် ဘိုးတော်မယ်တော်ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေကို အပူကပ်လိုကပ်၊ ဗေဒင်ဆရာနှင့် နတ်ကတော်တွေကို အားကိုးလိုကိုး၊ သက်သတ်လွတ်စားလိုစား၊ အဓိဋ္ဌာန်ဝင်လိုဝင်နှင့် လောကဓံလှိုင်းကြားမှာ သိုင်းကစားရင်း အကွက်နင်း မှားတတ်ကြ၏။ နောက်ဆုံး မကောင်းကျောင်းပို့ဆိုသည့်အတိုင်း မိမိ ကိုးကွယ်သော ဆရာတော်ဆီကို အားကိုးတကြီး သွားရောက်၍ မိမိတို့၏သားကို ဆုံးမဩဝါဒပေးခြင်းဖြင့် တည့်မတ်ပေးဖို့ အပူကပ်ကြပြန်သေး၏။ ဆရာတော်ကတော့ ဘာမျှမထူးဆန်းသလို မျက်မှောင်တစ်ချက်ကုတ်ရင်း–

''အေး … လောကမှာ ဆရာလေးပါးရှိသကွယ့်၊ အဲဒါက (၁) 'မိဘ'ဆိုသောဆရာ၊ (၂) ကျနပဲ့ပြင် သွန်သင်ဆုံးမတတ်သော 'အာစရိယဆရာ'၊(၃) 'မင်းစိုးရာဇာ' ဆိုသောဆရာ၊ (၄) 'ငရဲ'ဆိုသော ဆရာတွေပါပဲ။

ပထမ–မိဘဆိုသောဆရာက ဆုံးမလို့မရရင်၊ ဒုတိယ–အာစရိယဆရာက ဆုံးမလိမ့်မယ်၊ ဒါနဲ့မှမရသေးရင်တော့ မင်းစိုးရာဇာဆိုသော တတိယဆရာက ဖမ်းဆီးချုပ်နှောင်ပြီး ဆုံးမလိမ့်မယ်၊ ဒီဆရာသုံးပါး ဆုံးမလို့မှ မရတော့ဘူးဆိုရင်တော့ စတုတ္ထဆရာဖြစ်တဲ့ 'ငရဲ'က ဆွဲခေါ်ဆုံးမသွားလိမ့်မယ်။ ကိုယ့်သားကို ဘယ်ဆရာဆုံးမမှ ရမလဲဆိုတာ အသေအချာစဉ်းစား၊ ဒါ–မင်းတို့တစ်တွေ အသိဆုံးပေါ့။''

နည်းလမ်းကောင်းတွေ အများကြီးရှိတဲ့အထဲက ရဟန္တာလို့ ကျော်ကြားတဲ့ ဝေဘူဆရာတော်ကတော့ နည်းကောင်းရှာသူတွေ သူ့ဆီလာတဲ့အခါ–

''အေး … တို့များမှာ အခြားနည်းတော့ မရှိပါဘူးကွယ်၊ မြတ်စွာဘုရား ဟောကြားမိန့်မှာခဲ့တဲ့ ဘာဝေတဗ္ဗဆိုတဲ့ ကုသိုလ်ဘာဝနာ ပွားများခြင်းနှင့်ပဟာတဗ္ဗ–လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ် အညစ်အကြေးတွေကို ပယ်ခြင်း၊ ဒီနှစ်ခုပဲ နည်းလမ်းကောင်းရှိတယ်။ ကဲ–ပြန်ကြ၊ ဒါ့ထက်ကောင်းတဲ့ စကားမရှိဘူး''ဟု မိန့်ကြားတော်မူခဲ့ပါသည်။ ငယ်စဉ်ကတည်းက ဆရာလေးပါးနှင့် နည်းလမ်းကောင်းနှစ်သွယ်ဆိုသောစကားကို ကြားနာခဲ့ရသည်မှာ ကြာပင်ကြာခဲ့သော်လည်း ယနေ့တိုင်အောင် မေ့မရနိုင်ပေ။ ယနေ့တိုင်အောင် မေ့မရနိုင်သလို နောက်နောင်တွင်လည်း ဘယ်တော့မှ မေ့လို့ရနိုင်မည်မဟုတ်တော့။

ဩော် …

ပညာရှိစကား၊ အပ်ဖျားရေစက်၊ အနက်ပင်လယ် ကျယ်ဝန်းလိုက်တာ တကယ်ပါ။

■ **ဦးစန္ဒိမ(စလင်း)**



# စေတနာသန့်ရှင်း အပြစ်ကင်း

ဝနဝါသီ–အရှင်ဝါသေဋ္ဌာဘိဝံသ

ငြိမ်းချမ်းမှုနှင့် အမှန်တရားကို အလိုရှိကြကုန်သော သူတော်စင်တို့သည် ဤအရှင်တို့၏ ကျောက်တစ်လုံးတောရ ကျောင်းတိုက်သို့ တရားဘာဝနာပွားများအားထုတ်ရန် ရောက်ရှိလာကြပေသည်။ တစ်ခုသော နေ့လယ်ခင်းအချိန်ဝယ် ယောဂီအမျိုးသမီးတစ်ဦးသည် ဤအရှင်အား လျှောက်ထားသည်မှာ–

''အရှင်ဘုရား၊ တပည့်တော် အခုနဝမ္မာရုံပေါ်ကအဆင်းမှာ ပိုးကောင်တစ်ကောင်ကို နင်းမိလိုက်တာ သေသွားတယ်ဘုရား၊ အဲဒါအာရုံထဲမှာ ခဏခဏ လာလာပေါ်ပြီး စိတ်ထဲမှာ အတော်ခံစားနေရတယ်ဘုရား၊ သီလမပျက်ဘူးလားဘုရား''

''အဲဒါ ပါဏာတိပါတကံထိုက်တာမဟုတ်ဘူး၊ စိတ်မပူနဲ့''

''တပည့်တော် နင်းမိလို့ သေသွားတာပဲ၊ တပည့်တော်မှာ အပြစ်မရှိဘူးလားဘုရား''

''ဒီလိုရှိတယ်ကွယ့်၊ယောဂီက တမင်သက်သက် သေစေလိုတဲ့ စိတ်နဲ့ နင်းလိုက်တာမှမဟုတ်ဘဲ၊ မတော်တဆနင်းမိလို့ သေသွားရတာပဲ၊သေစေလိုတဲ့စိတ်မရှိတဲ့အတွက်

ကြောင့် ပါဏာတိပါတကံ မထိုက်ဘူး။ ဒီပိုးကောင်ဟာ သူ့မှာဒီလို အနင်းခံရပြီး သေစေထိုက်တဲ့ ကံပါလာလို့ အခုလိုဖြစ်ရတာပဲလို့နှလုံးသွင်းပေါ့ကွယ်။ အခြေခံစိတ်ဓာတ်ကို မူတည်ပြီး ကုသိုလ်ကံ၊အကုသိုလ်ကံတွေဆိုတာ ဖြစ်ကြရတာပဲကွယ်''

''တပည့်တော် မရှင်းလို့ နည်းနည်း မိန့်ကြားပါဦးဘုရား''

''တစ်ခါတစ်ရံ ကိုယ့်မောင်ကလေးတွေ ညီမကလေးတွေ ပြောဆိုစကား နားမထောင်တဲ့အခါ နင်တို့တစ်တွေ သေစမ်းပါစေဟယ်လို့ ကျိန်ဆဲမိတာ မရှိဘူးလားကွယ့်''

''ရှိပါတယ်ဘုရား၊ တပည့်တော်ဆိုရင် ကိုယ်တိုင်အပင်ပန်းခံပြီး မောင်ကလေး၊ ညီမကလေးတွေကို စာသင်ပေးတယ်ဘုရား၊ အဲဒါ စိတ်မဝင်စားဘူးဘုရား၊ နည်းနည်းကလေးမို့ အခွင့်သာတာနဲ့ ဆော့ကစားတော့တာပဲ ဘုရား၊ အဲဒါကြောင့် သူတို့ကို ခဏခဏပဲ ကျိန်ဆဲမိတယ်ဘုရား''

''အဲဒီလို ကျိန်ဆဲမိတဲ့အခါ ယောဂီရဲ့သန္တာန်မှာ ကိုယ့်မောင်ကလေးတွေကို သေစေလိုတဲ့စိတ် တကယ်ရော ရှိသလားကွယ်''

''တကယ် သေစေလိုတဲ့ စိတ်တော့ ဘယ်ရှိပါ့မလဲဘုရား၊သူတို့ကို တတ်မြောက်စေချင်လွန်းလို့ ကောင်းစေချင်လွန်းလို့ အပင်ပန်းခံပြီး သင်ပေးနေတာပဲ ဘုရား၊သူတို့ပြောစကား နားမထောင်တဲ့အခါ နည်းနည်းပါးပါး ကြမ်းကြမ်းတမ်းတမ်း ပြောမိတာပေါ့ဘုရား''

''အေး ့အဲဒီလို ကျိန်ဆဲမိတာတွေဟာ မိမိရဲ့အခြေခံစိတ်ကတော့ သေစေလိုတဲ့သဘောမရှိဘူး၊ သူတို့ရဲ့အပေါ်မှာ ကောင်းစေချင်တာပဲ၊ စေတနာက သိမ်မွေ့တဲ့ အတွက်ကြောင့် အဲဒီလို စကားတွေဟာ နှုတ်ထွက်ကြမ်းပင်ကြမ်းသော်လည်း 'ဖရုသဝါစာ' (ကြမ်းတမ်းတဲ့စကား)လို့ မခေါ်ရဘူး။ ဒီစကားမျိုးဟာ စေတနာအရင်းခံ ပင်ကိုယ်စိတ်ဓာတ်က နူးညံ့နေတယ်၊ အဲဒါကြောင့် အကုသိုလ်ကံ မဖြစ်ဘူး။ ကြီးမားတဲ့ ပြစ်မှုကျူးလွန်မိတဲ့သူကို သေသေချာချာ ရုံးတင်စစ်ဆေးပြီးတော့ ပြစ်မှုထင်ရှားနေတာကြောင့် တရားသူကြီးက 'ဒီတရားခံကို ချမ်းသာစွာ အိပ်ပါစေ'လို့ အမိန့်ချလိုက်တယ် ဆိုပါစို့။ အဲဒီချမ်းသာစွာ အိပ်ပါစေဆိုတာဟာ အသက်ကို အဆုံးစီရင်လိုက်ပါလို့ ပရိယာယ်နဲ့ ပြောလိုက်တာပဲ၊ အဲဒီစကားသံဟာ ကြားရတဲ့သူအတွက် နားဝင်ချိုတယ်၊ ကြမ်းတမ်းမှု မရှိသော်လည်း စီရင်ချက်ချတဲ့ တရားသူကြီးရဲ့ စိတ်စေတနာဟာ တရားခံကို သေစေလိုတဲ့ စေတနာရှိနေတာကြောင့် 'ဖရုသဝါစာ' (ကြမ်းတမ်းတဲ့စကား)လို့ ခေါ်ရတယ်။ ဝစီကံအကုသိုလ်ဖြစ်တယ်ကွယ့်''

''စိတ်စေတနာသာ အဓိကကျတယ်လို့ ဆိုရမှာပါဘုရား''

''ဟုတ်တယ်ကွယ့်၊ ဘုန်းကြီးငယ်ငယ်က လူကြီးတွေ ပြောပြတဲ့ ပုံပြင်ကလေး သတိရမိတယ်''

''အမိန့်ရှိပါဘုရား''

''ရှေးအခါက တောရွာဘုန်းကြီးကျောင်းတစ်ကျောင်းကို မိုးချုပ်ခါနီးမှာ ကုန်သည်နှစ်ယောက် ရောက်လာကြတယ်။ တစ်ယောက်က စပါးကုန်သည်ဖြစ်တယ်၊ တစ်ယောက်ကတော့ သားရေကုန်သည်ပါ၊ မိုးကလည်းချုပ်နေတာကြောင့် ရှေ့ခရီးမဆက်ဘဲ ဘုန်းကြီးကျောင်းမှာပဲ တစ်ညဥ့်တည်းခိုကြတယ်။ ကျောင်းထိုင်ဆရာတော်က စပါးကုန်သည်အတွက် အခန်းထဲမှာ ခုတင်၊ ခြင်ထောင်နဲ့ အိပ်ဖို့နေရာပေးလိုက်တယ်။ နံနက်မိုးလင်းတော့ ကုန်သည်နှစ်ယောက်ဟာ ခရီးဆက်ထွက်ကြတယ်။ လိုရာအရပ်ရောက်ပြီး လိုတဲ့ပစ္စည်းတွေကို ဝယ်ခြမ်းပြီးပြန်လာတော့ အပြန်ခရီးမှာလည်း မူလက ဝင်ခဲ့တဲ့ ဘုန်းကြီးကျောင်းမှာ ဝင်ပြီး ညအိပ်ကြတယ်။ အဲဒီညဥ့်မှာတော့ ကျောင်းထိုင်ဆရာတော်က သားရေကုန်သည်အတွက် အခန်းထဲမှာ ခုတင်၊ ခြင်ထောင်နဲ့ အိပ်ဖို့နေရာပေးတယ်။ စပါးကုန်သည်ကိုတော့ အပြင်ဘက် ကြမ်းပြင်ပေါ်မှာ နီးကြောဖျာနဲ့ နေရာပေးတယ်။ အဲဒီတော့ ကုန်သည်နှစ်ယောက်ဟာ တို့အတွက် အခုအိပ်ရာနေရာဟာ အလာခရီးမှာလို မဟုတ်ဘဲ ပြောင်းပြန်ဖြစ်နေပါလားလို့တွေးပြီး ကျောင်းထိုင်ဆရာတော်ကို အကျိုးအကြောင်း မေးလျှောက်ကြတယ်။ အဲဒီတော့ ဆရာတော်က –

''ဒီလိုရှိတယ် ဒကာတို့၊ ပထမခရီးစဉ်မှာတော့ ဒကာတို့ဟာ ကုန်ပစ္စည်းဝယ်ဖို့လာကြတာ ဖြစ်တယ်။ အဲဒီအချိန်မှာ စပါးကုန်သည်က စပါးတွေဈေးကျပါစေ၊ ဈေးနှုန်းသက်သာပါစေလို့ ဆုတောင်းနေတယ်။ အဲဒါကြောင့် ဘုန်းကြီးက နေရာကောင်းကို ပေးလိုက်တာပါ။ သားရေကုန်သည်ကတော့ သားရေတွေများများ ဝယ်လို့ရအောင် နွားတွေများများ သေပါစေလို့ ကြမ်းတမ်းတဲ့ စေတနာကို အရင်းခံပြီး ဆုတောင်းခဲ့ပါတယ်။ အဲဒါကြောင့်

သားရေကုန်သည်ကို အပြင်ဘက်မှာ နေရာညံ့ညံ့မှာ အိပ်ဖို့နေရာပေးလိုက်ပါတယ်။ အခုအပြန်ခရီးမှာတော့ စပါးကုန်သည်က 'စပါးဈေးတွေ တက်စမ်းပါစေ၊ ဒါမှ ငါ့မှာ အမြတ်များများရမှာ'ဆိုတဲ့ စိတ်တွေဖြစ်ပေါ်လာတယ်၊ ဆင်းရဲသားတွေ ဝယ်ယူရ ခက်ခဲစေတတ်တဲ့ စိတ်မျိုးဖြစ်ပေါ်လာတယ်။ အဲဒါကြောင့် စပါးကုန်သည်ကို နေရာညံ့ညံ့မှာ အိပ်ခိုင်းလိုက်ပါတယ်။ သားရေကုန်သည်ကတော့ 'သားရေတွေ ရှားပါးသွားပါစေ၊ နွားတွေမသေပါစေနဲ့၊ ဒါမှ ငါ ဈေးကောင်းရမှာ'ဆိုတဲ့ စိတ်ဖြစ်ပေါ်လာတာကြောင့် နေရာကောင်းကောင်း ပေးလိုက်ရပါတယ်လို့ ဆရာတော်က မိန့်ကြားတယ်ကွယ့်''

''အဲဒီပုံပြင်ကို တပည့်တော် ငယ်ငယ်က စာထဲမှာ ဖတ်ဖူးတယ်ဘုရား''

''ဘုန်းကြီးတို့ ဘုရားလက်ထက်က သာဓကတစ်ခုလည်း ရှိဖူးတယ်ကွယ့်''

''အမိန့်ရှိပါဘုရား''

''မြတ်စွာဘုရားဟာ ဂိဇ္ဈကုဋ်တောင်ခြေအရင်းမှာ စင်္ကြံကြွနေစဉ် ဒေဝဒတ်က အပေါ်ကနေကျောက်တုံးကြီးကို လှိမ့်ချလိုက်တော့ ကျောက်စကလေးပဲ့ပြီး ဘုရားရဲ့ခြေမတော်ကို ထိမှန်သွားခဲ့တယ်။ဘုရားရဲ့ ခြေမတော်မှာ သွေးခြည်ဥသွားတယ်ကွယ့်၊ အလွန်လည်း ကိုက်ခဲနာကျင်တာကြောင့် ဆရာဇီဝကဟာ ဘုရားရဲ့ခြေမတော်ကို ဓားနဲ့ခွဲပြီး ကုသပေးခဲ့ရတယ်။ဒီနေရာမှာ ဆရာဇီဝကက ဓားနဲ့ခွဲတာဟာ ဘုရားရဲ့ နာကျင်ကိုက်ခဲမှုကို သက်သာပျောက်ကင်းသွားစေဖို့ဆိုတဲ့ ကောင်းမြတ်တဲ့ စိတ်စေတနာရှေ့သွားရှိတာကြောင့် အကုသိုလ်မဖြစ်ဘဲ၊ကုသိုလ်ဖြစ်တယ်ကွယ့်၊ ဒေဝဒတ်ကတော့ ရှင်တော်ဗုဒ္ဓကို သေစေလိုတဲ့ စေတနာနဲ့ ကျောက်တုံးလှိမ့်ချတဲ့အတွက်ကြောင့် စိတ်စေတနာသန့်ရှင်း စင်ကြယ်မှု မရှိတာကြောင့် အကုသိုလ်ဖြစ်တယ်ကွယ့်''

''မှန်ပါဘုရား''

''မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်ကာလမှာပဲ မျက်စိနှစ်လုံးကွယ်နေတဲ့ စက္ခုပါလထေရ်ဆိုတဲ့ ရဟန္တာကြီးတစ်ပါးဟာ တစ်နေ့မှာ မိုးရွာပြီးခါစ ကျောင်းသင်္ခမ်းပေါ်မှာ စင်္ကြံ ကြွနေပါတယ်။ အဲဒီအချိန် မိုးရွာပြီးစဆိုတော့ ပိုးကောင်တွေက ကျောင်းသင်္ခမ်းပေါ်မှာ တရွရွနဲ့ သွားနေကြတယ်။ စက္ခုပါလမထေရ် စင်္ကြံ ကြွတော့ ပိုးကောင်ကလေးတွေကို နင်းမိလို့ သေကုန်ကြတယ်။ အဲဒါကို ပုထုဇဉ်ရဟန်းတွေက တွေ့မြင်ရတော့ ကဲ့ရဲ့ပြစ်တင်ပြီး မြတ်စွာဘုရားဆီသွားလျှောက်ကြတယ်။ သူတို့ကတော့ စက္ခုပါလထေရ်ကို ပါဏာတိပါတကံနဲ့ စွပ်စွဲကြတယ်ပေါ့။ မြတ်စွာဘုရားက ရဟန္တာပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သေစေလိုတဲ့ စိတ်စေတနာမရှိတာကြောင့် အပြစ်ကင်းစင်ကြောင်း မိန့်ကြားလိုက်တယ်ကွယ့်၊ ဒီလောက်ဆိုရင် သဘောပေါက်ရောပေါ့''

''မှန်ပါ၊ ပေါက်ပါပြီဘုရား၊ တပည့်တော် ဦးတင်ပါတယ်ဘုရား''

□ ဝနဝါသီ–အရှင်ဝါသေဋ္ဌာဘိဝံသ

**နှုတ်မလုံသူမျိုး (၉)ယောက်**

၁။ ရာဂစရိုက=ရာဂထူပြောသူ၊

၂။ ဒေါသစရိတ=ဒေါသကြီးသူ၊

၃။ မောဟစရိတ = တွေဝေထိုင်းမှိုင်းသူ၊

၄။ ဘီရုက=ကြောက်တတ်သူ၊

၅။ အာမိသရုက=လာဘ်လာဘတပ်မက်သူ၊

၆။ ဣတ္ထိ=မိန်းမ၊

၇။ သောဏ္ဍာ=သေသောက်ကြူးယစ်ထုပ်၊

၈။ ပဏ္ဍက=ပဏ္ဍုက်၊

၉။ ဒါရက=ကလေးသူငယ်၊

**ဒေဝီ (၉)ပါး**

၁။ မာတာဒေဝီ။

၂။ ဣရဋ္ဌီသီ။

၃။ ဣရဋ္ဌီတီ။

၄။ မဏိမေခလာ။

၅။ သူရဿတီ။

၆။ မာယာဒေဝီ။

၇။ ဇေဂြိဒေဝီ။

၈။ ပြာဂြီဒေဝီ။

၉။ ဇရဝတီ။



**သုခမှတ်စုမှ–**

# အဂ္ဂ ဘိဇ
# ခန္တီးဆရာတော်ဘုရားကြီး၏
# တစ်ဘ၀ နှစ်သာသနာ

တင်ဝင်း–ကသာ(မန်းတက္ကသိုလ်)



အဘိဇမဟာရဋ္ဌဂုရု ခန္တီးဆရာတော်ဘုရားကြီး
ဩဝါဒမိန့်ခွန်းပြောကြားနေစဉ်

နှစ်ပွင့်တစ်ခိုင် ...

တစ်ခိုင်တွင် တစ်ပွင့်သာ ပွင့်လေ့ရှိသော ပန်းတောကြီးထဲ၌ နှစ်ပွင့်ယှဉ်ပူး ပွင့်ပုံထူးလျက် ယှဉ်ကူးရောင်သွေး မွှေးရနံ့သင်းကြိုင် နှစ်ပွင့်တစ်ခိုင် တော်ဝင်ပန်းနှယ် ခန္တီးဆရာတော်ဘုရားကြီးသည် တစ်ဘ၀တာဝယ် သာသနာတော် နှစ်ရပ်ကို တစ်ပြိုင်နက် ပခုံးပေါ်တင်ထမ်းလျက် ကြိုးပမ်းပြုစွမ်းတော်မူပါသည်။ ဝန်းသိုခန္တီးဆရာတော်ဘုရားကြီး၏ ဖြစ်တော်စဉ်ကို ယခုလိုရေးသားပူဇော် တင်ပြခွင့် ကြုံကြိုက်ခြင်းသည် ကျွန်တော့်အတွက် မိခင်ကြီးကို ရည်စူး၍ ကျေးဇူးဆပ်ခွင့် မဟာလာဘ်ကြီး ဆိုက်လာခြင်း မည်ပါသည်။

ကျွန်တော့်မိခင်သည် ဝန်းသိုမြို့သူ ဖြစ်ပါသည်။ ကျွန်တော်တို့ သားအဖနှစ်ယောက်ကို ဂျပန် လိပ်,ကန်စစ်မက် ခေတ်ပျက်ကာလတစ်လျှောက် ဆေးလိပ်လိပ်၍ ကျွေးခဲ့သည်။ ဆပ်ပြာချက်၍လည်းကောင်း၊ အကြော်ရောင်း၍လည်းကောင်း လုပ်ကျွေးခဲ့သည်။ ကျွန်တော်အိမ်ထောင်ပြုသဖြင့် ဇနီးနှင့်သားသမီးများ ရှိလာသောအခါ အမေသည် သားနှင့်လင်သာမက ချွေးမနှင့်မြေး (၆)ယောက်ကိုပါ ခံတောင်းလေး ခေါင်းပေါ်ရွက်ပြီး စီးပွားရှာ လုပ်ကျွေးသွားပါသည်။ တစ်ဦးတည်းသားကျွန်တော်နှင့် မခွဲမခွာနေထိုင်ရင်း အမေသည် (၉၃)နှစ်အရွယ်၌ ကျွန်တော့်အဖေထက် နှစ်ပေါင်း(၂၅)နှစ်ခန့်နောက်ချန်ကွယ်လွန်သွားသည်။

အမေ့မွေးဇာတိမြေ ဝန်းသိုမြို့သည် ခန္တီးဆရာတော်ဘုရားကြီးကို အကြောင်းပြုလျက် မေတ္တာယှက်၍ တရားဖက်သောမြေ ဖြစ်ပါသည်။ အာဇာနည်စော်ဘွားကြီး ဦးအောင်မြတ်နှင့်စပ်၍ သစ္စာမပျက် ခါးထက်ခဲ့ရာ မြေလည်း ဖြစ်ပါသည်။ အမေ့ဇာတိမြေသည် ကျွန်တော့်အတွက် ထာဝစဉ် ဂုဏ်တင်လျက် ရှိပါသည်။

ဝန်းသိုမြို့သည် စစ်ကိုင်းတိုင်း၊ ကသာခရိုင်ထဲက ကမ္ဘာသိ မြို့ငယ်လေးတစ်မြို့ ဖြစ်သည်။မန္တလေး–မြစ်ကြီးနား မီးရထားလမ်းပေါ်၌ ရှိသည်။ အေးချမ်းသာယာလှပသော မြို့လေးဖြစ်ပါသည်။ ပြာမှိုင်းသော မိုင်းသုန်တောင်ခြေမှ ချောင်းဖျားခံခဲ့သည့် စိမ်းမြကြည်လင်သည့် ဒေါင်းမြှူးချောင်းရေသည် ဝန်းသိုမြို့၏ အနောက်ဘက်၌ ကပ်လျက် မြောက်မှတောင်သို့ တငြိမ့်ငြိမ့် စီးဆင်းလျက်ရှိသည်။ မြို့အရှေ့ဘက်တွင် ရှင်မတောင် ရှိသည်။ အနောက်ဘက် ဒေါင်းမြှူးချောင်းနောက်ခံ မှန်ကင်းတောင်သည် ဝန်းသိုနယ်နှင့် ပင်လယ်ဘူးနယ် အပိုင်းအခြားတွင် မားမားကြီး တည်ရှိသည်။ မြို့တောင်ဘက်၌ မျက်စိတစ်ဆုံး ကျယ်ပြောသော လယ်တောများရှိသည်။ ရံခါ ရွှေရောင်လွှမ်းလျက်၊ ရံခါ မြေရောင်သန်းသည်။ ကျွန်းနှင့်သစ်မာတောများ၊ သတ္တုနှင့် ရွှေတွင်းများ ဝန်းသိုနယ်တွင် လက်ညှိုးထိုးမလွဲ။

ရိုးသား၍ ရောင့်ရဲသော၊ သစ္စာရှိပြီး သတ္တိပြည့်သော၊ ထို့အပြင် တရားသိလျက် အမှားမရှိအောင် သတိမြဲသော ဝန်းသိုသည် အဓမ္မမှုကို တော်လှန်ဖီဆန်လျက် ဓမ္မကို တံခွန်ထူဝင့်ကြွားသည့် မြို့လေးတစ်မြို့ ဖြစ်ချေတကား။

ထိုမြို့လေးတွင် ခန္တီးဆရာတော်ဘုရားကြီးသည် ပရိယတ္တိနှင့် ပဋိပတ္တိစွယ်စုံမုံသောက် ဂုဏ်ရှိန်တောက်ပခဲ့သည်။ သို့ရာတွင် ဆရာတော်ကြီးကား ဝန်းသိုနွယ်ဖွား ဝန်းသိုသားတစ်ဦး မဟုတ်ချေ။ ဝန်းသိုမြို့နှင့် လွန်စွာကွာဝေးသော ယောနယ်ထဲမှ ထီးလင်းကန်စွန်းထောင့်ရွာသား ဖြစ်ပါသည်။ ဖခင်–ဦးလယ်ရောက်၊ မိခင်–ဒေါ်ရွှေမြင့်တို့၏ သားသမီး(၁၂)ယောက်အနက် ဒုတိယမြောက် သားရတနာဖြစ်၍ ၁၂၅၆–ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၈)ရက်နေ့ဖွား၊ သောကြာသား ဖြစ်ပါသည်။ ငယ်မည်ကား–မောင်သာတိုး။

မောင်သာတိုးသည် ကန်စွန်းထောင့်ရွာအနောက်ကုန်း၊ တောင်ပေါ်ကျောင်းဆရာတော် အရှင်ဥဒေယျထံ



*အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု*
*ခန္တီးဆရာတော်ဘုရားကြီး တရားကျင့်ခဲ့သော*
*အင်တိုင်းတော ကျောက်ကြမ်းတောင်ကုန်း*
*ဗောဓိစေတီနှင့် တစ်ပါးနေကျောင်းကလေး*

စတင်ပညာသင်ယူပါသည်။ (၁၁)နှစ်သားအရွယ်တွင် ကန်စွန်းထောင့်အရှေ့ကျောင်း ဆရာတော်ဦးသာရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့ရာ ဘွဲ့တော်မှာ ရှင်သီရိ ဖြစ်သည်။

ရှင်သီရိ သာမဏေ(၃)ဝါအရ၌ မြစ်သာမြစ်အနောက် စင်ပုံရွာကျောင်းဆရာတော် အရှင်စန္ဒိမာထံ သဒ္ဒါသုတ်စဉ် ဝိဘတ်သွယ်သင်္ဂြိုဟ်ကိုးပိုင်း စသည် အခြေခံပရိယတ္တိစာပေတို့ကို သင်ယူသည်။ ထိုနောက် ထီးလင်းမြို့အပိုင် ကင်းပန်ကျောင်းဆရာတော် ဦးဂန္ဓမာထံ၌ ကစ္စာယနသဒ္ဒါကြီး ရှစ်စောင်ကို တစ်နေ့(၄)ဝါတက်၍ သုတ်ပြီး၊ ရုပ်ပြီး အလွတ်ပြန်ဆို သင်ယူခဲ့ပါသည်။ ဆရာတော်ဦးဂန္ဓမာကား ရှင်သီရိ၏ အဘိုးဖြစ်လေသည်။

ဦးဂန္ဓမာသည် ၎င်း၏တပည့်ကြီးများ ဖြစ်ကြသော ပခုက္ကူမဟာဝိသုတာရာမတိုက်ရှိ ဦးသုမေဓာ၊ ဦးပညာဇောတတို့ထံ ရှင်သီရိကို ပညာသင် စေလွှတ်လိုက်သည်။ ပခုက္ကူရောက်သော် ဦးသုမေဓာတို့အား ရှင်သီရိရှာမတွေ့။ မန္တလေးသို့ ပြောင်းရွှေ့သွားကြောင်း သိရသည်။ သို့ဖြင့် မန္တလေးသို့ ဆက်လက်လိုက်သွားရာ ဦးသုမေဓာနှင့် ဦးပညာဇောတတို့အား ဒက္ခိဏာရာမ ဘုရားကြီးတိုက်၌ ပထမခန္တီးဆရာတော်ကြီး ဦးစန္ဒိမာနှင့် အတူ တွေ့ဆုံရလေသည်။



စံကျောင်းတော်အထက်ထပ်၌ ဖူးတွေ့ရသော
အဂ္ဂါဘိဓဇခွန်မိုးဆရာတော်ဘုရားကြီး၏ ရုပ်တုတော်




စစ်ကိုင်းတိုင်း၊ဝန်းသိုမြို့၊ခွန်မိုးပရိယတ္တိစာသင်တိုက်ကြီးနှင့်
ခွန်မိုးရိပ်သာတို့၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု
နိုင်ငံတော်သြဝါဒါစရိယဘဒ္ဒန္တသုဇနဆရာတော်ဘုရားကြီး၏ ပုံတော်



ယနေ့ ခွန်မိုးဝိပဿနာရိပ်သာတွင် တရားပြလျက်ရှိသော
မဟာကမ္မဋ္ဌာနာစရိယဆရာတော်ဦးဇနိတ၏ ပုံတော်



အဂ္ဂါဘိဓဇ ခန္တီးဆရာတော်ဘုရားကြီး၏ တစ်ဘ၀ သာသနာနှင့်စပ်၍ ဝန်းသိုသို့ စာရေးသူသွားရောက် ကွင်းဆင်းလျှောက်ထားခဲ့စဉ်



ဆိတ်ငြိမ်အေးချမ်းသာယာသော ခန္တီးရိပ်သာကြီးထဲမှ တစ်ပါးနေ သစ်သားကျောင်းလေးတချို့

ဤတွင် ရှင်သီရိသည် အရှင်စန္ဒိမာထံ ဆက်လက်ပညာသင်ယူခွင့် ရရှိလေသည်။

၁၂၇၄–ခု၊ နတ်တော်လဆန်း(၁)ရက်နေ့၊ (၉–၁၂–၁၉၁၂)နေ့တွင် ဦးစန္ဒိမာသည်၊ ၎င်း၏ဆရာ အရှင်ဝိလာသမထေရ်(ဆရာတော်ဦးရွှေရိုး) ပျံလွန်တော်မူရာ ဝန်းသိုမြို့သို့ နောက်ပါသံဃာတော်များနှင့်အတူ ကြွတော်မူသည်။ ရှင်သီရိလည်း လိုက်ပါခဲ့ရသည်။ သို့နှင့် ရှင်သီရိသည် ဝန်းသိုမြေပေါ်သို့ ပထမဆုံး ခြေချနင်းကြည့်မိလေသည်။ သက်တော်(၁၈)နှစ်၊ သာမဏေအဖြစ်နှင့် ဝန်းသိုမြို့သို့ စတင်ရောက်ရှိခဲ့ဖူးသော ယောနယ်သားလေး ရှင်သီရိသည် ထိုစဉ်က ယခုလို ဒုတိယခန္တီးဆရာတော်ကြီး အဂ္ဂါဘိဓဇ ဘဒ္ဒန္တသုဇနအဖြစ် ကျော်ကြားလျက် အာဇာနည်တို့မြေမဟီဝယ် သာသနာတော်နှစ်ရပ် တည်ခွင့်ကြုံလိမ့်မည်ဟု မျှော်လင့်ခြင်း မရှိခဲ့ပေ။

မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့ရပြီး မထင်မှတ်ဘဲ ဝန်းသိုမြို့တွင် သာမဏေရှင်သီရိသည် မြင့်မြတ်သော ရဟန်းတော်အရှင်သုဇနအဖြစ် ရောက်ရှိတော်မူခဲ့ပြန်သည်မှာ ထူးခြားလှသော တိုက်ဆိုင်မှုများ ဖြစ်ချေသည်။ ရဟန်းရက်ချုပ်ကား –

၁၂၇၅–ခုနှစ်၊ နတ်တော်လဆန်း(၉)ရက်နေ့၊ (၁၉၃၅–ခု၊ ဒီဇင်ဘာလ–၆ရက်)နေ့၌ ဝန်းသိုမြို့ ရေဝန်းတိုက်ကျောင်းဆရာတော်ဘုရားကြီး အရှင်ဇယန္တမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရွှေကျောင်းအရှေ့ဘက် ရွှေဂူကြီးဘုရား ခဏ္ဍာသိမ်တော်တွင် စပါးကုန်သည်ကြီး ဦးသာပြော၊ ဒေါ်ဒေါ်အဲတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သော ရဟန်းအဖြစ် ရောက်တော်မူပါသည်။ ဘွဲ့တော်မှာ အရှင်သုဇနဖြစ်လေသည်။

ခန္တီးဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုဇနကား ဝန်းသိုမြေတွင် သာမန်လူသားတစ်ဦးအဖြစ် မမွေးဖွားခဲ့ဘဲ မြင့်မြတ်သောဘုရားသားတော်အဖြစ် မွေးဖွားလာသောကြောင့် မြို့သူ မြို့သား နယ်သူနယ်သားများ ကံထူးကြလေ၏။ ထိုအပြင် ဆရာတော်ကြီး၏ တစ်ဘ၀နှစ်သာသနာတော်သည်လည်း ဝန်းသိုမြေပေါ်တွင် စတင်တော်မူခဲ့သဖြင့် ကံထူးကြသူတို့အတွက် သာဓုသံများ တစ်ရံမဆိတ်ပြန်ပါလေ –။

ဤတွင် ခန္တီးသာသနာနှင့် ဆရာတော်စဉ်ဆက်ကို တင်ဆက်လိုက်ပါဦးအံ့။

''ခန္တီး''ဟူသော ရှမ်းဘာသာစကား၏ အဓိပ္ပါယ်မှာ''ရွှေမြေကြီး''ဖြစ်ပါသည်။ဝန်းသိုအာဇာနည် စော်ဘွားကြီး ဦးအောင်မြတ်၏ဖခင် စော်ဘွားကြီး ဦးရွှေသားလက်ထက်၊ ၁၂၃၀–ပြည့်နှစ်၌ မိမိတို့မျိုးနွယ်တူ ရှမ်းဘုန်းကြီး ဦးကိတ္တိကို ဦးရွှေသားသည် ချင်းတွင်းမြစ်ညာ

ဒေသ ခန္တီးမြို့မှ ဝန်းသိုသို့ ပင့်ဆောင်ခဲ့သည်။ ဦးကိတ္တိအတွက် ဝန်းသိုမြို့ ရာဟုထောင့် အုတ်ရိုးဘုရားငါးဆူအနောက်မျက်နှာ၌ ကျောင်းဆောက်၍ ဦးရွှေသားက လှူဒါန်းသည်။ ခန္တီးမှကြွရောက်လာပြီး သီတင်းသုံးသော ရှမ်းဘုန်းကြီးကို အစွဲပြု၍ ထိုကျောင်းမှာ ခန္တီးကျောင်းဟု အမည်တွင်ခဲ့ပါသည်။ ဘုန်းကြီးဦးကိတ္တိလည်း အဆိုပါကျောင်းတွင် ပျံလွန်တော်မူပါသည်။ ခန္တီးသာသနာအစ ဦးကိတ္တိက ဖြစ်ပါသည်။ ဦးကိတ္တိနောက် ၎င်း၏တပည့်ကြီးဖြစ်သူ ပင်လယ်ဘူးမြို့နယ် ခေါက်စင်းရွာဇာတိ ဦးဝိလာသ (လူမည်ဦးရွှေရိုး)က ခန္တီးကျောင်းတွင် ဆက်လက်ကျောင်းထိုင်ပါသည်။ ရဟန်းဘဝမရောက်မီ ဦးရွှေရိုးသည် ခန္တီးကျောင်းကို မိမိလက်ဖြင့် ဆောက်လုပ်ခဲ့သူ လက်သမားဆရာကြီး ဖြစ်ပါသည်။

စော်ဘွားကြီးဦးအောင်မြတ်က ရဟန်းဒကာခံယူပြီး ဦးရွှေရိုးအား ဦးဝိလာသဘွဲ့ဖြင့် ခန္တီးကျောင်းကြီးမှာ ကျောင်းထိုင်ဘုန်းကြီးအဖြစ် တင်ထားကိုးကွယ်ခဲ့ပါသည်။ ၁၂၅၂–ခုနှစ်၊ အင်္ဂလိပ်စစ်တပ်များ ဝန်းသိုသို့ ရောက်ရှိလာစဉ် စော်ဘွားကြီးဦးအောင်မြတ်၏တပ်များနှင့် တိုက်ပွဲကြီးများ ဖြစ်ပွားသည်။ မြို့ အထိနာမည်စိုးသဖြင့် ဦးအောင်မြတ်တပ်များ ဝန်းသိုမှ ဆုတ်ပေးသောအခါ အင်္ဂလိပ်တပ်များ ခန္တီးကျောင်း၌ တပ်စွဲခဲ့သည်။ ထို အင်္ဂလိပ်တပ်များ စစ်ဆုတ်သွားသော် ခန္တီးကျောင်းကြီး မီးလောင်ပြာကျကျန်ရစ်သည်။

ဝန်းသိုမြို့ စာရေးဦးသာဒွန်းသည် စော်ဘွားကြီး ဦးအောင်မြတ်အပ်နှံထားသော ငွေကျပ်(၃၀၀၀)ကျပ်ဖြင့် ၁၂၅၃–ခုနှစ်တွင် ဒုတိယခန္တီးကျောင်းကို ဆောက်လုပ်သည်။ မီးလောင်သွားသော ကျောင်းနေရာ၌မဟုတ်။ ရှမ်းအမျိုးသမီးကြီး ဒေါ်ဆိုင်းပေါက် လှူဒါန်းသည့် သက်ငယ်တော ဥယျာဉ်နေရာတွင် ဖြစ်သည်။ ယခင် မီးလောင်မြေ ကျောင်းဟောင်းနေရာကား အင်္ဂလိပ်လက်ထက်တွင် ကုလားလမ်းဗိုလ်နေအိမ်ဆောက်ထားသည့် နေရာဖြစ်သည်။ ဒေါ်ဆိုင်းပေါက်ဥယျာဉ်တွင် ဦးသာဒွန်း ဆောက်သော ကျောင်းသစ်၌ ဦးဝိလာသ(ဦးရွှေရိုး)အား ကျောင်းပြန်တင်သည်။ ထိုခန္တီးကျောင်းသစ်သည် မကြာမီ စည်ပင်တိုးတက်လာသည်။ ပြာသာဒ်ကျောင်းကြီးနှင့် ဆက်စပ်လျက် စနုဆောင်၊ ကတ္တီဆောင်၊ ကျောင်းမကြီး လက်ဝဲလက်ယာ၌ အဆောင်သစ်များ၊ ဆွမ်းလဲဆောင်၊ ကျက်သရေဆောင် စသည် တိုးပွားလာသည်။ ဒုတိယ အကြိမ်တည်သော ကျောင်းနေရာသည် ယခုလက်ရှိ ခန္တီးစာသင်တိုက်ကြီးနေရာပင် ဖြစ်လေသည်။ ဦးဝိလာသသည် ထိုခန္တီးတိုက်ကြီးတွင် နှစ်ပေါင်းနှစ်ဆယ် သီတင်းသုံးခဲ့ပြီး ၁၂၇၃–ခုနှစ် ပျံလွန်တော်မူပါသည်။

ဦးဝိလာသနောက် ခန္တီးတိုက်ကြီးတွင် ၁၂၇၄–ခုနှစ်၌ ကျောင်းထိုင်ဆရာတော်ဖြစ်လာသော အရှင်စန္ဒိမာကား ကန့်ဘလူမြို့နယ် စန္ဒယားရွာဇာတိဖြစ်သည်။ မန္တလေး၊ ပခုက္ကူ မြင်းခြံအစရှိသော နာမည်ကျော်စာသင်တိုက်ကြီးများတွင် နှစ်ပေါင်းများစွာ စာဝါများလိုက်ရင်း အပတ်တကုတ် ပညာကြိုးစားခဲ့သူ စာတတ်အကျော် ဆရာတော်ဖြစ်သည်။ ဝန်းသိုမြို့သူ မြို့သားဒကာ၊ ဒကာမများ လျှောက်ထားတောင်းပန်ကြသဖြင့် ၁၂၇၅–ခုနှစ်၊ ဝါဆိုလတွင် စာသင်သံဃာ(၂၅)ပါးဖြင့် ခန္တီးစာသင်တိုက်ကြီးကို စတင်ဖွင့်လှစ်တည်ထောင်တော်မူပါသည်။ ''ခန္တာရာမ''ဟူ၍ အမည်တွင်သည်။ စာချဆရာတော်များတွင် အဂ္ဂါဘိဓဇ ခန္တီးဆရာတော်လောင်းလျာ ဦးသုဇနလည်း တစ်ပါးဖြစ်ပါသည်။

နှစ်ကေခန့် ကျယ်ဝန်းသော ကျောင်းအရံမြေပေါ်တွင် ခန္တာရာမ ခန္တီးစာသင်တိုက်ကြီး ဖြစ်လာပြီးနောက် တစတစ သာသနိကအဆောက်အအုံများ တိုးပွားပေါ်ပေါက်လာရာ (၁၂)ခန်းရှိ အရှေ့တန်းလျားကျောင်းကြီး၊ (၈)ခန်းရှိ အနောက်တန်းလျားကျောင်းကြီး၊ ဘန်ဂါလီပြာသာဒ်ကျောင်း၊ အလယ်သိမ်တော်ကြီး၊ ဆရာတော်ကြီးစာချကျောင်း၊ (၁၂)ခန်းကျယ် တရားဟောဓမ္မာရုံကြီး စသည်ဖြင့် လျင်မြန်စွာ စည်ပင်လာသည်မှာ အံ့မခန်းဖြစ်ပါသည်။

ခန္တီးဆရာတော်ကြီး ဦးစန္ဒိမာသည် ပိဋကသုံးပုံ၊ ပါဠိအဋ္ဌကထာ ဋီကာများကို သင်ရိုးပေါက်ပို့ချရင်း သိမ်အလုံး(၃၀)ခန့် သမုတ်တော်မူခဲ့ပါသည်။ စာပေကျမ်းဂန်များလည်း ပြုစုရေးသားထားတော်မူခဲ့ပါသည်။ ၁၂၉၄–ခုနှစ်၊ သက်တော်(၅၈)နှစ်၊ ဝါတော်(၃၈)ဝါအရတွင် ခန္တီးစာသင်တိုက်ကြီး၌ ပျံလွန်တော်မူပါသည်။ ဦးစွာပထမခန္တီးစာသင်တိုက်ကြီး တည်ထောင်ဖွင့်လှစ်ခဲ့သော အရှင်စန္ဒိမာအား ''ပထမခန္တီးဆရာတော်ဘုရားကြီး''ဟု သိမှတ်ကြပါသည်။

အရှင်စန္ဒိမာနောက် ဒုတိယမြောက် ခန္တီးစာသင်တိုက်ကြီး၏ ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု (အဂ္ဂါဘိဓဇ) ဘဒ္ဒန္တသုဇနဆရာတော်ဘုရား

ကြီး ဖြစ်ပါသည်။ ထိုနောက် ယခုလက်ရှိ ခန္တီးစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်ကား ဦးဇဝန (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ဖြစ်၍၊ ခန္တီးဝိပဿနာရိပ်သာကျောင်းတိုက်ကြီး၏ မဟာကမ္မဋ္ဌာနာစရိယဆရာတော်ကြီးကား ဦးဇနိတ ဖြစ်ပါသတည်း။

၁၂၃၀-ခုနှစ်မှ ယခုရောက်ဆဲ ၁၃၆၅-ခုနှစ်အထိ နှစ်ပေါင်း(၁၃၅)နှစ်အတွင်း ခန္တီးဆရာတော်အစဉ်အဆက်ကို စာရင်းကောက်ဖော်ပြရလျှင် .

(၁) ရှမ်းဆရာတော်ကြီး ဦးကိတ္တိ (ခန္တီးမြို့မှ ကြွလာပြီး ဝန်းသိုဌ် သီတင်းသုံးသူ)

(၂) ဆရာတော်ဦးဝိလာသ(ဦးရွှေရိုး)၊ (ခန္တီးကျောင်းကြီးကို မိမိလက်ဖြင့် ကိုယ်တိုင်ဆောက်သူ)

(၃) ဆရာတော်ဦးစန္ဒိမာ (ခန္တီးစာသင်တိုက်ကြီးကို လက်မွန်မဆွ ပထမဦးစွာ စာသင်တိုက်ကြီး အဖြစ် တည်ထောင်သူ)

(၄) ဆရာတော်ဦးသုဇန (ခန္တီးစာသင်တိုက်ကြီးကို အုပ်ချုပ်ရင်း ခန္တီးဝိပဿနာရိပ်သာကြီးကို တည်ထောင်ဖွင့်လှစ်၍၊ ပရိယတ္တိနှင့် ပဋိပတ္တိ နှစ်သာသနာကို တစ်ပြိုင်နက် ပြုစွမ်းသူ အဂ္ဂါဘိဓဇ ဆရာတော်ဘုရားကြီး)

(၅) ဆရာတော်ဦးဇနိတ (ခန္တီးဝိပဿနာရိပ်သာကြီး၏ ယခုလက်ရှိ မဟာကမ္မဋ္ဌာနာစရိယ)

(၆) ဆရာတော်ဦးဇဝန (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ခန္တီးစာသင်တိုက်ကြီး၏ ပဓာနနာယကအဖြစ် လက်ဆင့်ကမ်းတာဝန်ထမ်းလျက်ရှိသူ)

ဟူ၍ ဝါစဉ်အလိုက် စာရင်းထိုးကြည့်ရပါသည်။

ဤကား ခန္တီးကျောင်းတိုက်၊ ခန္တီးစာသင်တိုက်ကြီးနှင့် ခန္တီးဝိပဿနာရိပ်သာကြီးများအကြောင်း ဆရာတော် အစဉ်အဆက်သမိုင်းအကျဉ်းဖြစ်ပါသည်။

ဤတွင် အဂ္ဂါဘိဓဇ ဆရာတော်ဘုရားကြီး ဦးသုဇန၏ သင်္ခေပတစ်ဘဝ နှစ်သာသနာကို အနည်းငယ် အကျယ်ချဲ့၍ ဆက်လက်တင်ပြပါဦးမည်။

ကံပစ်ချရာ ဝန်းသိုဌ် ရဟန်းဘဝရောက်ရှိပြီး ဗုဒ္ဓစာပေကျမ်းဂန်များကို လိုက်စားသင်ယူရင်း နေထိုင်ရသော အရှင်သုဇနသည် အစောပိုင်းနှစ် ကာလများတွင် ပျော်ပိုက်မှုမရှိခဲ့ချေ။ မိဘဆွေမျိုးသားချင်းတို့ရှိရာ မိမိ မွေးဇာတိမြေ ယောဒေသသို့သာ ပြန်လိုလှသည်။ သို့သော်လည်း ငါးနှစ်တာမျှ ပရိယတ္တိများကို လိုက်စားလျက် ကိုယ်စိတ်နှစ်ပါးကို စာများတွင် မြှုပ်နှံထားလိုက်နိုင်သဖြင့် မပျော်ပိုက်မှုများ ကင်းစင်သွားတော့သည်။

ရဟန်း(၁၀)ဝါအရတွင် အရှင်သုဇနသည် ပထမ ခန္တီးဆရာတော်ဘုရားကြီး ဦးစန္ဒိမာ၏ ညွှန်ကြားချက်အရ မန္တလေးမြို့ လေးပြင်လေးရပ် စာသင်တိုက်ကြီးများသို့ ကြွရောက်၍ ပညာဆည်းပူးရသည်။

ဤတွင် ရွှေနန်းတော်ကြီး အရှေ့ကျောင်းတိုက်၊ ကျောက်ပန်းတောင်းဆရာတော်ကြီးက အရှင်သုဇန၏ ဘွဲ့တော်နောက်တွင် မြတ်နိုးခြင်းဟု အနက်ထင်သော ''မာမက''ကို ဆက်တွဲဖြည့်ထည့်ပေးလျက် ''သုဇနမာမက'' ဟူ၍လည်းကောင်း၊ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးက ဘွဲ့တော်သုဇနမာမကရှေ့၌ ကောင်းမွန်ခြင်းဟု အဓိပ္ပါယ်ရှိသည့် ''သာဓု''ကို တင်ပေးလိုက်သဖြင့် ''သာဓုသုဇနမာမက''ဟူ၍လည်းကောင်း မှည့်ခေါ်တော်မူကြပါသည်။ ထိုဘွဲ့တော်များနှင့် လိုက်ဖက်အောင်လည်း ဣန္ဒြေသိက္ခာ စောင့်စည်းလျက် အနေအထိုင် ကျစ်လျစ်တော်မူပါသည်။

(၁၂)ဝါအရတွင် ဦးစန္ဒိမာက ပြန်ခေါ်သဖြင့် ဝန်းသိုသို့ အရှင်သုဇနပြန်ကြွလာခဲ့သည်။ ၁၂၈၈-ခု၊ ပထမဝါဆိုလပြည့်နေ့ (၂၄-၇-၁၉၂၆)၌ ခန္တီးစာသင်တိုက်ကြီး၏ တိုက်အုပ်ဆရာတော်အဖြစ် တာဝန်ပေးခြင်းခံရသည်။ တစ်နေ့စာဝါ(၁၂)ဝါ၊ တစ်နှစ်ပတ်လုံးမှာ (၃) ရက်တည်းသာ နား၍၊ ရက်ပျက်မရှိ ပို့ချသဖြင့် ဆရာတော်ဦးစန္ဒိမာ နှစ်ထောင်းအားရရှိလှပေသည်။ စိတ်ချလက်ချအားကိုးရသော တပည့်ကြီးဟုလည်း အသိအမှတ်ပြုလေသည်။

၁၂၉၄-ခု၊ ကဆုန်လဆုတ်(၁)ရက်နေ့၊ (၂၀-၅-၁၉၃၂)တွင် ဆရာတော်ဦးစန္ဒိမာ ပျံလွန်တော်မူရာ၊ ခန္တီးစာသင်တိုက်ကြီး၏ တာဝန်သည် သက်တော်(၅၀) ဝန်းကျင်ရှိ အရှင်သုဇနပခုံးပေါ်သို့ ရုတ်ခြည်းရောက်ရှိလာတော့သည်။ ထိုအချိန်မှစ၍ အရှင်သုဇနသည် ဒုတိယ ခန္တီးဆရာတော်ဘုရားဟူ၍လည်း ဝေးနီးကျော်ကြားလာလေတော့သည်။

မန္တလေးနည်း၊ ပခုက္ကူနည်းတို့ဖြင့် စာဝါများပို့ချပေးလျက်ရှိသော ခန္တီးစာသင်တိုက်ကြီးသည် ဝိနည်းတော် စည်းကမ်းစနစ်များ တင်းကျပ်လင့်ကစား ဝါဆိုစာသင်သား သံဃာဦးရေသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာလျက်ရှိသည်။ ရံခါ(၂၀၀)ကျော်လေသည်။



*စတုတ္ထခန္တီးဆရာတော်ဘုရားဦးဇဝန*
*(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) စာဝါများပို့ချနေစဥ်*

ဒုတိယခန္တီးဆရာတော် ဦးသုဇနသည် နှစ်စဉ် တိုးတက် များပြားလာသော စာသင်သားတို့အတွက် နေ့စဉ်ဘဝနေရေး အစစတာဝန်ယူ ကုသိုလ်ပြုရင်းမှ သက်တော်(၅၈)နှစ်၊ သိက္ခာတော်(၃၉)ဝါအရ၌ ဝန်းသို မြို့၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ တောရိပ် ညို့ညို့ တောင်ကုန်းမို့မို့လေးပေါ်တွင် ၁၃၁၅–ခုနှစ်၊ ဝါဆို လမှစတင်၍ ခန္တီးဝိပဿနာတရားရိပ်သာ ထူထောင်ကာ မိမိကိုယ်တိုင်လည်း ကျင့်၊ ယောဂီတို့အားလည်း တရား ပြလျက် သီတင်းသုံးတော်မူပါသည်။

ရိပ်သာထက် တောင်ကုန်းငယ်လေးပေါ်မှ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်မိသော် အပြောကျယ် သော လယ်တောကြီးကို မျက်စိတစ်ဆုံး မြင်တွေ့ကြရပါ မည်။ ထိုအခါ ဘဝများစွာ သံသရာ၏ အကျယ်အဝန်းကို မြင်ထင်လာတတ်ပြီး လျှောက်လှမ်းဖြတ်သန်းရချိန် တွေ့ ကြုံခံစားရမည့် ဆင်းရဲဒုက္ခ ပရိဒေဝသောကများကြောင့် မောပန်းနွမ်းနယ်ကြရမည်ကို ကြောက်လန့်တကြီး သတိရ စိုးရိမ်ထိတ်လန့်လာတတ်ကြမည် ဖြစ်ပါသည်။

အနောက်ဘက်ရှိ ပြာမှိုင်းသော မှိုင်းသုန်တောင် ခြေမှ ချောင်းဖျားခံစီးဆင်းလာသည့် ဒေါင်းမြူးချောင်း ရေသည် ရိပ်သာတောင်ကုန်းလေးကို လက်ယာရစ်ခွေ စီးဆင်းလျက်ရှိပေရာ တိုးညင်းသောရေစီးသံသည် မဆုံး နိုင်သော ဘဝများစွာ ခရီးမဟာအကြောင်း သတိပေး စကား ပြောကြားနေသယောင် ရှိပါသည်။

ရိပ်သာတောင်ကုန်းငယ်လေးနှင့် မလှမ်းမကမ်း ခပ်လှမ်းလှမ်းရှိ မန္တလေး–မြစ်ကြီးနား မီးရထားသံလမ်း ပေါ်က ဖြတ်သန်းသွားသော အမြန်စာပို့ရထားကြီး၏ ခေါင်းတွဲမှ ဥဩဆွဲသံသဲ့သဲ့သည် တရားဝင်နေကြသူ ရိပ်သာယောဂီတို့အား သမထဝိပဿနာ ဖွဲ့မလျှော့ကြရန် အားပေးနှုတ်ဆက်သွားသယောင်လည်း ကြားယောင်ကြ ရပါမည်။

မြန်မာနိုင်ငံမှသာမက ကမ္ဘာအရပ်ရပ်မှ လာ ရောက်တရားရှာကြကုန်သော လူရှင်ရဟန်းယောဂီတို့ အတွက် တစ်ပါးနေကျောင်းငယ်လေးများသည် ပင်ခြေ ရှင်းသော ရွက်ချင်းယှက်မိုးလျက်ရှိသည့် ပင်မြင့်ကြီးများ အောက်၌ တိတ်ဆိတ်စွာ ကေစာကျင့်နေကြဟန် တွေ့ မြင်ရသည်မှာ စိတ်နှလုံးအေးမြလှပါသည်။

ရံခါမျှသာ မြည်ကြွေးတွန်ကျူးကြသော တော ကြက် ငှက်ကျေးသံလေးတို့မှအပ တိတ်ဆိတ်လျက်ရှိ သည့် ထိုရိပ်သာတောင်ကုန်းငယ်လေးထက်တွင် ဒုတိယ ခန္တီးဆရာတော်ဘုရားကြီးသည် တရားရှုမှတ်မှုမပျက်၊ စာပေများ ရေးသားပြုစုတော်မူလျက် သီတင်းသုံးတော် မူသွားရာ ၁၃၄၈–ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်နေ့ တစ်ဘဝတာ ခန္ဓာဝန်ချချိန်အထိ ဖြစ်ပါသည်။

အားစွမ်းရှိသမျှ သာသနာတော် နှစ်ရပ်ကို ကြိုးပမ်းထမ်းရွက်တော်မူခဲ့သဖြင့် လောကအတွက်လည်း ကောင်း၊ မိမိအတွက်လည်းကောင်း၊ မိမိပတ်ဝန်းကျင် အတွက်လည်းကောင်း၊ မျက်မှောက်ကာလနှင့် နောင် သံသရာအတွက်ပါ တာဝန်ကျေတော်မူသွားသော ဆရာ တော်ဘုရားကြီးအား ၁၃၂၃–ခုနှစ်တွင် ''အဂ္ဂမဟာ ပဏ္ဍိတ''ဘွဲ့တံဆိပ်တော်ဖြင့်လည်းကောင်း၊ ၁၃၄၁–ခုနှစ် တွင် ''အဘိဓဇမဟာရဋ္ဌဂုရု''ဘွဲ့တံဆိပ်တော်ဖြင့်လည်း ကောင်း ပြည်သူနှင့်နိုင်ငံတော်က ဆက်ကပ်ပူဇော်လှူဒါန်း တော်မူကြသဖြင့် အဂ္ဂါဘိဓဇ ဒုတိယခန္တီးဆရာတော် ဘုရားကြီးအဖြစ် ထင်ရှားကျော်ကြားလျက်ရှိတော်မူပါ သတည်း။

အညာဒေသတွင် မြို့ကလေးငယ်သလောက် ဗုဒ္ဓဘာသာကျောင်းတိုက်ကြီးများ၊ များပြားစည်ကားလှ သော အမေ့ဇာတိမြေ ဝန်းသိုသို့ အလွမ်းပြေ ကျွန်တော် ရောက်ရှိခိုက် ဒုတိယခန္တီးဆရာတော်ဘုရားကြီး၏ တစ်ဘဝ နှစ်သာသနာတော်ကိုကွင်းဆင်းလေ့လာကြည့်ခဲ့မိပါသည်။

သက်တော်(၇၀)ကျော်ပြီဖြစ်သော်လည်း ကျန်းမာစွာဖြင့် စာချမပျက်ရှိပါသော ယခုလက်ရှိ တတိယမြောက် ခန္တီးဆရာတော်ဘုရားကြီး ဦးဇဝနသည် ကျွန်တော် လျှောက်ထားမေးမြန်းသမျှ ပြုံးရွှင်စွာ စိတ်ရှည်လက်ရှည် ဖြေကြားပေးတော်မူခဲ့ပါသည်။ ထိုအမေးအဖြေများသည် ဒုတိယခန္တီးဆရာတော်ဘုရားကြီး ဦးသုဇန၏ ဘဝဖြစ်တော်စဉ်ကို ပိုမိုကြည်လင်စွာ မြင်တွေ့ဖတ်ရှုကြရအောင် အားဖြည့်ကူညီမည်ဟု ယူဆတင်ပြလိုက်ပါသည်။

မေး။ အရှင်ဘုရားက အဂ္ဂါဘိဇေခန္တီးဆရာတော်ဘုရားကြီးရဲ့ အနီးကပ်တပည့်ကြီးမို့ စာရှုသူအများ မသိကြရသေးတဲ့ ဆရာတော်ကြီးရဲ့ စာပေလက်ရာများကို ဗဟုသုတပွားဖွယ် ဖြေကြားပေးတော်မူပါ။

ဖြေ။ ဆရာတော်ကြီးဟာ အချိန်ရသမျှ စာပေကျမ်းဂန်များ ကြည့်ရှု ပြုစုခဲ့တာကြောင့် စာမူတွေ အများကြီး ရှိပါတယ်။ တချို့လည်း စာအုပ်ဖြစ်သွားတယ်။ တချို့လည်း လက်ရေးစာမူအဖြစ်နှင့်ရှိတယ်။ စာအုပ်ဖြစ်သွားတဲ့ စာမူတွေကတော့ အများကြီး ့အများကြီး။ ဆရာတော်ကြီးက သူစာရေးတာ အများပြည်သူတို့အတွက်လို့ အမိန့်ရှိလေ့ရှိပါတယ်။ သူ့စာတွေကို ပြည်သူတွေထဲ ရောက်ရှိပျံ့နှံ့စေလိုတယ်။ ဘယ်သူတွေ စာအုပ်ရိုက်ရိုက် ကြည်ကြည်ဖြူဖြူ ခွင့်ပြုအားပေးတော်မူလေ့ရှိတယ်။ သိမ်းထားတာမျိုး၊ ဝှက်ထားတာမျိုး လုံးဝမရှိဘူး။ မရှိစေရဘူး။ စာပေကျမ်းဂန်ကြီးများ ပြုစုရေးသားကျော်ကြားတော်မူတဲ့ ဆရာတော်ကြီးတစ်ပါးရဲ့ ကျန်ရစ်တဲ့စာပေအမွေကို ဆက်ခံကြသူတချို့ဟာ မိမိတို့လည်း မပြုစု မရေးသားတတ်၊ ရေးသားထားရှိ စုဆောင်းခဲ့တဲ့ ဆရာတော်ကြီးရဲ့ စာအုပ်စာမူများပြန့်ပွားအောင်လည်း အားမထုတ်၊ စာပေတိုက်ကြီးနားမှာ ငုတ်တုတ်ကြီးထိုင်နေကြတဲ့ စာစောင့်နတ်ကြီးတွေ ဖြစ်နေတာ တို့အညာမှာ အများကြီး။

မေး။ ခုလို ဆရာတော်ဘုရားကြီးရဲ့ စာပေစေတနာကို သိရှိရတာ ဝမ်းသာစရာပါဘုရား။ စာအုပ်မဖြစ်သေးဘဲ စာမူဘဝမှာ ရှိနေသေးတဲ့ ဆရာတော်ကြီးရဲ့ စာတချို့အကြောင်း သိပါရစေ။

ဖြေ။ အများကြီးပဲ၊ ဒါပေမယ့် ဒကာကြီးတို့ စာသမား၊ ပေသမားအတွက် သမိုင်းဟာကွက် ဆိုမလား။ ဒုတိယကမ္ဘာစစ်နဲ့ ပတ်သက်လို့ စစ်ပြေးဘဝနှင့် ဆရာတော်ကြီး ခံစားရေးသားခဲ့တဲ့ ''ဒုတိယကမ္ဘာစစ် အတွေ့အကြုံ စစ်ကြေးမုံခေါ်တဲ့ ကျောက်မြောင်းစစ်တမ်း''ကတော့ စာမူအဖြစ်ပဲရှိသေးတယ်။ မသိကြလို့လား၊ မတွေ့ကြလို့လား၊ စာအုပ်ဖြစ် မလာသေးဘူး။

မေး။ အဲဒီ စစ်ကြေးမုံ ကျောက်မြောင်းစစ်တမ်း အကြောင်း အမြွက်လောက်ဖြစ်ဖြစ် အမိန့်ရှိပါဘုရား။

ဖြေ။ ဆရာတော်ကြီးကို စာချရင်း သမထ ဝိပဿနာ တရားများနှင့် အချိန်သုံးသူလို့ အယူအစွဲထားကြတယ်။ အမှန်တော့ ဆရာတော်ကြီးဟာ တိုင်းသူပြည်သား ဒကာ၊ ဒကာမများနဲ့ ပတ်သက်ပြီး ခေတ်ကာလအလိုက် အဖြစ်အပျက်များကို စိတ်ပါဝင်စားလေ့လာမှတ်သားထားသူ ဖြစ်ပါတယ်။ ဒီ စစ်ကြေးမုံ ကျောက်မြောင်းစစ်တမ်းကြီးဟာ ၁၉၄၁–ခုနှစ်ကစပြီး ခေတ်ပျက်ကာလကို မှတ်တမ်းတင်ထားခဲ့တဲ့ ဒိုင်ယာရီမှတ်တမ်းစာအုပ် ဖြစ်ပါတယ်။ အဖိုးတန်သမိုင်းအထောက်အထား အများကြီး တွေ့ရတယ်။ ''လိပ်–ကန်တို့ စစ်ဖြစ်ကြ၍ ခေတ်ပျက်သောအကြောင်း၊ သောင်းပြောင်းရောရာ ကြားသိမှတ်မိသမျှ စစ်သတင်းစကားကို နောင်လာအများ အမျိုးသားတို့ မှတ်သားဖို့ရာ ကလောင်စကြာဖြန့်ပါအံ့ခလို''လို့ ဆရာတော်ကြီးကိုယ်တိုင် အဲဒီစာတမ်းထိပ်မှာ နိဒါန်းသွယ်ထားပါတယ်။ ဆရာတော်ကြီးဟာ ကျမ်းဂန်နှံ့စပ်ရုံမက မြန်မာစာအရေးအသား သွက်သလို အတွေးလည်း ထက်ကြောင်း အဲဒီစစ်ကြေးမုံစာတမ်းမှာ တွေ့ရတယ်။ စစ်ဖြစ်လို့ အများတကာ အခြေပျက်၊ အနေပျက် ဒုက္ခတွေပင်လယ်ဝေချိန်မှာ အဲဒီဒုက္ခတွေဟာ သံဝေဂယူတရားရှုမှတ်ရန် သူ့အတွက် အဖိုးတန်ကုန်ကြမ်းများဖြစ်ပုံ ကျောက်မြောင်းစစ်တမ်းထဲမှာ လောကဓံခံနိုင်ရည်ရှိရေး အားပေးရေးသာထားတာ တွေ့ရတယ်၊ ရှော့ယူဖတ်ကြည့်။

(ဆရာတော်ဦးဇဝနသည်၊ ၁၃၀၅–ခုနှစ်၊ တော်သလင်းလဆန်း(၇)ရက်နေ့စွဲပါ လက်နှိပ်စက်ရိုက် စာမူတစ်ထပ်ကြီးကို ကျွန်တော့်အား ပေးစွန့်တော်မူပါသည်။ ဆရာတော်ဘုရားကြီး သက်တော်(၄၈)နှစ်၊ ဝါတော် (၂၈) ဝါအရ၊ တစ်လနှင့်(၇)ရက် စစ်ပြေးရစဉ် ကျောက်မြောင်းစခန်းတွင် ရေးသားပြီးစီးသော စာမူဖြစ်ပါသည်။ စစ်အတွင်း မှတ်တမ်းဖြစ်၍ သမိုင်းတန်ဖိုးကြီးမားသည်သာမက ဝိပဿနာအလုပ်ပေးပိုင်းများကိုပါ ထည့်သွင်းရေးသားထားသဖြင့် တရားလိုက်စားကြသူတို့ များစွာ အကျိုး

ရှိသော စာအုပ်ဖြစ်ပါသည်။)

မေး။ ကျေးဇူးတင်လှပါတယ်ဘုရား။တစ်ဆက်တည်း ဆရာတော်ဘုရားကြီးရဲ့ ရှားပါးစာအုပ်များ အကြောင်း အမိန့်ရှိပါဦး။

ဖြေ။ ဆရာတော်ကြီးဟာ တစ်ဖက်မှာ သမိုင်း ဘာသာရပ်ကိုလည်း စိတ်ဝင်စားသူ ဖြစ်ပါ တယ်။ ''ဗုဒ္ဓနဂရဝန်းသိုရာဇဝင်သစ်''စာအုပ် ဟာ စော်ဘွားကြီးဦးအောင်မြတ်ရှိရာ တောင်ကြီးမြို့ကို တကူးတကန့် ကြွရောက်မေးမြန်းရေးသားတဲ့ စာအုပ်ဖြစ် ပါတယ်။ အဖိုးတန်တဲ့ အကိုးခံသမိုင်းစာအုပ်တစ်အုပ် အဖြစ် နာမည်ကြီးခဲ့တယ်။ ခုတော့ အဲဒီစာအုပ်ဟာ မတွေ့ရသလောက် ရှားပါးသွားပြီ။ ဒီ့အပြင် သမထ ဝိပဿနာတရားများနဲ့ပတ်သက်ပြီးလည်း ကျမ်းစာအုပ် တွေ အများကြီး ရေးသားခဲ့ပါသေးတယ်။ ထပ်မရိုက် ကြလို့ ခုလို ရှားပါးစာအုပ်တွေ ဖြစ်ကုန်ကြပြီ။ နက်နဲတဲ့ တရားသဘောတွေကို အများနားလည်လွယ်အောင် စကားပြေနဲ့ ရေးသားခဲ့လို့ စာပေတန်ဖိုး မြင့်မားတဲ့ စာအုပ်ကြီးတွေ ဖြစ်နေကြတယ်။ ဘုန်းကြီးသိသမျှ ပြောရရင် ''ဘာသာအလင်းပြ''တို့၊ ''စက်ဖြတ်ဝိပဿနာ ကျမ်း''တို့၊ ''အဘိဓမ္မာသဘာဝရုပ်နာမ်သင်္ကြန်စာ'' တို့ ဆိုတဲ့ စာအုပ်စာတမ်းတွေဟာ စကားပြေရေး တရားစာ တွေပေါ့။ ရှားပါးနေကြပါပြီ။

မေး။ ဆရာတော်ဘုရားကြီး ပြုစုရေးသားတော်မူ ခဲ့တဲ့ စာအုပ်စာမူများ စာရင်းရှိရင် သိပါရစေ။

ဖြေ။ ဘုန်းကြီးမှတ်မိသလောက် စာအုပ်နဲ့ စာမူ (၃၀)ကျော်ရှိတယ်။ ''ကလျာဏပုထုဇ္ဇန ပကာသနီ''လို၊ ''ဒါနပကာသနီကျမ်း''လို၊ ''ပရမတ်ခွဲကျမ်း''လို လက်ရေးစာမူတွေလည်း ပါတယ်။ ဒီထဲက မိမိကိုယ်မိမိ ဆုံးမလေဟန် ရေးသားတော်မူခဲ့ သော ''သုဇနောဝါဒပကာသနီ''ဟာ၊ ဆရာတော်ဘုရား ကြီးရဲ့ ထေရုပ္ပတ္တိနဲ့ ပတ်သက်လို့ မဖော်ပြရင် မပြည့်စုံ သလောက် အရေးပါတယ်။ ရော့–ဒကာကြီး ယူသွား ဖတ်ကြည့်။

(ပြောပြောဆိုဆို အစိမ်းရောင်အဖုံးနှင့် စာအုပ် တစ်အုပ်ကို ထပ်မံပေးစွန့်တော်မူလိုက်ပြန်ပါသည်။ ထို စာအုပ်သည် ခေတ်ပျက်ကာလ စစ်ပြေးဘဝဖြင့် ကြိမ် ချောင်းရွာတွင် ဆရာတော်ဘုရားကြီး သီတင်းသုံးရစဉ်၊ ၁၃၀၄–ခုနှစ်၊ တပေါင်းလအတွင်း ရေးသားပြီးစီးခဲ့သည့် စာအုပ်ဖြစ်သည်။ ၁၉၈၃–ခုနှစ်က ရိုက်နှိပ်ထုတ်ဝေ ခဲ့သည်။ ထူးခြားသည်မှာ ထို'သုဇနောဝါဒပကာသနီ' စာအုပ်တွင် ဆရာတော်ဘုရားကြီး၏ သီရိလက်ာနှင့် အိန္ဒိယဘုရားဖူး ခရီးစဉ်မှတ်တမ်း ပူးတွဲပါရှိသဖြင့် ဆရာတော်ဘုရားကြီး၏ တစ်ဘဝ နှစ်သာသနာမှာ ပိုမိုပြည့်စုံသွားလေသည်။)

ဆရာတော်ဦးဇဝနသည် မေးစရာရှိလျှင် ဆက်လက်မေးမြန်းရန် ကျွန်တော့်အား ခွင့်ပြုတော်မူ ပါသည်။ ဆရာတော်၏အချိန်ကို နှမြော၍လည်းကောင်း၊ ဆရာတော်နှင့် ကျွန်တော်တို့အနီးတွင် တစ်ချိန်လုံးထိုင်၍ လိုအပ်သည်များကို ကူညီနေရှာသူ တိုက်အုပ်ဆရာ တော် အရှင်ခေမာစာရ(ခေမာ–ကချင်မြေ)၊ အစိုးရဓမ္မာ စရိယ ဂဏဝါစကအား အားနာလာမိ၍လည်းကောင်း၊ လောလောဆယ် လျှောက်ထားရန် မရှိတော့ပါကြောင်း၊ ကျေးဇူးအထူးတင်ရှိပါကြောင်း ဦးဇဝနနှင့် ဦးခေမာစာရ တို့ကို ဦးချနှုတ်ဆက်ပြီး ကျွန်တော် ''ခန္တာရာမ– ခန္တီးစာသင်တိုက်ကြီး''မှ ပြန်လည်ထွက်ခွာလာခဲ့ပါ သတည်း။

**''နှစ်ပွင့်တစ်ခိုင်''**။ ။ဝန်းသိုဆိုတဲ့ မြို့ငယ်လေး မှာ စာသင်တိုက်ကြီးတွေ ဆယ်တိုက်မက ဟည်းထလျက် ရှိပါတယ်။ ဒီထဲမှာ ခန္တီးတိုက်ကြီး နှစ်တိုက်ပါပါတယ်။ တစ်တိုက်က သံဃာတော်(၂၀၀)ကျော်ကို စာချပေးနေတဲ့ စာသင်တိုက်ကြီး။ နောက်တစ်တိုက်က ယောဂီ(၁၃၀) ကျော် မပြတ်တရားပတ်ဝင်နေတဲ့ ဝိပဿနာရိပ်သာ ကမ္မဋ္ဌာန်းတိုက်ကြီး ။

အဂ္ဂါဘိဇေ ဆရာတော်ဘုရားကြီး 'ဦးသုဇန'ဟာ စာသင်တိုက်ကြီးကို မိမိဆရာ ပထမခန္တီးဆရာတော် ဦးစန္ဒိမာထံက ပခုံးပြောင်းတာဝန်ယူခဲ့သူမို့ ဒုတိယခန္တီး ဆရာတော်လို့ ကျော်ကြားပါတယ်။ ဝိပဿနာတရား ရိပ်သာကြီးကို လက်မွန်မဆွတည်ထောင်ဖွင့်လှစ်သူမို့ ပထမခန္တီးရိပ်သာဆရာတော်ဘုရားကြီးလို့ လူသိများပါ တယ်။

ခန္တီးသာသနာဟာ နှစ်သာသနာရှိသလို ဆရာ တော်ကြီးရဲ့ တစ်ဘဝမှာလည်း နှစ်သာသနာတည်ခဲ့ပါ တယ်။

ဒါကြောင့် ''နှစ်ပွင့်တစ်ခိုင်''ဆိုတဲ့ စကား၊ လေးလုံးနဲ့ ဆရာတော်ကြီးကို ရိုသေစွာ ဦးခိုက်ပူဇော် လိုက်ပါတယ်။

**■ တင်ဝင်း–ကသာ(မန်းတက္ကသိုလ်)**




# ပဋိစ္စသမုပ္ပါဒ်နှင့် ဘဝသံသရာ

ဓမ္မာစရိယဦးမောင်မောင်လေး

## နာမရူပပစ္စယာ သဠာယတနံ

ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်၌ စတုတ္ထကွင်းဆက်ကား ''နာမရူပ ပစ္စယာ သဠာယတန''ဖြစ်တယ်။ နာမ်နှင့်ရုပ်ဟူသော အကြောင်းကြောင့် အာယတနခြောက်ပါးသည် ဖြစ်ပေါ်၏ဟု ဆိုလိုပေ၏။ ဤ၌ အာယတနဟူသည် စိတ်စေတသိက်များ ဖြစ်ပေါ်ရာဖြစ်ပေါ်ကြောင်း တရားဟူ၍ အကြမ်းအားဖြင့် မှတ်ယူနိုင်ပါသည်။ ထိုအာယတနသည် အဇ္ဈတ္တိကအာယတန ၆–ပါး၊ ဗာဟိရအာယတန ၆–ပါးအားဖြင့် ၁၂–ပါး အပြားရှိ၏။ ထို ၁၂–ပါးတို့တွင် စက္ခာယတန၊ သောတာယတနစသည်ဖြင့် ခေါ်ဆိုအပ်သော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်အားဖြင့် ၆–ပါးတို့သည် သတ္တဝါတို့၏ အတွင်းသန္တာန်၌ဖြစ်ခြင်းကြောင့် အဇ္ဈတ္တိကအာယာတနမည်ကုန်၏။ ရူပါရုံ၊ သဒ္ဒါရုံစသည်ဖြင့် ခေါ်ဆိုအပ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့နှင့် စိတ်ဖြင့်ကြံသိအပ်သောအာရုံ (ဓမ္မာရုံ)အားဖြင့် ၆–ပါးတို့သည် အပြင်သန္တာန်၌ဖြစ်ခြင်းကြောင့် ဗာဟိရအာယာတနမည်ကုန်၏။

## အကြည် ၆–မျိုး

ဤသို့ အာယတန ၁၂–ပါးရှိသော်လည်း နာမရူပပစ္စယာ သဠာယတနံ၌ စက္ခာယတန၊ သောတာယတနစသော အဇ္ဈတ္တိက အာယာတန ၆–ပါးကိုသာ ယူရမည်ဖြစ်ပါသည်။ ဘဝသစ်တွင် ပဋိသန္ဓေဝိညာဏ်မှစ၍ နာမကာယ၊ ရူပကာယနှစ်ပါး ပေါ်လာပြီးနောက် ယင်းတို့ကို အကြောင်းပြု၍ စက္ခုအကြည်၊ နားအကြည်

စသော အကြည်ဓာတ် ခြောက်မျိုးဖြစ်ပေါ်လာ၏ဟု ဆိုလိုပါသည်။ ဤအနက်အဓိပ္ပါယ်ကို ရည်ရွယ်လျက်–

''ထင်ရှား စေ့စုံ၊ အဖုံဖုံလျှင်၊ တည်တုံနာမ်ရုပ်၊
ကိုယ်သမုတ်သား၊ဒွါရအထယ်၊ကြီးငယ်ကာယ
ပေါ်ပြန်ကလည်း၊ ဒွါရတွင်မည်၊ ဖိတ်ဖိတ်
လည်သည့်၊
အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက် ့''

ဟူ၍ လယ်တီဆရာတော်ကြီးက ဖွဲ့ဆိုတော်မူခဲ့၏။ ဤလင်္ကာ၌ စက္ခုပသာဒ၊သောတပသာဒအစရှိသော ပသာဒရုပ်ငါးပါးကို ရူပါရုံ၊ သဒ္ဒါရုံစသော အာရုံငါးပါးတို့၏ ထင်ရာဖြစ်၍ အကြည်ရုပ်ဟူ၍လည်းကောင်း၊ ဘဝင်စိတ်ကို ဓမ္မာရုံထင်ရာဖြစ်၍ မနောအကြည်ဟူ၍လည်းကောင်း ခေါ်ဆို၏။ တစ်ဖန် ထိုအကြည်ဓာတ်ခြောက်ပါးကိုပင် စက္ခုဝိညာဏ်စိတ် စသည်တို့၏ဖြစ်ပေါ်ရာ ဝင်ပေါက်သဖွယ် ဖြစ်၍ စက္ခုဒွါရ၊ သောတဒွါရစသည်ဖြင့်လည်း ခေါ်ဆိုအပ်၏။ ထို့ကြောင့် လင်္ကာ၌ ''ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည့်၊ အကြည်ခြောက်မျိုး၊ ကိုယ်၌ဖြိုးလျက်''ဟူ၍ ဆိုထားခြင်း ဖြစ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သည့် ဝိညာဏ်ကြောင့် ဖြစ်ပေါ်သော ရူပကာယ၊ နာမကာယနှစ်ပါးတို့တွင် ရူပကာယ၏ အာနုဘော်ကြောင့် မျက်စိအကြည်၊ နားအကြည်စသော ရုပ်အကြည် (ရုပ်အာယတန)၅–ပါးတို့သည် ဖြစ်ပေါ်ကုန်၏။ နာမကာယ၏ အာနုဘော်ကြောင့် မနောအကြည် (နာမ်အာယတန)သည် ဖြစ်ပေါ်၏။

ရုပ်အကြည် ၅–ပါးဖြစ်ပုံ

ရူပကာယကြောင့် ရုပ်အကြည်ငါးပါးဖြစ်ပွားရာ၌ ဥပမာကား–ထန်းသီး၊ အုန်းသီးများ ကြီးလာသည့်အခါ အစေ့အိမ်၊ အဆန်အိမ်များ ပေါ်လာကြ၏။ သရက်သီး၊ ပိန္နဲသီးစသော သစ်သီးများမှာလည်း အစေ့အိမ်၊ အဆန်အိမ်များ ပေါ်ချိန်ကျလျှင် ပေါ်လာ၏။ ဤနည်းတူပင် မိခင်ဝမ်း၌ ပဋိသန္ဓေတည်သော ဇလာဗုဇနှင့် အဏ္ဍဇသတ္တဝါတို့အား ပဋိသန္ဓေတည်နေပြီးနောက် ပဝတ္တိကာလ၌ စက္ခုသောတဃာနဇိဝှာဟူသော ရုပ်ကြည်လေးပါးဖြစ်ချိန်ကျသောအခါ မျက်စိအိမ်၊ နားအိမ်၊ နှာခေါင်းအိမ်၊ လျှာအိမ်တို့နှင့်တကွ ပသာဒဓာတ်အကြည်တို့သည် ဖြစ်ပေါ်ကုန်၏။ အဆန်ထည့်၍လာကုန်၏။ ကာယအကြည် (ကာယပသာဒရုပ်)သည်ကား ပဋိသန္ဓေဝိညာဏ်နှင့်အတူ

ဒွါရဆိုသော်လည်း
အပေါက်ဟင်းလင်းရှိသော
အာကာသတံခါးမဟုတ်၊
ဖန်တံခါး၊ မှန်တံခါးများကဲ့သို့
ဖိတ်ဖိတ်လည်သော
အကြည်တံခါးမျိုးသာဖြစ်၏။

တကွသာလျှင် ဖြစ်ပေါ်၏။

ဥပပတ်ပဋိသန္ဓေ၊ သံသေဒဇပဋိသန္ဓေတို့ဖြင့် ပဋိသန္ဓေတည်နေသောသတ္တဝါတို့မှာမူ ရုပ်အကြည်ငါးပါးတို့သည် ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွသာလျှင် ဖြစ်ပေါ်လာကုန်၏။ ရူပဗြဟ္မာဘုံမှ ဗြဟ္မာတို့အား ဃာနဓာတ်အိမ်၊ ဇိဝှာဓာတ်အိမ်၊ ကာယဓာတ်အိမ်တို့သည် အိမ်သက်သက်သာ ရှိကုန်၏။ ပသာဒဓာတ်မရှိကုန်။ ဤကား ရူပကာယကြောင့် ရုပ်အာယတန (ပသာဒရုပ်)ငါးပါးဖြစ်ပေါ်လာပုံဖြစ်၏။

ရူပကာယနှင့် နာမကာယနှစ်ပါးတို့တွင် နာမကာယဟူသည် ဖဿ ဝေဒနာစသော စေတသိက်များကို ဆိုလိုခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်၏။ အဘိဓမ္မာနည်းအားဖြင့် စိတ်နှင့်ယှဉ်၍ ဖြစ်သော စေတသိက် ၅၂–ပါး ရှိ၏။

ယင်းတို့တွင် (၁)စိတ်ဖြစ်ပေါ်တိုင်း ပါရှိမြဲဖြစ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါးတစ်စု၊

(၂) အချို့စိတ်များနှင့်သာယှဉ်၍ အချို့စိတ်များနှင့် မယှဉ်သော ပကိဏ်းစေတသိက် ၆–ပါး တစ်စု၊

(၃) အကုသိုလ်စိတ် ၁၂–ပါးတို့နှင့်သာယှဉ်သော အကုသိုလ်စေတသိက် ၁၄–ပါးတစ်စု၊

(၄) အကုသိုလ်စိတ်၊ အဟိတ်စိတ်တို့မှတစ်ပါးသော ကုသိုလ်၊ ဝိပါက်၊ ကိရိယာစိတ်တို့နှင့် ထိုက်သည့်အားလျော်စွာ ယှဉ်သော သောဘဏစေတသိက် ၂၅–ပါးတစ်စု။

**မနာယတနဖြစ်ပုံ**

ဤသို့လျှင် စေတသိက် ၅၂-ပါးကို အကြမ်းအားဖြင့် ၄-စုခွဲနိုင်ပါသည်။ တစ်ဖန် နာမရူပပစ္စယာ သဠာယတနၖ အာယတန ၆-ပါးတွင် ပါဝင်သော မနာယတနဟူသည်မှာလည်း စိတ်(ဝိညာဏ်)ကိုပင် ဆိုလိုခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ပဋိသန္ဓေခဏမှစ၍ ရူပကာယ ဖြစ်ပေါ်လာခြင်းကြောင့် စက္ခု သောတသည် ရုပ်အာယတန (အကြည်ဓာတ် ၅-ပါး)ဖြစ်ပေါ်လာသကဲ့သို့ စေတသိက် ၅၂-ပါးဟူသော နာမကာယကြောင့် စက္ခုဝိညာဏ်၊ သောတဝိညာဏ်စသည့် စိတ်ဝိညာဏ်များလည်း ဖြစ်ပေါ်လာကြောင်း သိအပ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စေတသိက်အုပ်စုလေးတို့တွင် စိတ်ဖြစ်တိုင်း ပါဝင်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးရှိရာ ယင်းတို့မှာ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရတို့ ဖြစ်ပါသည်။ ယင်းတို့တွင် ဖဿဟူသည် အာရုံနှင့်တွေ့ထိခြင်း သဘောဖြစ်၏။ ရူပါရုံနှင့် စက္ခုပသာဒ ထိခိုက်မှုကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်လာသည်။ ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာစသည်တို့သည်လည်း ဖြစ်ပေါ်လာကြသည်။

စေတသိက်အုပ်စုလေးစုတို့အနက် ဒုတိယအုပ်စုဖြစ်သော ပကိဏ်းစေတသိက်များမှာ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒအားဖြင့် ၆-ပါးရှိ၏။ အချို့စိတ်တို့၌သာ ယှဉ်၍ အချို့စိတ်တို့၌ မယှဉ်သော ထိုစေတသိက် ၆-ပါးတို့ကြောင့်လည်း ၎င်းတို့နှင့်ယှဉ်သော စိတ်များဖြစ်ပေါ်လာကြ၏။

တတိယအုပ်စုဖြစ်သော အကုသိုလ်စေတသိက်တို့ကား လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိစသည်အားဖြင့် ၁၄-ပါးရှိ၏။ ၎င်းတို့သည်လည်း မိမိတို့နှင့်ယှဉ်သော စိတ်တို့နှင့် တကွသာလျှင် ဖြစ်ကုန်၏။

စတုတ္ထအုပ်စုဖြစ်သော သောဘဏစေတသိက်တို့ကား သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပစသည်အားဖြင့် ၂၅-ပါးရှိ၏။ ၎င်းတို့သည်လည်း မိမိတို့နှင့်ယှဉ်ရာစိတ်များနှင့်တကွသာလျှင် ဖြစ်ကုန်၏။ စိတ် ဝိညာဏ်မပါဘဲ မိမိတို့ချည်း မဖြစ်နိုင်ကြချေ။

ဤကား စိတ်ဟူသော မနာယတန၏ စေတသိက် ၅၂-ပါးဟူသော နာမကာယကြောင့် ပေါ်လာရပုံဖြစ်၏။ အမှန်အားဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ စိတ်နှင့်စေတသိက်တို့ တစ်ပါးနှင့်တစ်ပါး အပြန်အလှန်အားဖြင့် အမှီပြု၍ ဖြစ်ရခြင်းကိုပင် နာမကာယကြောင့် မနာယတနသည်ဖြစ်၏ဟူ၍ ဟောကြားခြင်း ဖြစ်ပါသည်။ ပဋ္ဌာန်းနည်းအားဖြင့် ပြောလျှင် သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ နိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြုခြင်းပင်ဖြစ်ပါသည်။

ဤ 'နာမရူပ ပစ္စယာ သဠာယတနံ'၌ နာမ်ရုပ်ကြောင့် အာယတန ၆-ပါးဖြစ်ပုံကို လယ်တီဆရာတော်ကြီးက အောက်ပါနည်းဖြင့်လည်း ရှင်းပြထားပါသည်-

**ဝတ္ထုခြောက်ပါး ဝိညာဏ်ခြောက်မျိုး**

နာမကာယကြောင့်သာ မနာယတနခေါ် ဝိညာဏ်ဖြစ်ရသည်မဟုတ်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယဝတ္ထုအားဖြင့် ခြောက်ပါးသော ဝတ္ထုရုပ်ဟူသော ရူပကာယကြောင့်လည်း ဝိညာဏ်သည် ဖြစ်ပေါ်၏။ ထိုခြောက်မျိုးတို့တွင် စက္ခုဝတ္ထုရှိခြင်းကြောင့် စက္ခုဝိညာဏ်ဖြစ်ပေါ်၏။ သောတဝတ္ထုရှိခြင်းကြောင့် သောတဝိညာဏ်ဖြစ်ပေါ်လာ၏။ ဃာနဝတ္ထုရှိခြင်းကြောင့် ဃာနဝိညာဏ်ဖြစ်ပေါ်လာ၏။ ဇိဝှာဝတ္ထုရှိခြင်းကြောင့် ဇိဝှာဝိညာဏ်ဖြစ်ပေါ်လာ၏။ကာယဝတ္ထုရှိခြင်းကြောင့် ကာယဝိညာဏ်ဖြစ်ပေါ်လာ၏။ ဟဒယဝတ္ထုရှိခြင်းကြောင့် ကြွင်းသော ဝိညာဏ်များ ဖြစ်ပေါ်လာကုန်၏။

ထိုအကြည်ခြောက်ပါးသည် ဤကိုယ်ခန္ဓာ၌ ဒွါရခြောက်ပါးမည်၏။ အရည်အရောင်ကဲ့သို့ ရွှန်းရွှန်းစက်စက် ရှိ၏။ ဖိတ်ဖိတ်လည်သော အကြည်ဓာတ်မျိုးဖြစ်၏။ ဒွါရဆိုသော်လည်း အပေါက်ဟင်းလင်းရှိသော အာကာသတံခါးမဟုတ်၊ ဖန်တံခါး၊ မှန်တံခါးများကဲ့သို့ ဖိတ်ဖိတ်လည်သော အကြည်တံခါးမျိုးသာ ဖြစ်၏။

ထိုအကြည်ခြောက်မျိုးတို့တွင် စက္ခုအကြည်သည် မျက်လုံးအိမ်၌ပေါ်၏။

သောတအကြည်သည် နား၌ပေါ်၏။

ဃာနအကြည်သည် နှာခေါင်းတွင်ပေါ်၏။

ဇိဝှာအကြည်သည် လျှာအပြင်၌ပေါ်၏။

ကာယအကြည်သည် တစ်ကိုယ်လုံး၌ အတွင်းအပြင် အနှံ့အပြားပေါ်၏။

မနောအကြည်ကား နှလုံးအိမ်တွင်း၌ ပေါ်၏။

ဤအကြည်ခြောက်မျိုးတို့တွင် ရှေ့အကြည် ၅-ပါးမှာ ရုပ်အကြည်များဖြစ်၏။ မနောအကြည်ကား

ဝိညာဏ်ဟုဆိုအပ်သော နာမ်အကြည်ဖြစ်၏။

တစ်ဖန် ဖော်ပြပါ အကြည် ၆–မျိုးတွင် အဆင်းဟူသော ရူပါရုံသည် စက္ခုအကြည်၊မနောအကြည်နှစ်ပါး၌ တစ်ပြိုင်နက်ထင်လာ၏။

အသံဟူသော သဒ္ဒါရုံသည် သောတအကြည်၊ မနောအကြည်နှစ်ပါး၌ တစ်ပြိုင်နက်ထင်လာ၏။

အနံ့ဟူသော ဂန္ဓာရုံသည် ဃာနအကြည်၊မနော အကြည်နှစ်ပါး၌ တစ်ပြိုင်နက်ထင်လာ၏။

အရသာဟူသော ရသာရုံသည် ဇိဝှာအကြည်၊ မနောအကြည်နှစ်ပါး၌ တစ်ပြိုင်နက်ထင်လာ၏။

အတွေ့ဟူသော ဖောဋ္ဌဗ္ဗာရုံသည် ကာယအကြည်၊ မနောအကြည်နှစ်ပါး၌ တစ်ပြိုင်နက်ထင်လာ၏။

ရူပါရုံ၊ သဒ္ဒါရုံစသော အာရုံငါးပါးနှင့်တကွ ကြွင်းသော အာရုံဟူသမျှကား မနောအကြည်၌ ထင်လာကုန်၏။

ဤသို့လျှင် အာယတနခြောက်ပါးဟုဆိုအပ်သော အကြည်ခြောက်ပါးတို့၌ ရူပါရုံ၊ သဒ္ဒါရုံအစရှိသော အာရုံခြောက်ပါးထင်လာ၍ သတ္တဝါတို့အား ငါ၊ ငါ့ကိုယ်စသည်အားဖြင့် မှောက်မှားသော ထင်မြင်မှုများ၊ ဖြစ်ပွားနေကြကြောင်းကို လယ်တီဆရာတော်ကြီးက အောက်ပါလင်္ကာစာပိုဒ်ဖြင့် ညွှန်ပြတော်မူခဲ့ပေသည်–

''အရိုး စီစဉ်၊ အမြင်စက္ခု၊ ကြားမှုသောတ၊ ဃာနအနံ့၊ လျက်ရန်ဇိဝှာ၊ ကာယာတွေ့ထိ၊ အသိမနော၊ မရောမယှက်၊ တလက်လက်လျှင်၊

အမျက်စိမ်းရည်၊ လဲ့လဲ့ကြည်သို့၊ ခြောက်မည်အာရုံ၊ အလုံးစုံသည်၊

ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍၊

ဤရှင်ဤလူ၊ ဤမူနေလ၊ ရူပသဏ္ဌာန်၊ အသံတစ်မျိုး၊ အခိုးလှိုင်ပျံ့၊

ရန့်ထိုထို၊ အချိုအချဉ်၊ ဤလျှင်အပူ၊ ဤမူအအေး၊ အတွေးအသိ၊

ပြည့်စုံသိ၍၊ ငါ၏ငါ့ကိုယ်၊ ငါမင်းပျိုတု၊ အဆိုအထင်၊ အမြင်မှောက်မှား၊ စိတ်နေခြား၍၊

တံခါးခြောက်စင်း၊ ကိုယ်လုံးလင်းသည်၊ခြောက်သင်း အာယတန စွမ်းရည်တည်း။''

■ ဓမ္မာစရိယဦးမောင်မောင်လေး



ချမ်းမြေ့မြိုင်ဆရာတော်

## အရှင်ဣန္ဒကဆရာတော်ဘုရား

၏

## သြဝါဒ ကောက်နုတ်ချက်များ

### သူတော်ကောင်းတို့၏ ဒါန

သူတော်ကောင်းများက အလှူဒါနပြုတယ် ဆိုတာ အလှူခံပုဂ္ဂိုလ်တွေ အဆင်ပြေအောင် ချမ်းသာ အောင် လှူကြတာ။ ကိုယ်ကျိုးမပါဘူး။ မိမိရဲ့ အလှူဒါနကြောင့်လည်း သူတစ်ပါး မဆင်းရဲစေရ၊ မျက်ရည်ကြီးငယ် မကျစေရ၊ ဘဝမပျက်စေရအောင် သတိထားလှူကြတယ်။ ဂုဏ်ပကာသနတွေ၊ ပျော်ပွဲရွှင်ပွဲတွေ ခြိမ့်ခြိမ့်သဲ ကျင်းပပြီး လှူရိုးမရှိကြပါဘူး။

### အကျိုးများများရအောင် လှူကြ

လှူဒါန်းတယ်၊ပေးကမ်းတယ်ဆိုတာ ကောင်းတဲ့အလုပ်၊ သူတော် ကောင်းတွေ ချီးမွမ်းတဲ့ အလုပ်ပါ။ ဘယ်သူ့ကို့ လှူလှူ၊ ဒါနဖြစ်တာပါပဲ။ (အလှူခံ တစ်ကျိပ်လေး)ဘယ်သူ့ပဲ ပေးပေးဒါနကုသိုလ်ပါပဲ။ ဒါပေမယ့် အကျိုးကြီးသထက် ကြီးမားအောင် လှူရင်ပိုကောင်းပါတယ်။ ဒါကြောင့် သီလ၊ သမာဓိ၊ ပညာ ပိုမိုကြီးမားတဲ့ သူတော်ကောင်း၊ သူမြတ်လောင်းတွေကို လှူရတယ်။ လှူတဲ့အခါ သံသရာဝဋ်က လွတ်ဖို့ ရည်မှန်းလှူဒါန်း ရတယ်။ လောကီချမ်းသာလောက်သာ တောင့်တပြီး မလှူရပါဘူး။ ''လှူတတ်မှမြတ် မယ်တဲ့''လှူဒါန်းတတ်ဖို့ သတိထားကြပါ။



# ယုံကြည်မှုနှောင်ကြိုး

အရှင်ပဏ္ဍိတ(ဗေဒါရီဂူတောရ)

လူ့လောက၊ လူမှုရေးရာတွင် တစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစား၊ တန်ဖိုးထားကြသဖြင့် မိတ်ဆွေအပေါင်းအသင်း ဖြစ်ကြသည်။ အပြန်အလှန် အဆက်အသွယ်ပြု ခင်မင်ရင်းနှီးကြသည်။ မိတ်ကောင်းဆွေကောင်းတွေ ဖြစ်ကြသည်။ လူနှင့်လူချင်း အပြန်အလှန်ကျေးဇူးပြုကြသည်။ လူသည် တစ်ယောက်တည်းနေတတ်သော သတ္တဝါမဟုတ်၊ အပေါင်းအစု အသင်းအဖွဲ့ဖြင့် နေတတ်သော သတ္တဝါဖြစ်၏ဟု ဆိုပါသည်။ သို့ဖြစ်၍ လူ့လောက၊ လူ့ဘဝ၊ လူ့ဘုံဟူ၍ ဤကမ္ဘာကြီးတွင် တစ်သီးတခြား ဖြစ်ပေါ်နေခြင်း ဖြစ်လေသည်။

ထိုလူ့လောက၊ လူ့ဘဝ၊ လူ့ဘုံကြီးထဲတွင် လူတို့သည် တစ်ဦးနှင့်တစ်ဦး အဘယ်ကြောင့် အတူတကွ နေထိုင်ကြပါသနည်း။ လူအမျိုးမျိုး စိတ်အထွေထွေရှိသော်လည်း လူအများသည် လူ့ဘုံလူ့လောကကြီးထဲတွင်ပင် တစ်နည်းမဟုတ် တစ်နည်းဖြင့် ဆက်သွယ်ပေါင်းသင်း နေထိုင်လျက်ရှိသည်။ အကြောင်းမှာ တစ်ဦးကိုတစ်ဦး 'လူ' ဟု ယုံကြည်စိတ်ချထားသောကြောင့် ဖြစ်ပေသည်။လူတိုင်း လူ့အကြောင်းကိုပင် ပြောနေကြပါသည်။ လူ့လောကကြီးတွင် လူမှုရေးရာသည် အလွန်ကျယ်ပြန့်လွန်းလှသည်။ မည်သည့်ကိစ္စကိုပင် ပြောပြော၊ ဆိုဆို၊ ပြုမူဆောင်ရွက်သည်ဖြစ်စေ လူ့ကိစ္စဝိစ္စနှင့် ကင်းသည်ဟူ၍ မရှိပေ။

ထို လူမှုကိစ္စ အဝဝတို့ကို ပြုမူလုပ်ဆောင်ကြရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထားရှိသော ယုံကြည်မှုသည် အဓိကအရေးအပါဆုံးဖြစ်လေသည်။ တရားဥပဒေတွင် ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုဟုခေါ်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၄၀၆ ဆိုတာရှိသည်။ လိမ်လည်မှုဟုခေါ်သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၄၂၀ ဆိုတာရှိသည်။ ထိုပုဒ်မ အမှုနှစ်ခုတွင် လိမ်လည်မှုကျူးလွန်ပါက ရဲစခန်းကဖြစ်စေ၊ တရားရုံးကဖြစ်စေ ခိုင်လုံသောသူနှစ်ဦးဖြင့် အချုပ်လွတ် ထုချေခွင့်

အာမခံပေးရမည်၊ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု ကျူးလွန်သူကို အာမခံ မပေးနိုင်ဟု ပြဌာန်းထားပါသည်။

လိမ်လည်မှုပြုသူအား တရား ဥပဒေက(သို့)တရားရုံးက သင့်တင့် လျောက်ပတ်သည့် အားလျော်စွာ လျှော့ပေါ့စဉ်းစား၍ အာမခံပေးထား ရန် ခွင့်ပြုထား၏။ ယုံကြည်အပ်နှံမှု ဖောက်ဖျက်သူအား တရားဥပဒေက (သို့) တရားရုံးက ယုံကြည်မှုထားရန် ခက်ခဲသဖြင့် အာမခံမပေးခြင်းဖြစ် လေသည်။ ယုံကြည်မှုဖောက်ဖျက် တတ်သူကို တရားရုံးနှင့် တရား ဥပဒေက ယုံကြည်မှုမရှိသောကြောင့် ပင်ဖြစ်သည်။

ယုံကြည်မှုဟူသော စကား လုံးသည် လူ့ဘုံ၊ လူ့လောကတွင် ရှုထောင့်အမျိုးမျိုး၊ နေရာအမျိုးမျိုးမှ အဓိပ္ပါယ်အမျိုးမျိုးကို ဖော်ထုတ် လျက်ရှိ၏။ ဘာသာရေးယုံကြည်မှု၊ နိုင်ငံရေးယုံကြည်မှု စသည်ဖြင့် ယုံကြည်မှုများစွာ ရှိနိုင်ပါသည်။ လေသံခပ်ပြင်းပြင်းနှင့် ခပ်ထန်ထန် ရေးသားပြောဆိုသည့်အခါတွင် ယုံ ကြည်ချက်ဟု သုံးနှုန်းတတ်ပါသည်။ ယုံကြည်မှုဟုခေါ်ခေါ်၊ ယုံကြည်ချက် ဟုဆိုဆို ထိုယုံကြည်မှု၊ ယုံကြည် ချက်သည် လူတွေနှင့် မကင်းနိုင်ပေ။

ထိုသို့ဆိုလျှင် လူတို့သည် ဘာတွေကို အကြောင်းပြု၍ ယုံ ကြည်မှု ဖြစ်နေကြသနည်း။ မည်သို့ သော အချက်အလက်များကို ပေါင်း စု၍ ယုံကြည်မှုဟု ပြောဆိုနေကြ သနည်း စသည်ဖြင့် စဉ်းစားမိပါ သည်။ ရွှေငွေဥစ္စာပစ္စည်း၊ ရာထူး ဂုဏ်သိန်၊ ဆွေမျိုးဂုဏ်အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်စသည့် အချက်များကို အထောက်အထားပြု၍ ယုံကြည်မှု၊ ပြုကြသလားဟုလည်း တွေးကြည့်မိ ပါသည်။ ရဟန်းသံဃာဖြစ်မှုကြောင့် လား၊ ဘာကြောင့်လား၊ ညာကြောင့် လား စသည်ဖြင့် ယုံကြည်မှု၏ အခြေခံသဘောထားကို မကြာမကြာ တွေးကြည့်မိပါသည်။ ယုံကြည်မှု သည် မည်သည့် အကြောင်းအရာ များပေါ်တွင် ပန္နက်ရိုက်ထားသလဲဟု လည်း ဆင်ခြင်မိပါသည်။ စာဖတ်သူ လည်း တွေးတောဆင်ခြင်ကြည့်စေ လိုပါသည်။

မိမိ၏ တွေးတောဆင်ခြင်

**ဗုဒ္ဓဘာသာတရား၏ အစအဦးဖြစ်သော အသေးအမွှားဟုထင်ရသည့် သီလငါးမျိုး၊ သီလရှစ်မျိုး တို့အနက်မှ တစ်မျိုးကလေးကို ပျက်ကွက်ရုံမျှဖြင့် ယုံကြည်မှုဟုဆိုသော လူလူချင်းဆက်နွယ်ထားသည့် နှောင်ကြိုးသည် ပြတ်တောက်သွားတတ်လေသည်။**

မှုကို ဖော်ပြလိုပါသည်။ မိမိသည် မိမိဖြတ်သန်းခဲ့သော ဘဝခရီးတစ် လျှောက်တွင် ယုံကြည်မှုများစွာ ရှိခဲ့ ဖူးပါသည်။ ယုံကြည်မှု မရှိသူဟာ အလကားပဲဟူသောစကားကို မိမိ၏ ဘဝမှာ မြောက်မြားစွာ သုံးစွဲခဲ့ဖူးပါ သည်။ ထို့အတူ တခြားသူများ အပေါ်တွင်လည်း ယုံကြည်မှုထားခဲ့ သည်များလည်း အမှန်တကယ် ရှိခဲ့ ပါသည်။ မိမိကိုယ်မိမိလည်း ယုံ ကြည်မှု ရှိသည်ဟု ယုံကြည်ခဲ့ပါ သည်။ မိမိက ယုံကြည်မှု ဖောက် ဖျက်ခဲ့သည်များ ရှိသလို၊ မိမိကို ယုံ ကြည်မှု ဖောက်ဖျက်ခဲ့သူများလည်း ရှိမည်ဖြစ်ပါသည်။ထို့ပြင် ယုံကြည် မှုတွေကြားမှာ ယုံကြည်မှုများစွာ လုံးလည်လိုက်စွာဖြင့် ယုံကြည်မှု ဟူသော ဝေါဟာရကို နားလည် ယုံကြည်ခဲ့ပါသည်။

နှစ်အတန်ကြာလာသော အခါ ယုံကြည်မှု၏အဓိပ္ပါယ် တစ်စွန်း တစ်စလောက်ကို လှမ်း၍ဆွဲယူမိပါ သည်။ တစ်ခါတုန်းက ပုဏ္ဏားတစ် ယောက်ရှိပါသတဲ့၊ ရှင်ဘုရင်တစ်ပါး ထံမှာ အခါပေးဗေဒင်ပညာရှိအဖြစ် တာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါ သည်။ ထိုပုဏ္ဏားသည် ရတနာ သုံးပါးကို ကိုးကွယ်၏။ သီလရှိ၏၊ ရှင်ဘုရင်ကြီးက ထိုပုဏ္ဏားကို အလွန်လေးစားမြတ်နိုး၏။ တခြား ပုဏ္ဏားများထက် အလေးအမြတ် ထား၏။ ယုံကြည်မှုအပြည့်ထားရှိ၏။ ဆိုးတိုင်ပင် ကောင်းတိုင်ပင် လုံးဝ ယုံကြည်စိတ်ချရသူဖြစ်၏။

ထိုအခါမှာ ထိုပုဏ္ဏားက စဉ်းစားတွေးတောမှုတစ်ခုပြုပါသည်။ သူ့အား ဘုရင်ကြီးက လေးစား ကြည်ညိုတန်ဖိုးထားခြင်းသည် ဘယ် အကြောင်းကြောင့်ပါလဲ။ သူ့အား ဘုရင်ကြီးက ယုံကြည်မှုရှိနေခြင်း သည် ဘယ်အကြောင်းကြောင့်ပါ လိမ့်၊ ဗေဒင်နှင့် ပတ်သက်သော ပညာတွေကြောင့်လား၊ရတနာသုံးပါး ကိုးကွယ်လို့လား၊ သူ၏မိဘမျိုးရိုးက ကြီးကျယ်မြင့်မြတ်သော အနွယ်ဝင် ကြောင့်လား စသည်ဖြင့် အကြောင်း အချက်မျိုးစုံကို စဉ်းစားတွေးတော

နေပါသည်။ ဘာကြောင့် ရှင်ဘုရင်ကြီးက သူ့အား ယုံကြည်စိတ်ချစွာ အလေးအမြတ်ပြုနေရပါလိမ့်ဟု အကြိမ်ကြိမ် အခါခါတွေးမိသည်။

ထို ယုံကြည်မှုကို သိရန်အတွက် ပုဏ္ဏားကြီးက စုံစမ်းလေ့လာမှု တစ်ခုပြုလုပ်ခဲ့၏။ တစ်နေ့တွင် နန်းတော်မှအပြန် ဘုရင့်ပန်းထိမ်သည်၏ အိမ်သို့ဝင်ပြီး ပန်းထိမ်ခုံမှ ရွှေအသပြာတစ်စကို မပြောမဆို၊ ဟိုလိုလို၊ သည်လိုလိုနှင့် အသာလေးဆွဲယူသွားခဲ့သည်။ ဘုရင့် ရွှေပန်းထိမ်သည်ကလည်း ဘုရင်ကြီးကြည်ညိုလေးစား ယုံကြည်စိတ်ချသော ပုဂ္ဂိုလ်ဖြစ်ခြင်း၊ သူကိုယ်တိုင်ကလည်း ပုဏ္ဏားကြီးအား ရိုသေလေးစား ယုံကြည်မှုရှိသောကြောင့် ဘာမျှမပြောဘဲနေ၏။ နောက်တစ်နေ့လည်း ထိုသို့ပင် ရွှေအသပြာနှစ်စကို မပြောမဆို၊ ပန်းထိမ်သည် အိမ်ဝင်၍ ယူ၏။ ရွှေပန်းထိမ်သည်က ဘာမျှမပြော၊ သုံးရက်မြောက်နေ့တွင် ရွှေအသပြာ တစ်ဆုပ်ကို ယူပြန်သည်။

သုံးရက်မြောက်နေ့ ရွှေအသပြာကို ပုဏ္ဏားကြီးဆွဲယူသောအခါ ရွှေပန်းထိမ်သည်က ''မင်းဉစ္စာကို ခိုးသောသူခိုး ဖမ်းထားလိုက်ပါပြီ၊ လာကြပါ၊လာကြပါ၊ သုံးရက်တောင်ရှိပါပြီ ပုဏ္ဏားကြီး မပြောမဆိုနေ့စဉ်ရက်ဆက် မင်း၏ ရွှေအသပြာစတွေကို ခိုးယူနေတာလည်း သုံးရက်ရှိပါပြီ''ဟု အော်ဟစ်လိုက်လေသည်။ ထိုအခါ အနီးအနားရှိ လူအများဝိုင်းအုံလာပြီး ''ဟာ ... ဘုရင်ကြီးရဲ့ ယုံကြည်စိတ်ချရတဲ့ ပညာရှိပုဏ္ဏား ဆိုတဲ့ ပုဂ္ဂိုလ်ကြီးပါလား၊ ယုတ်မာလှပါလား၊ ဘုရင်ကြီးရဲ့ မျက်နှာမှ မထောက်၊သူခိုးကြီးပေပဲဟု''ဝိုင်းဝန်းရိုက်နှက်၍ ဘုရင့်ရှေ့မှောက်သို့ခေါ်သွားကြ၏။

ဘုရင့်ရှေ့မှောက် ရောက်သောအခါ ဘုရင်ကြီးက ''အသင်ပုဏ္ဏားကြီး သင့်အား ငါယုံကြည်မှုရှိသမျှ အကုန်သဲထဲရေသွန်ဖြစ်သွားပြီ၊ အသင် အဘယ်ကြောင့်ယခုကဲ့သို့ ပြုရသလဲ၊ အဲဒီရွှေစလောက်ကတော့ သင်ကျွန်ုပ်ထံမှ အချိန်မရွေးတောင်းလျှင် ကျွန်ုပ်ပေးမှာပေါ့၊ ထိုထက်မကကလည်း ပေးမှာပါ၊ အခုတော့ သင့်အား ကျွန်ုပ်ယုံကြည်မှုမရှိတော့''ဟု ပြောဆို၏။ ထိုအခါ ပုဏ္ဏားကြီးက ''သူသည် ခိုးသူမဟုတ်ကြောင်း၊ ဘုရင်ကြီး သူ့အား လေးစားမြတ်နိုးတန်ဖိုးထား ယုံကြည်စိတ်ချခြင်းသည် ဘယ်အကြောင်းအချက်များပေါ်တွင် အခြေခံ၍ ယုံကြည်မှုရှိသလဲဆိုတာကို သိလို၍ စမ်းသပ်ခြင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်အား ဘုရင့်အာဏာအတိုင်း အပြစ်ပေးတာကို ခံပါမည်။ ယခုတော့ ကျွန်ုပ်သိပါပြီ။ ကျွန်ုပ်အား အသင်မင်းကြီး လေးစားရိုသေစွာ ယုံကြည်စိတ်ချမှုရှိခြင်းသည် တခြားသောအကြောင်းများကြောင့်မဟုတ်၊သီလကို အဓိကထား၍ ယုံကြည်မှုရှိကြောင်း ကျွန်ုပ်သိရပြီ''ဟုလျှောက်ထားလိုက်၏။ ထို့နောက် ရွှေသပြာခိုးမှုဖြင့် အပြစ်ဒဏ်ခံယူပြီးနောက် လွတ်မြောက်သောအခါ ပုဏ္ဏားကြီး ရဟန်းပြုသွားလေသည်။

ထို့ကြောင့် သီလယူသည်၊ သီလစောင့်သည်၊ ဥပုသ်စောင့်သည်ဟု ဘာသာရေးဝေါဟာရဖြင့်ပြောဆိုနေကြသော လူသားတို့စောင့်ထိန်းအပ်သည့် သူ့အသက်သတ်ခြင်း၊သူ့ဉစ္စာခိုးခြင်း၊ မုသားမပြောခြင်းစသည့် အချက်ကလေးများသည် လူတစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ယုံကြည်မှုအတွက် အဓိကအရေးပါဆုံးသော လိုအပ်ချက်များဖြစ်ပေသည်။ အပြန်အလှန်ထားရှိစောင့်ထိန်းအပ်သော သီလဆိုင်ရာအချက်များသည်သာ ယုံကြည်မှု၊ ယုံကြည်ချက်၏ အဓိကပန္နက်ပင်ဖြစ်ပါတော့သည်။

ဗုဒ္ဓဘာသာတရား၏ အစအဦးဖြစ်သော အသေးအမွှားဟုထင်ရသည့် သီလငါးမျိုး၊ သီလရှစ်မျိုးတို့အနက်မှ တစ်မျိုးကလေးကို ပျက်ကွက်ရုံမျှဖြင့် ယုံကြည်မှုဟုဆိုသော လူလူချင်း ဆက်နွယ်ထားသည့်နှောင်ကြိုးသည် ပြတ်တောက်သွားတတ်လေသည်။ တစ်ယောက်နှင့်တစ်ယောက် ချင်ခင်လေးစားမှု၊ ရိုသေမှု၊ ယုံကြည်မှုစသည်တို့သည် စောင့်ထိန်းအပ်သော၊ စောင့်ထိန်းပါမည်ဟု မကြာခဏ တောင်းယူလေ့ရှိသော ငါးပါးသီလ၊ ရှစ်ပါးသီလစသည့်အချက်အလက်ကလေးများပေါ်တွင် မူတည်လျက်ရှိသည်။ ယုံကြည်မှုနှောင်ကြိုးရစ်ပတ်ခိုင်မြဲရန်အတွက် ငါးပါးသီလသည် အလွန်အရေးကြီးလှပါသည်။

***ကိုးကား–***

သီလဝီမံသကဇာတ်–၅၅၀ နိပါတ်

**□ အရှင်ပဏ္ဍိတ**
**(ဗေဒါရီဂူတောရ)**



# စိတ္တသူကြွယ်၏နောက်ဆုံးစကား

အရှင်ခေမာသီရိလင်္ကာရ
(ရွှေပြည်ဟိန်း)

ဒီတစ်ပတ်နောက်ဆုံးစကားစာစုများ ကဏ္ဍကနေ ပြောပြချင်တာက စိတ္တသူကြွယ်၏ နောက်ဆုံးစကားဖြစ်ပါတယ်။

စိတ္တသူကြွယ်ဆိုတာ ဗုဒ္ဓသာသနာတော်မှာ ဉပါသကာပရိသတ်ထဲမှာ စံပြုသင့်သူတစ်ယောက်ဖြစ်ကြောင်း ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်က ထုတ်ဖော်မိန့်တော်မူခဲ့သလို တေဒဂ်ဂုဏ်ထူးရှင်ပုဂ္ဂိုလ်တွေထဲမှာလည်း ''ဓမ္မကထိက၊ တရားဟောကောင်းသူ ဓမ္မကထိကဉပါသကာအဖြစ်'' ချီးကျူးခံရသူတစ်ယောက်ဖြစ်ပါတယ်။

ဒီတော့ သူ့အကြောင်းအနည်းငယ်ပြောကြည့်ရအောင်၊ မဂဓတိုင်း၊ မစ္ဆိကာသဏ္ဍမြို့မှာ မွေးဖွားခဲ့သူပါ၊ မွေးဖွားတဲ့နေ့မှာ ကောင်းကင်ကနေ မိုးဖွဲများကျလာသလိုပဲ ပန်းပွင့်တွေ လေအဟုန်နဲ့ အတူပါလာပြီး၊ မစ္ဆိကာသဏ္ဍတစ်မြို့လုံး လမ်းမတွေပေါ်မှာ၊ အိမ်ခြံဝင်းတွေထဲမှာ ပန်းမိုးတွေ တဖွဲဖွဲကျလာတယ်။ အဲသလို အတိတ်ထူး နိမိတ်ထူးတွေဖြစ်ပေါ်လာတာမို့ မိဘများက နာမည်ပေးလိုက်ကြတယ်။ မိဘဘိုးဘွားရဲ့ အမည်၊ အမျိုးအနွယ်ရဲ့ နာမည်နဲ့ မဆိုင်တော့ဘူး။ဒီလိုနဲ့ စိတ္တသူကြွယ်အရွယ်ရောက်လို့ မိဘနှစ်ပါး ကွယ်လွန်တဲ့အခါ ''စိတ္တသူကြွယ်''ဆိုတဲ့ အမည်နဲ့ မစ္ဆိကာသဏ္ဍမြို့မှာ ထင်ရှားလာတယ်။

အဲဒီအချိန်မှာပဲ မြတ်စွာဘုရားပွင့်တော်မူလို့ ပထမဆုံးဝါကို မိဂဒါယဝနမှာ ဝါဆိုပြီး သီတင်းကျွတ်တဲ့အခါ ပထမဝါတွင် ပေါ်ထွန်းတဲ့ ခြောက်ကျိပ်သော ရဟန္တာအရှင်မြတ်တို့ကို မြို့ရွာအသီးသီးသို့ တစ်ပါးစီခွဲပြီး သာသနာပြုလွှတ်ရာမှာ ပဉ္စဝဂ္ဂီငါးပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ မဟာနာမ်ရဟန္တာအရှင်မြတ်၊ မစ္ဆိကာသဏ္ဍမြို့ကို သာသနာပြုကြွတော်မူလာပါတယ်။

မဟာနာမ်အရှင်မြတ် ဟောကြားတဲ့ အာယတနကမ္မဋ္ဌာန်းတရားနာကြားရလို့ စိတ္တသူကြွယ် သောတာပန်အရိယာ ဖြစ်ခဲ့ပါတယ်။

ဒီအခါမှာ သူပိုင်ဖြစ်တဲ့ ''အမ္ဗာဋကာရာမ''လို့ခေါ်တဲ့ ဥယျာဉ်ကြီးကို သံဃိကအာရာမ်အဖြစ် လှူပြောင်းရေစက်သွန်းချလှူဒါန်းရာမှာ ''မဟာပထဝီမြေကြီးကပင် တုန်ဟည်းပြီး ကောင်းချီးပြုခဲ့ပါတယ်။

နောက်ပိုင်း အရှင်သာရိပုတြာနဲ့ သံဃာတော်များ ကြွရောက်တော်မူလာရာမှာ ခရီးဦးကြိုဆိုပြီး ခရီးရောက်မဆိုက် တရားနာလိုကြောင်း တောင်းပန်တော့ အရှင်သာရိပုတြာဟောကြားတဲ့ တရားနာရတဲ့အခါ ''အနာဂါမ်''တည်ခဲ့ပါတယ်။ အနာဂါမ်ဖြစ်တဲ့ အချိန်ထိ မြတ်စွာဘုရားကို တစ်ခါမျှ မဖူးဖူးသေးပါဘူး။

ဒါကြောင့် တစ်ချိန်မှာတော့ ဘုရားဖူးသွားမယ်ဆိုပြီး လိုက်လိုကမည်သူမဆို လိုက်နိုင်ကြောင်း၊ လမ်းခရီးမှာ ဘာမျှကြောင့်ကြစရာမရှိကြောင်း၊ နေစရာ၊ စားစရာ တာဝန်ယူကြောင်း ကြေညာတော့ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပသကာ၊ ဥပါသိကာပရိသတ်စုစုပေါင်း သုံးထောင်အခြံအရံနဲ့အတူ ယူဇနာသုံးဆယ်ဝေးကွာတဲ့ ခရီးကို တစ်နေ့တစ်ယူဇနာနှုန်းခန့် သွားရောက်ရာမှာ နတ်တွေကပဲနားစရာအသင့်၊ စားစရာအသင့် စီမံထားကြပါသတဲ့။ သာဝတ္ထိမြို့ရောက်မည့် ညနေချမ်းမှာ ဘုရားရှင်က အရှင်အာနန္ဒာကိုခေါ်ပြီး မိန့်တော်မူပါတယ်။အာနန္ဒာ၊ယနေ့ ငါဘုရားထံ စိတ္တသူကြွယ် အဖူးအမြော်လာလိမ့်မယ်။ သူရှိခိုးတဲ့ အချိန်မှာ ကောင်းကင်က ပန်းမိုးရွာလိမ့်မယ်လို့ ကြိုတင်မိန့်တော်မူထားတော့၊ အရှင်အာနန္ဒာထံက ကြားရတဲ့သတင်းကြောင့် သာဝတ္ထိမြို့သူ၊ မြို့သားတွေ ဝမ်းမြောက်ဝမ်းသာ မြို့ပေါက်ဝကနေ ကြိုဆိုနေကြသတဲ့။

ဘုရားရှင်ထံ ဖူးမြော်ရောက်လို့ 'တပည့်တော် မစ္ဆိကာသဏ္ဍမြို့က စိတ္တသူကြွယ်ပါဘုရား'လို့ ဘုရားရှင်၏ ခြေအစုံကို ဦးတိုက်ချိန်မှာ ကောင်းကင်က ပန်းမိုးရွာသတဲ့။

သာဝတ္ထိ၊ဇေတဝန်မှာ တစ်လတိုင်တိုင် ဘုရားနဲ့သံဃာကုန်ဆွမ်းကပ်လှူပြီး အပြန်ခရီးမှာ လှည်းပေါင်း ငါးရာပေါ်ပါလာတဲ့ ဆန်၊ဆီ၊ဆား စားဖွယ်ဝတ္ထုအကုန်လုံးကို သံဃာအတွက်လှူဒါန်းရာမှာ ဘုရားရှင်က ကပ္ပိယဘူမိအဖြစ် ကမ္ပဝါစာနဲ့ ရွတ်ဖတ်လို့ ဂိုဒေါင်၊ ကျောင်းများ ခွင့်ပြုတော်မူခဲ့ရပါတယ်။

ဇေတဝန်မှာ တစ်လတိုင်တိုင် ဘုရားထံမှ တရားတော်များနာခဲ့ရတာဆိုတော့ မစ္ဆိကာသဏ္ဍပြန်ရောက်တဲ့အခါ သူကပဲ တရားဟောဓမ္မကထိက တာဝန်ယူပြီး စည်းရုံးတော့ တခြားအယူဝါဒရှိတဲ့ သူများပင်လျှင် သူတရားဟောကောင်းလို့ ဗုဒ္ဓသာဝကတွေ ဖြစ်လာကြသတဲ့။

တစ်ခါတော့ သံဃာတော်တွေ တရားဆွေးနွေးနေတုန်း စိတ္တသူကြွယ်ရောက်လာပြီး၊ သံယောဇန

## မိမိတို့ရှိ ပစ္စည်းတွေထဲမှာ သံဃာနဲ့ အပ်စပ်တဲ့ ပစ္စည်းအားလုံးကို သံဃာပိုင်လို့ သဘောထားကြပါစို့လား

နဲ့ သံယောဇနိယ အတူတူပဲလား၊ တခြားစီလား ဆွေးနွေးကြရာမှာ စိတ္တသူကြွယ်ကပဲ ဥပမာအမျိုးမျိုးနဲ့ တခြားစီဖြစ်ကြောင်း ရှင်းလင်း လျှောက်ထားနိုင်ခဲ့တယ်။

ဒါကြောင့်လည်း ဘုရားရှင်ကိုယ်တော်တိုင်က ဓမ္မကထိက ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူခဲ့တာ ဖြစ်ပါတယ်။

နောက်ပိုင်းအရွယ်ကြီးလို့ ဂိလာနအဖြစ် အိပ်ရာထဲလဲနေတဲ့ အချိန် လူပရိသတ်မြောက်မြားစွာ လူနာမေးလာကြသလို နတ်ပရိသတ်တွေများစွာလည်း လူနာမေးလာကြသတဲ့။ အာရာမ်စောင့်နတ်၊ တောစောင့်နတ်၊ သစ်ပင်စောင့်နတ်တွေများစွာ ရောက်လာကြပြီး စိတ္တသူကြွယ်ကို အားပေးတိုက်တွန်း စကားပြော ကြသတဲ့။

''အိုသူကြွယ်၊အသင်သည် အနာဂတ်ကာလမှာ စကြာရတနာဖြင့် လှည့်လည်နိုင်သော စကြာမင်းဖြစ်ဖို့ တောင့်တလိုက်စမ်းပါ''လို့ နတ်တွေက တိုက်တွန်းရာမှာ စိတ္တသူကြွယ်က ပြန်ပြောတဲ့စကားဟာ ဓမ္မကထိက ပီသလှပါတယ်။

''အို–အဲဒီစကြာမင်းဆိုတာ မြဲတာမှ မဟုတ်ဘဲ၊ခိုင်တာမှ မဟုတ်ဘဲ၊ ပယ်စွန့်သွားရမယ့် သဘာဝပဲ'' တဲ့။ အဲဒီလို စိတ္တသူကြွယ်ရဲ့ နှုတ်က အသံထွက်လာတဲ့အခါ လူနာလာမေးတဲ့ လူတွေက တအံ့တသြနဲ့ စိတ္တသူကြွယ် ရောင်ရမ်းနေတယ်ထင်ပြီး ပြောကြတယ်။

အိုသူကြွယ်၊ သတိထားပါ၊ မရောင်ရမ်းပါနဲ့တဲ့၊ စိတ္တသူကြွယ်က ရောင်ရမ်းပြောတာ မဟုတ်ကြောင်း နတ်တွေနဲ့ စကားပြောနေတာဖြစ်ကြောင်း ရှင်းပြတယ်။

ဒီတော့ လူနာမေးတဲ့ လူတွေကပဲ တောင်းပန်ကြပြန်တယ်။ ဒီလိုဆိုရင် ကျွန်ုပ်တို့ကိုလည်း ဆုံးမစကားပြောခဲ့ပါဦးတဲ့။

ဒီအခါမှာ စိတ္တသူကြွယ်က နောက်ဆုံးစကား လေးခွန်းပြောပါတယ်။ သင်တို့ကို မှာခဲ့ချင်တာက–

၁။ ဗုဒ္ဓအပေါ်မှာ မတုန်လှုပ်သော ယုံကြည်မှု သဒ္ဓါတရားရှိသူများဖြစ်အောင် ကျင့်သုံးရစ်ကြပါ။

၂။ ဓမ္မအပေါ်မှာ မတုန်လှုပ်သော ယုံကြည်မှုသဒ္ဓါတရားရှိသူများဖြစ်အောင် ကျင့်သုံးရစ်ကြပါ။

၃။ သံဃာအပေါ်မှာ မတုန်လှုပ်သော ယုံကြည်မှုသဒ္ဓါတရားရှိသူများဖြစ်အောင် ကျင့်သုံးရစ်ကြပါ။

၄။ မိမိတို့မှာရှိတဲ့ ပစ္စည်းဥစ္စာတို့ကို သံဃာများနဲ့အတူ မခွဲမခြား စားသုံးရစ်ကြပါတဲ့။

အဲဒီစကား လေးခွန်းကို ပြောကြားပြီး ဘဝပြောင်း ကွယ်လွန်သွားပါသတဲ့။

ဒီတော့ စိတ္တသူကြွယ်ပြောသွားတဲ့ နောက်ဆုံးစကားတွေဟာ ဟောဒီ ပရိသတ်တွေနဲ့လည်း သက်ဆိုင်နေတယ်လို့ ဘုန်းကြီးက ထပ်ဆင့် ပြောလိုပါတယ်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃအပေါ်မှာ မတုန်လှုပ်သော ယုံကြည်မှုသဒ္ဓါတရားရှိသူများဖြစ်ဖို့ ဆိုတာဟာ အရိယာတို့၏ သဒ္ဓါတရားကို ဆိုလိုပါတယ်။ပုထုဇဉ်တို့ရဲ့ သဒ္ဓါတရားက ပြောင်းလဲနိုင်တယ်၊ မခိုင်မြဲသေးဘူး။ အရိယာတို့ရဲ့ သဒ္ဓါတရားကိုမှ ရာထူး၊ ငွေကြေး၊ မိန်းမ၊ ဘာနဲ့မျှ ပြောင်းလဲအောင် လုပ်မရတော့ဘူး။

ဒါကြောင့် အရိယာဖြစ်အောင် ကျင့်သုံးရစ်ကြပါလို့ ဆိုလိုတယ်။ နောက်တစ်ခါ အရိယာတွေဟာ ကိုယ့်ရှိတဲ့ပစ္စည်းကို သံဃာတော်တွေနဲ့ စားသုံးရာမှာ မခွဲခြားတော့ဘူး။ ဒါတော့လှူမယ်၊ ဒါတော့ မလှူနိုင်ဘူး။ ငါတို့ပဲ သုံးမယ်လို့ အကောင်းကို ကိုယ့်အတွက်ချန်ထားတာမျိုး မရှိကြတော့ဘူး။ ရှိပစ္စည်းအားလုံးဟာ သံဃပစ္စည်းလို့ပဲ သဘောထားကြတယ်။ သံဃာနဲ့ အပ်စပ်တဲ့ ပစ္စည်းအားလုံး၊ သံဃာမသုံးမှ ကိုယ်သုံးမယ်လို့ သဘောထားနိုင်ကြပြီ။

စိတ္တသူကြွယ်ရဲ့နောက်ဆုံးစကားများဟာ ဗုဒ္ဓဘာသာဝင်အားလုံးနဲ့ သက်ဆိုင်တဲ့အတွက် အလွန်အလေးထားသင့်တာမို့–

အို ့သူတော်ကောင်းတို့ ဗုဒ္ဓအပေါ်၊ ဓမ္မအပေါ်၊ သံဃအပေါ်မှာ မတုန်လှုပ်သော ယုံကြည်မှုသဒ္ဓါတရားရှိသူများ ဖြစ်ကြပါစို့လား၊ မိမိတို့ရှိ ပစ္စည်းတွေထဲမှာ သံဃာနဲ့ အပ်စပ်တဲ့ ပစ္စည်းအားလုံးကို သံဃာပိုင်လို့ သဘောထားကြပါစို့လား ဟူ၍ တိုက်တွန်းပါရစေ။

ရွှေပြည်တော်ကိန်းအေးငြိမ်းပါစေ။

□**အရှင်ခေမာသီရိလင်္ကာရ**

**(ရွှေပြည်ဟိန်း)**

# ပကိဏ္ဏက၊ နမက္ကာရ အစိန္တေယျကြီးဘုရားရှိခိုးနှင့် ဆရာကြီးဦးသုခ

စိုးမြင့်စိုး

## ဘုရားရှိခိုးနှင့်ဆရာကြီး

ပကိဏ္ဏက၊ နမက္ကာရ အစိန္တေယျဘုရားကြီး ဘုရားရှိခိုးသည် ရွှေတောင်မြို့၊ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး အရှင်မုနိန္ဒာဘိဓဇ ရေးသားစီရင် ကြည်ညိုတော်မူခဲ့သော ဘုရားရှိခိုးဖြစ်ပါသည်။ ဆရာတော်ကြီးသည် သာသနာ့သမိုင်းဝင်ကျမ်း အမျိုးမျိုးကိုလည်း ရေးသားစီရင်တော်မူခဲ့၏။ ဆရာတော်ကြီး ရေးသားစီရင်တော်မူခဲ့သော ကျမ်းများတွင် စွယ်စုံကျော်ထင် အဖြေကျမ်း၊ မနောရထပူရဏီကျမ်း၊ မဟာဝံသမြန်မာပြန်ကျမ်းနှင့် ဇိနတ္ထပကာသဏီကျမ်းတို့မှာ အထူးနာမည်ကျော် ထင်ရှားလှ၏။

ပကိဏ္ဏက၊ နမက္ကာရ၊ အစိန္တေယျဘုရားရှိခိုးကို ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွင်း ကျယ်ပြန့်အောင် ကုသိုလ်ယူဆောင်ရွက်သူမှာ ဆရာကြီးဦးသုခ ဖြစ်ပါသည်။ ဆရာကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်က ဤဘုရားရှိခိုးစာမူကို ရရှိပြီး ဤဘုရားရှိခိုး၏ ထူးခြားလေး



ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး
အရှင်မုနိန္ဒာဘိဓဇ

နက်ပုံကို သိရှိမြတ်နိုးစွာ ခံယူကြည်ညို ပူဇော်ခဲ့သည်။

ဗုဒ္ဓဘုရားတစ်ဆူ၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို ဗုဒ္ဓဘုရားရှင်တစ်ဆူက နေ့စဉ်ချီးကျူးဟောပြောပြသသည့်တိုင် ထိုဘုရားရှင်သာ မဟာပရိနိဗ္ဗာန်စံဝင်လိမ့်မည်။ အချီးကျူးခံ ဗုဒ္ဓဘုရားရှင်၏ ဂုဏ်





***ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးရင်က ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ရရှိသော ဆရာကြီးဦးသုခအား ဘွဲ့အပ်နှင်းစဉ်***

ကျေးဇူးတော်များကား ရေတွက်ခြင်းငှာ မကုန်နိုင်ရာဟု ကျမ်းဂန်များက ဆိုပါသည်။ ဤမျှလောက် ကြီးမားများပြားလှသော ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်အနန္တကို၊ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်လာ ဂုဏ်တော်အရပ်ရပ်ကို နှိုက်နှိုက်ချွတ်ချွတ်ရှာကြံ၍ ဉာဏ်ရှိသမျှ ရေးသားခဲ့ရာ ပကိဏ္ဏက၊ နမက္ကာရ အစိန္တေယျကြီး ဘုရားရှိခိုးဟူ၍ ဖြစ်ပေါ်လာပါသည်။ ဆရာကြီးသည် ဤဘုရားရှိခိုးကို လွန်စွာစုံစုံမက်မက် ရှိခဲ့ပါသည်။ ထို့ကြောင့် နှုတ်တက်အာဂုံဆောင်၍ နေ့စဉ်နေ့တိုင်း သဗ္ဗညုတဘုရားရှင်အား မြတ်မြတ်နိုးနိုး ရိုရိုသေသေ ရှိခိုးပူဇော်ခဲ့သည်။ ရှိခိုးပူဇော်ခဲ့သည့်အလျောက် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများကို အံ့သြဘနန်းဖြစ်လောက်အောင် ထူးထူးခြားခြား ဆရာကြီးခံစားခဲ့ရသည်မှာ အကြိမ်ကြိမ်အခါခါ ရှိခဲ့သည်။

ဆရာကြီး၏ ဘဝကို လေ့လာကြည့်ခြင်းဖြင့် သိသာနိုင်ပါသည်။

**ဆရာကြီး၏ ဘဝအောင်မြင်မှုများ**

ဆရာကြီးသည် မြန်မာနိုင်ငံတွင် လွန်စွာထင်ရှားသည့် စာရေးဆရာကြီးတစ်ဦးဖြစ်သကဲ့သို့ လွန်စွာထင်ရှားသည့် ရုပ်ရှင်ဒါရိုက်တာကြီးတစ်ဦးလည်း ဖြစ်ပါသည်။ ထို့ပြင် မြန်မာမှုပညာရှင်ကြီးတစ်ဦးအဖြစ်လည်း လွန်စွာထင်ရှားလှပါသည်။

ဆရာကြီး ရေးသားပြုစုခဲ့သည့် စာအုပ်များအနက် ဓမ္မစာပေများကို ရဟန်းရှင်လူ စာဖတ်ပရိသတ်များ အထူးနှစ်သက်အားပေးကြသည်။ ထိုစာများသည်ပင် ထေရ်ကြီးဝါကြီး ရဟန်းတော်များ၏ ချီးမွမ်းထောမနာပြုခြင်း ခံရသည်။ဆရာကြီးသည် ရုပ်ရှင်ဒါရိုက်တာကြီးအဖြစ် ရုပ်ရှင်ကားကြီး ၃၄–ကား ရိုက်ကူးခဲ့သည်။(၆)ကားအတွက် ဒါရိုက်တာ အကယ်ဒမီဆု (၆)ကြိမ် ရရှိခဲ့သည်။

ဆရာကြီးသည် မြန်မာမှုပညာရှင်ကြီးအနေဖြင့် မိခင်ကရုဏာနှင့်မိခင်မေတ္တာ၏ အနှိုင်းမဲ့မွန်မြတ်သည့် တန်ဖိုးကို အခါအားလျော်စွာ ရေးသားခြင်း၊ အမြို့မြို့အနယ်နယ်သို့ လှည့်လည်ဟောပြောခြင်းပြုခဲ့သည့်အပြင်၊ ဆရာကြီး၏ စည်းရုံးရှေ့ဆောင်မှုကြောင့် မြန်မာနိုင်ငံတွင် ပြာသိုလပြည့်နေ့ကို 'အမေနေ့'အဖြစ် သတ်မှတ်ကျင်းပလာခဲ့သည်မှာ ၁၉၉၇–ခုနှစ်မှစ၍ ဖြစ်ပါသည်။

ဆရာကြီးသည် ရုပ်ရှင်ပညာနှင့် ပတ်သက်၍ နိုင်ငံခြားတိုင်းပြည်များသို့ နိုင်ငံတော်တာဝန်ဖြင့် သွားရောက်ဖူးသည်။ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စုနှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံများသို့ ၁၉၆၉–ခုနှစ်တွင် ရုပ်ရှင်ပညာလေ့

လာရန် သွားရောက်ခြင်းဖြစ်၏။

၁၉၈၃–ခုနှစ်တွင်လည်း ဖိလစ်ပိုင်နိုင်ငံ၊ မနီလာရုပ်ရှင်ပွဲတော်သို့ နိုင်ငံကိုယ်စားပြု တက်ရောက်ခဲ့သည်။

ဆရာကြီးသည် ၁၉၉၇–ခုနှစ်၊ အာဆီယံပြန်ကြားရေးဆုကို ရရှိခဲ့သည်။ ထိုဆု (ဆုဖလားနှင့်ဆုငွေ)ကို ၁၉၉၇–ခုနှစ်၊ ဩဂုတ်လ(၇) ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ကျင်းပသည့် အာဆီယံယဉ်ကျေးမှုဆုနှင့် အာဆီယံပြန်ကြားရေးဆုချီးမြှင့်ပွဲသို့ ကိုယ်တိုင်တက်ရောက်ယူခဲ့သည်။

အချုပ်အားဖြင့် ဆရာကြီးသည် ဝိဇ္ဇာစာပေပညာရပ်ဆိုင်ရာနှင့် သာသနာရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများကို ထက်မြက်ထူးချွန်စွာ တစ်သက်တာပတ်လုံး ဦးဆောင်ဦးရွက်ပြုနိုင်သူဖြစ်သည်မှာ ထင်ရှား၏။

ထို့ကြောင့် ဆရာကြီးအား နိုင်ငံတော်က အလင်္ကာကျော်စွာဘွဲ့ (၁၉၅၈)၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့(၁၉၉၄)နှင့် လူမှုထူးချွန်ဆု(ပထမအဆင့်)(၁၉၉၄)တို့ကို ချီးမြှင့်ခဲ့သည်။ ထိုမျှသာလော–မဟုတ်သေး။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တက္ကသိုလ် ပညာရေးအဖွဲ့က ဆရာကြီးအား ၂၀၀၀ပြည့်နှစ်က ဂုဏ်ထူးဆောင်စာပေ ပါရဂူဘွဲ့ (Doctor of Letters)ကို ချီးမြှင့်ခဲ့ပြန်သည်။

ရန်ကုန်တက္ကသိုလ်အနေဖြင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်ရာတွင်–

တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုတို့တွင် ထူးထူးခြားခြားစွမ်းစွမ်းတမံ ထင်ထင်ရှားရှားဆောင်ရွက်သူဖြစ်ခြင်း၊

အများပြည်သူတို့အား အသိဉာဏ်တိုးပွားအောင် ပညာပေးရေးသား ပြုစုရာ၌ အထူးကျော်ကြားထင်ရှားသူဖြစ်ခြင်း၊

လူမှုလုပ်ငန်းများ(ပညာရေး၊ ယဉ်ကျေးမှုတို့ အပါအဝင်)နှင့်စပ်လျဉ်း၍ လူငယ်များ၏ စာရိတ္တမြင့်မားရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ရေးတို့အတွက် ပြုစုပျိုးထောင် ဆောင်ရွက်ရာ၌ အထူးအောင်မြင်ကျော်ကြားသူဖြစ်ခြင်း၊

မြန်မာနိုင်ငံ၏ သမိုင်း၊ ရှေးဟောင်း သုတေသနနှင့် အနုပညာစသည်တို့ကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန့်ပွားအောင် ဆောင်ရွက်ခြင်း၊

စသည့် အရည်အချင်းများရှိသည့် ထက်မြက်ထူးချွန်သူများကို ရွေးချယ်ပြီး အပ်နှင်းခြင်းဖြစ်သည်။

ဆရာကြီးအား ထိုဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ (Doctor of Letters) ကို ချီးမြှင့်အပ်နှင်းရာ၌ ၂၀၀၀ပြည့်နှစ်၊ အောက်တိုဘာလ (၂၆)ရက်နေ့၊ မွန်းလွဲ (၁)နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း အထူးဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် ချီးမြှင့်ခဲ့ပါသည်။

ဆရာကြီး ဤဆုကိုလက်ခံရရှိချိန်တွင် အသက် (၉၀)ပြည့်ခဲ့ပြီ။ ယခုဆိုလျှင် ဆရာကြီးသည် (၉၄)နှစ်သက်တမ်းအတွင်း ရောက်ရှိနေပြီဖြစ်သည်။ သို့တိုင် သတိလွန်စွာကောင်းလှသည်။ ဇရာဗျာဓိသဘောအရ မျက်စိအားနည်းခြင်း၊ နားအကြားအာရုံ ချွတ်ယွင်းခြင်းရှိလာပြီဖြစ်သော်လည်း ကျန်းမာပကတိချမ်းသာစွာရှိပါသည်။ ဆရာကြီးထံ ဂါရဝပြုရန်ရောက်တိုင်း၊ ဆရာကြီးအား ပဏ္ဏာကာ၊ နမက္ကာရ အစိန္တေယျကြီး ဘုရားရှိခိုးကို ကက်ဆက်ဖွင့်၍ နာယူလျက် ပီတိဖုံးသော အပြုံးဖြင့် နှုတ်တက်ရွရွလိုက်ပါရွတ်ဆိုလျက်ရှိသည်ကို တွေ့ရမြဲဖြစ်ပါ၏။

ဆရာကြီးက သူ့လိုရှိခိုး ပူဇော်လိုသူများအား သူကဲ့သို့ ရှိခိုးပူဇော်နိုင်ကြပါစေဟူသော စေတနာဆန္ဒဖြင့် စာအုပ်ရိုက်နှိပ်၍ လွန်ခဲ့သော နှစ်ပေါင်း (၄၀)ကျော်မှစပြီး လှူဒါန်းခဲ့သည်မှာ အကြိမ်ကြိမ်အခါခါပင် ရှိခဲ့ပြီ။

ဆရာကြီးအား အမှူးထား၍ ကြိုကြား၊ ကြိုကြားပါဝင်လှူဒါန်းကြသည့် စေတနာရှင်များလည်း ရှိကြပါသည်။ကျွန်တော်သည်ပင် တစ်ကြိမ်လှူလျှင် အုပ်ရေတစ်သောင်းနှုန်းဖြင့် ငါးကြိမ်လှူဒါန်းပြီးပြီ။ ဤဓမ္မဒါန (နိစ္စတ)ကုသိုလ်ကို အသက်ရှင်နေသမျှ ကာလပတ်လုံးအဆက်မပြတ် ပြုလုပ်သွားမည်ဟု ဆုံးဖြတ်ထားပါသည်။ ဆရာကြီးအား ဂါရဝပြုရန် ဆရာကြီးထံ ရောက်တိုင်းရောက်တိုင်း ကျွန်တော်၏ ဆုံးဖြတ်ချက်ကို ဆရာကြီးအား ကတိပြုလေ့ရှိပါသည်။ ထိုသို့ ကတိပြုတိုင်း ဆရာကြီးက သာဓုအကြိမ်ကြိမ်ခေါ်မြဲဖြစ်ပါ၏။

## ဆရာကြီး၏ စေတနာ

ဗုဒ္ဓဘုရားရှင်နှင့် ပတ်သက်၍ ဆရာကြီး၏ စေတနာကား ကြီးမားလှပါသည်။ ဆရာကြီးသည် ဤဘုရားရှိခိုးစာအုပ်ကို ပုံနှိပ်လှူဒါန်းရန် ကြံရွယ်စဉ်ကပင် စာမူသန့်စေ

ချင်သည်။ ထိုဘုရားရှိခိုးတွင် ပါဝင်သော ဗုဒ္ဓဘုရား၏ ဂုဏ်တော်များနှင့် ပတ်သက်၍ အနက်အဓိပ္ပါယ်များကို ရွတ်ပွားပူဇော်သူတိုင်း ထင်လွယ်မြင်လွယ်ရှိစေချင်သည်။ ဤစေတနာသဒ္ဓါတရားဖြင့် ဆရာကြီးသည် ကွယ်လွန်သူ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်အား အသက်ထင်ရှားရှိစဉ်ကပင် ချဉ်းကပ်၍ စာမူသန့်အောင် တည်းဖြတ်သုတ်သင်ပေးရန်နှင့် ခက်ဆစ်အဖြေပေးရန် အကူအညီတောင်းခံခဲ့သည်။ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်ကလည်း ဆရာကြီးဦးသုခ၏ စေတနာသဒ္ဓါတရားကို အားပေးကူညီလိုလှသဖြင့် ဝမ်းမြောက်ဝမ်းသာစွာ တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။ သို့ဖြင့် ကျွန်တော်တို့ လှူဒါန်းလျက်ရှိသော (၅)လက်မ၊(၇)လက်မအရွယ် ပကိဏ္ဏကာ၊ နမက္ကာရ အစိန္တေယျကြီး ဘုရားရှိခိုးစာအုပ်ကလေး ဖြစ်တည်လာခဲ့သည်။

ဤဘုရားရှိခိုးစာအုပ်ကို အဖုံးအမျိုးမျိုးဖြင့် ရိုက်နှိပ်ခဲ့သည်။ မည်သည့်အဖုံးနှင့် ရိုက်ရိုက် အတွင်းတွင် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၊ ဆရာကြီး ဦးသော်ဇင်နှင့် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏အမှာစာများကို ဦးစွာဖတ်ရမည်။ ဂုဏ်တော်ထိုမွမ်း ပုံတော်မှန်းလျက် ခေါင်းစဉ်ဖြင့် အရှင်ဇနကာဘိဝံသ၏ ရတနာ့ဂုဏ်ရည်စာအုပ် ကောက်နုတ်ချက်၊ ဆရာကြီး ဒဂုန်နတ်ရှင်၏ လက်ဆောင်ကောင်းတစ်ခု ဆောင်းပါး ကောက်နုတ်ချက်များကို တွေ့ရမည်။ ယင်းနောက် နမောတဿ အစချီ နိဒါန်းပျိုးထားသော ဘုရားရှိခိုးအပိုဒ် (၁)မှ(၁၁)အထိကို တစ်ပုဒ်ပြီးတစ်ပိုဒ် ကြည်ညိုပူဇော်ရမည်။ ယင်းနောက် အပိုဒ်အလိုက် ခက်ဆစ်အဓိပ္ပါယ်များ ခက်ဆစ်အဓိပ္ပါယ်များ အဆုံးတွင် တိပိဋကဓရ (ယော)ဆရာတော်၏ ဓမ္မပုံပြင်ကို ဖော်ပြထားပါသည်။ ဤကား ယခုလှူဒါန်းလျက်ရှိသော(၅"× ၇")အရွယ် ဘုရားရှိခိုးစာအုပ်တွင် ပါဝင်သည့် မာတိကာစဉ်အကြောင်းအရာများဖြစ်ပါ၏။

## ပကိဏ္ဏက-ဟူသည်

ပကိဏ္ဏကနမက္ကာရ အဓိပ္ပါယ်မှာ အမျိုးစုံပါသော ဘုရားရှိခိုးဟု ဆိုလိုကြောင်း ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က အဓိပ္ပါယ်ဖွင့်သည်။ ဆရာကြီးဦးသော်ဇင်ကမူ ပကိဏ္ဏက၏ အဓိပ္ပါယ်မှာ ဟင်းလေးအိုး (သို့မဟုတ်) ပဒေသာဖြစ်သည်ဟု ပြဆိုပါ၏။ ဟင်းလေးအိုးကြီးတွင် ဟင်းမျိုးစုံပါဝင်၍ အရသာစုံလင်လှသည်။ ဤဘုရားရှိခိုးတွင်လည်း ဘုရားနှင့် ပတ်သက်သော သိသင့်သိထိုက်ရာ အဖြာဖြာတို့ အမျိုးစုံပေါင်းဆုံနေသည်။ ဤဘုရားရှိခိုးမှာ ဘုရားရှိခိုးမည်ကာမျှ မဟုတ်ချေ။ အဆီအနှစ်ကို ထုတ်ပေးသော ပိဋကတ်သုံးပုံ၏ အကျဉ်းချုပ်သဖွယ် ဖြစ်၏တဲ့။

အစိန္တေယျဟူသည်မှာ ကြံစည်တွေးဆ၍ မရနိုင်လောက်အောင် ထူးခြားဆန်းကြယ်၊ကြီးကျယ်များပြားခြင်းကို ဆိုလိုပေသည်။ မှန်ပေ၏။ ဗုဒ္ဓမြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်များသည် ကြံစည်တွေးတော၍ မရနိုင်လောက်အောင် ထူးခြားဆန်းကြယ် ကြီးမားများပြားလှပေသည်။ ထူးခြားဆန်းကြယ် ကြီးမားများပြားလှသော ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်အနန္တတို့ကို အလုံးစုံသိစွမ်းနိုင်ဖို့ ခဲယဉ်းလှသည်။

## အောင်မြင်လိုလျှင်

လူတိုင်းလူတိုင်း အောင်မြင်ခြင်းကို အလိုရှိကြသည်။ အောင်မြင်ခြင်းဟူသည် အဘယ်နည်း။ အောင်မြင်ခြင်းဟူသည်မှာ လိုချင်တောင့်တမှန်းဆ ရည်မှန်းသည့်အတိုင်း အပိတ်အပင် အတားအဆီး အနှောင့်အယှက်မရှိ ဖြစ်ပေါ်ရရှိလာခြင်းကို ဆိုလိုပေသည်။

ကြံစည် တွေးဆ၍ မရနိုင်လောက်အောင် ထူးခြားဆန်းကြယ် ကြီးမားများပြားလှသော ဗုဒ္ဓမြတ်စွာဘုရားနှင့် ဗုဒ္ဓ၏ဂုဏ်တော်၊ ကျေးဇူးတော်များ၌ ကြည်ညိုသဒ္ဓါပွားများဖြစ်ပွားသူတို့မှာလည်း ကြံစည်တွေးဆ၍ မရနိုင်လောက်သည့် ကောင်းကျိုးချမ်းသာများ ရရှိနိုင်ပါသည်။

အောင်ပွဲရှင် ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်များကို ကြည်ညိုရွတ်ဆိုကာ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများခြင်းဖြင့် စိတ်၏ အလိုဆန္ဒများပြည့်ဝကြရသည်မှာ ဓမ္မတာဖြစ်ပါ၏။

ပကိဏ္ဏကာ၊ နမက္ကာရ အစိန္တေယျကြီး ဘုရားရှိခိုးသည် မြတ်ဗုဒ္ဓ၏ ဂုဏ်တော် ကျေးဇူးတော်များနှင့် ပြည့်နှက်လျက်ရှိသော ဘုရားရှိခိုးခြင်း ဖြစ်ပေ၏။ ဤဘုရားရှိခိုးကို သာယာနာပျော်ဖွယ် ရွတ်ဆိုကြည်ညိုကြသည့် ဓမ္မမိတ်ဆွေအပေါင်း၊ ရတနာသုံးပါး၏ ဂုဏ်တော်ကျေးဇူးတော် အနန္တကို နှစ်နှစ်ကာကာ ယုံယုံကြည်ကြည် လေးလေးစားစား တန်ဖိုးထား အားကိုးနိုင်ကြပါစေ။ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေ ဆန္ဒပြုလျက် ဤတွင် နိဂုံးချုပ်အပ်ပါသည်။

■ **စိုးမြင့်စိုး**



# ခဏတာလေးပေမို့ ရတာလေးတွေအဖို့ အမြတ်ချည်းပဲဖြစ်စေချင်

အရှင်ဉာဏိက(ဖရီးမောင့်)

> *သံသရာရဲ့အတိုင်းအတာနှင့်စာရင် လူ့အသက်တမ်းဆိုတာ တစ်ခဏတာမျှရယ်လို့ ကျမ်းဂန်များမှာ ဆိုထားပါတယ်။ စာပေပညာရှင် များကတော့ "လူ့သက်လူ့အိမ်၊ လူ့စည်းစိမ်ကား၊ မိုးတိမ်လျှပ်နွယ်၊ ပျံ့သောကြယ်မျှ" ဆိုပြီး ခဏတာ သရုပ်ကို ပေါ်လွင်စေဖို့ ရေးသားခဲ့ကြပါတယ်။*

စာရေးသူက အတော်ကို အားနာတတ်သူပါ။ ဒါကြောင့် ပြောသင့်လျက် မပြောခဲ့၊ လုပ်သင့်လျက် မလုပ်ခဲ့တဲ့အရာတွေ ဘဝမှာဖြင့် တော်တော်ကို များခဲ့ပါတယ်။အဲဒီလို ပြောသင့်လုပ်သင့်လျက် မပြောဘဲ၊ မလုပ်ဘဲနေခဲ့တာကြောင့် ဆုံးရှုံးနစ်နာခဲ့ရတာတွေလည်း မနည်းလှပါဘူး။ အထူးသဖြင့် အဲဒီထိခိုက်နစ်နာမှုများဟာ တခြားသူများမှာထက် ကိုယ့်ကိုယ်ကို ပြန်ပြီးထိခိုက်ခဲ့တာတွေက ပိုပြီး များခဲ့ပါတယ်။ အဲဒီအကျင့်ဟာ မကောင်းဘူးဆိုတာသိပေမယ့် အားနာတတ်တဲ့ စာရေးသူရဲ့ အဲဒီအကျင့်ဆိုးကို ဖျောက်ဖို့ အားမထုတ်ခဲ့ပါဘူး။ ခုတော့ ဒီအကျင့်ကို ဖျောက်ပစ်ဖို့ ရန် အကြောင်းပေါ်လာခဲ့ပါပြီ။ ဒီလို ပေါ်လာရတာကလည်း ကိုယ့်ကိုယ်ကို ပြန်လည်ထိခိုက်တာကြောင့် ပေါ်လာရတာတော့ မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုပြန်လည် ထိခိုက်တဲ့အနေမျိုးဆိုပါရင်လည်း ဒီအကျင့်ကို ဖျောက်ဖို့ အားထုတ်မိမှာ မဟုတ်ပါဘူး။

ဒီလိုပါ။ စာရေးသူတို့ရဲ့ မြန်မာနွယ်ဖွား ဗုဒ္ဓဘာသာဝင်များက အလှူရေစက် လက်နှင့်မကွာတတ်တဲ့ လူမျိုးပါ။ဒါကြောင့် အလှူမင်္ဂလာပွဲများကစလို့ အိမ်တက်မင်္ဂလာများပါ မကျန် သာရေး၊ နာရေးပွဲအားလုံး နီးပါးခန့်ကို လှူဒါန်းမှုနဲ့ ပုံဖော်တတ်ကြပါတယ်။ အထူးသဖြင့်တော့ ဘာသာရေးနဲ့ ဆက်နွယ်ကျင်းပကြလေ့ ရှိတာကို အားလုံးအသိပါ။ ဒီတော့ ဘာသာရေးခေါင်းဆောင်များဖြစ်တဲ့ သံဃာတော်များကို ပင့်ဖိတ်ပြီး ဆွမ်းကပ် တရားနာလုပ်ကြတာလည်း အစဉ်လာတစ်ခုဖြစ်နေပါပြီ။ ခုလိုမိမိတို့ ပြုလုပ်တဲ့ပွဲများမှာ သံဃာတော်များကို ပင့်ဖိတ်ပြီးဆွမ်းကပ်ကြ၊တရားနာကြတာဟာ ကောင်းမြတ်တဲ့အစဉ်အလာမို့ ဘာသာရေးရှုထောင့်ကပဲကြည့်ကြည့်၊ ရိုးရာယဉ်ကျေးမှု ရှုထောင့်ကပဲကြည့်ကြည့် ဂုဏ်ယူကြမည့် အစဉ်အလာတစ်ခုပါ။ အဲဒီလို မြတ်နိုးဂုဏ်ယူဖွယ်၊ မိမိတို့လက်ခံကျင့်သုံးနေတဲ့ ရိုးရာအစဉ်အလာကောင်းတစ်ခုကို သာမန်ကာလျှံကာ ပြုလုပ်ကြတာမျိုးမဟုတ်ဘဲ တကယ့်ကို အနှစ်သာရရှိတဲ့၊နောက်ပြီးအကျိုး

လည်းများတဲ့ ပြုလုပ်မှုမျိုးဖြစ်ကြမယ် ဆိုလျှင်တော့ အတိုင်းထက်အလွန် ပါပဲရယ်လို့ ဆိုရမှာပေါ့။

သိတဲ့အတိုင်းပါပဲ။ဒီအမေရိကမှာက လူတိုင်းလူတိုင်း အချိန်နှင့်အမျှ ပြေးလွှားရုန်းကန် လှုပ်ရှားနေကြရတာပါ။ ဒါကြောင့် သူသူကိုယ်ကိုယ် အချိန်ပိုဆိုတာမရှိကြသလောက်ပါ။ အဲဒီလို မအားလပ်တဲ့ အချိန်လေးကိုလုပြီး စနေ၊တနင်္ဂနွေနားရက်ကလေးမှာ နားမနေနိုင်ဘဲ မိမိတို့ရိုးရာ စဉ်လာယဉ်ကျေးမှုနဲ့ စပ်နွှယ်တဲ့ ပွဲမျိုးကို အားခဲပြီးပြုလုပ်ကြရတာပါ။ ဒီတော့ ခုလိုပြုလုပ်ရတဲ့ပွဲများအတွက် ရင်းနှီးပေးဆပ်ရတဲ့ အရင်းကမသေးလှပါဘူး။ ငွေကြေးအရင်းအနှီးတန်ဖိုးထက် အချိန်တန်ဖိုးက ပိုပြီးကြီးမားတာကိုလည်း ပြောဖို့လိုမယ်မထင်ပါဘူး။ နောက်တစ်ခုက ခုလိုသံဃာတော်များကို အိမ်မှာပင့်ဖိတ်ပြီး ဆွမ်းကပ်လှူဒါန်းတယ်။ တရားတော်များ နာယူတယ်ဆိုတာ ကုသိုလ်ရတယ်၊ကုသိုလ်ဖြစ်တယ်ရယ်လို့ ယုံကြည်ချက်ကြောင့် လုပ်ကြတာပဲ များမယ်လို့ ယူဆမိပါတယ်။

ခုလိုပေးဆပ်ရတဲ့ ငွေကြေးနှင့်အချိန်ရဲ့ တန်ဖိုး၊ ကုသိုလ်ရလိုမှုမျှော်လင့်ချက်နဲ့ ရိုးရာအစဉ်အလာတို့ကို လုပ်ကြတာ ဆိုပါလျှင် ပေးဆပ်ရတဲ့ အရင်းအနှီးနဲ့တန်တဲ့ အကျိုးအမြတ်ကုသိုလ်တရားတွေ များများရကြဖို့ လိုမယ်ထင်ပါတယ်။ ဒီတော့ ကုသိုလ် အကျိုးအမြတ်ကိုရအောင် ကုသိုလ်ပြုလုပ်သူတွေအနေနဲ့ ဘာလုပ်ကြဖို့ လိုပါသလဲ။ လိုအပ်ချက်တို့ ရှိနေပါလျှင်လည်း အဲဒီလိုအပ်ချက်ကို ဘယ်လိုဖြည့်ဆည်းကြပါ့မလဲ စဉ်းစားကြဖို့ လိုပါလိမ့်မယ်။ တစ်ခါတလေမှာ အမှတ်တမဲ့မို့ အမှတ်မပြုမိတတ်ကြဘဲ ဖြစ်တတ်ကြပါတယ်။ အဲဒီလို အမှတ်မပြုမိတတ်ကြတာမျိုးကို သတိပြုမိသူတို့က သတိပြုမိရအောင် ပြောပြဖို့လည်း လိုပါတယ်။

စာရေးသူက ရဟန်းတစ်ပါးမို့ စာရေးသူရဲ့အမြင်ဟာ ရဟန်းတော်များဘက်ကသာ မြင်ရတဲ့ တစ်ဖက်သတ်အမြင်သာ ဖြစ်တယ်လို့ ထင်ကောင်းထင်နိုင်ပါတယ်။ သို့ပေမယ့် တစ်ဖက်သတ်အမြင်ဖြစ်ခဲ့လျှင်တောင် ဒီလိုမြင်စေဖို့အကြောင်းတွေကို ပြုလုပ်ကြသူများရှိတဲ့အတွက်ကြောင့်သာ ခုလိုမြင်တာဖြစ်မှာပါလို့ တွေးမိပြီး ရှောင်သင့်တာဆိုကရှောင်၊ လိုက်နာသင့်တာဆိုက လိုက်နာရအောင် ရေးသားလိုက်ပါတယ်။

သံဃာတော်များကို အိမ်မှာပင့်ဖိတ်ကြရာမှာ ဆွမ်းကပ်မှုအပိုင်းနဲ့ တရားနာယူမှုအပိုင်းလို့ ကုသိုလ်ပြုမှု နှစ်ပိုင်းရှိပါတယ်။ ဒီနှစ်ပိုင်းမှာ ဆွမ်းကပ်မှုအပိုင်းကတော့ လိုအပ်တာထက် ပိုလို့ပင်နေတတ်တာကို အတွေ့ရများပါတယ်။ တစ်ခါတလေများမှာဆို သံဃာတော်များအနေနဲ့ ဆွမ်းဟင်းခွက်စုံလင်အောင်တောင် မဘုဉ်းပေးနိုင်လောက်အောင်အထိ စေတနာပိုကြပါတယ်။အချို့ပွဲဆိုလျှင်လည်း နည်းတူပါပဲ။ စာရေးသူက မကြာမကြာ စဉ်းစားမိတတ်ပါတယ်။ အဲဒါကဘာလဲလို့ဆိုတော့ ခုလိုပိုလျှံအောင်ဖြစ်နေတဲ့ စေတနာတွေကို တရားနာတဲ့ဆီမှာ မျှဝေလိုက်ကြမယ်ဆိုရင် ဘယ်လောက်များ အကျိုးများလေမလဲဆိုတာကိုပါ။

ဆွမ်းလှူမှုမှာ ထက်သန်လှကြတဲ့ စေတနာများနှင့်ဆန့်ကျင်စွာ တရားနာယူမှုအပိုင်းမှာတော့ အားနည်းတတ်ကြတယ်၊ ပြုပြင်ကြဖို့လိုနေသေးတတ်ကြတာကို နေရာတော်တော်များများမှာ တွေ့ရတတ်ပါတယ်။ ဆွမ်းကျွေးပွဲများမှာ တရားနာချိန်ရောက်ရင် အိမ်ရှင်ကို ''ဟော့ . . အိမ်ရှင်တွေဘယ်ရောက်သွားလဲ၊ လာလေတရားနာရအောင်''ဆိုပြီး တမင်ခေါ်ယူရတဲ့ အလှူရှင်တွေကိုလည်း မကြာခဏတွေ့ခဲ့ဖူးပါတယ်။ ရှေ့က ဆရာတော်က တရားဟောနေခိုက်မှာ ဟိုထသွားလိုက်၊ သည်ထသွားလိုက်လုပ်တတ်ကြတဲ့ အလှူရှင်တွေ ဆိုတာလည်း ရှိတတ်ပါတယ်။ တချို့ကတော့ တရားနာနေစဉ်မှာမှ အိမ်တံခါးခေါက်ပြီးရောက်လာတတ်တဲ့ ဧည့်သည်တွေကို ဟိုနားထိုင်ပါ၊ သည်နားကိုလာပါဆိုပြီး အလှူရှင်များ ကိုယ်တိုင်ပျာပျာသလဲထပြီး ဧည့်ဝတ်ပြုကြတာ၊နေရာပေးတတ်ကြတာမျိုးကိုလည်း တွေ့ရပြန်ပါတယ်။ ရှေ့က တရားဟောနေတဲ့ ဆရာတော်ဘုရားက ဟောလက်စတရားကို ရပ်ပဲထားလိုက်ရတော့မလိုလို အနေမျိုးပါ။

ကိုယ်လုပ်နေတဲ့အလုပ်က ဘာလဲ၊ ဒီအချိန်မျိုးမှာ ဘယ်အရာကို ဦးစားပေးသင့်သလဲဆိုတာ မေ့နေကြဟန်တူပါတယ်။ မဖြစ်သင့်တဲ့ အရာတွေပါ။ ပြောရလျှင် ဒီအမေရိကမှာ အများစုဆရာတော်များရဲ့ သီလပေး၊ ပရိတ်ရွတ်၊ တရားနာချိန်ဟာ စုစုပေါင်းမိနစ်လေးဆယ် လေးဆယ့်ငါးထက် မပိုတတ်ကြပါဘူး။ ဒီအချိန်လေးအတွင်းမှာကိုပဲ ဟိုထသွားလိုက်၊ သည်ထသွားလိုက် လုပ်တတ်ကြတာကတော့ အားမနာတမ်း

ပြောရရင် သာမန်လူ့ကျင့်ဝတ်ရှုထောင့်ကပဲ ကြည့်မယ်ဆိုရင်တောင်မှ မသင့်လျော်တာမျိုးပါ။ ဘာသာရေးရှုထောင့်ကပဲ ကြည့်မယ်ဆိုလျှင်တော့ ပိုပြီးမသင့်တင့်တဲ့အနေအထားပါ။

ဒီနေရာမှာ လူကျင့်ဝတ်ကိုအသာထားပြီး ဘာသာရေးရှုထောင့်ကနေ ပြောပြချင်ပါတယ်။ တရားနာတဲ့အချိန်မှာ တရားနာသူများအနေနဲ့ စောင့်စည်းလိုက်နာရမည့် ဝတ္တရားရှိပါတယ်။ အဲဒီဝတ္တရားတွေထဲမှာတစ်ခုကတော့ ဣန္ဒြေကိုစောင့်စည်းထိန်းသိမ်းရမည့် တာဝန်ပါပဲ။ တတ်နိုင်လျှင် စိတ်ထိအောင် စောင့်ထိန်းနိုင်လျှင် အကောင်းဆုံးဖြစ်ပေမယ့်စိတ်ဆိုတာက စောင့်စည်းဖို့ခက်ခဲတဲ့အရာမျိုးမို့ အဲဒီအတွက်တော့ အထူးမပြောချင်ပါဘူး။ စောင့်စည်းဖို့လွယ်ကူတဲ့ လက်ခြေအင်္ဂါတို့ကိုတော့အနည်းဆုံးနဲ့ အတတ်နိုင်ဆုံး သတိထား စောင့်စည်းဖို့ လိုအပ်ပါတယ်။ တရားနာစဉ်မှာ ဟိုထသွား၊ သည်ထသွား၊ နောက်ပြီး ခြေလက်အင်္ဂါတို့ကို ငြိမ်သက်စွာမထားမှုမျိုးကို စာသုံးပေသုံး စကားအရပြောရရင်ဟတ္ထကုက္ကုစ္စ၊ ပါဒကုက္ကုစ္စရယ်လို့ကျမ်းဂန်များမှာ ဆိုပါတယ်။ တိုက်ရိုက်နားလည်အောင် ပြောရရင်တရားတော်ကို မရိုသေမှု(ဓမ္မအဂါရဝ)၊ ဗုဒ္ဓကိုယ်စား တရားတော်ကိုဟောကြားနေတဲ့ သံဃာတော်တွေကို မရိုသေမှုဆိုတဲ့ (သံဃအဂါရဝ)လို့ ခေါ်ပါတယ်။ အဲဒီတရားတော်ကို မရိုသေမှုနဲ့ သံဃာတော်ကို မရိုသေမှုဆိုတဲ့အပြစ်က သံသရာဆင်းရဲက ထွက်မြောက်ဖို့ မျှော်မှန်းသူ သူတော်ကောင်းများအတွက်တော့ ကျူးလွန်ဖို့ အလွန်ကြောက်ရွံ့ကြတဲ့အပြစ်မျိုးပါ။ ဒါကြောင့် ကြာကြာထိုင်ဖို့အခက်အခဲရှိသူတို့အနေနဲ့ တရားနာစဉ်မှာ မိမိတို့အတွက်သင့်လျော်မည့်အနေအထားမျိုးနဲ့ထိုင်ပြီး နာယူကြဖို့လည်း လိုပါတယ်။ ရဟန်းတော်များအနေနဲ့လည်း တရားနာယူသူများ သက်သောင့်သက်သာထိုင်နိုင်ဖို့ခွင့်ပြုအားပေးသင့်ပါတယ်။

ဒီတော့ ကုသိုလ်ရရေးမျှော်တွေးပြီး အလှူဒါနပြုကြတဲ့ ကုသိုလ်ရှင်များအနေနဲ့ ခုလိုတရားတော်ကိုမရိုသေမှုဖြစ်မည့် အနေမျိုး၊သံဃာတော်ကို မရိုသေမှုဖြစ်မည့်အနေမျိုးကို အထူးရှောင်ကြဉ်သင့်လှပါတယ်။ တချို့ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ပရိသတ်များကလည်း တစ်နေရာမှ ဘုန်းတော်ကြီးက တရားဟောနေ၊ တစ်နေရာမှာ သူတို့ကဆူညံဆူညံနဲ့ အလိုက်မသိစွာပြောဆိုနေတတ်ကြတာကိုလည်း တွေ့ရတတ်ပြန်ပါတယ်။ မြန်မာ့ယဉ်ကျေးမှု၊ ဗုဒ္ဓယဉ်ကျေးမှုနဲ့ အလှမ်းကွာဝေးနေတဲ့ ဒီအမေရိကမှာ ကြီးပြင်းကြတဲ့ လူငယ်လူရွယ်တွေက ခုလိုအပြုအမူမျိုး ပြုလုပ်ကြတယ်ဆိုရင်တော့မသိလို့ပဲဆိုပြီး နားလည်ပေးနိုင်ပေမယ့် မြန်မာပြည်မှာမွေး မြန်မာပြည်မှာ ကြီးပြင်းခဲ့ကြတဲ့ လူကြီးအရွယ်တွေက အဲဒီလိုအပြုအမူမျိုးကို ပြုလုပ်ကြတာကို အများဆုံးတွေ့ရတာကိုတော့ ဘယ်လိုမှနားမလည်နိုင်အောင် ဖြစ်မိပါတယ်။ အံ့လည်းသြမိရပါတယ်။ အဲဒီလို မိဘတွေဆီကနေ သူတို့ရဲ့မျိုးဆက်တွေက ဘယ်လိုအတုယူဖွယ် ယဉ်ကျေးမှုတွေကို ရယူနိုင်ကြလေမလဲလို့လည်း စိုးထိတ်စွာ တွေးမျှော်ကြည့်မိပါသေးတယ်။ ဒီလိုသူတွေအတွက် အတုယူနိုင်အောင် တခြားဘာသာခြားများရဲ့အပြုအမူမျိုးကို တစ်ဆိတ်လောက်စူးစမ်းကြည့်ကြဖို့ တိုက်တွန်းချင်ပါတယ်။

နောက်ပြီး ကြားရတတ်လေ့ရှိတဲ့ စကားတစ်ခွန်းက ''မိတ်ဆွေကို ဖိတ်တော့ဖိတ်ပါတယ်ဘုရား၊ ဒါပေမယ့် တရားနာတော့ မီအောင်လာကြမယ် မထင်ဘူး၊သူတို့ကတရားနာဖို့ ဝါသနာမပါဘူး'' ဆိုတဲ့စကားပါ။ တရားနာတယ်ဆိုတာ ဝါသနာပါမှ လုပ်ရမည့် အလုပ်မျိုးပါလား။ တရားနာဖို့ ဝါသနာမပါဘဲ၊ အဲဒီသူတို့ဆိုပြီး ရည်ညွှန်းခံရတဲ့ မိတ်ဆွေဆိုသူတွေရဲ့ ဘာသာရေးအဆင့်အတန်းဟာ ဘယ်လောက်ထိရောက်သွားလေသလဲ။ ပြောသူက ဒီလိုပဲပြောရိုးစဉ်လာမို့ သာမန်ကာလျှံကာပြောတာမျိုးဆိုလျှင်တော့ မထောင်းတာလှပါဘူး။ သို့မဟုတ်လို့ တကယ့်ကိုပဲ အရည်ညွှန်းခံပုဂ္ဂိုလ်များကတရားနာဖို့ ပြောသလောက်နောက်တွန့်နေတာမျိုးဆိုလျှင်တော့ ထိုသူတွေရဲ့ အနာဂတ်ဟာ မတွေးဝံ့စရာပါ။ တစ်နှစ်မှာ တချို့ဆို နှစ်ပေါင်းအတော်ကြာပါမှ တစ်ခါနှစ်ခါမျှသာသံဃာတော်များနဲ့ ထိတွေ့ကြရတာပါ။ အဲဒီလို အခါမျိုးလေးတောင်မှတရားနာဖို့ တွန့်ဆုတ်နေတယ်ဆိုရင်သူတို့တစ်တွေ ဘယ်နေရာကနေဗုဒ္ဓအဆုံးအမတရားတော်ကို ကြားနာနိုင်ခွင့် ရပါသလဲဆိုတာ မစဉ်းစားတတ်နိုင်အောင်ပါပဲ။ ကိုယ်ကိုယ်တိုင်က ကြားနာသုတမရှိသူတွေက သူတို့ မျိုးဆက်ကို ဘယ်လိုဘာသာရေးအမွေအနှစ်မျိုးကို ပေးမလဲဆိုတာကိုလည်း မတွေးတတ်နိုင်ဖြစ်ရပါတယ်။

''သားနဲ့သမီးကမေးတယ်ဘုရား၊ဒါပေမယ့် တပည့်တော်က သူတို့နားလည်အောင် ပြောမပြတတ်ဘူး''ဆိုတာကိုလည်း မကြာမကြာ ကြားရပါတယ်။သူတို့နားလည်အောင် ပြောမပြတတ်တာလား၊ ဒါမှမဟုတ် ကိုယ်ကိုယ်တိုင်က ပြောပြတတ်အောင် နားမလည်တာလားဆိုတာကတော့ ကာယကံရှင်များသာ အသိဆုံးဖြစ်မှာပါ။

တချို့ကတော့ ''တရားဆိုတာ နာနေဖို့ မလိုပါဘူး။ ကိုယ့်ဟာကို ကောင်းကောင်းနေရင်ပြည့်စုံပြီပဲ''ရယ်လို့ ပြောတတ်ကြတာကိုလည်း ကြားမိဖူးပါတယ်။အမှတ်တမဲ့နဲ့ဆို ဟုတ်သလိုလိုထင်ရပေမယ့် မှန်ကန်တဲ့ ကြားနာသုတမရှိဘဲပြည့်စုံ မှန်ကန်တဲ့ တကယ်ကောင်းအောင် နေဖို့ဆိုတာ ခက်ခဲနိုင်ပါတယ်။လူသားတစ်ယောက်ဆိုတာ သူ့ရဲ့သဘာဝကို ကျော်လွှန်နိုင်ခဲတတ်ပါတယ်။ ဆိုလိုချင်တာက လူသားဆိုတာ တစ်ခါတစ်ရံမှာ ကိုယ်နှစ်သက်တဲ့အရာမျိုးကို ကောင်းတဲ့အရာပဲရယ်လို့ ထင်မြင်ယူဆလေ့ရှိတတ်ပါတယ်။ ပိုပြီးတိတိကျကျဆိုရလျှင် အကုသိုလ်အလုပ်မျိုးကို ကုသိုလ်အလုပ်ရယ်လို့ ခိုင်ခိုင်မာမာယုံကြည်မိတတ်ကြပါတယ်။ ယုံကြည်တဲ့အတိုင်းလည်း ကိုယ်နဲ့နှုတ်က လိုက်လံပြုမူ ပြောဆိုတတ်ကြပါတယ်။ အခါအားလျော်စွာ တရားနာရခြင်းကြောင့် အဲဒီလိုအစွန်းရောက်နိုင်တဲ့ ယုံကြည်မှုအန္တရာယ်မျိုးကနေကင်းလွတ်စေနိုင်ပါတယ်။

နောက်ပြီး လူမှုရေးဘက်ကကြည့်လျှင်လည်း မိတ်ဆွေအပေါင်းအသင်းများရဲ့ ကုသိုလ်ပြုတဲ့နေရာမှာ ဝိုင်းဝန်းပြီးတရားတော်ကိုနာယူခြင်း၊ ကုသိုလ်အမှုကို သာဓုခေါ်ခြင်းဆိုတာ အလှူရှင်များကို အကောင်းဆုံးအားပေးရာရောက်တယ်ဆိုတာ နားလည်ကြဖို့ လိုပါတယ်။ ကောင်းမှုကောင်းရာ ပြုလုပ်တာမျိုးကို အားပေးသူဆိုတာ အစစ်မှန်ဆုံးသော မိတ်ဆွေကောင်းများထဲမှာ တစ်ဦးအပါအဝင်ပါ။ ဟေးလားဝါးလား ပျော်ပျော်ပါးပါးစားသောက်ပြီးပြန်တဲ့သူအပေါ်မှာ မြင်တဲ့အမြင်နဲ့ တရားတော်ကို အတူတကွနာယူသူတို့ရဲ့ အပေါ်မှာ မြင်တဲ့ အမြင်နှစ်ခုရဲ့ အတိမ်အနက်ဟာ ဘယ်လိုမှမတူနိုင်တာကိုလည်း ကိုယ်ချင်းစာစိတ်နဲ့ စဉ်းစားကြည့်က သိနိုင်မယ်ထင်ပါတယ်။

သံသရာရဲ့ အတိုင်းအတာနှင့်စာရင် လူ့အသက်တမ်းဆိုတာ တစ်ခဏတာမျှရယ်လို့ ကျမ်းဂန်များမှာ ဆိုထားပါတယ်။ စာပေပညာရှင်များကတော့ ''လူ့သက် လူ့အိမ်၊ လူ့စည်းစိမ်ကား၊ မိုးတိမ်လျှပ်နွယ်၊ ပုံသောကြယ်မျှ''ဆိုပြီး ခဏတာသရုပ်ကို ပေါ်လွင်စေဖို့ ရေးသားခဲ့ကြပါတယ်။ အနန္တသူရိယအမတ်ကြီးရဲ့ စကားကို ယူသုံးရလျှင်တော့ ''သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း''လို့ ဆိုရမှာပါ။ လူ့ဘဝတာတစ်ခုလုံးကိုတောင် ခဏတာလို့ဆိုပါလျှင် နာရီဝက်တာမျှ၊ လွန်လှကျွံလှမှ တစ်နာရီလောက်သာ ကြာနိုင်တဲ့ အချိန်တိုလေးကို ကုသိုလ်ဖြစ်ရေးအတွက် ဘာကြောင့်အလေးမပေးနိုင်ကြရတာလဲဆိုတာ စဉ်းစားမိဖို့ သင့်လှပါတယ်။ အချိန်တွေ ငွေကြေးတွေနဲ့ ရင်းနှီးပြီး ပြုလုပ်ကြရတဲ့ ခုလိုအခိုက်အတန့်လေးမှာ အရင်းအနှီးနဲ့ အကျိုးအမြတ်လေးတွေကို အလှူရှင်တိုင်း၊ အလှူရှင်များနဲ့ ဆက်စပ်ပတ်သက်သူတိုင်းကို အပြည့်အဝ ရစေချင်ပါတယ်။ ခဏတာအခိုက်လေးတွေမှာ ရကြတဲ့အရာတွေဟာ အရှုံးတွေမဖြစ်စေဘဲ အမြတ်ချည်းသာ ဖြစ်စေချင်ပါတယ်။ ပြန်ပြောရလျှင် ခဏတာလေးပေမို့ ရတာလေးတွေအဖို့ အမြတ်ချည်းသာ ဖြစ်စေချင်ပါတယ်။

စာရေးသူရဲ့ဆောင်းပါးကဆားအိုးတည်ပေးသလိုများ ဖြစ်နေပြီလားလို့လည်း စဉ်းစားမိပါသေးတယ်။ သိတဲ့အတိုင်းပါပဲ၊ ဆားဆိုတာက ဟင်းထဲမှာ သုံးမပါပြန်လျှင်လည်း အရသာက ပေါ့ပျက်ပျက်နဲ့ စားလို့က အဆင်မပြေဖြစ်တတ်ပါတယ်။ အဲ–သွေးတိုးလိုရောဂါရှိသူကြပြန်တော့ ဆားပါတဲ့ဟင်းကိုက သူ့အတွက် အန္တရာယ်ပေးသလိုမျိုး ဖြစ်နေတတ်ပြန်ပါတယ်။ အဲ–နောက်တစ်ခုကတော့ ဆားအိုးထဲကို လက်နှိုက်ကြည့်ရင် လက်မှာ ဘာအနာမှမရှိသူဆိုရင်တော့ ဆားကြောင့် စပ်စရာ အကြောင်းမရှိပေဘူးပေါ့။ ဒါမှမဟုတ်လို့ လက်မှာအနာရှိသူက ဒီဆားအိုးထဲကို လက်နှိုက်မယ်ဆိုရင်တော့ ဆတ်ဆတ်ခါအောင် စပ်လေမှာ အမှန်ပါပဲ။ ဒီတော့ အနာမရှိသော လက်နဲ့ ဆားအိုးထဲလက်နှိုက်တဲ့သူမျိုးလို ဒီစာကြောင့် စိတ်မှာစပ်မသွားတဲ့သူမျိုးတွေသာ ဖြစ်ကြပါစေရယ်လို့ အားလုံးအတွက် ဆုတောင်းပေးချင်ပါတယ်။ တကယ့်ကိုမှ သန့်ရှင်းစင်ကြယ်တဲ့ ဆန္ဒမွန်နဲ့ပါ။

■ မေတ္တာဖြင့်

**အရှင်ဉာဏိက(ဖရီးမောင့်)**


စစ်မှန်သော
မိတ်ဆွေကောင်း

လောကအတွင်း၌ နေထိုင်ကြသော လူသားတို့သည် အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ အစုအဖွဲ့အနေဖြင့်သော်လည်းကောင်း နေထိုင်တတ်ကြပေသည်။ မိသားစုတစ်စုနှင့် မိသားစုတစ်စုချင်းတည်းသာ ရင်းနှီးစွာ ဆက်ဆံနေထိုင်တတ်သော အသွင်မျိုးများလည်း ရှိတတ်ကြပါသည်။ တစ်ဦးတစ်ယောက်တည်းမှစ၍ အများနှင့်ဆက်ဆံရင်းနှီးသွားကြရသော အဖြစ်မျိုးလည်း ရှိကြပါသည်။ မည်ကဲ့သို့ပင် တွေ့ဆုံသင်းဖွဲ့မိသည် ဖြစ်စေ၊ တွေ့ဆုံဆက်ဆံကြရာ၌ မိမိတို့၏အကျိုးစီးပွား အတွက်သာ ဖြစ်ကြပါသည်။

တစ်ဦးနှင့်တစ်ဦး တွေ့ဆုံဆက်ဆံကြရာတွင် မိမိအကျိုးသော်လည်းကောင်း၊ သူတစ်ပါးအကျိုးငှာလည်းကောင်း အပြန်အလှန် ရှိလာကြရပါသည်။ ဤတွင် စီးပွားရေးအကျိုးအရဖြစ်စေ၊ လူမှုပြဿနာအရဖြစ်စေ၊ မိမိမတွေးတတ်၊ မကြံတတ်၊ မစဉ်းစားတတ်သောနည်းလမ်းကို သူတစ်ပါးထံမှ အကူညီအထောက်အပံ့ကို ရယူခြင်းရှိသကဲ့သို့၊ သူတစ်ပါးက မတွေးတတ်၊ မကြံတတ်၊ မစဉ်းစားတတ်သော အကြောင်းခြင်းရာကို မိမိက အကူညီအထောက်အပံ့ပေးခြင်းမျိုးတို့ ဖြစ်ပါ၏။ တစ်နည်းဆိုရသော် ဤသည်မှာ လူမှုဆက်ဆံရေးပင် ဖြစ်ပါသည်။

လူမှုဆက်ဆံရေးဟူသည်ကား လူသားမျိုးဆက်များ ရှိနေသရွေ့ကာလပတ်လုံး မလွဲမသွေ ရှိနေမည်သာ ဖြစ်ပါသည်။မျက်မှောက်လောက အနေအထားတွင် လူသားသန်းပေါင်းခြောက်ထောင်ပင် ကျော်လွန်လာခဲ့ပြီဟု မှတ်တမ်းပြုစုသူများက ဆိုကြပေပြီ။ လူသားမျိုးနွယ်များ တိုးပွားလာသည်နှင့်အမျှ စီးပွားရေးနည်းလမ်းများ၊ လူမှုရေးနည်းလမ်းများလည်း ကဏ္ဍစုံ၊ ရှုထောင့်စုံဖြင့် အသွင်အမျိုးမျိုး ရှိလာခဲ့ကြသည်။ သဘာဝတရားမှပေးသော အရာများက လူသားများတိုးပွားလာမှုကို လုံလောက်အောင် မပေးစွမ်းနိုင်သောအခါ လူသားတို့သည် မိမိတို့၏ အကျိုးအတွက် နည်းလမ်းများကို စဉ်းစားလာကြတော့သည်။ ထိုကဲ့သို့ မိမိတို့အတွက် အကျိုးစီးပွားကို စဉ်းစားရာတွင် တရားမျှတသော နည်းလမ်းများ ပါဝင်သလို၊ မတရားသောနည်းလမ်း၊ ကောက်ကျစ်သော နည်းလမ်းများလည်း ပါဝင်စဉ်းစားမိကြပါသည်။ ထိုအခါ လူတို့သည် ကလျာဏမိတ္တထက် ပါပမိတ္တများဖြင့် တွေ့ဆုံကြလာရပြီး အကျိုးစီးပွားပျက်စီးခဲ့သူများလည်း ရှိခဲ့ရလေတော့သည်။

လောကလူသားများအနေဖြင့် မိတ်ကောင်းဆွေကောင်း၊ ဆရာကောင်းသမားကောင်း မရရှိသည်ထက်၊ မိတ်ဆွေဆိုး၊ ဆရာဆိုးများဖြင့် မပေါင်းသင်း မဆက်ဆံမိစေရန် သတိရှိနေအပ်ပါသည်။ ထို့အတူ မိမိကိုယ်တိုင်၌လည်း မိတ်ဆွေကောင်း၊ မိတ်ဆွေဆိုး၊ ဆရာကောင်း၊ ဆရာဆိုးမှန်း ခွဲခြားတတ်နိုင်ရန်လည်း လိုအပ်ပါ၏။လောကသဘာဝတရားတွင် အကောင်းထက် အဆိုးတရားများက လွန်ကဲကာရှိသည်ကိုလည်း သတိမပြတ် ရှိနေသင့်ပါသည်။

လူမှုဆက်ဆံရေးဆိုသည်မှာလည်း နူးညံ့သိမ်မွေ့သလောက် ပရိယာယ်များစွာဖြင့် ရောပြွမ်းနေတတ်သော သဘောများဖြင့် ရှိလေသည်။ အပေါင်းအသင်း မိတ်ဆွေဟူသည် လူ့ဘဝ၌ မရှိမဖြစ်သလို အပေါင်းမှား၊ မိတ်ဆွေမှားဖြင့် ဆက်ဆံမိလျှင်လည်း ပစ္စုပ္ပန်ဘဝသာမက သံသရာ၌ပင် ဆိုးကျိုးတရားများဖြင့်သာ လှည့်လည်နေရမည်သာပင်။ ဗုဒ္ဓဘာသာဝင် စစ်သူတို့သည် သံသရာကို ကြောက်ရွံ့ကြပါသည်။ သံသရာကို ကြောက်သည့်အလျောက်လည်း သံသရာကို တိုတောင်းစေရန်အတွက် ပစ္စုပ္ပန်ဘဝ၌ ဒါန၊ သီလ၊ ဘာဝနာတရားများကို အားထုတ်ကြပါသည်။ သို့သော်လည်း လောက၏ အကြောင်းတရားများအရ မထင်မှတ်သော၊ မမျှော်လင့်သော ယုံကြည်မှု ချို့ယွင်းချက်များကြောင့် အပေါင်းမှား ဆရာတင်မှားမိသော အခါ ဘဝတစ်ခုလုံး ပျက်စီးခဲ့ရပုံကို သုန္ဒရီပရိဗိုဇ်မနှင့် အဇာတသတ်တို့ အကြောင်းကို သတိသံဝေဂရဖွယ်ရာအဖြစ် တင်ပြလိုပါသည်။

'သုန္ဒရီ'ဟူသော ဝေါဟာရအနက်မှာ 'ချောမောလှပသူ'ဟု အဓိပ္ပါယ်ရပါသည်။ မိန်းကလေးများမှာ ချောမောလှပပြီဟု ဆိုလျှင် ဆန့်ကျင်ဘက်ဖြစ်သော ယောကျာ်းသားများက နှစ်သက်ကြသည်ချည်း ဖြစ်ပါ၏။အတွင်းသန္တာန်၌ မည်ကဲ့သို့ စိတ်ထားရှိသည်ဆိုစေဦး၊ ရုပ်ဆင်းအင်္ဂါချောမောလှပသူ မိန်းကလေးတိုင်းကို 'ပုရိသယောကျာ်းများက' စိတ်ဝင်စားမိကြသည်ပင်။သုန္ဒရီသည် ချောမောလှပသော မိန်းကလေးဖြစ်သော်လည်း အိမ်ရာထူထောင်ခြင်းကို စိတ်ဝင်စားခဲ့သူမဟုတ်ပေ။ သူမ၏ မူလပင်ကိုယ်စိတ်အနေသည် လေးစားစရာဖြစ်ပါသည်။ ဘဝဟူ

သည် သုခမဟုတ်ဟု သုန္ဒရီက
ယူဆပါသည်။ ဘဝကို မက်မော
တွယ်တာစရာ မဟုတ်ဟု ခံယူပါ
သည်။ သို့သော်လည်း သုန္ဒရီ၏
အသိဉာဏ်သည် ဆင်ခြင်မိသော
အတွေးသာ ဖြစ်ပါသည်။ ထို့ကြောင့်
သူမသည် ဘဝကို ဒုက္ခအစစ်အမှန်
အတိုင်း အရိယာသစ္စာသိဖြင့် သိမြင်
သူ ဖြစ်လိုခြင်းကြောင့် အိမ်ထောင်
မပြုခြင်း ဖြစ်ပါသည်။ သူမ၏ ထို
အသိမျှပင် မြင့်မားသည်ဟု ဆိုနိုင်ပါ
သည်။

အိမ်ရာတည်ထောင်ခြင်း
မပြုသဖြင့် သုန္ဒရီသည် ပရိဗိုဇ်မ,
ဝတ်ခဲ့ခြင်းဖြစ်လေသည်။ သို့ရာတွင်
သုန္ဒရီသည် မိတ်ဆွေကောင်း၊ ဆရာ
ကောင်းများနှင့် မဆုံတွေ့ခဲ့ရပေ။
ဘဝဟူသည်ကလည်း ရှေ့တွင်ဆိုခဲ့
သည့်အတိုင်း မတွေးထင်မိသော၊
မကြံစည်မိသော အကြောင်းတို့ ဖြစ်
တတ်သကဲ့သို့ တွေးမိသော၊ ကြံစည်
မိသော အကြောင်းများလည်း မဖြစ်
တတ်ပါချေ။ ကမ္မနိယာမဟုသာ ဆို
ရမည်ဖြစ်ပါ၏။ ထိုအချိန်က မြတ်စွာ
ဘုရား၏ သာသနာသည် ထွန်းလင်း
တောက်ပလျက် ရှိနေခဲ့ပြီဖြစ်သည်။
သို့သော် သုန္ဒရီပရိဗိုဇ်မလေးသည်
မြတ်စွာဘုရား၏ သာသနာတော်နှင့်
မဆုံခဲ့ရဘဲ တိတ္ထိတို့၏ အယူဝါဒနှင့်
သာ ဆုံခဲ့ရလေသည်။

တိတ္ထိတို့၏ အာရာမ်သည်
ဇေတဝန်ကျောင်းနှင့် မနီးမဝေးတွင်
ရှိလေသည်။ မြတ်စွာဘုရားက
'အနတ္တ'ကိုသာ ဟောသော်လည်း
တိတ္ထိတို့က 'အတ္တ'ကိုသာ ပြော၏။
မြတ်စွာဘုရားက ကာမဂုဏ်သည်
ကား အပြစ်ဖြစ်ကြောင်းကို ဟော
သည်။ တိတ္ထိတို့က ကာမဂုဏ်သည်
အကျိုးတရားဟူ၍ ပြောသည်။
ကာမဂုဏ်၌ ထင်ပေါ်ကျော်ကြား
ခြင်း လာဘ်ပေါများခြင်းတို့ ပါဝင်
လေ၏။ တိတ္ထိတို့သည် လာဘ်ပေါ
များခြင်းဖြစ်ရန် အားထုတ်ကြသည်။
ဘုရားရှင်က လာဘ်ပေါများရန်
အားမထုတ်သော်လည်း အလေး
အမြတ်ပြုမှုခံရခြင်း၊ ထင်ပေါ်ကျော်
ကြားခြင်း၊ လာဘ်လာဘများက
မြတ်စွာဘုရားထံသို့ပင် ရောက်လာ
ကြပါသည်။ ဤကဲ့သို့ ဖြစ်လာသော
အခါတွင် မြတ်စွာဘုရားကို တိတ္ထိ
များက ရန်ငြိုးဖွဲ့ထားလိုက်ကြတော့
သည်။

တိတ္ထိတို့သည် ဘုရားရှင်
အား သိက္ခာယုတ်လျော့ ကျဆင်း
သွားစေရန် ပထမဦးစွာ စိဉ္စမာနနှင့်
အသုံးချလေ၏။ သို့သော် တိတ္ထိတို့၏
ကြိုးပမ်းအားထုတ်မှုသည် မအောင်
မြင်ခဲ့သည့်အပြင်၊ ဘုရားရှင်၏
သိက္ခာသည်ကား ပိုမိုမြင့်မြတ်
တောက်ပလာခဲ့လေသည်။ တိတ္ထိ
တို့က နောက်ဆုတ်မသွားကြဘဲ
ဒုတိယအကြိမ်အဖြစ် သုန္ဒရီပရိဗိုဇ်မ
လေးကို အသုံးချပြန်သည်။ ယခု
တစ်ကြိမ်၌ ဘုရားရှင်တစ်ပါးတည်း
သာ မဟုတ်တော့ဘဲ တပည့်သား
သာဝကများကိုပါ ထိုးနှက်တိုက်ခိုက်
ခြင်းပင် ဖြစ်ပါသည်။

သုန္ဒရီသည်ကား တိတ္ထိတို့၏
ဝါဒများကို နာကြားခံယူခဲ့ပြီးဖြစ်လေ
သည်။ စင်စစ်သော်ကား ကာမ
တဏှာထက် ဝါဒတဏှာက ပိုမိုဆွဲ
ဆောင်နိုင်ခြင်း ရှိပါ၏။ သူမသည်
ကာမန္တွင်းမှ လွတ်အောင်ရုန်းနိုင်ခဲ့
သော်လည်း တိတ္ထိတို့၏ ဝါဒအယူ၌
ရုန်းထွက်နိုင်စွမ်း မရှိခဲ့ပါချေ။ တိတ္ထိ
တို့နှင့် စတင်ဆုံတွေ့ခဲ့ရသော သူမ
သည် အဝိဇ္ဇာ၏ ပိရိမှုကို နားမလည်
နိုင်ရခြင်း ဖြစ်ပါသည်။ အကယ်၍
သာ မြတ်စွာဘုရားနှင့် ဆုံတွေ့ခဲ့ရ
ပါလျှင် သူမ၏ဘဝသည် အဝိဇ္ဇာမှ
လွတ်မြောက်ခဲ့ရမည် ဖြစ်သည်။
သုန္ဒရီပရိဗိုဇ်မလေး၏ မူလရည်ရွယ်
ချက်မှာ ကောင်းမွန်ပါသော်လည်း
အပေါင်းမှား၊ ဆရာမှားသောအခါ
သူမ၏ဘဝသည် အဖြစ်ဆိုးခဲ့ရပါ
သည်။

သုန္ဒရီပရိဗိုဇ်မလေးသည်
တိတ္ထိတို့၏ နည်းနာကို ခံယူပြီး ဖြစ်
သောကြောင့် တိတ္ထိတို့၏ခိုင်းစေချက်
အတိုင်း လုပ်ဆောင်ရတော့သည်။
ဇေတဝန်ကျောင်းတော်မှ တရားနာ
ပရိသတ်များပြန်ချိန်တွင် သုန္ဒရီက
သာဝတ္ထိမြို့ဘက်မှ ဇေတဝန်ကျောင်း
တော်ဘက်ရှိရာသို့ သွားလေသည်။
တရားနာပရိသတ်များက ဇေတဝန်
ကျောင်းတော်သို့လာချိန်တွင် သုန္ဒရီ
က ဇေတဝန်ကျောင်းတော်ဘက်မှ
မြို့ဘက်သို့ ပြန်လာသည်။ ပရိသတ်
များက မေးမြန်းသောအခါ ဇေတဝန်
ကျောင်းတော် ဂန္ဓကုဋိတိုက်တွင်
ရဟန်းဂေါတမနှင့် အတူသွားအိပ်
သည်ဟု ဖြေကြားလေသည်။ ပရိ
သတ်များအဖို့ တွေဝေစရာ ဖြစ်လာ
ရသည်။ ဤသို့ဖြင့် ရက်ပိုင်းအတွင်း
မှာပင် တိတ္ထိတို့က လူသတ်သမား
ကို ငှားရမ်းပြီး သုန္ဒရီကို သတ်ပစ်
လိုက်ကြသည်။ ထို့နောက် ရုပ်
အလောင်းကို ဇေတဝန်ကျောင်း
တော်အနီးရှိ အမှိုက်ပုံတွင် ပစ်ထား
ခိုင်းလိုက်သည်။

တိတ္ထိတို့သည် သူတို့၏
တပည့် သုန္ဒရီပရိဗိုဇ်မ ပျောက်ဆုံး
နေသောကြောင့် ဇေတဝန်ကျောင်း
ဝန်းကျင်တွင် ရှာလိုကြောင်းကို

ကောသလမင်းကြီးထံ၌ ခွင့်တောင်းလေသည်။ မင်းကြီးကလည်း ခွင့်ပြုသည်။ သုန္ဒရီပရိဗိုဇ်မလေး၏ ရုပ်အလောင်းကို ဇေတဝန်ကျောင်းတော်အနီးရှိ အမှိုက်ပုံမှသယ်ဆောင်လာပြီး ကောသလမင်းကြီးအား ပြသတော့သည်။ တိတ္ထိတို့က သုန္ဒရီ၏ ရုပ်အလောင်းကို မြို့တွင်း၌ လှည့်လည်ပြသခွင့်ပြုရန် တောင်းဆို၏။ ကောသလမင်းကြီးက ခွင့်ပြုသည်။ ထို့နောက် တိတ္ထိတို့သည် သုန္ဒရီ၏ ရုပ်အလောင်းကို သာဝတ္ထိမြို့တွင်း၌ လှည့်လည်ပြသပြီး ရဟန်းဂေါတမနှင့် သူ၏တပည့်များက သုန္ဒရီပရိဗိုဇ်မကို အနိုင်အထက်ပြုကျင့်ပြီး သတ်ပစ်လိုက်ပြီဟူ၍ ဝါဒဖြန့်ကြွေးကြော်လေသည်။ ထိုအခါ သာဝတ္ထိမြို့သူမြို့သားများမှာ အံ့သြပြီး စိတ်မကောင်း ဖြစ်ကြရပါသည်။

သို့သော် မကောင်းမှုဟူသည် အခိုက်အတန့်သာ ရပ်တည်နိုင်ပါ၏။ အမှန်တရားသည်ကား တိမ်မြုပ်ပျောက်ကွယ်ရိုး မရှိတတ်ပါချေ။ လူသတ်သမားများသည် အချင်းချင်း သေရည်ယစ်မူးကြရာမှ အဖြစ်အမှန်ကို တိတ္ထိတို့ ဖုံးဖိမရနိုင်ဖြစ်လာခဲ့သည်။ ထိုအခါ တိတ္ထိတို့က တစ်ဖန်ပြန်၍ သုန္ဒရီကို သတ်သူမှာ မိမိတို့သာလျှင် ဖြစ်ပါကြောင်း သာဝတ္ထိတစ်မြို့လုံးကို လှည့်လည်ဝန်ခံကြရပါလေသည်။ဤနေရာတွင် မကောင်းမှု၏အကျိုး၊ ကောင်းမှု၏အကျိုးသည် 'သဒိသံ ပါကံ ဇနေတိ'ဟူသော တူသောအကျိုးကိုပေး၏ ဆိုသည့်အတိုင်း တိတ္ထိတို့ ခံစားရခြင်း ဖြစ်ပါသည်။

သုန္ဒရီသည်ကား အသက်ကို ပေးဆပ်ခဲ့ရလေပြီ။ သာမန်အနေဖြင့်ဆိုလျှင် သုန္ဒရီသည် သူမ၏ ရုပ်ဆင်းအင်္ဂါအရ ထိုခေတ်အခါက အမျိုးကောင်း သူဌေး၊ သူကြွယ်၊ မင်းမှုထမ်း အရာခံကြီးသူများ၏ ကတော်ဖြစ်နိုင်ခွင့်ရှိသူပင်။ သုန္ဒရီ၏ လောကမှ လွတ်မြောက်ရေးအသိသည် ကောင်းမွန်ခဲ့ပါသော်လည်း ဆရာမှား၊ အပေါင်းမှားဖြင့် တွေ့ဆုံခဲ့ရပြီး အသက်ခန္ဓာပေးဆပ်ခဲ့ရပုံမှာ ကြေကွဲ ကရုဏာသက်စရာလည်း ဖြစ်ခဲ့ပါလေသည်။ မိတ်ဆွေဆိုး၊ ဆရာဆိုးဟူသည် ဤသို့အထိအောင်ပင် အကျိုးမဲ့ကို ပြုတတ်နိုင်စွမ်းခြင်းများ ရှိတတ်ပါလေ၏။ လောက၌ ကောက်ကျစ်တတ်သူတို့သည် ပရိယာယ်ကြွယ်ဝကြသူများလည်း ဖြစ်ပေသည်။ ထိုသူတို့သည် လူတို့၏ စရိုက်လက္ခဏာများပေါ်၌ မည်ကဲ့သို့ သွေးဆောင်လျှင် ရမည်ကိုလည်း နားလည်တတ်ကျွမ်းကြပါသည်။ရိုးသားဖြောင့်မတ်လွန်းသူများကို ဆိုလျှင် ထိုသူတို့သည် မိမိတို့၏ လိုရာပုံသဏ္ဌာန်သို့ မွှေနှောက်ထုဆစ်နိုင်ရန် ပိုမို၍ လွယ်ကူကြပါသည်။ ဤအချက်များကို တတ်မြောက်သော အရှင်ဒေဝဒတ်သည် အဇာတသတ်မင်းသားကို စည်းရုံးနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ အရှင်ဒေဝဒတ်သည် လာဘ်လာဘပေါများကြွယ်ဝလာစေရန် သူဌေးသူကြွယ်တစ်ဦးဦးအား ကြည်ညိုအောင် ဆွဲဆောင်နိုင်ပါသော်လည်း မိမိစိတ်တိုင်းကျ ခြယ်လှယ်နိုင်မည်ဖြစ်သော အဇာတသတ်ကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပေသည်။

ဗိမ္ဗိသာရမင်းကြီးဆိုလျှင်ကား မိမိအနေဖြင့် မလွယ်ကူနိုင်ဟု အရှင်ဒေဝဒတ်က တွက်ဆမိပေလိမ့်



လူ့ဘောင်လောက၏
အဖွဲ့အစည်းများအတွင်း
နေထိုင်မှုများ၌
တစ်ဦးနှင့်တစ်ဦး
ဆက်ဆံရာတွင်
ကောင်းသူနှင့်
မကောင်းသူများလည်း
ရှိနေမည်သာ ဖြစ်ပါသည်။
သို့ရာတွင် မိမိ၏
အတွေးအမြင်များဖြင့်
မကောင်းသူ၊
မပေါင်းသင်းထိုက်သူနှင့်
မပေါင်းမိစေရန်
ကိုယ်တိုင်
သတိထားရမည်ပင်။

မည်။ အကြောင်းမှာ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်အား ဖူးမြော်ခြင်းဖြင့်ပင် သောတာပန်တည်ခဲ့ပြီ ဖြစ်သည်။ ထို့ပြင် အသက်အပိုင်းအခြားအရ အတွေ့အကြုံများခဲ့သည့်အလျောက်၊ ဉာဏ်ပညာဖြင့်လည်း ပြည့်စုံနေလိမ့်မည်ဟု အရှင်ဒေဝဒတ် တွက်မိမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ကောက်ကျစ်စဉ်းလဲတတ်သူတို့သည်လည်း လူမှုရေးအရာ၌ ကျွမ်းကျင်ပါးနပ်ကြသူများပင် ဖြစ်ပေလိမ့်မည်။

အဇာတသတ်ရှိရာသို့ အရှင်ဒေဝဒတ်က ရောက်လာခဲ့သည်။ ဈာန်အဘိညာဉ်တန်ခိုးဖြင့် အရှင်ဒေဝဒတ်က မိမိကိုယ်ကို သူငယ်အသွင် ဖန်ဆင်းပြီး မြွေဟောက်ကကြိုးတန်ဆာဖြင့် အဇာတသတ်ဆီသို့ ရောက်လာခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ အသွင်အပြင်ကို မြင်လိုက်ရသော အဇာတသတ်မှာ ကြောက်ရွံ့သွားခဲ့ရသည်။ ထို့နောက် အရှင်ဒေဝဒတ်က မိမိကိုယ်ကို သပိတ်သင်္ကန်းဖြင့် အဇာတသတ်ကို မြင်တွေ့စေလေသည်။ သာကီဝင်အမျိုးအနွယ်မှ ရဟန်းပြုခဲ့သော အရှင်ဒေဝဒတ်သည် အံ့သြဖွယ်ရာ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသည်ကို မြင်တွေ့ရသောအဇာတသတ်အဖို့ ကြည်ညိုစရာ ဖြစ်သွားခဲ့ပါသည်။ ထို့နောက်တွင် အရှင်ဒေဝဒတ်ကို အဇာတသတ်က ဆည်းကပ်ပြီး အလုပ်အကျွေးပြုလေတော့သည်။ ဂယာသီသအရပ်၌ ကျောင်းဆောက်လုပ်ကာ အရှင်ဒေဝဒတ်ကို သီတင်းသုံးစေသည်။ အဇာတသတ်က နေ့စဉ် ဆွမ်းအိုးငါးရာကို လှူဒါန်းလေသည်။ အရှင်ဒေဝဒတ်သည် ဆွမ်းခံမထွက်ရတော့ဘဲ ကျောင်း၌ပင် ဆွမ်းဘုဉ်းပေးရလေသည်။ လာဘ်လာဘကို အကြောင်းပြု၍ အရှင်ဒေဝဒတ်၏ အခြံအရံကား တစ်နေ့တခြား တိုးပွားလာလေတော့သည်။

ထိုမှတစ်ဖန် အရှင်ဒေဝဒတ်သည် တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့သည်။ အဇာတသတ်မင်းသားကို မင်းအဖြစ်ရယူရန် လှုံ့ဆော်လေသည်။ အသင်မင်းသားအနေဖြင့် သင့်ခမည်းတော် နတ်ရွာစံမှ သင်က မင်းပြုရမည်ဆိုလျှင် သင့်အဖို့ အဓိပ္ပါယ်မရှိတော့ကြောင်း၊ မင်းစည်းစိမ်ဟူသည် နုပျိုငယ်ရွယ်စဉ်မှာပင် ခံစားထိုက်သောအရာဖြစ်ကြောင်း၊ ငါက ရဟန်းဂေါတမကို ကိစ္စပြတ်စေပြီး ရဟန်းများ၏ ခေါင်းဆောင်လုပ်မည်၊ သင်က သင့်ခမည်းတော်ကို သတ်၍ ရာဇဂြိုဟ်ပြည်ကို သိမ်းပိုက်စိုးစံတော့ဟု ဆိုလေသည်။ အဖြူထည်သဘောမျိုး ဖြစ်နေသော အဇာတသတ်သည် ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိခဲ့ပါချေ။ အရှင်ဒေဝဒတ်၏ တန်ခိုးအရာပေါ်၌ အထင်ကြီး လေးစားနေမိခဲ့သည်။ ထို့ကြောင့်လည်း ဖခမည်းတော်ကို ကိုယ်တိုင်သတ်ရန် ကြိုးစားလေ၏။ သို့သော် ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးက သိသောအခါ အပြစ်မယူရှာဘဲ သားတော်လိုချင်သော မင်းစည်းစိမ်ကို အပ်နှင်းပေးခဲ့လေသည်။

ကောက်ကျစ်သူတို့၏ အတ္တကား ကြောက်မက်ဖွယ်ကောင်းလွန်းလှပေ၏။ အရှင်ဒေဝဒတ်က ဤအတိုင်းဆိုလျှင် အသင်မင်းသား၏ နန်းစည်းစိမ်သည် အရှည်အကြာ တည်မည်မဟုတ်ကြောင်း၊ သင်မင်းသား၏ စိတ်ပြေရန်အလို့ငှာ ပေးအပ်ထားခြင်းသာဖြစ်ကြောင်း၊အသင်မင်းသား ဆန္ဒပြည့်ဝပြီဟု ထင်ရသောတစ်နေ့တွင် သင့်ထံမှ ထီးနန်းကို ပြန်လည် ရယူလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမြစ်ပြတ်သည်အထိ လုပ်မှဖြစ်မည်ဟု ဆိုပြန်လေသည်။ အဇာတသတ်က ဖခမည်းတော်ကို မိမိအနေဖြင့် မိမိ၏ လက်နက်ဖြင့် မသတ်ထိုက်ကြောင်း ဆိုလေ၏။ ထိုအခါ အရှင်ဒေဝဒတ်က အစာအာဟာရဖြတ်၍ သတ်ရန် နည်းလမ်းပေးလေသည်။

အရှင်ဒေဝဒတ်၏ ညွှန်ကြားနည်းလမ်းပေးသည့်အတိုင်း အဇာတသတ်သည် ဗိမ္ဗိသာရမင်းကြီးအား အကျဉ်းချထားလိုက်သည်။ တစ်ဆက်တည်းပင် မိမိ၏ မယ်တော်ကြီးမှတစ်ပါး အခြားမည်သူမျှမဝင်ရဟု အမိန့်ထုတ်ပြန်လေ၏။ မယ်တော်ကလည်း ရွှေခွက်၌ ပွဲတော်စာကို ထည့်၍ အကျဉ်းထောင်သို့ ဝင်၏။ ထိုပွဲတော်စာဖြင့် မင်းကြီးက အသက်ရှင်ရသည်။ထိုအကြောင်းကို အဇာတသတ်က သိသောအခါ မယ်တော်အား တစ်စုံတစ်ရာ ကိုင်ဆောင်၍ မဝင်စေရဟု တားမြစ်လေသည်။ မယ်တော်သည်လည်း ပွဲတော်စာကို ဆံထုံး၌ထည့်သွင်းလျက် ဝင်ပြန်၏။ ထိုသတင်းကို အဇာတသတ်က သိပြန်သောအခါ မယ်တော်ကို ဆံထုံးထုံး၍မဝင်ရန် တားမြစ်လေ၏။ တစ်ဖန် မယ်တော်သည် ရွှေခြေနင်း၌ ပွဲတော်စာကို ထည့်သွင်း၍ အထက်မှ ပိတ်ဆို့ပြီး ရွှေခြေနင်းဖြင့် ဝင်ပြန်သည်။ ထိုအခါလည်း အဇာတသတ်ကသိသော် ရွှေခြေနင်း စီးဝင်ခွင့်ကို ပိတ်ပင်လိုက်သည်။ မယ်တော်သည်လည်း

စစ်မှန်သော
အားကိုးရာသည်ကား
မိမိတို့၏
အနီး၌ပင်ရှိပါ၏။
မိမိတို့၏
အတွင်းသန္တာန်၌
ကိန်းအောင်းစေနိုင်ပါ၏။
ထိုအားကိုးမှီဝဲရာသည်
ဘုရား၊ တရား၊
သံဃာပင် ဖြစ်ပါ၏။

နံ့သာတို့ဖြင့် ရေချိုးပြီးမှ ကိုယ်ကို စတုမဓုများဖြင့် လိမ်းကျံလျက် ဝင်ရလေသည်။ မင်းကြီးသည်လည်း မိဖုရားကြီး၏ ကိုယ်ကိုလျက်ကာ အသက်မျှတရလေသည်။အကြောင်းစုံကို သိသောအခါ အဇာတသတ်သည် မယ်တော်အား အကျဉ်းထောင်သို့ ဝင်ခွင့်ကို လုံးဝတားမြစ်လိုက်လေတော့သည်။

ဗိမ္ဗိသာရမင်းကြီးသည် အစာအာဟာရ မရှိတော့သော်လည်း မဂ်ဖိုလ်ချမ်းသာဖြင့် စင်္ကြံလျှောက်လျက် မျှတတော်မူပါသည်။ ထိုအခါ အဇာတသတ်သည် အဘယ်သို့ ဖြစ်လေသလဲဟု မေးမြန်းလေ၏။ မင်းကြီးသည်ကား စင်္ကြံသွားခြင်းဖြင့် မျှတပြီး ကိုယ်တော်သည်လည်း တောက်ပခြင်းဖြစ်ကြောင်းကို သိရတော့သည်။ဤတွင် ဆတ္တာသည်ကို ခေါ်စေပြီး သင်တုန်းဖြင့် ခြေဖဝါးတို့ကို ခွဲစေလျက် ဆားခတ်သောဆီဖြင့် လိမ်းကျံစေသည်။ ထို့နောက် ရှားမီးတို့ဖြင့် ကင်စေလော့ဟု အမိန့်ပေး၏။ ထိုအခါ မင်းကြီးသည် ကြီးစွာသော ဆင်းရဲဝေဒနာဖြစ်ရပါသည်။ သို့သော်လည်း ရတနာသုံးပါးတို့၏ဂုဏ်ကို အောက်မေ့လျက် စတုမဟာရာဇ်နတ်ပြည်၌ ဝေဿဝဏ်နတ်မင်းကြီး၏ အလုပ်အကျွေးအဖြစ် ဇနဝသဘ အမည်ရှိနတ်သားဖြစ်သွားခဲ့ပါသည်။ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံသွားသည့်နေ့၌ပင် အဇာတသတ်တွင်လည်း သားတော်တစ်ပါး ထွန်းကားခဲ့လေသည်။

အဇာတသတ်၏ လက်ထဲတွင် ရာဇဂြိုဟ်ပြည်ကြီး ရှိနေခဲ့ချေပြီ။ သို့သော် မင်းစည်းစိမ်ဟူသည်ကို မရှည်မကြာ ခံစားရခိုက်မှာပင် အဇာတသတ်တွင် အိပ်မက်ဆိုးများ မက်လာခဲ့ရပါသည်။ ဆရာဖြစ်သော အရှင်ဒေဝဒတ် မြေမျိုသွားပြီဟု ကြားသိခဲ့ရပြီး နောက်ပိုင်းတွင် မိမိမှာ တည်ရာမဲ့ ဖြစ်လာခဲ့သည်။ အရှင်ဒေဝဒတ်၏ အလိုအရ နာဠာဂီရိဆင်ကို မိမိက အသုံးချခွင့် ပေးခဲ့သည်။ ဘုရားရှင်အား အရှင်ဒေဝဒတ်က လေးသမားများဖြင့် အထင်လွဲအောင် လုပ်ကြံခိုင်းမည်ကို မိမိက မသိရှိခဲ့သော်လည်း လေးသမား သုံးကျိပ်တစ်ယောက်တို့ကို မိမိက ခေါ်ယူပေးခဲ့သည်။ ထို့ထက် ဖခမည်းတော် သောတာပန်ပုဂ္ဂိုလ်ကို သူ၏ နည်းလမ်းပေးမှုဖြင့် မိမိက သတ်မိပြီးခဲ့လေပြီ။ အပြစ်ကို အပြစ်မှန်း ပီပီသသ သိရချိန်တွင် အဇာတသတ်မှာ တုန်လှုပ်ချောက်ချားကာ နေနေရတော့သည်။

အဘကိုသတ်မိသော ပိတုဃာတကကံ ထိုက်ခဲ့လေပြီ။ အဇာတသတ်သည် မအိပ်နိုင်၊ မစားနိုင်ဖြစ်ရသည်။ စိတ်ခြောက်လန့် ဖိစီးမှုများဖြင့် တရွေ့ရွေ့အချိန်ကို ကုန်လွန်စေရသည်။ မင်းခစားဖြစ်သော မိတ်ဆွေစစ် ဇီဝက၏ အကူအညီအထောက်အပံ့ကြောင့် နောက်ဆုံးတွင် မြတ်စွာဘုရားရှေ့မှောက်သို့ အဇာတသတ် ရောက်ခဲ့ရပါသည်။ ဘုရားရှင်က ရဟန်းပြုခြင်း၏ မျက်မှောက်အကျိုးများ၊ပါဏာတိပါတာမှ ရှောင်ကြဉ်ခြင်းများ၊ စူဠသီလနှင့် ပြည့်စုံခြင်းကို မျက်မှောက်ရဟန်းပြုကျိုးများဟု ဟောတော်မူ၏။ ထို့နောက် မဇ္ဈိမသီလ၊ မဟာသီလ၊ ဣန္ဒြိယသံဝရသီလ၊ သတိသမ္ပဇဉ်၊ ရောင့်ရဲလွယ်ခြင်း သန္တောသတရား၊ နီဝရဏတရားများကို ပယ်သတ်ခြင်း၊ ထိုတွင်မှ ပဌမစျာန်၊ ဒုတိယစျာန်၊

တတိယဈာန်၊ စတုတ္ထဈာန်၊ ဝိပဿနာဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် အကျိုးတရားများကို အစဉ်အတိုင်းဟောကြားတော်မူလေသည်။

အဇာတသတ် ပြန်သွားသောအခါတွင် ဘုရားရှင်က ရဟန်းများကို ဤမင်းသည်ကား အဖျက်အဆီးခံခဲ့ရလေပြီ၊အကယ်၍ ခမည်းတော်ကို မသတ်ငြားအံ့၊ ဤနေရာတွင်ပင် တရားအမြင်ရ၍ သောတာပန်ဖြစ်ရာပေတယ်ဟု မိန့်တော်မူပါလေသည်။ အဇာတသတ်သည် မင်္ဂဖိုလ်ရနိုင်သူ ဖြစ်ပါသော်လည်း အပေါင်းမှားမိခြင်း၊ ဆရာတင်မှု မှားယွင်းခဲ့ခြင်းကြောင့် ပိတုဃာတကကံကို ထိုက်ခဲ့ရလေသည်။ ထို ကံကြောင့်ပင် လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်း ကျခံရလေသည်။ မြတ်စွာဘုရား၏ထံတော်၌ သရဏဂုံဆောက်တည်ခွင့်ရခဲ့သော ကုသိုလ်၏ထောက်မမှုကြောင့် မဟာအဝီစိငရဲသို့ မကျရောက်ရဘဲ လောဟကုမ္ဘီငရဲ၌သာ ကျခံရခြင်းပင် ဖြစ်ပါသည်။ (ထိုငရဲမှ လွတ်မြောက်ခဲ့လျှင် ဝိဇိတာဝီ အမည်ရှိ ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် ပရိနိဗ္ဗာန်စံဝင်မည် ဖြစ်ပါသည်။)

အထက်ပါ အကြောင်းနှစ်ခုတွင် အပေါင်းမှား ဆရာမှားဖြင့် ဆုံခဲ့ရသော သုန္ဒရီနှင့် အဇာတသတ်တို့၏ အဖြစ်များက ထင်ရှားစေပါသည်။ လောကလူသားများ၏ ပြောဆိုမှုများလည်း ရှိပါ၏။ အပေါင်းအသင်းကြောင့် ဂုဏ်ပျက်ခြင်း ရှိသလို၊ အပေါင်းအသင်းကြောင့် ဂုဏ်တက်ခြင်းလည်း ဖြစ်ပါသည်။ လောက၌ မိတ်ဆွေကောင်း မရရှိသော်လည်း မိမိ၏ဘဝ ပျက်စီးသွားမည်မဟုတ်ပါ။ မိမိ၏ဘဝအတွက် မိတ်ဆွေကောင်း မရှိခြင်းကြောင့် အကျိုးစီးပွားအရာ၌ တိုးတက်မှုနှေးကွေးကောင်း နှေးကွေးနိုင်မည်ဖြစ်သော်လည်း ဘဝအတွက် အန္တရာယ်တော့ မရှိနိုင်ပါချေ။ မိတ်ဆွေဆိုး၊ ဆရာဆိုးများဖြင့်သာ ပေါင်းသင်းမှု မှားခဲ့လျှင် ယခုဘဝ၌သာ မဟုတ်ဘဲ သံသရာအတွက်ပါ ပျက်စီးသွားမည်သာ ဖြစ်ပါသည်။

သုန္ဒရီသည်လည်းကောင်း၊ အဇာတသတ်သည်လည်းကောင်း စစ်မှန်သောမိတ်ဆွေ၊ အပေါင်းအဖော်၊ ဆရာသမားတို့ဖြင့် ဆုံတွေ့ခဲ့ရပါက သူတို့သည် ထူးခြားသော ထူးမြတ်သော ပုဂ္ဂိုလ်များအဖြစ်ကို ရရှိကြပေမည်။ မြတ်စွာဘုရားနှင့် ဦးစွာဆုံခဲ့ရပါက လောကသံသရာမှ လွတ်မြောက်နိုင်သူများ ဖြစ်သွားပါမည်။ ယခုသော် အပေါင်းမှား၊ ဆရာမှားဖြင့် အားကိုးမှုမှားယွင်းခဲ့သောကြောင့် ပျက်စီးခြင်းသို့ ရောက်ခဲ့ကြရလေသည်။

မည်သည့် အချိန်ကာလတွင်မဆို လောကအခြင်းအရာအနေဖြင့် အဆိုးအကောင်းတို့သည် တွဲစပ်လျက်ရှိနေပါမည်။ လူ့ဘောင်လောက၏ အဖွဲ့အစည်းများအတွင်း နေထိုင်မှုများ၌ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ကောင်းသူနှင့် မကောင်းသူများလည်း ရှိနေမည်သာ ဖြစ်ပါသည်။ သို့ရာတွင် မိမိ၏ အတွေးအမြင်များဖြင့် မကောင်းသူ၊ မပေါင်းသင်းထိုက်သူနှင့် မပေါင်းမိစေရန် ကိုယ်တိုင် သတိထားရမည်ပင်။ အပေါင်းမှားယွင်းမှုဆိုရာတွင် မိမိကိုယ်တိုင်နှင့်လည်း ပတ်သက်ပါ၏။ အပေါင်းအသင်းနှင့်လည်း သက်ဆိုင်ပါ၏။ မိမိဆက်ဆံရသော ပတ်ဝန်းကျင်လည်း ပါဝင်ပတ်သက်ပါ၏။

မျက်မှောက်အနေအထား၌ လူမှုရေးအပေါင်းအသင်းမှားလျှင် ဂုဏ်သိက္ခာနှင့် အကျင့်စာရိတ္တ ပျက်စီးနိုင်သကဲ့သို့ စီးပွားရေးနှင့် ပတ်သက်၍ အပေါင်းမှား၊ အားကိုးမှုမှားလျှင် ငွေကြေး၊ ဥစ္စာဓနတို့ ပျက်စီးဆုံးရှုံးရမည်မှာ ကေန်ဖြစ်ပါသည်။ အဇာတသတ်သည် မိမိပြုခဲ့သော အမှားကြောင့်ပင် ‘အတ္တာနုဝါဒဘေး’ဟု ခေါ်ဆိုသော မိမိကိုယ်မိမိ စွပ်စွဲသောဘေး (ငါဟာ ခမည်းတော်ကို သတ်မိခဲ့ပါရောလား၊ ငါဟာ မကောင်းမှုကို ပြုမိခဲ့လေပြီ)ဖြင့် စိတ်သောက ဖိစီးမှုကို မျက်မှောက်ဘဝ၌ပင် ဒိဋ္ဌဓမ္မအကျိုးကို ခံစားခဲ့ရလေသည်။ ပေါင်းသင်းထိုက်၊ အားကိုးထိုက်သူ မှားယွင်းခဲ့သောကြောင့် တမလွန်အတွက်ပါ သံသရာအဆိုး၌ ကျင်လည်ရတော့သည်။

စစ်မှန်သော အားကိုးရာသည်ကား မိမိတို့၏ အနီး၌ပင်ရှိပါ၏။ မိမိတို့၏ အတွင်းသန္တာန်၌ ကိန်းအောင်းစေနိုင်ပါ၏။ ထိုအားကိုးမှီခိုရာသည် ဘုရား၊ တရား၊ သံဃာပင်ဖြစ်ပါ၏။ မြတ်စွာဘုရား၏ သွန်သင်ချက်များအရတရားတော်များရှိနေပါသည်။ မျက်မြင်ဆည်းကပ်မှုအရာ၌ သံဃာရှိနေပါသည်။ ကုသိုလ်တရားများ၏အရင်းခံဖြစ်သော အလောဘ၊ အဒေါသ၊ အမောဟများကို ရှင်သန်ဖွံ့ဖြိုးအောင် လေ့ကျင့်ပြုစုပျိုးထောင်လျက် အားကိုးရာ အစစ်အမှန်၊ ပေါင်းသင်းရန် မိတ်ဆွေကောင်း၊ ပဲ့ပြင်မှု ဆရာကောင်းများဖြင့် ဆုံတွေ့နိုင်ရန် ကြိုးစားအားထုတ်အပ်ပါသည်။

□ **အရှင်သုမန(ရွှေဂူ)**



# အဆွေခင်ပွန်းကို ပူဇော်ပါ

ကျော်လှိုင်

ကြီးသူကို ရိုသေ၊
ရွယ်တူကို လေးစား၊
ငယ်သူကို သနား၊

ဟူသော မြန်စာစကား ရှိသည်။ ထိုစကားအရ–

ကိုယ့်ထက် ကြီးသူကို ကြီးသူမို့ ရိုသေရသည်။

ကိုယ်နှင့် တန်းတူရွယ်တူကိုလည်း တန်းတူရွယ်တူမို့ လေးစားရသည်။

ကိုယ့်အောက် ငယ်သူကိုကျတော့ ငယ်သူမို့ သနားရသည်။

ဤသို့ ကျင့်ကြံနေထိုင်သူအဖို့ အများတကာ ရိုသေမှု၊ လေးစားမှု၊ သနားကြင်နာမှု ခံရမည်ဖြစ်ပါသည်။

အချို့အချို့သော ပုဂ္ဂိုလ်တို့မှာ 'ငါနှင့်ငါသာ နှိုင်းစရာ'ဟု ထင်နေကြပြီး မိဘကိုပင် မရိုသေ၊ ထော်လော်ကန့်လန့်လုပ်သည်။ မိဘကိုတောင် မရိုသေသူသည် အခြားမည်သူ့ကိုများ လူထင်သူထင်ပါအံ့နည်း။ မြင်–သိနေရသော အရာရှိတစ်ယောက်ရှိပါသည်၊ သူ့အိမ်ထောင်ဖက်က လုပ်ငန်းအကွက်ကောင်းကို နင်းမိထားသဖြင့် စီးပွားရေး တောင့်တင်းနေသည်၊ ထိုကြောင့်လည်း သူက မာနထောင်သည်။

မိဘကို မရိုသေသူ၊ မလေးစားသူ ကံကြီးထိုက်မည်၊ မကြီးပွားတတ်ဟူသော အဆိုကို သူက လက်မခံ၊ 'ငါလည်း မိဘကို ပြန်ပြောတာပဲ၊ မိဘကို မရိုမသေ လုပ်တာပဲ၊ ခု ငါချမ်းသာနေတယ်'ဟု ပြောင်ပြောင် ကြွေးကြော်နေပါသည်။ နာရဒဇာတ်တော်ထဲက အလာတစ်သူကြီးလို အယူမှားနေသည်၊ ရှေးဘဝက သတ်မှုဖြတ်မှု မကောင်းမှုလုပ်ခဲ့သည့်အတွက် ယခုဘဝမှာ စစ်သူကြီး ဖြစ်ရသည်ဟု သူက ယုံကြည်ယူဆနေသည်၊ ယခုအရာရှိကမူ ကြီးပွားချမ်းသာခြင်းသည် မိဘကို ရိုသေခြင်း၊ မရိုသေခြင်းနှင့် မဆိုင်ဟု ထင်ပုံရသည်၊ ဤသို့ ထင်စရာဖြစ်အောင်လည်း အခြေအနေက ပေးနေသည်၊ ယခုအခါ လက်ရှိရာထူးထက် အဆင့်ပင် မမြင့်သော်လည်း အုပ်ချုပ်ရေးပိုင်းတွင် ယခင်ကထက် ဩဇာအရှိန်အဝါ တက်လာသည်၊ ရုံးဝန်ထမ်းအများစုမှာ သူ့အောက်ကချည်း ဖြစ်သည်။ သူ ဤသို့ အရှိန်အဝါရှိလာလေ ဝန်ထမ်းထုက ကြောက်လေ၊ရွံ့လေ၊ ရွံလေ ဖြစ်လာသည်။

သူ့အဖို့ သနားစရာကောင်းသည်မှာ လက်အောက်ငယ်သား ဝန်ထမ်းမှန်သမျှက သူ့ကို မလေးစားကြခြင်းပင် ဖြစ်ပါသည်။ အရာရှိအချင်းချင်းကလည်း မလွှဲသာလို့သာ ဆက်ဆံနေရသည်၊ သူ့ကိုတော့ ချဉ်ကြသည်၊ ရွံကြသည်။ လက်အောက်ငယ်သားတိုင်းက သူနှင့် မျက်နှာချင်းဆိုင်ရမှာ ကြောက်သည်၊ သူနှင့်ဆိုလျှင် ဘယ်သူမျှ စကား

ဟဟ မပြောချင်။ သူကလည်း
ဘယ်သူ့ကိုမျှ လူမထင်၊ အောက်
လက်ငယ်သားကိုဆိုလျှင် ရန်သူလို
ဆက်ဆံသည်။ ကြီးကြီးငယ်ငယ်
မရွေး နင်တစ်လုံး ငါတစ်လုံးနှင့်မို့
အချို့ဆိုလျှင် သူ့လက်က လွတ်
လျှင် ပြီးရောဟု သဘောထားကာ
လုပ်ငန်းခွင်မှ စောစောစီးစီးပင်
အငြိမ်းစားယူသွားသူပင် ရှိသည်။

မိဘကိုပင် မရိုသေသူ ဖြစ်
ရကား ကိုယ့်အထက်အရာရှိကိုပင်
ပခုံးချင်းယှဉ်ပါသည်။ သို့ဆိုလျှင်
ရွယ်တူ တန်းတူတို့အပေါ် လက်
အောက်ငယ်သားတို့အပေါ် အဘယ်
မှာလျှင် လေးစားမှု၊ သနားမှု ရှိပါ
မည်နည်း။ သူ၏အခြေအနေကို ခြုံ၍
ဆိုရလျှင် ဆက်ဆံရေးရိုင်းသည်ဟု
မှတ်ချက်ချရပါမည်။

ဤသို့ ရိုင်းရသည့်အဖြစ်၊
မလိမ်မာသည့်အဖြစ်မှာ မိဘကို
ပြစ်မှားသည့်၊ ကြီးသူကို မရိုသေ
သည့်အပြစ်တည်းဟူသော မိတ္တဒုဗ္ဘိ
ကံကြီးငြိနေ၍ ဖြစ်ပါသည်။ ဤသို့
ကံကြီးငြိသဖြင့် သူ့ခမျာ ကလျာဏ
မိတ္တ-မိတ်ကောင်းဆွေကောင်းမရရှာ၊
သူ့ကို မည်သူမျှ အပေါင်းအသင်း
မလုပ်ချင်၊ သူကိုယ်တိုင်ကလည်း
မည်သူ့ကိုမျှ လူမထင်ရကား အဘယ်
မှာလျှင် မိတ်ကောင်းဆွေကောင်း
ရပါအံ့နည်း။ မိတ်ကောင်းဆွေကောင်း
မရှိလျှင် မလိမ္မာနိုင်၊ မယဉ်ကျေးနိုင်၊
မလိမ္မာ မယဉ်ကျေးသည့်အတွက်
လည်း ရိုသေရမည့် ပုဂ္ဂိုလ်ကို သူက
မရိုသေ၊ ရိုသေရမည့်သူကို မရိုသေ
သည့်အတွက် သူ့ကိုလည်း မည်သူ
ကမျှ မရိုသေခြင်းဖြစ်သည်။ ကိုယ်
မွေးသည့် သားသမီးကပင်လျှင် ကိုယ့်
ကို မရိုသေ၊ ထော်လော်ကန့်လန့်
လုပ်သဖြင့် သားသမီးအတွက်
သောကပွေရသည်။ သားသမီးက
လည်း ပြောစကား နားမထောင်ဘဲ
ထင်ရာစိုင်းသဖြင့် အမှုအခင်းဖြစ်
သည်၊ ထိုအမှုအခင်းကြောင့် သောက
ရတက် ပွေရသည်။ စိတ်မအေးရ၊
သားသမီးရေးနှင့် ပတ်သက်၍ တန်း
တူအရာရှိ၏ သားသမီးနှင့်စာတော့
ကိုယ့်သားသမီးကလုံးဝမစွံ၊ မစွံရုံမျှ
မက မူးယစ်ဆေးစွဲ၊ စာမေးပွဲ
မအောင်၊ ပြိုင်ချင်ရာပြိုင် ဘယ်လိုမျှ
မသာနိုင်သည့်အခြေမှာ ရှိနေသည်။

တကယ်တမ်းအားဖြင့် ထို
အရာရှိမှာ ကောင်းကွက်များ ရှိပါ
သည်။ အပေးအကမ်း ရက်ရောပါ
သည်၊ ရုံဖန်ရံခါ ဝန်ထမ်းများကို
ရှော့အင့်ရှော့အင့်နှင့် ထောင်တန်ကို
ပင် စွန့်ကြဲနိုင်သူ ဖြစ်ပါသည်။ ကျွေး
မွေးလှူလည်း ရှိပါသည်။ သို့သော်
သူ၏ ဤကောင်းသတင်း မကျော်
ပါ၊ သူ့ဆီက ရသည်တိုင်၊ သူကျွေး
သမျှ စားရသည့်တိုင် သူ့ကို ကျေးဇူး
မတင်၊ ဤအဖြစ်ကလည်း အလွန်
တရာ သနားစရာ ကောင်းနေသည်။
ကောင်းသတင်း၊ ကောင်းခြင်းဆို
သည်က ကျော်အောင် ဂုဏ်ဖော်ရ
သည်မျိုး မဟုတ်ပါ၊ ပန်းသတင်း
လေညင်းဆောင်သကဲ့သို့ အလိုလို
ကျော်ခြင်းသာ ဖြစ်ပါသည်။

မိဘတည်းဟူသော ကလျာဏ
မိတ္တ ခင်ပွန်းကြီးများကို ပြစ်မှားသည့်
ကံကြောင့် ပရိသတ်ထဲမှာ အရှက်ကွဲ
ရသည်လည်း ရှိပါသေးသည်၊တစ်ခါ
သော် ဌာနဆိုင်ရာ လှူပွဲတန်းပွဲ
တစ်ခု၌ လူကြီးဖြစ်၍ ရေစက်ခွက်
ကိုင်ရသည်၊ အခြားအရာရှိတွေမှာ
ငွေကရားနှင့် ခံ့ခံ့ညားညား သူ့
ခမျာမှာတော့ ဖန်ခွက်သာ ရရှာ
သည်။ ဤတွင် ဧည့်သည်တစ်ဦးက
သူ့ရထားသော ကြေးကရားနှင့် လဲ
ပေးပါသည်၊ သို့သော် တကယ့်
တကယ် ရေစက်ချသောအခါ ထို
ကရားထဲမှ ရေတစ်စက်မှ မကျ၊ ရေ
လုံးဝမပါ၊ ဧည့်သည်ခမျာ သူ့
အတွက် အားနာသွားသည်၊ 'ဖြစ်မှ
ဖြစ်ရလေ'ဟုလည်း ညည်းမိသည်၊
ကြေးကရားမို့ ပကတိအားဖြင့် လေး
နေရာ ရေစက်ခွက်ချသူများက ရေ
ပါသည်ထင်၍ ချပေးထားခြင်းဖြစ်
သည်၊ ပေးလိုက်သည့်ဧည့်သည်က
လည်း သူတို့အချင်းချင်း အဆင့်
အတန်းတူပါစေတော့ဟု လဲပေး
လိုက်ခြင်းဖြစ်ပါသည်။ သူ့ကံက
ခေသဖြင့် ရေမပါသည့် ရေစက်ခွက်
ကို ရရှာပါတော့သည်။ ဤအဖြစ်ကို
'အမှတ်တမဲ့ဖြစ်ရပ်'ဟု ဆိုနိုင်သော်
လည်း လူပုံအလယ်မှာ မတင့်တယ်
သည့် အရှက်ကွဲရသည့် ဖြစ်ရပ်သာ
ဖြစ်ပါသည်။

ထို့ကြောင့် မိတ္တဒုဗ္ဘိ ကံကြီး
မငြိသည့်သူမှာ အဆွေခင်ပွန်းကို
မပြစ်မှားဘဲ ပူဇော်သည့်အတွက် ရ
ရာသောအကျိုးတရားကို အလောင်း
တော် တေမိမင်းသားက သုနန္ဒာ
ရထားထိန်းကို ပြောပြရာ မိတ္တပူဇာ
ဂါထာတစ်ခုဖြစ်သည့်-

သက္ကတ္တာ သက္ကတော ဟောတိ၊
ဂရု ဟောတိ သဂါရဝေါ။
ဝဏ္ဏကိတ္တိဘတော ဟောတိ၊
ယော မိတ္တာနံ န ဒုဗ္ဘတိ။

ဟူသော ဂါထာကို ဟောတော်မူပါ
သည်။

ယော=အကြင်ပုဂ္ဂိုလ်သည်၊
မိတ္တာနံ=ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိ
ယာသာဝက၊ မိဘဘိုးဘွား၊ ဆရာ
သမားတို့အား၊ ခင်ပွန်းကြီးများအား၊

နဒုဗ္ဘတိ=ပြုခဲ့ရေးဦး ကျေးဇူးကိုသိ၊ သိတိုင်းထုတ်ပြန် ဟုတ်မှန်လုစ်ကြား မပြစ်မှား။

သက္ကတ္တာ= မိမိက အရိုအသေပြုသည်ဖြစ်၍၊ အရိုအသေပြုသောကြောင့်။ သက္ကတော=မိမိကိုယ်တိုင် အရိုအသေခံရသည်။ ဟောတိ=ဖြစ်၏။

သဂါရဝေါ=ကိုယ်ကိုယ်တိုင်က ဂါရဝမင်္ဂလာနှင့်တကွဖြစ်၍ သက်ကြီးဝါကြီးကို ရိုသေသည်ဖြစ်၍။ ဂရု=ကိုယ်ကိုယ်တိုင်လည်းပဲ အရိုအသေခံရသည်။ ဟောတိ=ဖြစ်၏။

ဝဏ္ဏကိတ္တိသတော=ကောင်းသတင်း ကျော်စောခြင်းဆိုတဲ့ ကျော်စောမှုတွေက ပင့်မြှောက်ထောက်မထားခြင်းကို ခံရသည်လည်းပဲ။ ဟောတိ=ဖြစ်တတ်ပါ၏။

(ဆရာကြီးဦးဆန်းထွန်း၏ နိဿယ)

ဤမိတ္တပူဇန ဂါထာအရ– အဆွေခင်ပွန်းကို ပူဇော်သူသည်–

- မိမိက လူကြီးမိဘ သက်ကြီးဝါကြီးကို ရိုသေသဖြင့် မိမိလည်း အရိုအသေခံရသည်။
- မိမိကိုယ်တိုင်က ဂါရဝတရားရှေ့ထားသဖြင့် ကိုယ်တိုင်လည်း ဂါရဝပြုခံရသည်။
- ကောင်းသတင်း ကျော်စောသည်။

ဤသည်တို့ကား အဆွေခင်ပွန်းကို ပူဇော်ရသည့် အကျိုးတရားများ ဖြစ်ပါသည်။

□ ကျော်လှိုင်

**အင်္ဂုတ္တရနိကာယ်ပါဠိ သုတ္တန်ပိဋကတ်**

**အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်**

# သီတိဝဂ်

# ပဉ္စမ အဘဗ္ဗဋ္ဌာနသုတ်

**ရဟန်းတို့၊ (သောတာပန်ပုဂ္ဂိုလ်အား) မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်း။**

**အဘယ်ခြောက်မျိုးတို့နည်း ဟူမူ–**

**ဥဘာဏ်အမြင်နှင့် ပြည့်စုံသော (သောတာပန်) ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌ မရိုမသေ မတုပ်ဝပ်ဘဲ နေရန်မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် တရား၌ မရိုမသေ မတုပ်ဝပ်ဘဲနေရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သံဃာ၌ မရိုသေမတုပ်ဝပ်ဘဲ နေရန်မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အကျင့်သိက္ခာ၌ မရိုသေမတုပ်ဝပ်ဘဲ နေရန်မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် မကပ်ရောက်အပ်သည့် အကြောင်း (ကံငါးပါး ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး) သို့ တစ်ဖန်ကပ်ရောက်ရန် မထိုက်၊ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှစ်ကြိမ်မြောက်(ကာမသုဂတိ) ဘဝကို ဖြစ်စေရန် မထိုက်။**

**ရဟန်းတို့ (သောတာပန်ပုဂ္ဂိုလ်အား) မထိုက်သော အရာတို့သည် ဤခြောက်မျိုးတို့တည်းဟု (မိန့်တော်မူ၏)။**

■

# ထွက်ခဲ့သမျှ စာစမွ

## သန်းထိုက်သူ




**သက်တော်ရှည်ကုံလုံဆရာတော်**

- ဘဒ္ဒန္တပဝရ (နန်းတော်ရှေ့)
- ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၀၃–ခုနှစ်၊
- တန်ဖိုး (၆၀၀)ကျပ်၊
- ဦးအောင်မြင့်ထွန်း (စိုက်ပျိုးရေးပညာ)၊ အုပ်ချုပ်မှုဒါရိုက်တာ၊ Green Group Co-op Ltd., အမှတ်–၁၀၀၊ အခန်း(၉)၊ ပထမထပ်၊ နန္ဒဝန်လမ်း၊ ဗဟန်း၊ (၁၁၂၀၁) ရန်ကုန်။ ဖုန်း–၁၉၈၀–၂၂၀၇၂ မှဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်–၇၃၃/၂၀၀၃ (၁၁)၊

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သက်တော်ရှည်ကုံလုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တတေဇနိယ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ဆုံးမသြဝါဒတော်များကို မှတ်တမ်းဓာတ်ပုံများဖြင့် ပြည့်စုံစွာ စီစဉ်ပူဇော်ထားသည်။

ကုံလုံကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကောဝိဒက ''ဘုန်းကြီးက ကုံလုံဆရာတော်ဘုရားကြီး၏ ထံမှောက်သို့ လာရောက်ဖူးမြော်ကြသော တပည့်သာဝကများသည် ဆရာတော်ဘုရားကြီး၏ ဆုံးမသြဝါဒများ၊ ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းများကို စုံစုံလင်လင် သိစေချင်သည်။

ဆရာတော်ဘုရားကြီးသည် အဖူးမြော်ခံရုံသာ ဖြည့်စွမ်းနိုင်တော့သည်။ ငယ်ရွယ်စဉ်ကလို ဆုံးမသြဝါဒတရားတော်များ အချိန်ကြာမြင့်စွာ မဟောနိုင်တော့ပေ။ သို့ဖြစ်ပါ၍ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် သြဝါဒကထာစာအုပ်ငယ်များလည်း လူတိုင်း၏လက်ဝယ် ရှိစေချင်ပါသည်''ဟု ဆိုပါသည်။







## ပိဋကပင်လယ်ထဲက ဖြစ်ရပ်ဆန်းများ

- သာမဏေကျော်
- ပထမအကြိမ်၊ မေလ၊ ၂၀၀၃-ခုနှစ်၊
- တန်ဖိုး (၆၀၀)ကျပ်၊
- ပါရမီစာပေ၊
  အမှတ်-၂၃၀၊ ၂၉-လမ်း (အထက်လမ်း)၊
  ရန်ကုန်မြို့၊ ဖုန်း- ၂၅၃၂၄၆ မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်-၁၁၅/၂၀၀၃ (၂)၊

ပိဋကတ်တော်ထဲမှ မိမိတို့ဘဝအတွက် အတုယူဖွယ်၊ သံဝေဂရဖွယ်၊ ရှောင်ရန်၊ ဆောင်ရန်၊ သင်ခန်းစာယူရန် အဖြစ်အပျက် ဇာတ်ကွက်ဇာတ်လမ်းများကို စာရေးသူ၏ အာသီသများ ပေါင်းစပ်လျက် ဖတ်၊ မှတ်၊ နာယူချင်စဖွယ် ဖြစ်အောင် ရေးသားတင်ပြထားပါသည်။

ဇာတ်ကွက်ဇာတ်လမ်းပေါင်း (၉၁)ပုဒ်ပါရှိသည်။

## ခန့်တဲ့စိတ်နဲ့ နေပါ့မယ်

- ဓမ္မဒူတ အရှင်ဆေကိန္ဒ
- ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၀၃-ခုနှစ်၊
- တန်ဖိုး (၆၀၀)ကျပ်၊
- အပ္ပမာဒဓမ္မရသစာပေတိုက်
  အမှတ်-၁၈၉၊ ရွှေဝါထွန်း(၂)လမ်း၊
  (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
  ရန်ကုန်မြို့။ ဖုန်း-၅၈၄၇၃၈ မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ် ၆၈၉/၂၀၀၃ (၁၀)၊

ဆရာတော်အရှင်ဆေကိန္ဒ၏ ဆောင်းပါး(၁၅)ပုဒ်ကို စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ ဆောင်းပါးတိုင်းတွင် ဆရာတော်ဓမ္မဒူတအရှင်ဆေကိန္ဒ၏ တင်ပြပုံမှ အတိုင်း ဆရာ၊ ဒကာ အမေးအဖြေ ဆွေးနွေးကြသည့် ဟန်ဖြင့် ဖတ်မှတ်နာယူလွယ်အောင် ခြယ်မှုန်းထားပါသည်။

''ခန့်တဲ့စိတ်နဲ့နေပါ့မယ်''ဆောင်းပါးတွင် ဤသို့ တင်ပြထား၏။

''အရှင်ဘုရား ညညဆို ကျိန်းသေးလား''

''ဟာ ့ ဒကာကြီးက မေးလိုက်တာ၊ အရင်းမရှိ၊ အဖျားမရှိပါလား၊ ဘယ့်နှယ် ဦးပဉ္စင်းတို့က ညည မကျိန်းဘဲ နေရမှာလဲ၊ ကျိန်းတာပေါ့၊ အိပ်တာပေါ့''

''ဘုရားရှင်ရော ညညဆို ကျိန်းစက်သေးလား''

''ဟာ ့ ကျိန်းစက်တာပေါ့''

''ဒီလိုဆိုရင်ဘုရား၊ ဘုရားရှင်က ထိနမိဒ္ဓတွေ မပယ်ဘူးပေါ့၊ ပယ်ထားရင်လည်း အကုန်မပယ်သေးဘူးပေါ့၊ ဟုတ်တယ်မဟုတ်လား''

''အမယ်လေး ့ သိပြီ-သိပြီ၊ ဒါကြောင့် မေးတာကိုး၊ ဒီလိုသံသယမရှိဖို့ဆိုတာက ဗဟုသုတဉာဏ်လည်း ရှိမှ၊ စဉ်းစားတတ်တဲ့ ဉာဏ်လည်းရှိမှ၊ ကိုယ်ကိုယ်တိုင်လည်း သဘောပေါက်ထားဦးမှ''

ဆရာတော်သည် မိမိဟောကြားလိုသော တရားကို တစ်ဆင့်ပြီးတစ်ဆင့် အမေးအဖြေလုပ်ကာ နိဂုံးသို့ ရောက်စေပါသည်။ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ဖတ်ရှုနိုင်ပြီး၊ လေးလေးနက်နက်၊ စွဲစွဲမြဲမြဲ မှတ်သားနာယူ အပ်သည့် ဆောင်းပါးများကို ဖတ်ရှုကြရမည် ဖြစ်ပါသည်။




**ဗုဒ္ဓနှင့်တွေ့ဆုံခြင်း**

- သာမဏေကျော်
- ပထမအကြိမ်၊ ဇွန်လ၊ ၂၀၀၃–ခုနှစ်၊
- တန်ဖိုး (၈၀၀)ကျပ်၊
- ပါရမီစာပေ၊
  အမှတ်–၂၃၀၊ ၂၉–လမ်း (အထက်လမ်း)၊
  ရန်ကုန်မြို့၊ ဖုန်း– ၂၅၃၂၄၆ မှ ဖြန့်ချိသည်။
- စာမူခွင့်ပြုချက်အမှတ်–၁၁၆/၂၀၀၃ (၂)၊

မြတ်စွာဘုရားရှင်၏ အဆုံးအမတော်များဖြစ်သည့် ပိဋကသုံးပုံထဲမှ စိတ်ပိုင်း၊ ရုပ်ပိုင်း ဘဝဖြစ်တည်မှုကို တိုးတက်မြင့်မားစေမည့် တစ်နည်းအားဖြင့် လူပီသစွာ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် ရခဲသော လူ့ဘဝ၏ တစ်ခဏကို ကုန်လွန်နိုင်စေမည့် အဆုံးအမတော်များကို ကောက်နုတ်စုစည်းဖော်ပြထားပါသည်။

''ခံစားမှုမရှိတာဟာ ချမ်းသာတာပဲ။

တေဒေဝ ခွေတ္တအာဝုသော သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံ။ (အံ၊ ပါဠိ၊ တ၊ ၂၁၃)

''ကိုယ့်ကိုယ်ကို မြှောက်ပင့်တယ်၊ သူတစ်ပါးကို အထင်သေးတယ်၊ သူ့မာနကြောင့် သူဟာ ဂုဏ်အားဖြင့် နိမ့်ကျသွားတယ်၊ သူ့ကို လူယုတ်လို့သိရတယ်။

ယောစတ္တာနံ သမုက္ကံသေ၊ ပရေ စ မဝဇာနာတိ၊ နိဟီနော သေန မာနေန၊ တံ ဇညာ ဝသေလော ဣတိ။'' (သုတ္တနိပါတပါဠိ၊ ၂၉၉)

''သီလ၊ပညာရှိတဲ့ သူတော်ကောင်းတွေကို မမြတ်နိုး၊ အထင်သေးတယ်။ သီလမရှိသူတွေကို မြတ်နိုးတယ်၊ အဲဒီလိုနေရာမျိုးမှာ မနေရ။

အမာနနာ ယတ္ထသိယာ၊ သန္တာနံ ဝါ ဝိမာနနာ။
ဟီန သမ္မာနနာဝါပိ၊ န တတ္ထဝသတိံဝသေ။''
(ဇာတ်ပါဠိ၊ ပ၊ ၁၄၀)

ဤသို့သော၊ မြန်မာပါဠိတွဲထားသည့် အဆုံးအမ ကောက်နုတ်ချက်ပေါင်းများစွာ တင်ပြထားပါသည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမတော်များကို ဖတ်မှတ်ကာ မြတ်ဗုဒ္ဓ၏ ကျေးဇူးတရားကို ပိုမိုသိမြင်လာပြီး၊ ပိုမိုကြည်ညိုတတ်လာမည်ဖြစ်ပါသည်။

အရှင်ဝိမလဗုဒ္ဓက ''အို–အကြည်တော်၊ ယခုအခါ အကြည်တော်တို့ အကျွန်ုပ်တို့မှာ ဝက္ကလိမထေရ်ကဲ့သို့ ပကတိမျက်စိဖြင့် ဗုဒ္ဓကို ဒိဋ္ဌထင်ထင် တွေ့မြင်ဖို့ အခွင့်အရေးကြီးကား ဆုံးရှုံးသွားခဲ့ပါပြီ၊ ကာဠီအမျိုးသမီးကဲ့သို့ စရဏကျင့်၍ တရားသိမြင်ကာ ပညာမျက်စိဖြင့် ဗုဒ္ဓကို တွေ့မြင်ဖို့ အခွင့်ကောင်းသာ ရှိပါတော့သည်။

သို့ပါ၍ ပညာမျက်စိဖြင့် ဗုဒ္ဓကို တွေ့မြင်ဖို့ အခွင့်ကောင်းကြီးကို လက်မလွတ်မဆုံးရှုံးစေရန် သာမဏေကျော် ရေးသားတင်ပြသော 'ဗုဒ္ဓနှင့်တွေ့ဆုံခြင်း'စာအုပ်ကို မရ မနေရှာဖွေ၍ ဖတ်ဖြစ်အောင်ဖတ်ပါဟု တိုက်တွန်းပါ သည် အကြည်တော်''ဟု အမှာစကားပါးထားပါသည်။

■ **သန်းထိုက်သူ**